
www.burmeseclassic.com

# မင်းမဆိုးပါဘူး

BURMESE CLASSIC .com



မင်းလူ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

[၀]

ပုရွက်ဆိတ်ကလေးတို့၏ ခြေသံကိုပင် ကြားရမတတ် ငြိမ်သက် တိတ်ဆိတ်နေသည်။ အသက်ပြင်းပြင်း ရှူထုတ်လိုက်လျှင် မှန်တိုင်း အော်မြည်သံမျိုး ထွက်လာလေမလားဟု ထင်ရသည်။ ကမ္ဘာပေါ်တွင် လေထုဟူ၍ လုံးဝ မရှိတော့ပြီလား။ လေပြည်ကလေး နည်းနည်းလောက် လူးလွန့်လျှင်ပင် သစ်ရွက်တို့၏ ဆည်းလည်းသံကိုလည်း ကြားရကောင်းနိုင်၏။ ခုတော့မြင့် အရာရာ ငြိမ်သက်လျက်။

"ဟင်း"

တိတ်ဆိတ်လွန်းသော ပတ်ဝန်းကျင်တွင် ဇင်ဇင်၏ သက်ပြင်းချသံက ကျွန်တော့်ကို ဆတ်ခနဲ တုန်သွားလောက်အောင် လန့်ဖျပ်သွားစေသည်။

လွင့်ချင်ရာ လွင့်မျောနေခဲ့သော စိတ်က လက်ရှိ အခြေအနေသို့ ပြန်ရောက်လာ၏။ ကျွန်တော်တို့နှစ်ယောက် ဒီနေရာမှာ ထိုင်နေကြတာ နာရီဝက်မက ကြာသွားပြီ။ စကားငါးခွန်း ပြည့်အောင်မပြောရသေး။

ဒီနေ့အဖို့ သိပ်များများပြောဖို့လည်း မလိုတော့၊ အရင့် အရင်နေ့



www.burmeseclassic.com

www.burmeseclassic.com



တွေက စကားလုံးပေါင်း မြောက်မြားစွာ ပြောခဲ့ကြပြီးပြီ။

ခု စကားတစ်ခွန်းကို ပြောဖို့သာ လိုတော့သည်။ ထိုတစ်ခွန်းသော စကားသည် အလွန် အရေးကြီးသည်။ တစ်ဘဝလုံး နှင့် ဆိုင်သည်။

"ဒီနေ့ ကိုယ့်ကို အဖြေပေးမယ်လို့ ဇင်ဇင် ကတိပေးထားခဲ့တယ်နော်"

ကျွန်တော် ပြောသည်။ သူက ကြားလျက်သားနှင့် မကြား သလို နေနေ၏။ စကားမပြန်။ ရက်ပေါင်းများစွာ ကြာအောင် စိတ်ရှည်လက်ရှည် စောင့်ခဲ့ပြီးမှ ခုမိနစ်ပိုင်းမျှ ဆိုင်းသွားသည်ကို အားမလိုအားမရ ဖြစ်ရသည်။

"ပြောလေ၊ ဇင်ဇင်"

သူ သက်ပြင်းထပ်ချပြန်သည်။ ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည့်ဟန်ကို မြင်ရသည်။

"ဇင် မပြောလို့ မဖြစ်ဘူးလား"

ဟု သူက မေးသည်။

"ဘယ်ဖြစ်မလဲ၊ ဒီနေ့ ပြောမယ်လို့ ဇင်ဇင်ပဲပြောခဲ့တာပဲ"

ကျွန်တော်က ထပ်၍ တိုက်တွန်းလိုက်၏။ တစ်ပြိုင်နက်တည်းတွင် ဒီနေ့မပြောပဲ ရက်ရွှေ့လိုက်ချင်သော ဆန္ဒလည်း ဖြစ်ပေါ်လာသည်။ သူပြောမည့် စကားကို နားမထောင်ရဲသလို ဖြစ်နေသည်။

ကျွန်တော့်အတွက် ဝမ်းမြောက်ဖွယ်စကား မဟုတ်လို့သာ သူတွံ့ဆိုင်းနေခြင်းဖြစ်မည်ဟု တွေးမိသောကြောင့်ပင်။

သို့ရာတွင်သူက ပြောလေသည်။

"တကယ်တော့ ဇင် ဒီစကားကို မပြောချင်ပါဘူး၊ အတင်းမေးလို့သာ ပြောရမှာ"

သူခဏ စကားမဆက်ဘဲ နေပြန်သည်။ ကျွန်တော်ကား သူပြောမည့် စကားကို ကြိုတင်၍ သိပြီးနေသလို ခံစားရသည်။ တင်းထား သောစိတ်ကို





လျှော့ချလိုက်ချင်ပြီ။ ပင်ပန်းလှ၏။

"ဇင့်မှာ ရည်မှန်းထားတဲ့လူ ရှိပြီးသားပါ"

စိတ်ဓာတ်သည် ရေခဲမှတ်အောက်သို့ ကျသွားသည်။

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

ဟု အကြောက်အကန် ငြင်းဆန်လိုက်မိ၏။ သွေးရူး သွေးတန်း ဖော်ဟစ်နေသလိုမျိုး။

"မဖြစ်နိုင်ဘူး၊ ဇင်ဇင့်မှာ ရည်မှန်းထားတဲ့လူ ရှိပြီးသား ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး။ ကိုယ့်ကို လက်မခံနိုင်ဘူးဆိုရင် ရှင်းရှင်းပြောလိုက်ပါ။ ခုလို အကြောင်းတစ်ခုခုပြပြီး ချေးသိပ် ထားတာမျိုးတော့ မလုပ်ပါနဲ့ ဇင်ဇင်၊ ကိုယ့်ကို မညာစေချင်ဘူး"

"မညာဘူးဆိုတာ သက်သေပြနိုင်ပါတယ်"

"သက်သေ ဟုတ်လား"

သူ ခေါင်းဆတ်ပြပြီး. . .

"ဇင် ရည်မှန်းထားတယ်ဆိုတဲ့ သူ့ရဲ့ ဓာတ်ပုံကို ပြပါ့မယ်"

သူက လွယ်အိတ်ထဲသို့ လက်နှိုက်လိုက်၏။ ကျွန်တော် မျက်နှာလွှဲလိုက်သည်။

"ရော့. . . ကြည့်လေ"

သူ့အသံကြားရသည်။ ကျွန်တော် လှည့်မကြည့်။ ထိတ်လန့် ဖွယ် မြင်ကွင်းတစ်ခုကို မကြည့်ရဲသလိုမျိုး ဖြစ်နေသည်။ ကြည့်လိုက်လျှင် သွေးပျက်သွားလေမလား။

သူက ကျွန်တော့်လက်ထဲသို့ ထည့်ပေးလိုက်သည်။ လက်ဖဝါးက အေးခနဲ ဖြစ်သွားသည်။ လက်ထဲကအရာကို ကြည့်လိုက်၏။

ကျွန်တော် ခဏသေသွားသည်။ စက္ကန့်ပိုင်းမျှ အသက်ရှူ ရပ်သွားခြင်းကို ဆိုလို၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ မှန်ကလေးတစ်ချပ်။ မှန်ထဲမှာ ထင်ဟပ်နေသော ရုပ်သွင်ကား ကျွန်တော်ကိုယ်တိုင်. . .

မိမိကိုယ်မိမိ ကြည့်လို့မဝအောင် တစ်ခါမျှ မဖြစ်ခဲ့ဘူးပါ။

ခေါင်းလောင်းထိုးသံများ ကြားရသည်ဟု ထင်၏။ အမှန်မှာ ကျယ်လောင်စွာ မြည်ဟည်းနေသော ကျွန်တော်၏ နှလုံးခုန်သံများ။

● ● ● ● ●



BURMESE CLASSIC .com

[၂]

ယောက်ျားလေးတစ်ယောက်အတွက် မှန်ကြည့်ခြင်း ဆိုသည်မှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးရိတ်ရန်၊ ခေါင်းဖြီးရန်နှင့် ဝက်ခြံ ညှစ်ရန်အတွက်သာ ဖြစ်သည်။

ကျွန်တော်သည် ထိုကိစ္စများကို နေ့စဉ်ပုံမှန် ပြုလုပ်လေ့ မရှိပါ။

မုတ်ဆိတ်မွေးကို တစ်ပတ်တစ်ခါလောက်သာ ရိတ်ဖြစ်သည်။ နှုတ်ခမ်းမွေးကိုတော့ တမေ့တမောပင် ထားတတ်၏။ ရှည်လျားပြီး နှုတ်ခမ်းပေါ်မှာ ယားကျိကျိ ဖြစ်လာတော့မှ ကတ်ကြေးဖြင့် တိပစ်လိုက်၏။ ဝက်ခြံဆိုတာကလည်း နေ့တိုင်း ပေါက်နေတတ်သည် မဟုတ်။

ကျွန်တော်သည် ခေါင်းလည်း သိပ်မဖြီးဖြစ်။ ခေါင်းလျှော်သည့် နေ့များတွင်သာ ဖြီးဖြစ်သည်။ များသောအားဖြင့် လက်နှင့် သပ်လိုက်ရုံဖြင့် ပြီး၏။

ထို့ကြောင့် ကျွန်တော့်အဖို့ မှန်ကို မကြည့်ဖြစ်သလောက်ပင် ဖြစ်သည်။ မှန်ဟူ၍လည်း မုတ်ဆိတ်ရိတ် ကိရိယာထည့်သော ဘူးမှာပါသည့် မှန်တလေးသာ ရှိသည်။ ဒါကလည်း နှစ်ပရိစ္ဆေဒ ကြာပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မှုန်တိုမှုန်မွှား ဖြစ်နေပြီ။

ဒီလိုကောင်စားမျိုးက ခုတော့ မှန်ရှု ဖြစ်နေ၏။ 'ညကြီး မင်းကြီး ထပြီး မှန်ကြည့်' ဆိုတာမျိုးပင်။

ညသန်းခေါင်ကြီးမှာ ထထပြီး မှန်ကြည့်လိုက်ရတာ အမော။ သူ ပေးလိုက်သော မှန်ကလေးဖြစ်သည်။ ထိုမှန်ကလေးသည် သူရည်မှန်းထားသူ၏ ဓာတ်ပုံပါပဲတဲ့။

မှန်ကို ကြည့်လိုက်သည့်အခါတိုင်း ကျွန်တော့်ရုပ်သွင်က ထင်ထင်လာသည်။ ထိုအခါတွင် မျက်နှာကို အကြည်လင်ဆုံး ဖြစ်အောင် ပြုံးထားရ၏။ ချစ်သူထံ ပေးပို့သော ဓာတ်ပုံဆိုလျှင် ပြုံးပြုံးကလေး ရိုက်ရသည် မဟုတ်လား။

ည လူခြေတိတ်ချိန်၊ သူများတွေ အိပ်မောကျနေချိန်မှာ စာကြည့်မီးကလေး ထွန်းပြီး မှန်ထဲ ကြည့်လိုက်၊ ပြုံးလိုက်၊ ရယ်လိုက် လုပ်နေသော ကျွန်တော့်ကို တစ်စုံတစ်ယောက်ကသာ မြင်သွားလျှင် ဘယ်လိုထင်မလဲ၊ 'သောက်ပေါ' ဟု ထင်မှာ အမှန်ပဲ။

"လူတွေဟာ အချစ်နဲ့ ပတ်သက်ရင် တစ်ခါမဟုတ် တစ်ခါတော့ ပေါဖူးကြတာပဲ"

ဟု ကိုယ့်ကိုယ်ကိုယ် ကာကွယ်မိပြန်၏။

ဟုတ်လည်းဟုတ်သည်။ အသက်ကြီးတွေလေးဆယ်ကျော်မှ ကံပေါ်ကြသော အပျိုကြီး၊ လူပျိုကြီးတွေ ကြားထဲမှာ တစ် ယောက်နှင့် တစ်ယောက် 'အချစ်ရေ. . . အသက်ရေ' လုပ်နေကြတာ တွေ့ဖူးပါသည်။

ကျွန်တော် အသက်နှစ်ဆယ့်လေးနှစ်ပဲ ရှိသေးသည်။ 'ပေါခွင့်' ကောင်းကောင်း ရနိုင်ပါသေးသည်။

ဆယ့်နှစ်နာရီခွဲလုပြီ။ မီးပိတ်၊ မှန်ကလေး ခေါင်းအုံးအောက် ထည့်ပြီး အိပ်ရာပေါ်မှာ လှဲလိုက်သည်။



BURMESE CLASSIC .com



တစ်ခုသွားသတိရ၏။ ခုလို မှောင်လည်းမှောင်၊ ခေါင်းအုံး အောက်ထဲလည်း ထိုးထည့်ခံထားရလျှင် မှန်ကလေးပေါ်မှာ ဘာမှ ထင် မည်မဟုတ်။ ဒါဆို အချစ်၏ ချစ်သူရုပ်သွင် ပျောက်ဆုံးနေလိမ့်မည်ပေါ့။

အိပ်ရာထဲမှ လူးလဲထသည်။ မီးဖွင့်သည်။ ကျွန်တော့် ဓာတ်ပုံတစ်ပုံ လိုက်ရှာသည်။ ကျွန်တော့်မှာက အလှရိုက်ထားသော ဓာတ်ပုံတစ်ပုံမှမရှိ။ လိုင်စင်ဓာတ်ပုံတောင် အပိုမရှိ။ လိုအပ်မှ ဓာတ်ပုံဆိုင်မှာ သွားကူး လိုက်သည်သာ ဖြစ်သည်။

အတော်ကြာအောင် မွှေနှောက်ရှာဖွေပြီးတော့မှ အံဆွဲထဲက စာရွက်စာတမ်းတွေကြားမှာ ကျောင်းသားမှတ်ပုံတင်ကတ် အဟောင်း တစ်ခု သွားတွေ့သည်။ ဓာတ်ပုံကို ခွာပြီး မှန်မှာ ကပ်သည်။ မှန်ကို ခေါင်းအုံးအောက် ပြန်ထည့်၏။

အိပ်မည်ပြုပြီးမှ ပြန်ထသည်။ မှန်ကို ပြန်ဆွဲထုတ်သည်။ ဓာတ်ပုံ၏ ကျောဘက်ကို မှန်မှာကပ်ထားခဲ့သည်။ ဒါ သဘာဝ မကျ။

ဓာတ်ပုံ၏ ဆေးသားဘက်က မှန်၏ မျက်နှာချင်းဆိုင် ရှိနေရမည်။ ဒါမှ ဓာတ်ပုံထဲက ကျွန်တော့်ရုပ်သွင်က မှန်ထဲမှာ ထင်ဟပ်နေနိုင်မည်။

မြင်ပြီး ကပ်လိုက်၏။

အလင်းရောင် မရှိလျှင် မှန်ပေါ်မှာ ပုံရိပ်မထင်နိုင်။ ထို့ ကြောင့် မှန်ကို စားပွဲပေါ်မှာချ၊ စာကြည့်မီးစလောင်းကို မှန်ပေါ်တည့်တည့် ကျအောင် ထိုးထားလိုက်သည်။

အိပ်ရာထဲမှာ ဝင်လှဲသည်။ အိပ်လို့ကားမပျော်။

ကျွန်တော် ရင်ပြည့်နေသည်။ အစာမကြေသောကြောင့်လား မဟုတ်။ စကားတွေနှင့် ပြည့်နေခြင်းသာ ဖြစ်သည်။

ဇင်ဇင့်ကို ပြောချင်သည့်စကားတွေ ရင်ထဲမှာ အများကြီး၊ ပြောခွင့်မရသေး။ သူနှင့် တွေ့ခွင့်ရဖို့ကလည်း စနေ၊ တနင်္ဂနွေ နှစ်ရက် စောင့်ရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



တခြား တစ်ယောက်ယောက်ကို ပြောပြရလျှင်လည်း ဟုတ်သေး၏။ ဇင်ဇင်က ကျွန်တော့်ကို ချစ်ပါတယ် ဟူသော စကားကို ဆင်ဘိုလှစ်ဇင်ခေါ် သင်္ကေတပြုနည်းဖြင့် ပြန်ကြားလိုက်သည့်အကြောင်း။

လွန်လွန်ကဲကဲ ဝမ်းနည်းစရာသော်လည်းကောင်း၊ ဝမ်းသာစရာသော်လည်းကောင်း ကြုံရလျှင် တစ်စုံတစ်ယောက်မှာ ဖွင့်ပြောပြလိုက်ရမှ နေသာထိုင်သာ ရှိသွားတတ်သည်မှာ ဓမ္မတာပင်။

ဝမ်းသာစရာတစ်ခုကို ကြုံရပြီဆိုပါစို့။ ထိုအကြောင်းကို တစ်စုံတစ်ယောက်အား ဖွင့်မပြောရသေးမချင်း ယင်း ဝမ်းသာမှုသည် ပြီးပြည့်စုံသည် မမည်ချေ။

ကျွန်တော့်မှာ ပြောပြစရာ သူငယ်ချင်းတစ်ယောက် ရှိသည်။ သိန်းမင်းထွန်း။ သို့ရာတွင် ဒီကောင်က ရန်ကုန်မှာ မရှိဘဲ ခြေရှည်နေသည်။

သူ့အဖေခိုင်းလိုက်သော အလုပ်ကိစ္စဖြင့် မအူပင်သို့ သွားနေသည်။ အရေးအကြောင်းကျမှ ဒီကောင်က မရှိသဖြင့် စိတ်ဆိုးမိ၏။

နက်ဖြန် ညနေကျလို့မှ ဒီကောင် ပြန်မရောက်လျှင် သင်းထိုက်နှင့်သင်းကံ ရှိပစေ။ ကျွန်တော်နှင့် ဇင်ဇင်တို့ ချစ်သော ဇာတ်ကို ပထမဆုံး သိကြားရသူဖြစ်ခွင့်ကို သူ လက်လွှတ်ရပေတော့အံ့။

ကျွန်တော့်အစ်မ မမတူးကို ဖြစ်စေ၊ မမတူး၏ယောကျ်ား ကိုတင်မောင်ဆွေကို ဖြစ်စေ ပြောပြလိုက်ရတော့မည်။

ခုလောလောဆယ်မှာတော့ ဘယ်သူ့ကိုမှ ပြောလို့မရ။ အိပ်လို့ကလည်း မပျော်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ်ပင် ပြန်ပြောရပေတော့မည်။

အကြံတစ်ခု ရသည်။ သူနှင့် ပတ်သက်ခဲ့သော အကြောင်းခြင်းရာတို့ကို စာရွက်ထက် အက္ခရာတင်ရန် မှတ်စုစာအုပ်နှင့် ဖောင်တိန်ကို အသင့်ပြင်လိုက်၏။

* * * * *





ဘာမှမရှိတဲ့အရာကနေ ဘာမှဖြစ်မလာနိုင်ဘူးတဲ့။ ဂရိ အတွေးအခေါ် ပညာရှင်ကြီး သေးလီစ်က ပြောတယ်။

ဟုတ်တာပဲ။

အစကတည်းက တစ်ခုခု ရှိနေလို့သာ အရာခပ်သိမ်းဟာ ဖြစ်ပေါ်လာရတာပေါ့။

သူ့ကို မချစ်ခင်ကတည်းက ကိုယ်ဟာ သူ့ကို ချစ်နေမိခဲ့ပြီ။

ရှုပ်သွားသလား။

သူ့ကို မချစ်ခင်ကတည်းက သူ့ကို ချစ်ရမယ်ဆိုတဲ့ ပြဋ္ဌာန်း ချက်က ကိုယ့်ကံကြမ္မာထဲမှာ ပါလာပြီးသားလို့ ဆိုလိုတယ်။

ဒါကြောင့်လည်း သူနဲ့ကိုယ်ဟာ ဆုံတွေ့ခဲ့ကြရတာပေါ့။ တစ်ယောက်နဲ့ တစ်ယောက် တစ်ခါမှ မတွေ့ဖူး မသိဖူးတဲ့ လူနှစ်ယောက်ဟာ တစ်စုံတစ်ခုသော အကြောင်းကြောင့် တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ခဲ့ကြတယ်။

နောက်တော့ သံယောဇဉ်တွေ ဖြစ်ကြ၊ နောက် ချစ်သွားကြ။ ထူးဆန်းတယ်လို့ ဆိုမလား။

တစ်ယောက်နဲ့ တစ်ယောက် သိကျွမ်းပြီးသား လူတွေ၊ သို့တည်းမဟုတ် သူငယ်ချင်းတွေ၊ သို့တည်းမဟုတ် အိမ်နီးချင်းတွေ။ သို့တည်းမဟုတ် အနေနီးစပ်သူတွေသာ ချစ်သူ ဖြစ်ကြရမယ်လို့ စည်းကမ်းဥပဒေ ထုတ်ပြန်ကြေညာထားတာမှ မဟုတ်ဘဲ။

'ဖူးစာ' ဆိုတဲ့ ဝေါဟာရက အံ့သြဖွယ် တိုက်ဆိုင်မှုလို့ အဓိပ္ပာယ် ကောက်ယူနိုင်တယ် မဟုတ်လား။

တစ်နည်းအားဖြင့်တော့ 'အချစ်'ရဲ့ ငယ်နာမည်ဟာ 'ဖူးစာ' လို့ ခေါ်တယ်လေ။

* * * * *



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့သ၌ ကျွန်ုပ်သည် ခြေခင်းသာသဖြင့် ဝတ္ထုရားအတိုင်း ပတ္တရောင် လှည့်လာသည့်အခိုက် အလွန် လိုက်ဖက်ညီမည့် ယောကျ်ား လေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ကို တွေ့လိုက်ရလေသည်။ သို့ဖြစ်၍ ကျွန်ုပ်လည်း ထိုသူတို့အား နောက်ယောင်ခံ၍ လိုက်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေ၏"

လို့ ဖူးစာရေးနတ်ရဲ့ မှတ်တမ်းထဲမှာ တွေ့ရမှာပဲ။

အဲဒီနေ့က သိပ်သာယာတယ်။ ဒါပေါ့လေ၊ ချစ်သူကို စတင်ဆုံတွေ့ရတဲ့နေ့ဟာ ဘယ်လို အခြေအနေမျိုးမှာပဲ ရှိရှိ၊ သာယာတယ်လို့ ဆိုကြရမှာပဲ။ နွေခေါင်ခေါင်ကြီးမှာ နေက ချစ်ချစ်တောက်ပူ၊ တံလှပ်တွေ တရိုန်ရိုန် ထနေနေ၊ လေမုန်တိုင်း ကြီး တိုက်ခတ်ပြီး မိုးကြိုးလျှပ်စစ်တွေ ထစ်ချုန်းလို့ နေနေ၊ နှင်းခဲကြီးပဲကျနေနေ၊ 'သာယာပါသည်' လို့ပဲ ပြောကြတာ သဘာဝ ကျပါတယ်။

ချစ်သူရဲ့မျက်နှာဟာ သာယာမှုအပေါင်းကို ဆောင်ကြဉ်းလာခဲ့တယ် မဟုတ်လား။

မနက်က မိုးကြီးသည်းထန်စွာ ရွာခဲ့တယ်။ ဘတ်ဂျက် နှစ်ကုန်ခါနီးမှာ သမဝါယမဆိုင်တွေက လက်ကျန်ပစ္စည်းတွေကို လှိမ့်ထုတ်ပြီး ရောင်းသလို မိုးနှောင်းဟာလဲ ရှိသမျှ မိုးရေတွေ အကုန်သွန်ပြီး ရွာချ လိုက်သလား အောက်မေ့ရတယ်။ ဖွေးဖွေးကို လှုပ်နေတာပဲ။

တိတ်ချင်တော့လည်း ရုတ်တရက်ကြီး တိခနဲ ရပ်သွားတယ်၊ ချက်ချင်းပဲ နေထွက်လာတယ်။ မိုးရွာပြီးပြီးချင်း နေသာလာပြီဆိုရင် ရှုခင်းတွေဟာ ဘယ်ဟာနဲ့မှ မတူအောင် လှပသာယာတတ်တာ အမှန်။

အမှိုက်သရိုက်တွေ၊ အညစ်အကြေးတွေ၊ ဖုန်မှုန့်တွေကို မိုးရေက တိုက်စား သယ်ဆောင်သွားလို့ လောကဓာတ်ကြီး တစ်ခုလုံး သန့်ရှင်း သပ်ရပ်နေတယ်။





ရေစိုနေတဲ့ သစ်ရွက်တွေက လန်းလန်းဆန်းဆန်း၊ သစ်ရွက်ဖျားမှာ တွဲခိုနေတဲ့ရေစက်ကလေးတွေကို နေရောင် ထိုးလိုက်တဲ့အခါ မျက်နှာကြီးမင်္ဂလာဆောင်ထဲ ရောက်နေသလိုပဲ။ စိန်နားကပ်ရောင်တွေ တဖျပ်ဖျပ် တောက်ပနေတာကို ဆိုလိုတာ။

ရေစီးကြောင်းက တိုက်စားသွားလို့ သဲပြင်ပေါ်မှာ ခြစ်ရာစင်းရာတွေ အစက်အပြောက်တွေ ထင်နေပုံက မော်ဒန်ပန်းချီကား တစ်ချပ်နဲ့ တူနေတယ်။

ဒီလိုကာလမျိုးမှာ လူတွေမပြောနဲ့၊ ပိုးမွှား တိရစ္ဆာန်ကလေးတွေတောင် လမ်းသလားချင်ကြတာ မဟုတ်ဘူး။

ကိုယ်လည်း အပြင်ထွက်လာခဲ့တယ်။ မြို့ထဲသွားပြီး သိန်းမင်းထွန်းကို ခေါ်မယ်၊ ရုပ်ရှင်သွားကြည့်မယ်။

ကားမှတ်တိုင်မှာ တော်တော်ကြာအောင်စောင့်တဲ့ထိ ဘတ်စ်ကားမလာ။ ဓာတ်ဆီဆိုင်ကို ရောက်ကုန်ကြပြီ ထင်ပါရဲ့။ အမြန်ကားတွေကလည်း လာပါရဲ့။ လူကအပြည့်။ တွယ်စီးလို့လည်း မရတော့ဘူးလေ။

တစ်နာရီတောင်ခွဲလုပြီ။ ဟိုကောင့်ကို ဝင်ခေါ်ရမှာနဲ့ဆို ရုပ်ရှင်မီအောင် တစ်ကျပ်ကားနဲ့ သွားမှပဲ၊ သုံးဘီးတစ်စင်းလာလို့ လက်တားလိုက်တယ်။

ကားက လူအချောင်ကြီး ရှိသေးတယ်။ ကိုယ်ပါနဲ့မှ လေးယောက်တည်း။

လမ်းမှာ နှစ်ယောက်ထပ်ဆင်းသွားသေးတယ်။ ရှေ့ခန်းက တစ်ယောက်နဲ့ ဟိုဘက်ခုံမှာထိုင်တဲ့ မိန်းမကြီးတစ်ယောက်။

ကောင်မလေးသုံးယောက် ကားကိုတားပြီး တက်လာတယ်။ ဟိုဘက်ခြမ်းက လွတ်နေတဲ့ ထိုင်ခုံမှာ သုံးယောက်တွဲပြီး ထိုင်တယ်။ ကားဆရာကြီးကို. . .



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကြီး မြို့ထဲတစ်ယောက် တစ်ကျပ် မဟုတ်လား" လို့ တစ်ယောက်က မေးတယ်။ ကားဆရာကြီးက. . .

"ထုံးစံအတိုင်းပေါ့"

လို့ ပြန်ပြောတော့ ရယ်စရာလည်း မဟုတ်ပဲနဲ့ ရယ်ကြတယ်။

ကောင်မလေးတွေက သိပ်မကြီးကြသေးဘူး။ အလွန်ဆုံးရှိမှ နှစ်ဆယ် နှစ်ဆယ့်တစ်၊ ရုပ်ကလေးတွေကလည်း လှကြတယ်၊ အဝတ်အစားကလည်း ခေတ်မီတယ်၊ နှုတ်ခမ်းသုံးခုစလုံး ရဲနေအောင် ဆိုးထား ကြတယ်။

အဲဒီနှုတ်ခမ်းတွေကလည်း ကားပေါ် စတက်လာကတည်းက အနား ကို မနေ။ ပြောလိုက်တဲ့စကား။ သုံးဘီးကား စက်သံတောင်မှ သူတို့အသံနဲ့ ယှဉ်လိုက်တော့ ဝပ်သွားတာပဲ။

အကြောင်းအရာအစုံ၊ တော်တော်လည်း ပေါက်ပေါက်ရှာရှာ ပြောတဲ့ကောင်မလေးတွေ။ တွေလည်း တွေးတတ်တယ်၊

ဒီနေ့နာမည်ကြီးနေတဲ့ ကျော်ဟိန်း၊ ကျော်သူ၊ တိုင်ဂါ၊ ခိုင်ထူး ချမ်းသာတို့ရဲ့ နာမည်တွေဟာ အားလုံး တနလ်ာနံနဲ့ စတာ ချည်းပဲတဲ့၊

နောက်ပြီးတော့ လေဒီဒိုင်ယာနာ ဆံပင်ပုံစံပြောင်းရင် သူတို့လည်း ဆံပင်ပြင်ခ ပိုက်ဆံထပ်ကုန်ရဦးမယ်ဆိုတာလည်း ပါတယ်။

သူတို့ထဲမှာ စကားအများဆုံး၊ အသံအကျယ်ဆုံး ကောင်မလေးတ

"ပြောရဦးမယ် သိလား၊ ဟိုနေ့က တို့အဘွားက မေးတယ် ညည်းတို့ပြောပြောနေတဲ့ မိုက်ကယ်ဂျက်ဆင်ဆိုတာ အနာဂျက်ဆင်လို အကိုက်အခဲပျောက်ဆေးပဲလားတဲ့"

တခစ်ခစ်နဲ့ ရယ်ကြပြန်ရော၊

ကိုယ့်ဘေးမှာ ထိုင်တဲ့လူကြီးက နားငြီးလို့လားမသိ။ သူတို့ မျက်စောင်းတထိုးထိုးနဲ့၊ ကိုယ်ကတော့ လူငယ်မို့လို့ သူ့ထက်စာရ နားခံသာတယ်လို့ ဆိုရမယ်၊ တစ်ခုတော့ ရှိတယ်။ မိန်းကလေးတွေ





ဒီလောက်အသံကျယ်တာ၊ ဘာမဟုတ်တာလေးနဲ့ ခဏခဏရယ်နေကြတာ တော့ သိပ်သဘောမတွေ့ဘူး။

ဒါကလည်း ကိုယ်နဲ့ဘာဆိုင်လို့လဲ။ အင်းလေ နောက်ဆိုရင် ဆိုင်လာ တော့မှာမို့ ကြိုတင်ပြီး စိတ်ဝင်စားနေတာ ဖြစ်ချင် ဖြစ်မယ်။

ဘာကြောင့်လဲဆိုတော့ သူတို့ထဲက အတွင်းဘက် ထောင့်ဆုံး မှာ ထိုင်နေတဲ့ ကောင်မလေးက သိပ်အရယ်မသန်တာ တွေ့လိုက်ရတော့ စိတ်ထဲမှာ နည်းနည်း ကျေနပ်သွားသလို ဖြစ်သွားလို့ပဲ။ ဒါတောင် ဟိုနှစ် ယောက်နဲ့ ယှဉ်လို့သာ စကား သိပ်မများ၊ အသံသိပ်မကျယ်၊ အရယ် သိပ်မသန်လို့ ပြောရတာ၊ သူ့ရဲ့ ညီညာဖြူဖွေးတဲ့ သွားကလေးတွေကိုတော့ မကြာခဏ မြင်ရတတ်သေးတယ်။

"ဟိုး၊ ဟိုး"

ကိုယ့်ဘေးကလူကြီးက ကားကို ရပ်နိုင်းတယ်။ ကားရပ်တော့ ပိုက်ဆံတစ်ကျပ် လှမ်းပေးရင်း. . .

"သုံးဘီးကားမှတ်လို့ တားစီးမိပါတယ်၊ လက်ပံပင်နဲ့ လာတွေ့ နေတယ်"

လို့ပြောပြီး ဆောင့်ကြီးအောင့်ကြီးနဲ့ ဆင်းသွားတယ်။ ကောင်မလေး သုံးယောက်လည်း ရယ်ရင်း၊ တစ်ယောက်က. . .

"နောက်ပြောင်ခြင်း သည်းခံပါ"

လို့ လှမ်းပြောတယ်။ ဟိုလူကြီးလည်း မျက်ထောင့်နီကြီးနဲ့ ကြည့်ရင်း မကျေမနပ် ဖြစ်ကျန်ခဲ့တယ်။ သူ့ဆံပင်က ထိပ်ရော နောက်ရော ပြောင် နေတာကိုး။

ကိုင်း ကားပေါ်မှာ 'သူတို့သုံးယောက်၊ကိုယ်တစ်ယောက်' ဖြစ်နေပြီ။

ဒီအချိန်မှာ ကိုယ့်ရဲ့အစွမ်းသတ္တိက ပေါ်လာပြီ။ ကိုယ်ဟာ မိန်း ကလေး အပေါင်းအသင်းတွေဘာတွေ ထားဖူးတာ မဟုတ်။ ဒီတော့ မိန်းကလေးအုပ်စုနဲ့ တွေ့ရင် မနေတတ်၊ မထိုင်တတ် ဖြစ်နေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း သူတို့သုံးယောက်နဲ့ကိုယ်နဲ့ ဘာမှ ဆိုင်တာတော့ မဟုတ်ဘူး။ သို့ပေမဲ့ ရှက်သလို ရွံ့သလို ဖြစ်နေတယ်။

ဒီကြားထဲ သုံးဘီးဆရာကြီးက. . .

"ကလေးမတို့ထဲက တစ်ယောက်ယောက် ဟိုဘက်ခုံ ပြောင်းထိုင်ပေးပါလား၊ ညာဘက်လေးက သိပ်မကောင်းလို့" ဟုတ်တော့ ဟုတ်တယ်၊ သုံးဘီးကားတွေက ဟိုဘက်၊ ဒီဘက် အလေးချိန်မျှမှ မောင်းလို့ ကောင်းတာ။ ခု သူတို့ သုံးယောက်စလုံးက ညာဘက်ခြမ်းမှာ ထိုင်နေတယ်။ ကားမောင်းတဲ့လူကလည်း ညာဘက်ခြမ်းမှာပဲ။ ဒီဘက်မှာက ကိုယ်တစ်ယောက်တည်း။ ပြီးတော့ လမ်းကလည်း ညာဘက်ပိုင်းက နိမ့်နေတယ်။ ဒီတော့ ကားက ညာဘက်ကို စောင်းနေတာပေါ့။

သုံးဘီးကားဆရာကြီးက ပြောလိုက်တော့ သူတို့ ရယ်ကြ ပြန်ရော။ နင်သွားလိုက်၊ ငါသွားလိုက်၊ ငြင်းလိုက်၊ ကိုယ့်ကို ကွက်ကြည့်ကွက်ကြည့် လုပ်လိုက်။

အလယ်ကောင်က အာကျယ်မလေးက အတွင်းဘက်ဆုံးက ကောင်မလေးကို 'နင်နဲ့လိုက်တယ်၊ နင် သွားထိုင်' လို့ တိုးတိုးပြောတာ ကြားလိုက်ရတယ်။ ကောင်မလေးရဲ့ မျက်နှာဟာ သူဝတ်ထားတဲ့ အင်္ကျီအနီရဲရဲကလေးရဲ့ ရောင်ပြန်ဟပ်သွားတယ်။ အာကျယ်မလေးကိုလည်း တံတောင်နဲ့ လှမ်းတွက်တယ်။

ငြင်းရင်းခုံရင်းနဲ့ နောက်ဆုံးတော့ သူတို့အထဲမှာ အငြိမ်ဆုံးဖြစ်တဲ့ အနီရောင်လေးပဲ ဒီဘက်ခုံကို ရွှေ့ထိုင်ရတယ်။ ကိုယ်က အပြင်ဘက်စွန်းမှာထိုင်တာ။ သူက အတွင်းဘက်စွန်း ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အဝေးကြီးပါပဲ။ သို့ပေမဲ့ ကိုယ်အရေခက်နေရတယ်။ ဟိုဘက်က နှစ်ယောက်ကလည်း မျက်လုံးပြူးပြူလိုက်၊ ပခုံးတွန့်ပြလိုက်၊ အမူအရာနဲ့ လှမ်းလှမ်းစနေတယ်။





ကိုယ်လည်း သူတို့ဘက်ကို မလှည့်တော့ဘဲ ကားနောက် ကိုပဲ ကြည့်နေလိုက်တော့တယ်။ ခုမှ သတိထားမိတယ်။

ကိုယ် ချွေးတွေပြန်နေပြီ။

ဒီအချိန်မှာ. . . .

"ဟယ်တော့ ပြဿနာပဲ"

အာကျယ်မလေးရဲ့အသံ ထွက်လာတယ်။ ကျန်နှစ်ယောက်က "ဘာလဲ၊ ဘာလဲ" မေးတာကို ပြန်မဖြေနိုင်သေးပဲ။

"ဒီမှာ၊ ဒီမှာ ဒီဘက်နည်းနည်းလောက် တိုးထိုင်ပေးစမ်းပါ"

ကိုယ့်ကို ပြောတာလားလို့ လှည့်ကြည့်မိတယ်။ ဟုတ်တယ်၊ ကိုယ့်ကို ပြောနေတာမဲ၊ လက်ကလည်း အတွင်းဘက်ကို ရွှေ့ဖို့ ပြနေတယ်။

ကိုယ်လည်း ဘုမသိ၊ ဘမသိနဲ့ ယောင်ပြီး ရွှေ့လိုက်မိတယ်။ အာကျယ်မလေးက တစ်စုံတစ်ယောက်မြင်မှာစိုးလို့ ပုန်းသလိုမျိုး ကိုယ်ကလေးကို ပုပြီး ကိုယ့်ကိုယ်နဲ့ ဟိုကွယ်၊ ဒီကွယ် လုပ်နေတယ်။ ဓာတ်တိုင်တစ်တိုင်စာလောက် လွန်လာတော့မှ ကိုယ်ကို ပုံမှန်အတိုင်း ပြန်မတ်ပြီး. . . .

"တော်ပါသေးရဲ့ မြင်မသွားဘူးထင်တာပဲ"

"ဘာလဲဟ"

လို့ ဝိုင်းမေးကြတော့. . .

"တို့အိမ်နားက ဟိုလူကြီးလေ၊ တော်ကြာ အိမ်ကို သွားပြောရင် ပြဿနာတက်ကုန်မယ်"

ခုမှသိရတယ်။ သူတို့အုပ်စု အိမ်ကိုလိမ်ပြီး မြို့ထဲထွက်လာတာ ဖြစ်ရမယ်။ စောစောက လမ်းပေါ်မှာ သူတို့အိမ်နားက လူကြီးဆိုတာကို တွေ့တော့ ကိုယ့်ကိုယ်နဲ့ကွယ်ပြီး ပုန်းနေလိုက်တာပေါ့။ ပုန်းတာက အရေးမကြီးပါဘူး၊ ကိုယ်က သူပုန်းလို့၊ ကွယ်လို့ အဆင်ပြေအောင် နေရာရွှေ့ပေးရတယ်ဆိုတော့ တော်တော် ကသိကအောက်နိုင်တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးကျတော့ ကိုယ့်သတ္တိက မသေးဘူး။ ကောင်မလေးတွေကို နည်းနည်းတော့ ပညာပေးရဦးမယ်။

"ဒီမှာ မင်းတို့အိမ်ကိုညာပြီး ထွက်လာကြတာ မဟုတ်လား"

လို့ မေးလိုက်တယ်။ ရုတ်တရက် သူတို့ကြောင်သွားတယ်။ ကိုယ်က ဆက်ပြီး. . . .

"မင်းတို့ ဒါမျိုး မလုပ်သင့်ဘူး"

(လူကြီးမိဘတွေကို မညာသင့်ကြောင်း) အစ်ကိုကြီး တစ်ယောက်လေသံနဲ့ ဖိပြီး ဟောက်ပစ်လိုက်တာ၊ သူတို့ ဘာမှ ပြန်မပြောနိုင်ခင်မှာပဲ ကိုယ်ဆင်းရမယ့်နေရာ ရောက်လာလို့ ကားရပ်ခိုင်း၊ ငွေတစ်ကျပ်ပေး ကားပေါ်က ဆင်းလိုက်တယ်။

သူတို့လည်း မျက်စောင်းလေးတွေခဲပြီး မကျေမနပ် ပွစိပွစိ ပြောရင်း ပါသွားတယ်။

သိန်းမင်းထွန်းတို့ ဆိုင်ရှိရာကို လျှောက်လာရင်း ကိုယ့်စိတ်ထဲမှာ တစ်စုံတစ်ခု ထူးထူးဆန်းဆန်း ခံစားလိုက်ရတယ်။

သူတို့ကို အနိုင်နဲ့ပိုင်းခဲ့တာ အားနာစရာများ ကောင်းနေမလား။ ကားပေါ်မှာ ခဏတစ်ဖြုတ်ဆုံမိပြီး နောက်တော့ ကိုယ့်လမ်းကိုယ်ဆက်သွားကြတာ ဖြစ်နေကြပြီပဲ။ သို့ပေမဲ့ သူတို့ (အထူးသဖြင့်) သူ့ကို နောက်တစ်ခါ ပြန်တွေ့ချင်တဲ့ ဆန္ဒ ဖြစ်နေမိတယ်။ ဆန်းတော့ တော်တော်ဆန်းတာပဲ။

ဖူးစာရေးနတ်ရဲ့ မှတ်တမ်းထဲမှာတော့ ဒီလို ရေးလိမ့်မယ်၊

ကျွန်ုပ်ပစ်လွှတ်လိုက်သော မြားတစ်စင်းသည် ယောကျ်ားလေးဖြစ်သူ၏ နှလုံးသား အလယ်ဗဟိုတည့်တည့်သို့ စူးနစ် ခိုင်မာစွာ စွဲဝင်လေ၏။ မိန်းကလေးကိုကား ပစ်ခွင့်မသာချေ။ သုံးဘီးကားသည် မကြာခဏ ချိုင့်ဆောင့်သဖြင့် ပစ်ကွင်း မတည့်မတ်ဘဲ ရှိသည်က တစ်ကြောင်း၊ မသေချာဘဲ ပစ်လွှတ်လျှင် ချိန်သားမကိုက်ဘဲ အခြားသော မိန်းကလေး





တစ်ဦးဦးအား လွဲမှားထိမှန်မည် စိုးရိမ်သောကြောင့် တစ်ကြောင်း လက်လွှတ်လိုက်ရပေသည်။ မည်သို့ပင်ဖြစ်စေ ယင်းလူသားနှစ်ဦးတို့အား နောက်တစ်ကြိမ် တွေ့ဆုံစေရန် ဖန်တီးရပေတော့အံ့။

❁ ❁ ❁ ❁ ❁

ချားရဟတ်က အမြန်နှုန်း မြောက်တက်လာတယ်၊ ထိပ်တည့်တည့်ကို အရောက်မှာ တန့်ခနဲ ရပ်သွားတယ်လို့ ထင်ရတယ်၊ နောက်ထိုင်နေတဲ့ ဒန်းပုခက်ဖာ အဝေးကို လွင့်ထွက်သွားတော့မယောင် လွဲယမ်းခါ သွားတယ်၊ ပြီးတော့ အောက်ကို စိုက်ဆင်းသွားပြန်တယ်။ အဲဒီ အခိုက်အတန့်ကလေးမှာ ရင်ထဲက သိမ့်ခနဲ၊ ငြိမ့်ခနဲ၊ အေးခနဲ၊ လှပ်ခနဲ။ ငယ်ငယ်က ပထမဆုံးအကြိမ် ချားရဟတ်စီးဖူးတုန်းက ခံစားရတဲ့ အရသာကို ခုတစ်ဖန် ပြန်ပြီး ကြုံတွေ့လိုက်ရသလိုပဲ။

သူ့ကို မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရလို့ပေါ့။

ဟိုတစ်ခါ သုံးဘီးကားပေါ်မှာ စတွေ့လိုက်တာကို အမှတ်ထင်ထင်ဖြစ်သွားတာရယ်၊ ခု ရုတ်တရက် သူ့ကို တွေ့လိုက်ရတဲ့အခါ နှစ်ပေါင်း[illegible]တော်ကြာအောင် ကွဲကွာနေတဲ့ ဆွေမျိုးရင်းချာတစ်ယောက်ကို ပြန်ဆုံရသလို ထိတ်ခနဲ ဝမ်းသာသွားမိတာရယ်ကို ထောက်ချင့်ကြည့်ရင်[illegible]ထောက်ချတ်ဆွဲလို့ ရလောက်ပါပြီ။

ကိုယ် သူ့ကို စိတ်ဝင်စားနေပြီဆိုတဲ့ အကြောင်း။

ခုခေတ် လူငယ်ကောင်လေးတွေက စာတန်းတွေ တံဆိပ်တွေ ပါတဲ့ [illegible]အကျႌအမျိုးမျိုးဝတ်ဖို့ ဝါသနာပါသလို ကောင်မလေးတွေကလည်း ခတ်ပုံ[illegible]ရိုက်ဖို့ ဝါသနာပါတတ်ကြတယ်။

ခုလည်း ကမ္ဘာအေးကုန်းမြေက ဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်[illegible]ခဝင်ဝနားက ကြာပွင့်ပုံကြီးကို နောက်ခံထားပြီး ဓာတ်ပုံရိုက်နေကြတဲ့[illegible]ကောင်မလေး တစ်သိုက်ထဲမှာ သူ့ကို တွေ့လိုက်ရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တွေ့တွေ့ချင်းမှာပဲ ကိုယ် ရင်ခုန်သွားမိတယ်။

သူ့တို့ ဓာတ်ပုံရိုက်နေတာကို ခပ်လှမ်းလှမ်းက မသိမသာ ကြည့်နေမိုက်တယ်။

စုစုပေါင်း ခုနစ်ယောက်။ သူတို့ထဲမှာ အလှဆုံးဆိုတာတော့ မပါဘူး။ ဘာကြောင့်လဲဆိုတာတော့ သူတို့အားလုံး တစ်ယောက်တစ်မျိုးစီ လှကြလို့ပါပဲ။

ခုခေတ် မိန်းကလေး အတော်များများဟာ လှကြတာချည်းပဲ။ လှအောင်ပအောင်လည်း ပြင်ဆင်တတ်ကြတာကိုး။

နီတာစိုးမြင့်၊ မေဇင်ချစ်၊ နန်းအိအိဇာ၊ ညိုညိုဇော်တို့ရဲ့ အလှဆောင်းပါးတွေ၊ ဒေါက်တာ နန်းဥမ္မာရဲ့ ကျန်းမာရေးနဲ့ ညီညွတ်လှပစေဖို့ ပညာပေး ဆောင်းပါးတွေရဲ့ ကျေးဇူးပဲ။

မိန်းကလေးဟာ သူတို့ရဲ့ မျက်နှာအနေအထား၊ မေးရိုးကျပုံတို့နဲ့ လိုက်ဖက်တဲ့ ဆံပင်ပုံစံကို ထားတတ်ကြတယ်။ မျက်လုံးပြူးတာ၊ မေးတာ၊ နှာခေါင်းချွန်တာ၊ ပြားတာ၊ နှုတ်ခမ်းထူတာ၊ ပါးတာတို့ကို အလိုက်သင့် ပြေပြစ်အောင် ခြယ်သတတ်ကြတယ်။ ပိန်လွန်းလှသူတွေက အကျီပါးပါး လျှားလျှားဝတ်ပြီး ကြွားလာအောင် လုပ်နိုင်သလို ဝနေသူတွေတလည်း ကော့ဆက်ဝိုက်စည်း၊ ဘော်လီအကျီတို့နဲ့ ဖုံးကွယ်နိုင်ကြတယ်။

ဘာပဲဖြစ်ဖြစ် စေ့စေ့စပ်စပ် ကြည့်တတ်ရင်တော့ မလှတာဟာ ဖုံးလို့ဖိလို့ မရဘဲ ပေါ်ထွက်လာတတ်တာပါပဲ။ ကြာကြာ အကြည့်ခံတဲ့ လူမျိုးကတော့ ရှားပါးဆဲ။

တတိယမြောက် ဓာတ်ပုံအရိုက်ခံတဲ့ ကောင်မလေးက 'သူ' ပါပဲ။

တစ်ကိုယ်လုံး တောက်ပသစ်လွင်တဲ့ အပြာရောင် အဝတ်အစားတွေ ဆင်မြန်းထားတယ်။

မျက်နှာက ဝိုင်းဝိုင်းလေး၊ မျက်ခုံးထူထူလေး၊ မျက်လုံးကြည်ကြည်ကလေး၊ နှာခေါင်း မပြားမချွန်လေး၊ နှုတ်ခမ်း သေးသေးပါးပါးလေး၊





ကိုယ်လုံးကျစ်ကျစ်ကလေး၊ ဆံပင်ကတော့ လည်ကုပ်လောက် ထိဝဲအောင် ဖြတ်ထားတယ်။ ဖျော့ဖျောင်း ဖြောင့်စင်းတဲ့ ဆံပင်ကလေးတွေက ခေါင်းကို ယမ်းခါလိုက်တဲ့ အခါတိုင်း လေရူးအဝှေ့ခံရတဲ့ စပါးပင်တွေလို ညီညီညာညာ လှုပ်ရှားဝေ့ဝဲသွားတတ်တယ်။

သူက ဓာတ်ပုံ လေးငါးဆယ်ပုံလောက် ရိုက်တယ်။ မတ်တတ်ရပ်လျက်၊ ထိုင်လျက်၊ လက်ထောက်မေးထောက်လိုက်၊ ခြေဆင်းလိုက်၊ ခေါင်းငဲ့လိုက်၊ ပြုံးလိုက်ရယ်လိုက် လုပ်နေပုံက သူ့အလှအပတွေကို စိတ်ရှိလက်ရှိ ကြည့်လို့ရအောင် ဖန်တီးပေးနေသလို။

မယ်စကြာဝဠာ ရွေးပွဲတွေမှာ ဝင်ရောက် ယှဉ်ပြိုင်ကြသူ အားလုံးဟာ အချောဆုံးအလှဆုံးတွေချည်းပဲ။ သို့ပေမဲ့ အဲဒီထဲက ကိုယ်ကြိုက်တာ၊ ကိုယ်ရွေးကြဆိုရင် တစ်ယောက်နဲ့တစ်ယောက် အကြိုက်ချင်း တူကြမှာ မဟုတ်ဘူး။

ဒီလိုပဲ။ ခု ဓာတ်ပုံရိုက်နေတဲ့ ကောင်မလေးတွေ အားလုံးလှကြပေမဲ့ ကိုယ့်အကြိုက်ကတော့ အပြာကလေးပဲ။

သူရိုက်တဲ့ ဓာတ်ပုံတွေထဲမှာ နောက်ဆုံးတစ်ပုံကတော့ အမှတ်တရဖြစ်သွားတယ်။ လှေကားထစ်ပေါ်မှာ ထိုင်၊ ခြေထောက်တစ်ဖက်ကဆင်း၊ တစ်ဖက်ကိုကွေးပြီး လှေကားထစ်ပေါ်မှာတင်၊ ကိုယ်ကို တစ်ဖက်စောင်း၊ မျက်နှာကို ကင်မရာဘက် ပြန်လှည့်ပြီး ပြုံးလိုက်တုန်းမှာ. . .

သူ ကိုယ့်ကို မြင်သွားတယ်။ ကိုယ်ကလည်း ကိုယ်ပဲ၊ သူတို့ ဓာတ်ပုံရိုက်နေတာကို ခပ်လှမ်းလှမ်းကနေ မယောင်မလည် ကြည့်နေတာကိုး။ မယောင်မလည်ဆိုပေမယ့် သူတို့ ဓာတ်ပုံရိုက်တာကို ကြည့်တာမှန်း သိသာသွားတယ်။

သူလည်းခုမှ ဘေးလူတစ်ယောက် ရှိနေမှန်းသိလို့ ရှက်သွားတယ်။ အဲဒီလို ရှက်သလို ရွံ့သလို ဟန်ကလေး ဖြစ်နေတုန်းမှာပဲ ဓာတ်ပုံဆရာ



www.burmeseclassic.com

www.burmeseclassic.com



က ဖျတ်ခနဲ ရိုက်လိုက်တယ်။ ပုံထွက်လာရင် သိပ် သဘာဝကျနေမှာပဲ။

သူက ကိုယ့်ကို မှတ်မိသွားပုံရတယ်။ ဟိုနေ့က သူနဲ့အတူတူ ပဲ့ဘီးကားပေါ် ပါလာတဲ့ ကောင်မလေး နှစ်ယောက်နားကိုသွားပြီး တိုးတိုး ပြောလိုက်တယ်။

ဟိုကောင်မလေး နှစ်ယောက်က ကိုယ့်ကို ဖျတ်ခနဲ လှမ်းကြည့် တယ်။ ကောင်းကောင်း မှတ်မိဟန် မတူဘူး။ အပြာကလေးက တစ်စုံတစ်ခု ထပ်ပြောလိုက်တော့မှ သတိရသွားဟန် တူတယ်။ ကိုယ့်ကို နောက် တစ်ခါပြန်ကြည့်ကြပြီး မဲ့ရွဲ့ပြလိုက်တယ်။

နောက်ပြီးတော့ တစ်စုံတစ်ခု အချိုမပြေတဲ့ လူတစ်ယောက်ကို တွေ့လို့ လှောင်ပြောင်သလို ဟားတိုက် ရယ်လိုက်ကြတယ်။ ကိုယ့်ကို ဂလဲ့စားချေတာပေါ့။

သူတို့ရယ်တာကြောင့် တခြား ကောင်မလေးတွေကပါ ဘာပါလိမ့် ဆိုပြီး လှည့်ကြည့်ကြတယ်။ ကြောင်တောင်တောင် ရပ်နေတဲ့ ကိုယ့်ကို မြင်တော့ ပြုံးစိစိ လုပ်ကြတယ်။

လူကို ထုပုသွားတာပဲ။ရှက်ရှက်နဲ့ လှည့်ထွက်လာခဲ့တယ်။ ပြတိုက်ထဲ ဝင်ပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်နေလိုက်ရတယ်။

ပြတိုက်ထဲက ပြန်ထွက်လာတော့ သူတို့အုပ်စု မရှိကြတော့ဘူး။ ကိုယ်တစ်ကွက် လွဲသွားပြီ။ အမှန်က သူတို့နောက်ကို မယောင်မလည် လိုက်သွားသင့်တယ်။ သူတို့စီးလာတဲ့ကားကို လိုက်စီး၊ သူတို့ဆင်းတဲ့ နေရာမှာ လိုက်ဆင်း၊ ဘယ်မှာနေတယ်ဆိုတာ စုံစမ်း၊ နည်းနည်းတော့ ကြောင်တာပေါ့။

ခုတော့ လွတ်သွားပြန်ပြီ။

'လွတ်သွားတဲ့ဘတ်စ်ကား ပိုချောင်တယ်' ဆိုသလိုပဲ ကိုယ့်စိတ်ထဲ မချင့်မရဲ ဖြစ်သွားရတယ်။ သူ့ကို စွဲလမ်းမိတဲ့ စိတ်ကလည်း ပိုပြီး အဆင့်မြင့်လာတယ်။





အပြင်ကို ထွက်တဲ့လမ်းအတိုင်း လျှောက်လာခဲ့တယ်။ သူ့ကို နောက်တစ်ခါ ထပ်တွေ့ဖို့ မလွယ်တော့ဘူးဆိုတာ သိနေလို့ စိတ်ဓာတ် လည်း ကျနေမိတယ်။

ဘယ်သူမှန်းမသိ၊ ဘယ်မှာနေမှန်းမသိ၊ ဘယ်လိုလုပ် ရှာမလဲ။ သွားပြီ၊ လမ်းစပျောက်ပြီ စသဖြင့် စိတ်ထဲမှာ ညည်းညူနေမိတယ်။ ဘာကြောင့် ဒီလောက် ဖြစ်နေရတာလဲ။

ရှင်းတယ်။ သူ့ကို ချစ်နေလို့ပဲ။

စေတီတော်ကြီးဘက်ကိုမှန်းပြီး 'သူနှင့် တပည့်တော်တို့သည် နဖူးစာမှန်ပါက နောက်တစ်ကြိမ် ပြန်ဆုံခွင့် ပေးသနားတော်မူပါ ဘုရား' လို့ ခပ်ရှုတ်ရှုတ်နဲ့ပဲ ဆုတောင်းမိတယ်။

သစ္စာစကားက ဘယ်လောက် မှန်ကန်သလဲ။ ဝင်းအပြင်ကို ရောက်တဲ့အချိန်မှာပဲ ဘတ်စ်ကားမှတ်တိုင်မှာ ရပ်နေတဲ့ သူတို့အုပ်စုကို လှမ်းမြင်လိုက်ရတော့တယ်။

ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်တယ်။ စိတ်ကိုလည်း တင်း လိုက်တယ်။ ဟို အာကျယ်မလေးနှစ်ယောက်က နောက်ချင် နောက် လိမ့်မယ်။ အဲဒီအတွက် ကြိုတင်ရဲဆေး တင်ထားလိုက်တာ။

ကိုယ်လျှောက်လာတာကို သူတို့က မမြင်သေး။ သူတို့ဘာသာ စကားပြောလို့ ကောင်းတုန်း။ ခပ်လှမ်းလှမ်း အရောက်မှာပဲ အခြေအနေ က ပြောင်းသွားတယ်။ ဟိုဘက်ကလာနေတဲ့ လေးဘီးကားတစ်စီးကို အာကျယ်မလေး တစ်ယောက်က လှမ်းတားလိုက်လို့ပဲ။

ကားရပ်တယ်။ ကားသမားနဲ့ အပြန်အလှန် ပြောတယ်။ ပြီးတော့ ကားပေါ် တက်ကြတယ်။ ကားထွက်သွားတယ်။

ရင်ထဲက ဟာပြီး ကျန်ခဲ့ရတယ်။ လွဲသွားပြန်ပြီ။ ဟိုအဝက သူ့ကို လှည့်စားခဲ့မိလို့များ ဒီဘဝမှာ ပြန်ပြီး အလှည့်စားခံနေရတာလား မသိ။

နိုင်ငံခြား ရုပ်ရှင်ကားတွေထဲကလို အသင့်ရောက်လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီပေါ်ကို တက် 'ရှေ့ကားကို အမီလိုက်စမ်းဟေ့ ဘောက်ဆူးပေးမယ်' လို့ ပြောလို့ ရတာမျိုးလည်း မဟုတ်။ တခြား ကားတစ်စီးငှားပြီး လိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ကားတစ်စီးငှားလို့ ရဖို့ဆိုတာ လွယ်တာမှတ်လို့။

တကယ်ဆိုတော့ ကားတစ်စီးလွတ်သွားတာက အရေးမကြီးဘူး၊ ရထားတစ်စင်း လွတ်သွားတယ် ဆိုရင်ကော ဘာဖြစ်သေးသလဲ။ လေယာဉ်ပျံတစ်စင်း ဆိုရင်တော့ အရေးစိုက်စရာ မရှိဘူး။

ခုဟာက ချစ်နှလုံးသားတစ်စီးကို မမီလိုက်တာ။ အချစ်မှာ နောက်ကျသွားပြီဆိုရင် ဘယ်လိုယာဉ်မျိုးနဲ့မှ လိုက်လို့ ရတော့မှာ မဟုတ်ဘူး။

ကိုယ်အသုံးပြုလိုက်တဲ့ ငွေစက္ကူတစ်ရွက်လိုပဲ ဘယ်ဆီရောက်သွားမှန်းမသိ၊ ကိုယ့်လက်ထဲကို တစ်ကျော့ပြန်ရောက်လာဖို့ဆိုတာ ဘယ်လိုမှ မမျှော်မှန်းနိုင်ဘူး။

ဒူးယားတစ်လိပ်ဝယ်ပြီး ဖွာလိုက်တယ်။ နည်းနည်းတော့ စိတ်လှုပ်ရှားမှု သက်သာသွားတယ်။ စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့အခါ ဆေးလိပ်ဟာ ဆေးမြီးတိုပဲ မဟုတ်လား။

အိမ်ကိုလည်း မပြန်ချင်သေးဘူး။ ဘာမှလည်း ပင်ပင်ပန်းပန်း လှုပ်ရှားရတာ မဟုတ်ဘဲနဲ့ လူက မောသလိုလို နုံးသလိုလိုဖြစ်နေတယ်။ တစ်နေရာရာမှာ ထိုင်နားလိုက်ချင်တယ်။

လက်ဖက်ရည်လေး တစ်ခွက်လောက် သောက်လိုက်ရရင် အမောပြေသွားမှာပဲ။ စိတ်ရှုပ်ထွေး နောက်ကျိနေတဲ့အခါ လက်ဖက်ရည်ကလည်း အားဆေးတောနစ် တစ်မျိုးပဲ မဟုတ်လား။

လက်ဖက်ရည်ဆိုင်ဆီကို လာခဲ့တယ်။

ကဲ ဘယ်လောက် ဆန်းကြယ်သလဲ။ သူနဲ့ ကိုယ်နဲ့ အတွက်တာဝန်ကျတဲ့ ဖူးစာရေးနတ်ဟာ လူပြောင် လူနောက် ဖြစ်နေသလား မသိ။ အမျိုးမျိုးလှည့်စား ကျီစယ်နေတယ်။





ခုလည်းကြည့် လက်ဖက်ရည်ဆိုင်ရောက်လို့ လွတ်တဲ့စားပွဲရှာကြည့်တဲ့အခါမှာ စားပွဲတစ်လုံးမှာ ထိုင်နေတဲ့ ဓာတ်ပုံဆရာကို လှမ်းတွေ့လိုက်ရတာပါပဲ။ ခုန ဟိုအုပ်စုကို ဓာတ်ပုံရိုက်ပေးခဲ့တဲ့ လူပေါ့။

ဒီတစ်ခါတော့ အခွင့်အရေးကို လက်လွတ်ခံလို့ မဖြစ်တော့ဘူး။ ဒီလူကြီးကို ဝင်ကပ်ပြီး သဲလွန်စရအောင် လုပ်ရတော့မယ်။

သူထိုင်နေတဲ့ စားပွဲကို လျှောက်သွားတယ်။ သူ့ရှေ့မှာ ဝင်ထိုင်ရင်း ဟဲဟဲ ဆိုပြီး မျက်နှာချို သွေးလိုက်တယ်။ သူက ကြောင်တောင်တောင် ပြန်ကြည့်နေတယ်။ ပြီးတော့မှ ဓာတ်ပုံဆရာဆိုတာ ကိုယ်က မသိပေမယ့် ကိုယ့်ကို သိနေတဲ့လူတွေ ရှိမှာပဲဆိုတဲ့ အတွေးပေါက်သွားပုံရတယ်၊ ပြန်ပြုံးပြတယ်။

ကိုယ်က စကားစမယ် အလုပ်မှာ စာပွဲထိုး ရောက်လာပြီး မေးလို့ လက်ဖက်ရည်တစ်ခွက် မှာလိုက်တယ်။ ပြီးတော့ သူ့ဘက်ပြန်လှည့်ပြီး

"ဟဲ ဟဲ အစ်ကိုကြီးက ဓာတ်ပုံဆရာနော်"

လို့ မေးလိုက်တော့ သူက ဂုဏ်ယူစွာပြုံးပြီး ခေါင်းကို အသာညိတ်ပြတယ်။

"ကျွန်တော် အကူအညီလေးတစ်ခု တောင်းချင်လို့"

သူ့မျက်နှာ ဝင်းပသွားပြီး. . .

"ဆိုစမ်းပါဦး၊ မင်္ဂလာဆောင်လား၊ ဘွဲ့ယူဖို့လား၊ မွေးနေ့လား ဘယ်နေ့လဲ"

"ကျွန်တော် ဓာတ်ပုံရိုက်မလို့ မဟုတ်ပါဘူး"

သူ စိတ်ဝင်စားမှု လျော့နည်းသွားတယ်။ မတတ်နိုင်ဘူး၊ သိချင်တာကိုတော့ ရအောင်ချဉ်းကပ်ရမှာပဲ။

"ဒီလိုပါ၊ ခုနဒီထဲမှာ ကောင်မလေးတစ်သိုက် ဓာတ်ပုံရိုက်ကြတယ် မဟုတ်လား၊ အဲဒါ သိချင်တာလေး တစ်ခုရှိလို့"

စိတ်မပါ့တပါ ခေါင်းညိတ်တယ်။ ကိုယ်ကပဲဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလေ အဲဒီထဲက တစ်ယောက်က ဟိုဒင်း"

အဲဒီထဲက တစ်ယောက်လို့ပဲ ပြောနိုင်သေးတယ်၊ သူ့နာမည်ကို ကိုယ်မသိ။ ဘယ်လို ပြောရမလဲ။

"ဟို အဲဒီတစ်ယောက်အကြောင်း နည်းနည်း သိချင်လို့ပါ"

"ဘယ်တစ်ယောက်လဲ"

"ဟိုတစ်ယောက်၊ အဲ သူတို့အထဲမှာ အလှဆုံးပဲလေ"

ဓာတ်ပုံဆရာ မျက်ခုံးပင့်လိုက်တယ်။

"အလှဆုံး ဟုတ်လား၊ လှတယ်ဆိုတာ ဘာလဲ"

သူက ရုတ်တရက် ပြန်မေးလိုက်လို့ ကိုယ် ကြောင်အအ ဖြစ်သွားတယ်။ ကိုယ်မဖြေနိုင်ပေမယ့် သူက အဖြေကို မစောင့်။

"ဒီလို ရှိတယ်ကွ၊ လှတယ်ဆိုတာ ကြည့်သူအပေါ်မှာ မူတည်တယ်၊ တကယ်တော်တဲ့ ဓာတ်ပုံဆရာ တစ်ယောက်အဖို့တော့ မလှတဲ့လူဆိုတာ မရှိပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဓာတ်ပုံဆရာဟာ အလှကို မြင်တတ်လို့ပဲ၊ လူတိုင်းလူတိုင်းမှာ အလှတစ်မျိုးစီတော့ ရှိတတ်ကြတာပဲ၊ အဲဒီအလှကို အထူးပြု ပေါ်လွင်လာအောင် အရည်အချင်းရှိတဲ့ ဓာတ်ပုံဆရာက လုပ်ပေးနိုင်တယ်၊ အကျည်းတန်နေတဲ့ အစိတ်အပိုင်းတွေကို ဖြေဖျောက် ပေးနိုင်တယ်၊ တကယ်တော့ ဓာတ်ပုံပညာ ဆိုတာ"

မလွယ်ပါလား၊ တစ်ထိုင်တည်းနဲ့ ဓာတ်ပုံပညာကို အကုန်အစင် သင်တန်းပေးတော့မယ့် ပုံပဲ။ အကြံတစ်ခု ရလိုက်တယ်။ သူ့အကြိုက် လိုက်ပြောပြီး ကိုယ်လိုချင်တာ မေးဖို့။

"ဟုတ်ပါတယ်၊ ကျွန်တော်လက်ခံတယ်၊ ဒါကြောင့် အစ်ကိုကြီးဆီမှာ တပည့်ခံပြီး ဓာတ်ပုံပညာကို လေ့လာမလားလို့တောင် စိတ်ကူးမိတယ်"

သူ မြှောက်သွားတယ်။ ကိုယ်လိုချင်တဲ့ အကွက်ထဲကိုလည်း ဝင် လာတယ်။

"ဒါနဲ့ နေစမ်းပါဦး၊ မောင်ရင် ခုနပြောတဲ့ ကောင်မလေးဆိုတာက





"ဒီလိုလေ၊ အဲ ဟုတ်ပြီ၊ အပြာရောင် ဝမ်းဆက်နဲ့ ကောင်မလေး၊ သိတယ် မဟုတ်လား"

သူက စဉ်းစားသလို၊ အင်း.. အဲ လုပ်နေတယ်။

"ဒီလိုပါ အစ်ကိုကြီးရာ၊ သူတို့ ဓာတ်ပုံရိုက်ကြတော့ နာမည်တို့ လိပ်စာတို့ ပြောသွားမှာပေါ့၊ အဲဒါလေး သိချင်လို့"

"ဟား မဖြစ်ဘူးလေ၊ ငါတို့ ဓာတ်ပုံဆရာတွေ ဆိုတာက ကိုယ့်ဆီမှာ ဓာတ်ပုံရိုက်တဲ့ လူအကြောင်းကို သူများ လျှောက်မပြောရဘူးကွ၊ စည်း ကမ်းကို စောင့်ထိန်းရတယ်"

လို့ပြောပြီး လက်ထဲက ဒူးယားကို နှစ်ဖွာလောက် ဆက်ဖွာတယ်။ ပြီးတော့ မြေကြီးပေါ် ချပြီး ဖိနပ်နဲ့ နင်းခြေလိုက်တယ်။ စားပွဲပေါ်က သတ္တု ပန်းကန်ပြားလေးထဲမှာ ဒူးယားလက်ကျန် မရှိတော့။

"ဟော့ ဒူးယား ယူခဲ့ပါဦး"

လို့ ကိုယ်က လှမ်းအော်လိုက်တယ်။ သူ ကိုယ့်ကို တစ်ချက်ကြည့် ပြီး စဉ်းစားနေတယ်။

ဒူးယားတစ်ပွဲ ထုပ်လာချတဲ့အခါ ကိုယ်က စားပွဲထိုးကို. . . .

"ဘယ်လောက်ကျလဲ"

လို့မေးပြီး ဆယ်တန်တစ်ရွက် ပေးလိုက်တယ်။ ဓာတ်ပုံဆရာက "ဟာ နေပါစေ" လို့ ပြောသေးတယ်၊ ကိုယ်က. . .

"ကျွန်တော် ပြုစုပါရစေ"

လို့ ပြောလိုက်တယ်။ စားပွဲထိုးက

"လက်ဖက်ရည်တစ်ခွက်၊ နက်စ်ကဲတစ်ခွက်၊ ပေါက်စီတစ်လုံး၊ ပူတင်း တစ်ခု၊ ဒူးယားလေးလိပ်ဆိုတော့ ခုနစ်ကျပ်နဲ့ ပြားခြောက်ဆယ်"

တော်တော် အစားပုပ်တဲ့ လူကြီး၊ မုန့်နှစ်ခုတောင် စားတယ်၊ နက်စ်ကော်ဖီလည်း သောက်သေးတယ်၊ ဘာပဲဖြစ်ဖြစ် တန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာထားက ပျော့ပျောင်းသွားပြီ။ မြန်မာလူမျိုးဟာ လာဘ်ထိုးလို့ အကောင်းဆုံးလူမျိုး ဖြစ်လိမ့်မယ်ထင်တယ်။ မြန်မာတွေဟာ သူများကျွေးတာမွေးတာ စားပြီးရင် အားနာလာရော မဟုတ်လား

"ကျွန်တော် အကူအညီတောင်းချင်တာက တခြား မဟုတ်ပါဘူး၊ ဓာတ်ပုံတွေ ကူးပြီးတဲ့အခါ သူတို့အိမ်ကို သွားပို့ရမယ် မဟုတ်လား၊ အဲဒါ အစ်ကိုကြီးရဲ့ ကိုယ်စား ကျွန်တော် သွားပို့ပေးမယ်လေ၊ အစ်ကိုကြီး သွားရတာ သက်သာသွားတာပေါ့"

"ဒီလို ဆိုရင်လည်း အင်း. . . တစ်ခုတော့ရှိတယ်"

သူစဉ်းစားနေတာကို ကိုယ်သိတယ်။ သူ့ဆီက ဓာတ်ပုံတွေ ယူသွားပြီး ကောင်မလေးတွေကို ပေးတဲ့အခါ ဟိုက လက်ကျန်ငွေ ပြန်အမ်းလိမ့်မယ်၊ ဒီငွေကို ကိုယ်က သူ့ကို ပြန်မအမ်းဘဲ လစ်သွားမှာ စိုးရိမ်နေတာပဲ။

"ကျွန်တော် ဒီလို စိတ်ကူးထားပါတယ်၊ ဓာတ်ပုံဖိုး ကျသင့်ငွေ ကို ကျွန်တော်ကစိုက်ပြီး ပေးထားခဲ့မယ်၊ သူတို့ဆီက ရတာ ကျွန်တော် ပြန်ယူလိုက်မှာပေါ့"

"ဒါဆိုရင်တော့ ဖြစ်ပါတယ်"

"သူတို့လိပ်စာက ဘာတဲ့လဲ"

သားရေအိတ်ထဲက မှတ်စုစာအုပ်ကိုထုတ်ပြီး လိပ်စာမှတ်ထားတဲ့ နေရာကို ပြတယ်။ ကိုယ်က စာရွက်ပိုင်းကလေး တစ်ခုမှာ လိပ်စာကို ကူးယူထားလိုက်တယ်။

ဇင်ဇင်ဇော်

လိပ်စာက

. . . . . . . . . . .

. . . . . . . . . . . . .။

● ● ● ● ●





"အဲဒါပဲကွ ဓာတ်ပုံဆရာဆိုတဲ့ နေကြီးက ခပ်တုံးတုံးပဲ၊ ငါလိုမိုက်တဲ့အကွက်ထဲ တန်းဝင်လာတာပဲ၊ မင်း စဉ်းစား ကြည့်လေ၊ လိပ်စာတို့ လက်ထဲမှာ ရထားပြီးမှတော့ သူ့ဓာတ်ပုံတွေကို အလုပ်ရှုပ်ခံပြီး သွားယူနေပါတော့မလားကွ"

ကိုယ်ကပြောတော့ သိန်းမင်းထွန်းက. . .

"မင်း လိပ်စာရထားတဲ့တယ်ဆိုတဲ့ ကောင်မလေး၊ အဲ. . ဇင်ဇင်ဇော် ဆိုတာ မင်းကောင်မလေး မဟုတ်ဘဲ၊ အခြားကောင်မလေး ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"အေးကွ၊ ဒါလည်းဟုတ်တာပဲ၊ တခြားတစ်ယောက် ဖြစ်နေရင်တော့ ရှုပ်နေမှာပဲ၊ သူဘယ်သွားသွား နောက်က လိုက်ချောင်းရမလို ဖြစ်နေပြီ၊ သူနဲ့ ငါ့ကောင်မလေးနဲ့ ဆုံမိတဲ့အထိ နောက်ယောင်ခံ လိုက်နေရမယ်ဆိုရင်တော့ မလွယ်ဘူး"

ကိုယ် ခေါင်းကုတ်လိုက်တယ်။ သူပြောတာ ဟုတ်သားပဲ၊ ကိုယ်တွက်တာ နည်းနည်း လွဲသွားတယ်။ တကယ်လို့ ဓာတ်ပုံတွေယူပြီး သွားပို့တယ်ဆိုပါစို့၊ ကိုယ့်ကောင်မလေး မဟုတ်ရင် ဘာထူးသလဲ။

တတ်နိုင်ပါဘူးလေ၊ ကံတရားကိုပဲ အားကိုးပြီး သွားကြည့်ရတော့မှာပဲ။ စိတ်ကူးတစ်ခုရလို့ သိန်းမင်းထွန်းကို ပြောပြလိုက်တယ်။

"ငါတစ်ခု စဉ်းစားမိတယ်ကွ၊ တကယ်လို့ ဇင်ဇင်ဇော်ဆိုတာ ငါ့ကောင်မလေးဆိုရင် ဓာတ်ပုံတွေယူပြီး သွားပို့မယ်ကွာ၊ စကားလေး ဘာလေး ပြောခွင့်ရတာ ပေါ့၊ အဆင်သင့်ရင် ရင်းနှီးသွားနိုင်တယ်"

"ကောင်းသားပဲ"

"နောက်တစ်ခု ရှိသေးတယ်၊ ငါ့ကိုယ်ငါ ဓာတ်ပုံဆရာရဲ့တပည့်လို့ ပြောမယ်ကွာ၊ နည်းနည်းပါးပါး ပြောခွင့်ရမယ်ဆိုရင် ငါက ဆယ်တန်းတောင် မအောင်သေးဘူးလို့ ပြောမယ်၊ ပြီးတော့ သိပ်ဆင်းရဲတယ်ပေါ့ကွာ"

သိန်းမင်းထွန်းက ပြုံးပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အဲဒီလို ပြောမှာလဲ"

"သူ့မေတ္တာဟာ ပညာတို့၊ ရာထူးတို့၊ ဂုဏ်ပကာသနတို့အပေါ်မှာ တည်သလား၊ တကယ့် အချစ်စစ် အချစ်မှန်လားဆိုတာ သိရအောင်လို့ပေါ့"

"ဟာ သိပ်ကောင်းတဲ့ အကြံပဲ၊ ဒီထက်ပိုပြီး ထင်ထင် ရှားရှား သိချင့်ရင် ဟာတစ်လုံးခေါင်းကျား ဇာတ်ကားထဲကလို အရှုံးယောင်ဆောင် သွားပါလား"

"ဟာကွာ မင်းကလည်း"

"မင်းလုပ်ပုံကိုလည်း ကြည့်ဦးလေ၊ ဟိုက မင်းကို ကြိုက်မယ် မကြိုက်ဘူး ပြောဖို့နေနေသာသာ မင်းကို မှတ်မိချင်တောင်မှ မှတ်မိမယ် ဒါကို မင်းက သူ့မေတ္တာဟာ ဘယ်လို အတန်းအစားလဲလို့ စစ်ဆေ ကြည့်ချင်နေသေးတယ်၊ မင်းဘက်က သိပ်နစ်နာနေပါဦးမယ်ကွာ"

ဒီတော့မှ ကိုယ်လည်း အလကားပြောတာပါဆိုပြီး လျှော လိုက်ရတယ်။ သိန်းမင်းဦးက. . .

"မိန်းကလေး တစ်ယောက်ကို သံသယစိတ်နဲ့တော့ မချစ်မိပါစေ နဲ့ကွာ၊ မိန်းကလေးဆိုတာမျိုးဟာ သူတို့ကသာ ယောကျ်ားလေးတွေကို မယုံကြည်ဘဲ နေချင်တယ်၊ သူတို့ကိုတော့ လုံးဝ ယုံကြည်မှ ကြိုက်တာကွ ကိုယ်က မယုံသလိုလို သွားလုပ်ရင် သူတို့မေတ္တာကို စော်ကားရကောင်း လားဆိုပြီး အကြီးအကျယ် ပြဿနာတက်ပြီသာ မှတ်တော့"

"မယုံမရှိနဲ့ ကိုယ်တွေ့ဆိုပါတော့"

"ဒါပေါ့ဟ၊ ငါနဲ့ခင်လေး တစ်ခါဖြစ်တာ ကြည့်ပါလား၊ သူ့အစ်ကို ဝမ်းကွဲနဲ့အတူတူ တွဲသွားတာတွေ့လို့ ငါက မကျေနပ်ကြောင်း ပြောတာကို သူ့သိက္ခာကို စော်ကားတယ်၊ သူ့ကို အထင်သေးတယ်ဆိုပြီး အဆက်ဖြတ် မယ်၊ ဘာညာ ဖြစ်တာလေ"





"အေး ငါမှတ်မိပြီ၊ မင်းတောင် ငါတို့အိမ်ကို လာပြီး အဲဒီအကြောင်း ပြောရင်းနဲ့ ငိုနေသေးတယ်လေ"

"ခွေးကောင် မငိုပါဘူးကွ၊ မျက်ရည် ဝဲရုံတင်ကလေးပါ"

✻ ✻ ✻ ✻ ✻

တကြိမ်မှာဟာ ဟိုဘဝတုန်းက ကိုယ်နဲ့ ဆွေမျိုးတော်ခဲ့ပုံရတယ်။ ကိုယ့် အပေါ်မှာ လိုက်လိုက်လျှောလျှော ရှိလာလို့ပါပဲ။

လိပ်စာထဲကအတိုင်း ဇင်ဇင်ဇော်ဆိုတဲ့ ကောင်မလေးအိမ်ကို သွားရှာတယ်။ သူတို့အိမ်က ကျောက်မြောင်းထဲမှာ။ ကျောက်မြောင်းမှာ ဆိုကတည်းက အဆင့်အတန်းကို ခန့်မှန်းလို့ရပြီ။ လူလတ်တန်းစား အဆင့်။ ဒီထက်လည်း ပိုနိုင်တယ်။

အိမ်က တစ်ထပ်အိမ်။ တိုက်လို့ ပြောလည်း ရတယ်။ ပျဉ်ထောင် အိမ်ဆိုလည်း မှန်တယ်။ ဘာကြောင့်လဲဆိုတော့ မျက်နှာစာပိုင်းကို တိုက် လို ဖြစ်အောင် ပြန်ပြင်ဆောက်ထားတာကိုး။ နောက်ပိုင်းကတော့ ပျဉ် ထောင်အိမ်ပဲ။

ပတ်ဝန်းကျင် အခြေအနေကို လေ့လာတယ်။ ဟုတ်တယ်လေ၊ ဒါက ကြိုလေ့လာထားသင့်တဲ့ ကိစ္စတစ်ခုပဲ။ နယ်မြေ ကျွမ်းကျင်မှုဆိုတာဟာ တစ်ပန်းသာတဲ့ အချက်တစ်ချက် မဟုတ်လား။ ယုတ်စွအဆုံး ပြဿနာ တစ်ခုခု ပေါ်ရင်တောင် ပြေးပေါက်ရှာထားနှင့်လို့ ရတာပေါ့။

အိမ်နဲ့ မျက်နှာချင်းဆိုင်မှာ ဆေးလိပ်၊ ကွမ်းယာ ရောင်းတဲ့ ဆိုင် တစ်ဆိုင်ရှိတယ်။ ဆေးလိပ်ဝယ်သလိုလိုနဲ့ အိမ်ရှိရာကို အကဲခတ်နိုင် တယ်။ အိမ်နဲ့ ခါးလွယ်ခုတ်လောက်မှာ အအေးဆိုင် တစ်ဆိုင် ရှိတယ်။ သို့ပေမယ့် ကြာရှည်ထိုင်လို့တော့ မကောင်း။ စားပွဲတွေ ဘာတွေ မရှိဘူး။ ခွေးခြေကလေး သုံးလုံးလောက်ပဲ ချထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကဲအားလျော့စွာပဲ သူတို့လမ်းဘက်ကို အဝင် ထောင့်မှာ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင် ရှိနေတာ တွေ့ရတယ်။ အိမ်နဲ့တော့ နည်းနည်း လှမ်းတယ်။ ကိစ္စမရှိ၊ အိမ်ထဲက လူ ထွက်လာတာကို လှမ်းမြင်နိုင်လောက်တယ်။ ပြီးတော့ ဘတ်စ်ကားမှတ်တိုင်ကို ထွက်ချင်ရင် ဒီလမ်းအတိုင်းပဲ လာရမှာပဲ။

လက်ဖက်ရည်ဆိုင်မှာ ထိုင်၊ လက်ဖက်ရည် မှာသောက်ရင်း စောင့်နေလိုက်တယ်။ 'သူ'က အပြင်ထွက်မယ်၊ မထွက်ဘူးဆိုတာက်တော့ မသေချာဘူး။ ကိုယ်က ဆိုင်မှာထိုင်နေကျ ဒီရပ်ကွက်ကလူ မဟုတ်တော့ ကြာကြာထိုင်လို့လည်း မကောင်းဘူး။

ဒီတော့ ထိုင်စောင့်မယ့်အချိန်ကာလကို သတ်မှတ်လိုက်တယ်။ တစ်နာရီတိတိ စောင့်ကြည့်မယ်။ အိမ်ပြင်ထွက်မလာရင် ပြန်မယ်။ နောက်တစ်နေ့ လာကြည့်မယ်။ ဒီဆိုင်မှာ သုံးရက်လောက် ဆက်ထိုင်လို့တော့ ပြဿနာရှိနိုင်မယ် မထင်ပါဘူး။

ထိုင်စောင့်နေရင်းက တစ်ခု စဉ်းစားမိပြန်တယ်။ 'သူ' တို့ အိမ်ကိုသွားပြီး ခေတ်ပုံတွေ တစ်ရက်၊ နှစ်ရက်၊ သုံးရက်နေ ရမယ်ဆိုတာ အကြောင်းကြားခိုင်းလို့ လာရတာပါလို့ သွားပြောရင် ကောင်းမလား။

ဒီလိုနဲ့ တစ်နာရီတိတိ ကြာသွားတယ်။ သို့ပေမယ့် ထုံးစံအတိုင်းပါပဲ။ 'နောက်ငါးမိနစ်လောက်တော့ စောင့်ကြည့်လိုက်ဦးမယ်လေ' ပေါ့။

ငါးမိနစ်ဆိုတာ ခဏလေးပဲ။ ငါးမိနစ်ပြည့်သွားပြန်တော့လည်း တစ်ယောက်ယောက်ကို စောင့်ရတဲ့အခါ ကိုယ်လုပ်နေကျအတိုင်း လမ်းထဲကို ကားသုံးစင်းတိတိ ဖြတ်သွားပြီးရင် ထပြန်မယ်လို့ ဆုံးဖြတ်လိုက်ပြန်တယ်။

ဆုံးဖြတ်ပြီးပြီးချင်းမှာ မာဇဒါပရက်စတို တစ်စင်းက လမ်းထဲကို ဝေါခနဲ ကွေ့ဝင်လာတယ်။ နောက် တစ်စင်းကတော့ တစ်အောင့်လောက်ကြာမှ ဝင်လာတယ်။





ခဏအကြာမှာ ကားတစ်စင်း လမ်းထဲက ထွက်လာတယ်။ သုံးစင်းမြောက်ပေါ့။ သို့ပေမယ့် အဲဒီကားက စောစောတုန်းက ဝင်သွားတဲ့ ပရက်စတိုကား ပြန်ထွက်လာတာမို့လို့ ထည့်မတွက်သင့်ဘူး ဆိုပြီး ပယ်လိုက်တယ်။

အိမ်ဘက်ကို လှမ်းမျှော်ကြည့်ပြန်တယ်။ လူသူတစ်စုံတစ်ယောက်ရဲ့ အရိပ်အရောင်တောင်မှ မမြင်ရ။

လာပြန်ပြီ။ လမ်းမဘက်ကနေ ချက်ပလက် ကားစုတ်ကြီး တစ်စင်း တအိအိနဲ့ မောင်းလာနေတယ်။ ကိုယ်လည်း ရင်တဒိတ်ဒိတ်နဲ့ ကြည့်နေမိတယ်။ လမ်းဦးတိုက်ထားတဲ့ နေရာကို ရောက်လာတယ်။ ဒီဘက် လမ်းထဲ ချိုးမဝင်ဘဲ တည့်တည့် ဆက်မောင်းသွားတယ်။

စပြီး ဆုံးဖြတ်ကတည်းက ရှေ့က ဖြတ်သွားတဲ့ ကားသုံးစင်းလို့သာ ဆိုတယ်။ ဒီကားက လမ်းထဲ ချိုးမဝင်ဘဲ တည့်တည့်ဆက်သွားတာမို့ အကျုံးမဝင်ဘူးလို့ သတ်မှတ်လိုက်တယ်။

ကားကို ကြည့်နေမိလို့ အိမ်ဘက်ကို ခုမှ လှည့်ကြည့်ရတယ်။

ဟော. . . အိမ်ထဲက လူတစ်ယောက် ထွက်လာပြီ။ မိန်းကလေးတစ်ယောက်။ အဲ. . . တစ်ယောက်မဟုတ်ဘူး၊ နှစ်ယောက်။ နှစ်နှစ်သားလောက်ရှိတဲ့ ကလေးလေး တစ်ယောက်ကို လက်ဆွဲလာတယ်။ 'သူ့' အစ်မများလား။ မဟုတ်ဘူး။ 'သူ' ပဲ။ ဇင်ဇင်ဇော်။

ကလေးလေးနဲ့ တူတူလျှောက်လာတာ မြင်တော့ ကိုယ် စိုးရိမ်သွားမိတယ်။ အဲဒါ သူ့ကလေးများလား။

ခေါင်း တော်တော်ရှုပ်သွားတယ်။ 'သူ' က အိမ်ထောင်နဲ့လား။ တစ်ခုလပ်မလေးများလား။ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမ ဖြစ်နေတာလား။ အဲဒီလိုများဖြစ်နေရင် ကိုယ် ချစ်နိုင်ပါ့မလား။

'သူ'ကတော့ ကလေးကို စောင့်ပြီး လျှောက်နေရလို့ ခပ်ဖြည်းဖြည်းပဲ လာနေကယ်။ လက်ဖက်ရည်ဆိုင်ရှေ့ကို အဖြတ်မှာ ကလေးက. . .



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ မုန့်စားမယ်"

လို့ အော်ပြီး ငိုလိုက်တဲ့အသံ ကြားရတယ်။ ရင်ထဲက ဘာမှန်းမသိတဲ့ 'အလုံးကြီး' ဆိုတဲ့ဟာ ကျသွားတာ အသံတောင် မြည်သွားသလို။

● ● ● ● ●

သူတို့အိမ်ရှေ့မှာ ရပ်နေတယ်။ ဘယ်လိုခေါ် ရမှန်းလဲ မသိ။ လူခေါ် ခေါင်းလောင်းနှိပ်ဖို့ ခလုတ်လည်း ရှာလို့မရ။ အိမ်က ဝင်းအပြည့်နီးပါး ဆောက်ထားတာ ဆိုတော့ ဝင်းတံခါးနဲ့ အိမ်တံခါးက သိပ်မဝေးလှ။ ကြားမှာ ငါးပေခြောက်ပေပဲ ရှိမယ်။

ဝင်းတံခါးက သံတံခါး။ ပိတ်ထားတယ်။ အိမ်တံခါးကိုတော့ ဖွင့်ထားလို့ အိမ်ရှေ့ခန်းကို မြင်နေရတယ်။ အထဲမှာ လူရိပ်လူယောင် မတွေ့ရ

ဒီနေ့ ခတ်ပုံတွေ ရတယ်။ အရင် ပြောထားတဲ့ အတိုင်းပဲ ဓာတ်ပုံဖိုးငွေကို ကိုယ်က ရှင်းခဲ့ရတယ်။ နှစ်ရာကျော်ကြီးများတောင်။ ပြီးတော့မှ ဇင်ဇင်ဖော့်ဆီက ပြန်တောင်းရမှာပေါ့။

ဓာတ်ပုံဖိုးငွေကို မယူဘဲ မေတ္တာလက်ဆောင်ပေးတာပါလို့ ပြောရင် ကောင်းမလား။ သိန်းမင်းထွန်းကို တိုင်ပင်ကြည့်သေးတယ်။

"မင်းနဲ့ သိတောင် မသိသေးဘဲနဲ့ ငွေနှစ်ရာဖိုးလောက် လက်ဆောင် ပေးတယ်ဆိုတာ ငပေါမှ လုပ်မှာပဲ။ တော်ကြာ ကောင်မလေးက လက်ခံထားတဲ့လူ ရှိပြီးသား ဖြစ်နေရင် အချောင် ငွေနှစ်ရာ ဆုံးနေဦးမယ်"

ဆိုလို့ အဲဒီ အကြံအစည်ကို လက်လျှော့လိုက်ရတယ်။

အိမ်ရှင်ကိုလို့ အော်ခေါ် ရမလား၊ အဟမ်း . . . အဟမ်း ဆိုပြီး ချောင်းဟန့်သံ ပေးရမလား။

အဲဒီအချိန်မှာပဲ အိမ်ထဲက လူရိပ်မြင်လိုက်ရတယ်။ အသက် ငါးဆယ်နီးပါးလောက် ရှိတဲ့ အဒေါ်ကြီးတစ်ယောက် အိမ်ထဲက ထွက်ပြီး ဝင်းတံခါးဆီ လျှောက်လာတယ်။ သူက ပြုံးပြီး . . .





"မင်းနယ်ကွယ်၊ မျှော်နေတာ ကြာပြီ။ ခုမှ လာတော့တယ်"

ဆိုပြီး တံခါးဖွင့်ပေးတယ်။ ဘယ့်နှယ်၊ ကိုယ့်ကို မျှော်နေတာ ကြာပြီ ဆိုပါလား။ ကိုယ်လာမှာကို သိလို့လား။ မဟုတ်သေးပါဘူး။

ဖြစ်နိုင်တာကတော့ ကိုယ်ဟာ သူတို့ မျှော်နေတဲ့လူနဲ့ ချွတ်စွပ်ကျနေလို့လား မသိ။ ဆိုပါတော့ ဇင်ဇင်ဖော်နဲ့ စေ့စပ်ထားတဲ့လူ။ ဒီလူက ကိုယ်နဲ့လာတူနေလို့ ပြဿနာတွေ ရှုပ်ကုန်တာမျိုး ဖြစ်လာတော့မှာလား။

စိတ်ကသာ တွေးနေတယ်။ လူကတော့ အိမ်ထဲ လိုက်ဝင်သွားမိပြီ။ အဒေါ်ကြီးက

"ကဲ ဟိုမှာပဲကွယ်"

လို့ စက္ကူသေတ္တာကြီးတစ်လုံးကို လက်ညှိုးထိုးပြတယ်။ ကိုယ်လည်း ကြောင်တောင်တောင်နဲ့ လှမ်းကြည့်ပြီး . . .

"အဲဒါ ဘာကြီးလဲ"

အဒေါ်ကြီး ပြန်ကြောင်သွားတယ်၊

"တီဗွီလေကွယ်၊ မင်းတို့ဆိုင်ကပဲ ဝယ်လာခဲ့တာပဲ"

"ခင်ဗျာ"

"ဟောတော့ ဘယ်လိုသူငယ်ပါလိမ့်၊ မင်းတို့ဆိုင်ကပဲ တီဗွီကို ခေါင်မိုးပေါ်မှာတပ်ဖို့ တိုင်တွေဘာတွေ အပြီးအဆီး ဆင်ပေးဖို့ လူတစ်ယောက် လွှတ်လိုက်မယ် ပြောထားတယ် မဟုတ်လား၊ မင်းလာတာ အဲဒီအတွက် မဟုတ်ဘူးလား"

"မဟုတ်ဘူး ခင်ဗျ"

အဒေါ်ကြီး ထိတ်လန့်တကြား ဖြစ်သွားပုံရတယ်၊ ကိုယ့်ကို အနုကြမ်းစီးမယ့်လူလို ထင်သွားသလား မသိ။ မြန်မြန်ရှင်းပြမှ တော်ကြာ 'ဓားမြ၊ ဓားမြ' လို့ အော်နေရင် အချောင်သက်သက် အချုပ်ထဲ ဝင်နေရမယ်။

"ဒီလိုပါ ဒေါ်ဒေါ်၊ ကျွန်တော်လာတာက ဒီအိမ်က ဟိုဇင်ဇင်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ"

ကြောက်နေတဲ့ မျက်နှာမျိုး မဟုတ်တော့ပြန်ဘူး။ ကိုယ်ကို နှင်ထုတ်တော့မယ့် အရိပ်အရောင် သမ်းလာပြီ။

"အဲ မဟုတ်သေးပါဘူး၊ ဒီက အဲဒီ ဇင်ဇင်ဇော်က မှာထားလို့ ဓာတ်ပုံတွေ လာပို့တာပါ"

ကိုယ်နဲ့သူနဲ့ အချီအချပြောတုန်းမှာပဲ အိမ်အတွင်းခန်းထဲက ဇင်ဇင်ဇော် ထွက်လာတယ်။ ကိုယ့်ကိုလည်း မြင်ရော. . .

"ဘာကိစ္စလဲ"

လို့ မျက်နှာထားတင်းတင်းနဲ့ မေးလိုက်တာ တွေ့ရတော့ ကိုယ် ဝမ်းသာသွားမိတယ်။

မျက်နှာထားတင်းတင်းနဲ့ ဆက်ဆံတာကို ဝမ်းသာရသလားလို့ မေးစရာ အကြောင်းရှိတယ်။ ဒီလိုလေ၊ သူက ကိုယ့်ကို သုံးဘီးကားပေါ်မှာ တွေ့ခဲ့ဖူးတာရယ် သူတို့ ဓာတ်ပုံရိုက်နေတုန်းက ရပ်ကြည့်နေတာကို တွေ့ခဲ့ဖူးတာရယ်ကို မှတ်မိနေလို့သာ ခုလို ပြောလိုက်တာပေါ့။ လုံးဝ မတွေ့ဖူးတဲ့လူလို ဖြစ်နေတာထက်စာရင် ခုလို ဖြစ်ရတာက ပိုပြီး အခွင့်အရေး ရှိနိုင်တာပေါ့။ မျက်မှန်းတန်းမိပြီးသား ဖြစ်နေပြီ မဟုတ်လား။

"ကျွန်တော် ဓာတ်ပုံတွေ လာပို့တာပါ"

လို့ ကိုယ်ကပြောတော့. . . .

"ဓာတ်ပုံ"

"ဟုတ်တယ်၊ ကမ္ဘာအေးမှာ ရိုက်ထားတဲ့ ပုံတွေလေ"

ပြောပြီး လက်ကိုင်သားရေအိတ်ကလေးထဲက ဓာတ်ပုံတွေ ထည့်ထားတဲ့ စက္ကူအိတ်ကို ထုတ်ပေးလိုက်တယ်။ ဒီတော့မှ သူ့မျက်နှာက နည်းနည်း ဖော်ဖော်ရွေရွေ ဖြစ်လာပြီး. . .

"ထိုင်ပါ"





ကိုယ်က ကုလားထိုင်မှာ ဝင်ထိုင်တယ်။ သူက ဓာတ်ပုံတွေ ထုတ်ကြည့်တယ်။ သူ့ စိတ်ထဲမှာ ဒီဓာတ်ပုံတွေ ဘယ်လို ပတ်သက်လို့ ကိုယ်က လာပေးရတာလဲလို့ ဆက်စပ်တွေးနေပုံ ရတယ်။

ဓာတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ ခပ်မြန်မြန် ကြည့်လိုက်ပြီးတော့ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်တယ်။

"ဓာတ်ပုံဖိုးက ဘယ်လောက် ကျန်သေးသလဲ၊ ပေးရမှာ"

"နှစ်ရာ့သုံးဆယ်"

"ဟင် နှစ်ရာ့သုံးဆယ်တောင်လား"

"ပုံ သုံးဆယ်အတွက် သုံးရာ့သုံးဆယ် ကျတယ်လေ၊ တစ်ပုံ ဆယ့်တစ်ကျပ်နှုန်းနဲ့ စရန် တစ်ရာပေးထားပြီးပြီဆိုတော့ နှစ်ရာ့သုံးဆယ် ကျန်တာပေါ့"

သူ ခဏ စဉ်းစားနေတယ်။ အဒေါ်ကြီးကတော့ ဘေးနားကရပ်ပြီး ကြောင်တောင်တောင် ဖြစ်နေတယ်။ ဇင်ဇင်ဇော်က. . . .

"ကြီးမေ ခဏလောက်"

ဆိုပြီး အဒေါ်ကြီးကို အတွင်းခန်းထဲ ခေါ်သွားတယ်။ ဒီတစ်ခါ ကြောင်တောင်တောင် ဖြစ်ရတာက ကိုယ်ပဲ။ ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ငေါင်ပြီး ကျန်ရစ်ခဲ့တယ်။ ခုချိန် တီဗွီထည့်ထားတဲ့ သေတ္တာကြီး မ,ပြေးရင်တော့ သူတို့ သိလိုက်မှာ မဟုတ်ဘူး။

ခဏနေတော့ ကြီးမေဆိုသူ ထွက်လာတယ်။ လက်ထဲမှာ အအေးဖန်ခွက်တင်ထားတဲ့ ဗန်းကလေးနဲ့၊ တယ်ဟုတ်ပါလား၊ ကိုယ့်ကို ဧည့်ကောင်းစောင်ကောင်း တစ်ယောက်လို ဧည့်ခံနေပြီ။

"သောက်ပါဦးကွယ်"

ကြီးမေက ကိုယ့်ရှေ့က ကုလားထိုင်မှာ ဝင်ထိုင်ရင်းပြောတယ်။ သူ့ မျက်နှာထားက ကိုယ်နဲ့ မျက်နှာချင်းဆိုင်ရမှာကို ရွံ့တွန့်တွန့် ဖြစ်နေပုံပဲ။

ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ။ သူတို့အိမ်ထဲမှာ ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ညည့်သည်။ ခပ်ရွှံရွှံ ဖြစ်ရမှာက ကိုယ်၊ ခုတော့ သူတို့ကပြန်ပြီး မနေတတ် မထိုင်တတ် ဖြစ်နေကြတယ်။

ဇင်ဇင်ဇော်ဆိုတဲ့ ကောင်မလေးဆိုရင် ဧည့်ခန်းထဲတောင် ထွက်မလာတော့။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာ စဉ်းစားနေတုန်း ကြီးမေက. . . .

"သောက်လိုက်ပါဦး"

လို့ ထပ်ပြောတယ်။ လီမွန်ဘာလီဖန်ခွက်ကိုယူပြီး သောက်နေ တုန်း ကြီးမေက အားတုံ့အားနာ လေသံနဲ

"သိပ် အားနာဖို့ ကောင်းနေပြီကွယ်"

ဒုက္ခပါပဲ၊ နားမလည်နိုင်အောင်ကို ဖြစ်နေပြီ။ ကိုယ့်ကို ဘာလို့ ဒီလောက်တောင် အရေးတယူ လုပ်နေရတာလဲ။

"အိမ်က အကြီးမတွေက ဗီရိုသော့ကို ယူသွားကြတယ်ကွယ့်"

ခက်နေပြီ။ လျှို့ဝှက်သည်းဖို ဇာတ်လမ်းတစ်ခုထဲမှာ ပါဝင်ပတ်သက်နေမိပြီလား၊ သို့တည်းမဟုတ် စိတ်ရောဂါသည်တွေနဲ့ လာတိုးပြီလား၊ သူက ဆက်ပြောတော့မှ သဘောပေါက်သွားတော့တယ်။

"အဲဒါကွယ်၊ ပိုက်ဆံတွေ အဲဒီဗီရိုထဲ ရောက်နေလို့"

"ဪ. . . ဒါလား"

"ဟုတ်. . . အဲ. . . ဖြစ်နိုင်မယ်ဆိုရင် အခု ရှိသလောက် ယူသွားပါလား"

ဘော်လီအကျီအိတ်ထဲက ငွေစက္ကူ အလိပ်လိုက်ကလေး ဆွဲထုတ်လိုက်တယ်။ ဘယ်တန်ကလေးတွေ သုံးလေးဆယ်လောက် ရှိမယ်။

"ဟာ နေပါစေ ကြီးမေ၊ ကျွန်တော် နောက်နေ့မှပဲ လာပါတော့မယ်။ ကိစ္စ မရှိပါဘူး။ ကဲ. . . ကျွန်တော်လည်း သွားဦးမှ"

ကိုယ်က ထရပ်လိုက်တယ်။ ကြီးမေကလည်း 'အေး အေးကွယ်၊ သာဓု သာဓု' ဆိုပြီး အိမ်ပေါက်ဝထိ လိုက်ပို့တယ်။ အဲဒီအချိန်အထိ





ဇင်ဇင်ဇော်ကို ထပ်မမြင်ရတော့။

အိမ်ထဲကအထွက်မှာ အတွင်းခန်းဘက်ဝင်တဲ့ အပေါက်ကို တစ်ချက် လှမ်းကြည့်လိုက်တယ်။ ကန့်လန့်ကာလေး လှုပ်သွားတာ တွေ့ရတယ်။ သူကိုယ့်ကို ချောင်းကြည့်နေတာလား။

ဘာပဲဖြစ်ဖြစ် ကိုယ့်အဖို့တော့ ကျေနပ်စရာပဲ။ ဒီအိမ်ကို နောက်တစ်ခေါက် လာခွင့်ရဦးမယ် မဟုတ်လား။

ဒါကြောင့်လည်း ကံကြမ္မာဟာ ဟိုဘဝက ကိုယ်နဲ့ဆွေမျိုးတော်ခဲ့တယ်ထင်တယ်လို့ ပြောတာ။

● ● ● ● ●

ဇင်ဇင်ဇော်က ငွေကို လှမ်းပေးရင်း. . .

"ရေ့ရဲ့လား ရေကြည့်ဦး"

လို့ ပြောတယ်။ ရေတွက်နေစရာ ဘာလိုသလဲ၊ ရာတန် နှစ်ရွက်၊ အစိတ်တန်တစ်ရွက်၊ ငါးကျပ်တန်က တစ်ရွက်ပဲဟာ၊ ကိုယ်က ပိုက်ဆံတွေကိုခေါက်ပြီး အကျီအိတ်ထဲ ထည့်လိုက်တယ်။

ကိစ္စကတော့ ပြီးပြီ။ သို့ပေမယ့် ထမပြန်ဖြစ်သေး။ ဘာကြောင့်ဆိုတော့ အအေးဖန်ခွက်က တစ်ဝက်ပဲ လျော့သေးတာကိုး။ ချက်ချင်း ထပြန်ရမှာစိုးလို့ အချိန်ဆွဲပြီး သောက်နေတာလေ။ ခုလို သူနဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး စကားပြောဖို့ အခွင့်အရေးက ရခဲဘိခြင်း။

ကြီးမေက ကိုယ့်ကို စိတ်ချသွားဟန်တူတယ်။ အိမ်အတွင်းခန်းထဲဝင်သွားရာက ပြန်ထွက်မလာတော့ဘူး။ တစ်ခုတော့ ရှိတယ်လေ။ ဟိုးတစ်နေ့က ဇင်ဇင်ဇော်နဲ့ လမ်းလျှောက်ရာမှာ ပါလာတဲ့ ချာတိတ်ကတော့ ဧည့်ခန်းထောင့်မှာ သံပတ်ပေးရတဲ့ ကားကလေးနဲ့ ထိုင်ဆော့နေတယ်။

ပိုက်ဆံရဖို့ နှစ်ခေါက်ချိန်းလိုက်ရတဲ့အတွက် အားနာနေတဲ့ အရှိန်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သူ ကိုယ့်အပေါ်မှာ တော်တော် ဖော်ဖော်ရွေရွေ ဆက်ဆံနေတယ်။

ယဘုယျအားဖြင့် ဆိုရင်တော့ ကိုယ်ဟာ မိန်းကလေးတွေနဲ့ ဆက်ဆံပြောဆိုရာမှာ သိပ်ပြေပြေပြစ်ပြစ် ရှိတတ်တာ မဟုတ်ဘူး။ ထိုး ထိုးထောင့်ထောင့် ဖြစ်တဲ့အခါဖြစ်၊ ရှိုးတိုးရှန့်တန့်နဲ့ မနေတတ်၊ မထိုင် တတ် ဖြစ်တဲ့အခါဖြစ်။ သူနဲ့ကျတော့ ဒီလို မဟုတ်ဘူး။ ပြောရဆိုရတာ တော်တော် အဆင်ပြေတယ်။

အအေးဖန်ခွက်ကို ယူသောက်ပြီး လက်စမသတ်ဘဲ လက်နှစ်လုံးစာ လောက် ချန်ထားလိုက်တယ်။ သူက ချိုတုံချဉ်တုံ အမူအရာမျိုး ဖြစ်နေပြီးမှ

"ဟို စိတ်တော့မရှိနဲ့နော်၊ နှစ်ခေါက်တောင် လာရတာဆိုတော့ အားနာစရာ ကောင်းနေပြီ။ အဲဒါ လမ်းစရိတ်"

ဆိုပြီး ဆယ်တန်တစ်ရွက် စားပွဲပေါ် ချပေးတယ်။ ကိုယ်က လက်ကာပြပြီး . . .

"ဟာ နေပါစေ၊ ကျွန်တော်က သက်သက်ကူညီတဲ့ သဘောပါ"

"ရှင်"

ကိုယ်ပြောတာကို သူသဘောပေါက်ပုံမရ။ ကိုယ့်ကို ဓာတ်ပုံဆရာ ရဲ့တပည့်လို့ ထင်နေပုံရတယ်။

အစတုန်းကတော့ ကိုယ်က အဲဒီလို တပည့်ယောင်ဆောင်ဖို့ စိတ်ကူးမိခဲ့သေးတယ်လေ။ ခုလို သူက ထင်နေတဲ့အခါကျတော့ မဟုတ် ကြောင်းပြောဖို့ စိတ်ကူးမိပြန်ရော။ သူက ကိုယ့်ကို ဒီလိုထင်သွားတာကို တော့ ကျေနပ်မိတယ်။ ဒါမှ ကိုယ်က အမှန်အတိုင်း ပြောပြတဲ့အခါ သူ အံ့သြသွားမယ်။

"ဓာတ်ပုံဆရာကြီးနဲ့ ကျွန်တော်က လူချင်းခင်မင်နေကြတာလေ၊ ကျွန်တော်က သူ့ဆီမှာ အလုပ်လုပ်တာ မဟုတ်ပါဘူး၊ အဲဒါ သူခရီးသွား စရာရှိလို့ ကျွန်တော့်ကို အကူအညီတောင်းတာနဲ့ အဲဒီ ဓာတ်ပုံတွေ လာပို့တာပါ"





"ဟာယ် ဟုတ်လား ဒါဆို"

နဂိုကမှ အားနာလက်စ ရှိရတဲ့အထဲ ခုလိုဆိုတော့ ပိုပြီး အားနာ သွားတာပေါ့။ ကိုယ် ဘာမှမဆိုင်ဘဲနဲ့ ဝင်ကူညီရသေးတယ်။ နှစ်ခေါက် တောင်မှလဲ လာရသေးတယ် မဟုတ်လား။

"သိပ် အားနာစရာ ကောင်းတာပဲ"

ကိုယ်ရယ်လိုက်တယ်။

"ကဲ တော်ပါတော့ဗျာ၊ အားနာတဲ့ စကားက အခွန်းတစ်ရာလောက် ရှိနေပြီ။ တစ်ခါအားနာတိုင်းသာ တစ်ဆယ်ပေးမယ်ဆိုရင် ကျွန်တော် ချမ်းသာနေလောက်ပြီ"

သူကလည်း ရယ်တယ်။ ချက်ချင်း ရင်းနှီးခင်မင်မှုကို ရရှိသွား သလိုပဲ။

"ခုန လမ်းစရိတ်ဆိုပြီး ပိုက်ဆံတစ်ဆယ် ပေးတာကို ဘယ်လိုမှ သဘောမထားနဲ့နော်"

"ဟာ ရပါတယ် ကျွန်တော်က ယူချင်သား၊ ဒါပေမဲ့ နည်းနေလို့"

"ဟုတ်တာပေါ့နော်၊ တက္ကစီနဲ့ လာရမှာဆိုရင် ဒီလောက်နဲ့ ဘယ်ရမလဲ၊ ငါးဆယ်လောက် ကျမှာပဲ၊ နှစ်ခေါက်မဟုတ်လား"

"ကားခတွေ ဘာတွေတော့ လျှော့လိုက်ပါပြီလေ။ တကယ်တော့ ကျွန်တော် အခုလို ကူညီတာက မိတ်ဖြစ်ဆွေဖြစ် သဘောပါ"

ကိုယ်ဟာ ဓာတ်ပုံဆရာရဲ့ တပည့်မဟုတ်ဘူးဆိုတော့ ဘယ်လို လူမျိုးပါလိမ့်လို့ သူ အကဲခတ်ပေလိမ့်မယ်။

ကိုယ့်ရဲ့ ဝတ်စားဆင်ယင်ပုံကတော့ ထုံးစံအတိုင်းထက် နည်းနည်း ပဲ သာတယ်။ သူ့ဆီလာမှာမို့ ကြည့်ပျော်ရှုပျော်ဖြစ်အောင် ဝတ်စား လာခဲ့လို့ပဲ။ အဲဒါတောင် သားနားတယ်လို့ ဆိုလို့မရသေးဘူး။ အဲ ကိုယ့် လက်မှာ ပတ်ထားတဲ့ ဆီကို ကွာ့ဇ်နာရီကိုတော့ သူမြင်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် "ကျွန်တော်ဟာ ဆင်းရဲသားလေးပါ၊ တစ်နေ့လုပ်မှ တစ်နေ့စားရတာပါလို့" ပြောရင် သူယုံကြည်မှာ မဟုတ်ဘူး။

"ကျွန်တော့်နာမည်လည်း မှတ်ထားပါ။ ဝင်းကိုမောင်တဲ့"

"ဟုတ်ကဲ့"

"ဇင်ဇင်ဇော်ရဲ့ နာမည်ကကော ဘာတဲ့လဲ"

"ရှင်"

"ဪ ငယ်နာမည်များ ရှိသလားလို့ ပူစူးမတို့၊ ဘုတ်ဆုံတို့လိုပေါ့"

"ငယ်နာမည် မရှိဘူး"

ဒီနေ့ ကိုယ် တော်တော်သွက်နေတယ်။ တကယ်ဆိုတော့ နှစ်ကြိမ် လောက်စကားပြောဖူးရုံနဲ့ ဒီလောက် ရင်းရင်းနှီးနှီး ဆက်ဆံနေမိတာ သိပ်တော့ သဘာဝမကျဘူး။ ပြီးတော့ တစ်စုံတစ်ယောက်က မိတ်ဆက် ပေးလို့ သိကျွမ်းကြတာလည်း မဟုတ်ဘူး။ အလုပ်ကိစ္စပဲ၊ ဓာတ်ပုံတွေ လာပို့တယ်။ ပြီးရင်ပြီးပြီ။ ထပ်ပြီး ဆက်ဆံတွေ့ဆုံစရာ အကြောင်းမရှိ။

သို့ပေမယ့် တတ်နိုင်ပါဘူးလေ။ တိတ်ခွေဇာတ်လမ်းတွေလိုပေါ့။ ရရှိတဲ့အချိန်အတိုင်းအတာက စီခြောက်ဆယ် တစ်ခွေစာ၊ တစ်နာရီပေါ့။ အဲဒီတစ်နာရီအတွင်းမှာ ဇာတ်ရည်လည်အောင် လုပ်ယူရမယ်။

ကိုယ်လည်း ဒီအတိုင်းနောက်တစ်ကြိမ် ပြန်တွေ့ခွင့် ရဖို့ဆိုတာက ဘယ်လိုမှန်းမသိသေးဘူး။ ဒီတော့ ခုရခိုက် အချိန်ကလေးမှာ တကယ်ရင်း နှီးတဲ့ သူငယ်ချင်းတွေ မိတ်ဆွေတွေလို ဖြစ်အောင် သာသာထိုးထိုး လုပ်ယူ ရတာကပဲ။

ကြီးမေဧည့်ခန်းထဲဝင်လာတယ်။

"ငွေရရဲ့လားကွယ့်"

လို့ မေးတယ်။ ဒါ ပြန်ဖို့အချိန်တော်ပြီလို့ သတိပေးတဲ့ သဘောလား။ ကိုယ်လည်း အအေးဖန်ခွက်ကို ယူပြီး လက်ကျန်ရှင်းလိုက်ရတယ်။ သိပ်မအေးတော့ဘူး။





ဒီအိမ်ကို နောက်တစ်ကြိမ်ထပ်လာဖို့ကတော့ မလွယ်တော့ဘူး။ ပစ္စည်းတစ်ခုခု မေ့ချန်ထားခဲ့ပြီး နောက်တစ်ခေါက်လာယူဖို့ ဆိုတာက လည်း မဖြစ်နိုင်ဘူး။ ကိုယ့်မှာ ချန်ထားလို့ကောင်းတဲ့ ပစ္စည်းမှ မပါဘဲ။ ဒီနေ့ကျမှ မီးခြစ်ပါမလာခဲ့တာ နာတယ်။

"ကဲ. . ကျွန်တော်လည်း ပြန်ဦးမှ"

လို့ပြောပြီး ထရပ်လိုက်တယ် ကြီးမေက "အေးအေးကွယ်"လို့ ပြောပြီး အခန်းထောင့်မှာ ထိုင်ဆောနေတဲ့ ချာတိတ်ဆီလျှောက်သွားတယ်။

ကိုယ်က ဇင်ဇင်ဇော်ကို သွားခါနီးမှာ တစ်ခုတော့ ပြောဖြစ်အောင် ပြောခဲ့ပါတယ်။

"ဒီနေ့လည်း ဗီရိုသော့ကို တစ်ယောက်ယောက်က ယူသွားရင် ကောင်းမှာပဲနော်"

ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲဆိုတာ သူသိမှာပေါ့။ မသိလည်းသိ အောင် စဉ်းစားပစေ။

●●●●●

ဒီလို။

ကြီးမေဆိုတာက အပျိုကြီး။ သူတို့အဖေရဲ့ အစ်မကြီးဆုံးပေါ့။ ဇင်ဇင်ဇော်တို့အဖေက နယ်မှာ ရာထူးကြီးကြီးထဲကပဲ။ သူတို့အမေက လည်း အဖေနဲ့ပဲ နယ်မှာနေတယ်။

ဒါကြောင့် ရန်ကုန်က ဒီအိမ်ကြီးကို ကြီးမေကပဲ စီမံအုပ်ချုပ်ရတယ်။ ကြီးမေနဲ့ အတူနေတာက တူမနှစ်ယောက်၊ သင်သင်သော်နဲ့ ဇင်ဇင်ဇော်။

သင်သင်သော်က အိမ်ထောင်သည်။ သူယောက်ျားရော သူရော ရုံးသမားတွေပဲ။ အိမ်မှာတွေ့တဲ့ ဖိုချာတိတ်က သူတို့သားလေးပေါ့။

သူတို့မှာ အစ်ကိုတစ်ယောက်ရှိသေးတယ်။ မိန်းမရပြီးတော့ အိမ်ခွဲ နေတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဇင်ဇင်ဇော်က အငယ်ဆုံး၊ ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေမှာ ဒုတိယနှစ်ကျောင်းသူ။

သူတို့မိသားစုရဲ့ စီးပွားရေးအခြေအနေက ကောင်းပုံရတယ်။ စားနိုင်သောက်နိုင်ထဲကပဲ။ စားတာ သောက်တာကတော့ ဖါးစပ်ပါတဲ့လူတိုင်း လုပ်နိုင်တာပေါ့လေ။ သို့ပေမဲ့ ကိုယ်စားချင်တိုင်း သောက်ချင်တိုင်း စားနိုင် သောက်နိုင်တာကို ဆိုလိုတယ်။ မပူမပင် မကြောင့်မကြနေနိုင်တဲ့ အခြေအနေ ဆိုပါတော့။

အထက်အဆိုပါ အကြောင်းတွေကို ကွန်ပျူတာဇက တစ်ဆင့် အချက်အလက် စုဆောင်းယူတာ မဟုတ်ပါဘူး။ ဒီလိုနဲ့ပဲ တစ်စတစ်စ သိလာခဲ့ရတာပါ။

ဇင်ဇင်ဇော်နဲ့ ပိုရင်းနှီးလာအောင် ကြိုးစားတယ်။ ဒါကတော့ မခဲယဉ်းပါဘူး။ သူကျောင်းသွား ကျောင်းပြန်မှာဖြစ်စေ၊ သူတို့ ကျောင်းထဲကိုသွားပြီးတော့ဖြစ်စေ သူနဲ့ဆုံအောင် ဖန်တီးယူရတာပေါ့။

မမျှော်လင့်ဘဲနဲ့ တွေ့သလိုမျိုး။ "သူငယ်ချင်း တစ်ယောက်ဆီလာရင်းနဲ့" ဆိုတဲ့ အကြောင်းပြချက်မျိုးတွေဟာ အလွန် ရိုးအီနေပြီဖြစ်ပေမယ့် တစ်ခြားနည်းလမ်း အစားထိုးဖို့ မလွယ်သေးဘူး မဟုတ်လား။

သူ့နဲ့ကိုယ်နဲ့ဟာ သိကျွမ်းပြီးသားမို့လို့ တွေ့ဆုံတဲ့အခါ နှုတ်ဆက်၊ ခဏတစ်ဖြုတ် ရပ်ပြီး စကားပြော။ နောက်တစ်ဆင့်က သူ့ ကျောင်းကပြန်တဲ့အခါ တစ်လမ်းတည်း ပြန်ရမှာပဲဆိုပြီး သူစီးတဲ့ကားကို လိုက်စီး။ ဒီလိုနဲ့ပဲ တစ်စတစ်စ ရင်းနှီးလာကြတာပါပဲ။

သူကလည်း ကိုယ် ဘယ်လိုအချိုး ချိုးနေတယ်ဆိုတာ မသိဘဲနေမှာမဟုတ်။ သို့ပေမယ့် ကိုယ့်အပေါ်မှာ အလိုက်အထိုက် ပြန်ပြီးဆက်ဆံ တယ်။

တစ်ခုတော့ ရှိတာပေါ့လေ၊ ခုခေတ် မိန်းကလေးတွေဟာ အရင်တုန်းကလို ယောကျ်ားတလေးတွေနဲ့ ဆက်ဆံပြောဆိုကြတဲ့အခါမှာ ရှက်





ရွံ့ပြီး အယောင်ယောင် အမှားမှား လုပ်မိတာမျိုးတွေ သိပ်မရှိတော့ဘူးလေ။ တချို့ဆို တစ်ဆိတ် ရဲတင်းလွန်းတယ်လို့တောင် ထင်ရတယ်။

ဥပမာ အာကျယ်ညီအစ်မလို့ ကိုယ်က နာမည်ပေးထားတဲ့ မျိုးသာကီနွယ်နဲ့ စိုးဒါလီနွယ်။ ဇင်ဇင်ဇော်ကို သုံးဘီးကားပေါ်မှာ ပထမဆုံးတွေ့ရတုန်းက သူတို့လည်း ပါတယ်လေ။ ဇင်ဇင်ဇော်နဲ့ အမြဲတွဲကြတာပေါ့။

သူတို့ကတော့ တစ်စက်ကလေးမှ အကြောက်အလန့် မရှိ။ ယောကျ်ားလေးတွေကို သူတို့ မိန်းကလေးတွေလိုပဲ အောက်မေ့နေသလားမသိဘူး။ ပြောလိုက်ဆိုလိုက်၊ နောက်လိုက် ပြောင်လိုက်နဲ့။

တစ်ခုတော့ ကောင်းတယ်။ သူတို့က အရှက်အရွံ့မရှိ နောက်ပြောင်ပြောင်ဟယ်နဲ့ဆိုတော့ ရင်းနှီးမှုကို ပိုပြီး မြန်မြန်ထက်ထက် ရတာပေါ့။ ဇင်ဇင်ဇော်နဲ့ ကိုယ်နဲ့ ပြောကြဆိုကြတဲ့အခါ အနေခက်တာ နည်းနည်းသက်သာစေတယ်။ ဒီအတွက်တော့ ကျေးဇူးတင်ရမှာပဲ။

ဒီလိုပေါ့လေ တစ်နေ့ကျတော့။

* * * * *

ကိုယ်ရောက်သွားတဲ့အချိန်မှာ ဇင်ဇင်ဇော်တစ်ယောက်တည်း ကားမှတ်တိုင်မှာ ရပ်နေတာ တွေ့ရလို့ ဝမ်းသာသွားတယ်။

ဒီလိုအခွင့်အရေးမျိုး ကြုံခဲတယ်။ သူတို့အုပ်စုတွေက ကျောင်းမှာလည်း တတွဲတွဲ၊ ကျောင်းကနေ ပြန်တော့လည်း မှတ်တိုင်မှာ တတွဲတွဲရှိနေတတ်တာကိုး။

သူက အပြန် ဘတ်စ်ကားမှတ်တိုင်မှာ ရပ်နေတာ။ ကိုယ်က ကျောင်းဘက်ကိုလာတဲ့ ကားပေါ်က ဆင်းလာတာ။ ကားတွေ ဖြတ်မောင်းနေတာ မရှင်းသေးလို့ လမ်းဖြတ်မကူးနိုင်သေးဘူး။

သူက ကိုယ့်ကို မြင်သွားတယ်။ အဲဒီလို အခါမျိုးကျရင် သိပ်ကြောင်တက်တက်နိုင်တာပဲ။ တစ်ယောက်ကို တစ်ယောက်လည်း လှမ်းမြင်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



လူချင်းကလည်း ဝေးသေးတော့ ဒီအခါမှာ ပြုံးပြလိုက်ရမလား၊ သူ့ကို စိုက်ကြည့်နေရမလား၊ မမြင်သလိုလို မျက်နှာလွှဲနေရမလား၊ အနေရ သိပ်ခက်တယ်။

ထုံးစံအတိုင်းပဲပေါ့။ တစ်ချက် လှမ်းကြည့်၊ ပြုံးယောင်ယောင်လုပ်ပြီးတော့ ဟိုကြည့်သလိုလို ဒီကြည့်သလိုလို လုပ်၊ ဖျတ်ခနဲ တစ်ချက်ပြန်ကြည့်၊ မျက်လုံးချင်း ဆုံမိပြီဆိုရင် မျက်နှာပြန်လွှဲ၊ နာရီကြည့်သလိုလို၊ အင်္ကျီအိတ်ထဲ ဟိုရှာ၊ ဒီရှာလုပ်။

ကားတွေ ရှင်းတော့မှ လမ်းဖြတ်ကူးရတယ်။ လမ်းကူးရင်းက ကားမလာမှန်း သိလျက်သားနဲ့ ဘယ်ကြည့် ညာကြည့် လုပ်မိသေးတယ်။

"တစ်ယောက်တည်းလား"

သူ့နားကိုရောက်တော့ ကိုယ်မေးတယ်။ သူက ခေါင်းညိတ်ပြီး . .

"ဟုတ်တယ်"

"သူငယ်ချင်းတွေကော"

"သူတို့ ကျောင်းမတက်ကြဘူး"

"လေးဆယ့်ခုနစ်စီးမှာ မဟုတ်လား"

သူက ခေါင်းညိတ်ပြတယ်။

ကိုယ်က "ကျွန်တော်လည်း ဒီနားခဏလာရင်း" စသည်ဖြင့် ပြောမနေတော့ပါဘူး။ ဟိုအကြောင်း ဒီအကြောင်းမြှပြီး ကျောင်းကို လာလာနေရတာ အကြိမ်ပေါင်း မနည်းတော့ဘူး မဟုတ်လား။

ကားက တော်တော်နဲ့မလာဘူး။ လာပြန်တော့လည်း လူက အပြည့်။ တစ်မင်းတလေကတော့ တစ်ခုံလောက် လွတ်ပြီးလာတယ်။ တခြားလူတွေ ဦးဦးသွားလို့ သူလိုက်လို့မရ။

"ကားတွေကလည်း ဘယ်လိုဖြစ်နေသလဲ မသိပါဘူး"

လို့ သူက ခပ်တိုးတိုး ညည်းလိုက်တယ်။ နေကလည်း နည်းနည်း ပူပြော့ အိုက်စပ်စပ် ဖြစ်နေတယ်။





"လက်ဖက်ရည် သောက်မလား"

ကိုယ်မေးတယ်။

"မသောက်တော့ပါဘူး"

ကားအဆက်အသွယ် ပြတ်သွားပြန်ပြီ။ မှတ်တိုင်မှာ ရပ်နေရတာ ဆယ်မိနစ်လောက် ရှိသွားပြီ။

ကျောင်းသား သုံးယောက် မှတ်တိုင်ကို လျှောက်လာတယ်။ ကိုယ်နဲ့ ဇင်ဇင်ဇော်ကို မြင်တော့ အချင်းချင်း တိုးတိုးပြောကြတယ်၊ ကိုယ်က ဇင်ဇင်ဇော်ကို တစ်ချက် အကဲခတ်ကြည့်တယ်။

သူ့မျက်နှာက အလိုမကျသလို ဖြစ်နေတယ်။ ဟိုကောင်တွေကို သူသိပုံရတယ်။ ကျောင်းမှာ သူတို့အုပ်စုကို အမြဲလိုက်လိုက်နောက်နေတဲ့ ကောင်တွေ ဖြစ်ရမယ်။

ကောင်လေးတွေဆီက 'ဝါးကနဲ' ရယ်လိုက်တဲ့ အသံထွက်လာတယ်။ သူတို့ဘာသာ ရယ်စရာပြောပြီး ရယ်တာလည်း ဖြစ်ချင်ဖြစ်မယ်။

ဇင်ဇင်ဇော်ကတော့ အနေရခက်နေပြီ၊ ကိုယ်လည်း မျက်နှာပူလာတယ်။

"လက်ဖက်ရည် သောက်ရအောင်"

လို့ ကိုယ်က ထပ်ပြောတယ်။ ဇင်ဇင်ဇော်က ဟိုကောင်တွေနဲ့ ဝေးရင်ပြီးရောလို့ သဘောထားလိုက်သလား မသိ။

"သောက်လေ"

လို့ ပြန်ပြောတယ်။ ကိုယ်တို့နှစ်ယောက် ကားလမ်းကို ဖြတ်ကူး ပြီး ဘုရားလမ်းက ဆိုင်တန်းတွေဘက် လျှောက်လာခဲ့တယ်။

လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ ဝင်ထိုင်ကြတယ်။ တကယ်ဆိုရင် မှတ်တိုင်မှာ ရပ်နေကြတာထက် နည်းနည်းပိုပြီး ကျွန်ရတာတော့ မှန်တယ်။ တစ်ဖက်ကကြည့်ပြန်တော့ သူနဲ့ကိုယ်နဲ့က ဘာမှ ဖြစ်ကြသေးတာ မဟုတ်၊ ကိုယ်က ဖွင့်ပြီးတော့တောင် ပြောရသေးတာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အခြေအနေမျိုးမှာ လက်ဖက်ရည်ဆိုင် နှစ်ယောက်တည်း ထိုင်တယ်ဆိုတာ သိပ်သဘာဝမကျသလို ဖြစ်နေတယ်။ ဇင်ဇင်ဖော် အတွက်လည်း မကောင်းဘူး။ ကိုယ့်အပေါ် သိပ်လိုက်လျောသလို ဖြစ်နေတယ်။

သို့ပေမယ့် မတတ်နိုင်တော့။ လက်ဖက်ရည်ဆိုင်မှာက ထိုင်မိနေကြပြီ။

"လက်ဖက်ရည်လား၊ ကော်ဖီလား"

"ဘာဖြစ်ဖြစ် ရပါတယ်"

"အအေးသောက်ပါလား၊ စပတ်ကလင် သောက်မလား၊ မှာလိုက်မယ်"

"ရပါတယ်"

လက်ဖက်ရည်တစ်ခွက်နဲ့ စပတ်ကလင်တစ်ပုလင်း မှာလိုက်တယ်။ လက်ဖက်ရည်ဆိုင်ထဲမှာ လူသိပ်ရှင်းလှတာတော့ မဟုတ်ဘူး။ သို့ပေမယ့် ကိုယ်တို့ထိုင်တဲ့ စားပွဲက တခြားစားပွဲတွေနဲ့ နည်းနည်းဝေးတယ်။ ကိုယ်တို့နဲ့ အနီးဆုံး စားပွဲမှာကလည်း လူမရှိဘူး။ ကက်ဆက်ကဖွင့်တဲ့ သီချင်းသံကလည်း ရှိနေလို့ ကိုယ်တို့ပြောတဲ့ စကားတွေကို တခြားဝိုင်းက မကြားနိုင်ဘူး။

မှာထားတဲ့ လက်ဖက်ရည်နဲ့ အအေးပုလင်း ရောက်လာတယ်။ သောက်နေကြတုန်းမှာ ကိုယ် အပြင်းအထန် စဉ်းစားနေတယ်။ ဒီနေ့ ဒီအချိန်မှာ ပြောစရာရှိတာကို ဖွင့်ပြောလိုက်တော့မလား။

တကယ်တော့ ပါးစပ်ကတောင် ဖွင့်ပြောနေစရာ မလို။ ကိုယ့် လွယ်အိတ်ထဲမှာ စာအိတ်တစ်အိတ်က အဆင်သင့် ရှိနေတယ်။ အားလုံး အပြည့်အစုံ ရေးပြီးသား။ ဒီစာအိတ်ကို ပေးလိုက်ရုံပဲ။

ဒီဆိုင်မှာ လာထိုင်ကြတာက အေးအေးဆေးဆေး စကားပြောကြဖို့ မဟုတ်ဘူး။ ကိုယ်ကတော့ အေးအေးဆေးဆေး ထိုင်ချင်သေးတာပေါ့။





သူကတော့ ဟိုကောင်တွေကို ရှောင်ချင်လို့ မဟုတ်လား။

ဒါကြောင့် အအေးကို မြန်မြန်ကုန်အောင် သောက်တယ်။ ပြီးတော့ စားပွဲပေါ်က လွယ်အိတ်ကလေးကိုယူပြီး ရင်ခွင်မှာ ပိုက်လိုက်တယ်။ "မြန်ကြရအောင်" လို့ အချက်ပေးတဲ့သဘော။

ကိုယ့်စိတ်တွေ အရမ်းလှုပ်ရှားလာပြီ။ လွယ်အိတ်ထဲကို လက်နှိုက်လိုက်တယ်။ စာအိတ်ကို စမ်းမိပြီ။ အဲဒီစာအိတ်ကို ယူထုတ် လိုက်ရတာ ဘာပင်ပန်းသလဲ။ စဉ်းစားနေစရာတောင် မလို။ အဲလိုအလျောက် ထုတ်ယူပြီးသား ဖြစ်နေရမှာ။ သို့ပေမယ့် ကိုယ့်လက်တွေက တုံ့ဆိုင်းပြီး စာအိတ်ကိုသာ ပွတ်သပ်စမ်းနေမိတယ်။

ကိုယ်ပိုင်ကားတွေသာ မောင်းခွင့်ရှိတဲ့ လိုင်စင်နဲ့ တက္ကစီကား တက်မောင်းတဲ့လူကို ယာဉ်ထိန်းရဲ စစ်တဲ့အခါ အိတ်ထဲက လိုင်စင်ကို ထုတ်ပြရမှာ ခက်နေသလိုမျိုး။

သူကတော့ လွယ်အိတ်ထဲက ရွှေရောင်ပိုက်ဆံအိတ် ပြားပြား ကလေးကို ဆွဲထုတ်လိုက်တယ်။ ဒီတော့မှ ကိုယ်လည်း ပိုက်ဆံရှင်းဖို့ သတိရတယ်။

"နေ . . နေ . . ကျွန်တော်ပေးပါ့မယ်"

စားပွဲထိုးကို လှမ်းခေါ်ပြီး ဆယ်တန်တစ်ရွက် ပေးလိုက်တယ်။ ကိုယ့်အတွက် အချိန်နည်းနည်းပဲ ရတော့တယ်။ စားပွဲထိုး ပြန်လာပြီး ငွေမအမ်းခင် ပေးစရာရှိတာကို ပေးရမယ်။

ပေးလိုက်လေ။

ကိုယ်က ဒီလိုမဟုတ်သေးဘူး။ စားပွဲထိုး ထွက်သွားရာကို လိုက် ကြည့်နေမိပြန်တယ်။ စားပွဲထိုးက ကောင်တာကို သွားတယ်။ ဆယ်တန် ပေးတယ်။ ငါးမတ်တင်းလို့ ပြောတယ်။ ကောင်တာက ငွေပြန်အမ်းတယ်။ ငွေကိုယူပြီး ကိုယ်တို့စားပွဲကို ပြန်လာတယ်။ ကိုယ် ရင်တွေခုန်နေတယ်။

စားပွဲထိုးက ပြန်အမ်းငွေ လာပေးတယ်။ ဒီအချိန်အထိ ကိုယ့်ဆီမှ



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရှားလိုက်ရသေး။ ဇင်ဇင်ဖော်က ထိုင်နေရာက ထဖို့ ဟန်ပြင်လိုက်တယ်။ ကိုယ်က စားပွဲထိုးကို "ရှတ်ရှတ်" လို့ လုပ်ပြီး ပြန်ခေါ်လိုက်တယ်။

"ဒူးယားတစ်လိပ်လောက်"

ဆိုပြီး အကြွေပြားလေးဆယ် ပေးလိုက်တယ်။ စားပွဲထိုးက "ခုနတော့ တစ်ခါတည်း မမှာဘူး" ဆိုတဲ့ အကြည့်မျိုးနဲ့ တစ်ချက်ကြည့်ပြီး ပိုက်ဆံယူ လှည့်ထွက်သွားတယ်။

ဟုတ်သားပဲ။ ဒူးယားက ပြန်အထွက်မှာ ကောင်တာက ဝင်ယူသွားလည်း ရသားနဲ့။ ကောင်မလေး တစ်ယောက်ရှေ့မို့ ကြီးကျယ်တယ်လို့ ထင်သွားမလား မသိ။

ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ လုပ်စရာရှိတာကို အမြန်လုပ်မှ၊ လွယ်အိတ်ထဲက စာအိတ်ကို ဆွဲထုတ်လိုက်တယ်။ ဇင်ဇင်ဖော်ရဲ့ ရှေ့စားပွဲပေါ် ချပေးပြီး

"ဇင်ဇင်ဖော် ဒါလေး ဖတ်ကြည့်ပါ"

သူက စာအိတ်ကို တစ်ချက်ကြည့်တယ်။ ကိုယ့်ကိုတော့ မကြည့်၊ စာအိတ်ကိုလည်း တောက်မယူ။

စားပွဲထိုး ဒူးယားလာပေးတယ်၊ ကိုယ် မီးညှိပြီးဖွာတယ်၊ မတ်တတ်ထရပ်လိုက်တယ်၊ သူလည်း လိုက်ရပ်တယ်။ ကိုယ်က. . .

"အဲဒီဟာ ယူလိုက်ဦးလေ" လို့ပြောတယ်၊ သူက စာအိတ်ကိုယူတယ်။ လွယ်အိတ်ထဲ ထည့်ရင်း။

မော့လိုက်တာ။

✻ ✻ ✻ ✻ ✻

သူ အံ့ဩသွားမှာပဲ။

ဘာကြောင့်ဆို ကိုယ်ပေးလိုက်တဲ့ စာအိတ်က ပန်းပွင့်ပုံ လိပ်ပြာပုံလေးတွေပါတဲ့ စာအိတ်လှလှကလေးမျိုးမှ မဟုတ်ဘဲကိုး။ နိုးနိုးလေယာဉ်





စာအိတ်ဆိုရင်လည်း တော်သေးတယ်။ ခုဟာက တက္ကသိုလ် စာပေးစာယူသင်တန်းဌာနက စာစဉ်တွေထည့်တဲ့ အိတ်ကြီး။

မတတ်နိုင်ဘူးလေ ကိုယ်ရေးထားတဲ့ စာတွေကလည်း အများကြီးကိုး။

အဲဒီအိတ်နဲ့မှ ဆံ့မှာမို့လို့။

အစတုန်းကတော့ ဒီလောက်အများကြီးရေးဖို့ ရည်ရွယ်ချက်မရှိပါဘူး။ သုံးမျက်နှာတည်း ရေးထားတာပါ။ အဲဒီစာကို ပေးမယ်၊ ပေးမယ်နဲ့ မပေးဖြစ်ခဲ့ဘူး။ ဒီကြားထဲမှာ သူ့ကိုထပ်ပြီး ပြောချင်တာတွေရှိလာတာနဲ့ ထပ်ရေးမိတာပဲ။ ဒီလိုနဲ့ ကိုယ့်စိတ်ထဲမှာ ခံစားရတာတွေရေးလိုက်၊ မပေးဖြစ်လိုက်၊ ထပ်ပြီး ခံစားလာရလိုက်၊ ထပ်ရေးလိုက်နဲ့ နောက်ဆုံးတော့ ကိုယ့်စာက စာမျက်နှာ သုံးဆယ်လောက် ဖြစ်သွား တယ်။ ဒါကြောင့် ခုလို စာအိတ်ကြီးကြီးနဲ့ ထည့်ပေးလိုက်ရတာပါပဲ။ ခံစားမှုစာစုတွေပေါ့လေ။

အဲဒီ စာတွေကို သူဖတ်ပြီး သူက ဘယ်လို ခံစားလိုက်ရသလဲတော့ မသိဘူး။ ဘယ်လို သဘောရသလဲလို့ ကိုယ်က မေးတဲ့အခါ. . .

"လောလောဆယ်တော့ ဇင် ဘာမှ မပြောတတ်သေးဘူး၊ ဒီကိစ္စမျိုးက အချိန်ယူပြီး စဉ်းစားရမှာ မဟုတ်လား"

လို့ သူက ပြန်ပြောတယ်။

"အချိန်က ဘယ်လောက်ယူရမှာလဲ"

"ဒါလည်း ဘယ်အတိအကျ ပြောနိုင်မလဲ"

"ကိုယ့်မှာ လက်မခံနိုင်စရာတွေများ ရှိနေလို့လား၊ ရှိရင်လည်း ပြောပေါ့၊ ကိုယ် ပြုပြင်နိုင်တာဆို ပြုပြင်ပါ့မယ်"

သူက လက်မခံနိုင်စရာ အချက်တွေ ရှိတယ်လို့လည်း မပြော၊ မရှိဘူးလို့လည်း မပြော။ တခြားစကားကို ပြောင်းပြီးပြောတယ်။

"သူငယ်ချင်းတွေနဲ့လည်း ထပ်ပြီး တိုင်ပင်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေ ဟုတ်လား"

"အင်းလေ မျိုးသာကီတို့ ညီအစ်မနဲ့ ဇင်နဲ့က အမြဲတွဲနေကျပဲ၊ သူတို့ အကြံဉာဏ်ကိုလည်း ယူရဦးမှာပေါ့"

"တကယ် ဆုံးဖြတ်ရမှာက ဇင်ဇင်က ဆုံးဖြတ်ရမှာပါ"

"ဒါကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် တစ်ယောက်တည်းရဲ့ အကြံဉာဏ်ထက် သုံးယောက်ပေါင်း စဉ်းစားရင် ပိုကောင်းတာပေါ့"

သူငယ်ချင်းတွေကို ဒီလောက်တောင် ဦးစားပေးလွန်းတာတော့ ကိုယ် သိပ်သဘောမကျဘူး။ ကိုယ်ပိုင် ဦးနှောက်မရှိတာ ကျနေတာပဲ။ ပြီးတော့ ကိုယ့်ကို ခုလို သူငယ်ချင်းနှစ်ယောက်က စိစစ်ဦးမယ်ဆိုတာကို လည်း သဘောမကျဘူး။

သို့ပေမယ့် ကိုယ့်အနေနဲ့ ဘာမှ မပြောသာဘူး။ ခုအချိန်မှာ,ကိုယ်က ဘယ်ပုံဘယ်နည်း စဉ်းစားပါလို့ အကြံဉာဏ် ပေးနိုင်ခွင့် မရှိဘူးလေ။ သူ (သူတို့) ဘယ်လို ဆုံးဖြတ်မယ်ဆိုတာကိုသာ စောင့်ရုံ ရှိတာကလား။

"သူတို့ကကော ဘာပြောလဲ"

"စဉ်းစားဦးမယ်တဲ့"

ကောင်းရော။ ဟို နှစ်ယောက်ကတောင် စဉ်းစားဦးမယ်ဆိုတာပဲ ရှိပါသေးလား။ သူတို့က စဉ်းစားပြီးတော့မှ ဇင်ဇင်ဇော်ကို အကြံဉာဏ်ပေး၊ ဒီတော့မှ ဇင်ဇင်ဇော်က အဲဒီ အကြံပြုချက်အပေါ်မှာ ထပ်ပြီး စဉ်းစားပြီး ဆုံးဖြတ်၊ အဆင့်တွေက မနည်းပါလား။

"သူတို့ကကော ကိုယ်နဲ့ပတ်သက်လို့ ထင်မြင်ချက်တွေ ဘာတွေ ပေးသေးလား"

လို့ စကားတောက်ကြည့်လိုက်တယ်။ ဒီနေရာမှာတော့ သူက သိပ် မပါးနပ်ဘူး။ ကိုယ်မေးတာကို ဖြေတယ်။

"မျိုးသာကီကတော့ဘာမှ သိပ်မပြောပါဘူး၊ စိုးဒါလီကတော့ ပြောတယ်၊ ကိုဝင်းကိုမောင်က အသက်လည်း ကြီးတယ်တဲ့၊ အကြောင်း





သိချင်းထဲကလည်း မဟုတ်ဘူး၊ ကျောင်းကလူမဟုတ်တော့ အကဲခတ်ရတာ ခက်တယ်တဲ့"

"တကယ်လို့ သူတို့က လက်မခံနဲ့လို့ ပြောရင်ကော ဇင်ဇင်အနေနဲ့ ဘယ်လို ဆုံးဖြတ်မလဲ"

ကိုယ်က အငိုက်ဖမ်းပြီး မေးတယ်။သူက ရုတ်တရက်မို့ သတိလစ်ပြီး ပြန်ဖြေတော့မလို့ပဲ။ ပြီးမှ ရယ်လိုက်ရင်း. . . .

"အဲဒီမေးခွန်းကို ဖြေလိုက်ရင် အခုကတည်းက အဖြေပေးလိုက်သလို ဖြစ်သွားမှာပေါ့"

ဒီလောက်ဆို ကိုယ်နားလည်သွားပြီ။ အခြေအနေက မဆိုးဘူး။ အင်းလေ ကိုယ်က ဖွင့်ပြောပြီးတဲ့နောက်မှာ ပစ်ပစ်ပယ်ပယ်မလုပ်ဘဲ ခုလို လက်ခံစကားပြောတာကိုက အခြေအနေ ကောင်းတယ်လို့ ယူဆရမှာ ပဲပေါ့။ ကိုယ့်ဘက်က စိတ်ရှည်လက်ရှည် စောင့်ဖို့ပဲလိုတယ်။

● ● ● ● ●

ဒါပေါ့လေ။

မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ရဖို့ကြိုးစားတယ်ဆိုတာဟာ တ္ကုန်ပစ္စည်းတစ်ခု ဝယ်ခွင့်ရဖို့ လျှောက်လွှာတင်ရသလိုပါပဲ။ ဘယ်တော့မှ တစ်ခေါက်တည်းနဲ့ ကိစ္စမပြီးနိုင်ဘူးလေ။

နှလုံးသား မှတ်ပုံတင် မပါတာတို့၊ မေတ္တာကောင်စီက ထောက်ခံစာ လိုနေတာတို့၊ ပါမစ်ကို လက်မှတ်ထိုးပေးရမယ့် ဖူးစာရေးနတ်က အစည်း အဝေးသွားနေရလို့ နောက်တစ်ခေါက် ထပ်သွားရတာတို့။

ကိုယ်လိုချင်တာကို မြန်မြန်ရချင်ရင် လက်ဖက်ရည်ဖိုးလေး ဘာလေး ပေးရတယ် မဟုတ်လား။

ခုလည်း ကိုယ်က အကြင်နာတွေ ယုယမှုတွေပေးပြီး လာဘ်ထိုး လိုက်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့။

သူ့အချစ်ရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ မှန်ကလေးတစ်ချပ်ကို လက်ဝယ်ပိုင်ပိုင် ရရှိခဲ့ပါတော့တယ်။

● ● ● ● ●



[၃]

ကျွန်တော်သည် မှန်တစ်ချပ်နဲ့ အလုပ်ရှုပ်ခဲ့ပြီးနောက် အိပ်မပျော်နိုင်သေးသဖြင့် သူနှင့် ပတ်သက်သမျှကို မှတ်တမ်းတစ်စောင် ထိုင်ရေးနေခဲ့သည်။ ရေးလို့ ပြီးသွားတော့ မနက်ငါးနာရီပင် ထိုးလုပြီ။

အပြင်ဘက်တွင် မှောင်နေသေးသော်လည်း မည်းနက်၍ မနေတော့။ အရောင်သည် ဖျော့တော့လာပြီ။ မီးခိုးရောင်ဘက်သို့ လူလာပြီ။

စိတ်က မအိပ်ချင်သေးသော်လည်း လူက အချိန်အတော်ကြာအောင် စာထိုင်ရေးလိုက်ရသဖြင့် ညောင်းညာ ပင်ပန်းနေပြီ။

အိပ်ရာထဲ ဝင်လှဲသည်၊ ရုတ်တရက် အိပ်မပျော်သေး။ အိပ်မက်ထဲမှာ သူ့နှင့် တွေ့ချင်တွေ့မည်ဟု စဉ်းစားမိတော့မှ အိပ်ပျော်သွားသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသောကြောင့် ထင်သည်။ အိပ်မက်မမက်ဖြစ်လိုက်ချေ။

သိန်းမင်းထွန်း လာနှိုးတော့မှပင် နိုးသည်။ ချက်ချင်းတော့ အိပ်ရာက မထသေး။ ပက်လက်လှဲနေရင်းကပင်

"မင်း ဘယ်တုန်းက ပြန်ရောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

"မနက်ကပဲ"

မနက်ကဟု ဆိုသောကြောင့် ကျွန်တော် ကြောင်သွား၏။ မနက်က ဆိုတော့ ခုကော ဘယ်အချိန် ရောက်နေပြီလဲ။

"နေ့စမ်းပါဦးဟ ခု ဘယ်နှနာရီထိုးပြီလဲ"

"တစ်နာရီ ထိုးပြီကွ၊ တကတည်းကွာ စည်းစိမ်ကလည်း ယူလိုက်တာ ထတော့ကွာ"

ကျွန်တော်က မထသေးဘဲ ခေါင်းအုံးအောက်ကို လက်နှိုက်၍ မှန်ကလေးကို စမ်းပြီးယူသည်။ သူ့လက်ထဲ ပေးလိုက်ပြီး . . .

"အဲဒါ ဘာလဲသိလား"

"မှန်ပေါ့ကွ"

"ဒါတော့ ဟုတ်တာပေါ့။ ဘာအဓိပ္ပာယ်လဲ မင်းစဉ်းစားစမ်း"

သူက မှန်ကို သေသေချာချာ ကြည့်သည်။ သူ အဓိပ္ပာယ် ဖော်နေသည်ကို ကျွန်တော်က ကျေနပ်စွာ ပြုံးရင်းကြည့်နေ၏။

"မှန်ပေါ်မှာ ကတ်ပြားတစ်ခု ကပ်ထားတယ်"

"အဲဒါ ကတ်ပြားမဟုတ်ဘူး၊ ဓာတ်ပုံ"

"ဘယ်သူ့ပုံလဲ"

"ငါ့ပုံ"

"ဘာဖြစ်လို့ ပုံကို ဟိုဘက်လှည့်ကပ်ထားတာလဲ"

"မှန်ပေါ်မှာ ငါ့ပုံ ထင်နေအောင်လို့"

"အဲဒါ ဘာအဓိပ္ပာယ်လဲ"

"မင်းကို အဲဒါ စဉ်းစားခိုင်းတာပဲ"

"မှန်မှာ ဓာတ်ပုံကို ပြောင်းပြန်ကပ်ပြီး ခေါင်းအုံးအောက်မှာ ထားပြီး အိပ်တယ်၊ အိပ်တော့လည်း နေ့လယ် တစ်နာရီတောင် အိပ်တယ်၊ ဒါ ဘာအဓိပ္ပာယ်လဲဆိုတော့ ရူးတာဖြစ်ချင်ဖြစ် မဖြစ်ရင် ပေါတာပဲ"





"ဟား ဟား မင်းအဓိပ္ပာယ် မဖော်နိုင်တာနဲ့ ပေါတယ်လို့ ပြောတာ မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် မင်းသိချင်နေတာတော့ အမှန်ပဲ"

"ကဲပါကွာ၊ သိချင်တယ်ပဲ ထားပါတော့ မြန်မြန်ပြောပြီးရင် ထတော့ ထမင်းစားရင်လည်းစား မစားရင်လည်း လက်ဖက်ရည်ဆိုင် သွားရအောင်"

ထိုအခါကျမှ ကျွန်တော်လည်း လှဲနေရာမှ ထထိုင်လိုက်ပြီး . . .

"ဒီမှန်ကလေးဟာ ဇင်ဇင်ဇော်က ငါ့ကို ပေးလိုက်တာကွ"

"ဘာလုပ်ဖို့လဲ ကျီးခြောက်ဖို့လား"

"ဘယ်ကလာ အဲဒီမှန်ကလေးဟာ သူ့ချစ်သူရဲ့ ဓာတ်ပုံပဲကွ၊ မင်း သဘောပေါက်လား"

သိန်းမင်းထွန်းက မှန်ကို ထောင်ကြည့်ပြီး . . .

"အေး သဘောပေါက်တယ်"

"အဲဒါပဲကွ"

"အေးကွာ သိပ်ကောင်းတဲ့ အိုင်ဒီယာပဲ၊ ဘာတဲ့ ဒီမှန်ကလေးဟာ သူ့ချစ်သူရဲ့ ဓာတ်ပုံပဲတဲ့ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ သိပ်မှန်တယ်"

သူက ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြုံးနေသည်။ ကျွန်တော် လည်း အကောင်းမှတ်လို့ ကြည့်နေရာမှ တစ်ခု သတိရလိုက်သည်။ ဒီကောင်က မှန်ကို ထောင်ကြည့်နေတော့ မှန်ထဲမှာ ဒီကောင်ပုံ ပေါ်နေမှာပေါ့။ မှန်မှာ ကပ်ထားသော ကျွန်တော့်ဓာတ်ပုံက သေးနေသဖြင့် မှန်ကလုံအောင် ဖုံးမနေဘူး မဟုတ်လား။

ကျွန်တော်က မှန်ကလေးကို ဆတ်ခနဲ ဆွဲလုလိုက်သည်။

"ခွေးကောင် မင်းနဲ့တန်လို့လား"

ဟုပြောပြီး မှန်ကို ခေါင်းအုံးအောက် ပြန်ထိုးထည့်လိုက်သည်။ နောက်ကို ဒီမှန်ကလေး ဘယ်သူ့မှ မပြမိအောင် သတိထားမှ။

သိန်းမင်းထွန်းက ရယ်၍ . . .

"အဲဒါပေါ့ကွ၊ မျောက်အုန်းသီးရ တပြုံးပြုံးဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ပြောတတ်မှ ပြောပါဟာ၊ သူ့ခိုးရွှေရ တပြုပြုပါ"

"မင်းအတွက်တော့ မျောက်မုန့်ရ တပြုပြုဆိုရင် ပိုပြီးမုန်မယ်၊ ကဲ ပြောစမ်း၊ မင်း အဆင်ပြေသွားပြီပေါ့"

ဇင်ဇင်ဇော်နှင့် ခုံတွေ့ခဲ့ပုံ မုန့်ဖာလေးကို အချစ်သင်္ကေတအဖြစ် ပေးလိုက်ပုံတို့ကို အသေးစိတ် ပြောပြသည်။

❀ ❀ ❀ ❀ ❀

ရေခဲသေတ္တာမှ ထုတ်ယူပြီးခါစ ဘီယာဘူးများသည် ရေငွေ့ တထောင်းထောင်း ထနေသည်။ ရေစက်တွေက ဘူးများ၏ပတ်လည်တွင် တွဲလွဲခိုနေကြ၏။

တစ်ယောက်တစ်ဘူးစီ ယူလိုက်ကြသည်။ ဘူးထိပ်က သတ္တုကွင်းကို လက်ပစ်ဝုံးစနက်တံ ဖြုတ်သလို ဆွဲဖြုတ်လိုက်၏။ ဖောက်ခနဲ ရှူးခနဲမြည်ပြီး ပွင့်သွားသည်။ အမြှုပ်အနည်းငယ် ဝေကျလာသည်။ ကျောက်ဆူးတံဆိပ်ဖြစ်၏။

ကျွန်တော်နှင့် သိန်းမင်းထွန်းတို့သည် အရက်သောက်တတ်ကြသူများ မဟုတ်ကြ။ ဘီယာကိုတော့ အရက်မဟုတ်ဘူး၊ ထန်းရည်လိုသဘောမျိုးပဲဆိုပြီး တစ်ခါတလေ သောက်ဖြစ်ကြသည်။

တစ်ခါတလေဆိုရာတွင် ကိုဆွေ့ သဘောက ပြန်လာသောအခါမျိုးမှာ ဖြစ်၏။ ကျွန်တော်တို့ဘာသာဆိုလျှင် ဘီယာဘူး ဝယ်သောက်ဖို့ မလွယ်။ အပြင်မှာ ဈေးကြီးလှသည်။ ကိုဆွေ ဝယ်လာသည့်အခါတွင်သာ သောက်ရ၏။

ဘူးထဲမှ ဘီယာများကို ဖန်ခွက်ထဲ ငှဲ့ထည့်သည်။ ဘီယာဖန်ခွက်ကြီးများဖြစ်၍ တစ်ဘူးစာ အနေတော်ပင်။ အမြှုပ်တွေက ဖန်ခွက်နှုတ်ခမ်းထိလုနီးပါး တက်နေ၏။





မမတုးက ဆတ်သားခြောက်နှင့် အာလူးကြော် ပန်းကန်များ လာချပေးသည်။

"ကောင်လေးတွေနော်၊ တစ်ယောက် တစ်ဘူးစီပဲ သောက်ရမယ်"

ဟု ပြောသည်။ ကျွန်တော်က

"တော်တော် တရားတယ်နော်၊ ကျွန်တော်တို့ကျတော့ တစ်ယောက်တစ်ဘူးစီတဲ့ အစ်ကိုကျတော့ ကြိုက်သလောက် ဆိုပါတော့"

"အမယ် သူလည်း မရဘူး၊ နှစ်ဘူးပဲ သောက်ရမယ်"

ကိုဆွေက. . .

"ဟာ မင်းကလည်း နှစ်ဘူးဆိုမှ တစ်ပုလင်းစာပဲ ရှိတယ်"

"အဲဒါ နည်းသလား"

"ဘီယာ တစ်ပုလင်းက ထန်းရည်တစ်ပုလင်းနဲ့ တူတူလောက် ရှိတာ၊ ဒီလိုလုပ်ကွာ၊ မင်းတို့က ငယ်တယ်၊ နှစ်ဘူးစီသောက် ငါက သုံးဘူး"

"မောင်နော်၊ ကလေးတွေကို မြှောက်မြှောက် မပေးနဲ့"

ကျွန်တော်က. . . .

"ဟာ ကျွန်တော်တို့တိုများ ကလေးတွေတဲ့"

"ဟဲ့ နင်တို့ဘာသာ ဘွဲ့ရပြီးတာတွေ ဘာတွေ မသိဘူး။ ငါ့မျက်စိထဲမှာတော့ နင်တို့က ကလေးတွေပဲ ဝင်းကို၊ နင့်ကို ငါပဲ ပြုစုစောင့်ရှောက်ခဲ့ရတာ၊ အစ်မကြီးတော့ အမိအရာတဲ့"

သိန်းမင်းထွန်းက မမတုးကို ဝင်ဖားသည်။

"ဟုတ်တယ် မမတုး၊ အစ်မကြီးတော့ အမိအရာ၊ အဖကြီးတော့ အဖိအရာတဲ့"

"ဟာ ဘာဆိုင်လို့လဲ မင်းဟာက"

"မသိဘူးလေ၊ ကာရန်ကိုက်အောင် ပြောလိုက်ရတာပဲ"

"မင်းကသာ ကလေးထင်နေတာ၊ မင်းရဲ့မောင်က"

ဟု ကိုဆွေက အပြောတွင် ကျွန်တော်က ဆက်မပြောဖို့ မျက်ရိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြုပြီး တားလိုက်ရသည်။ မမတူးက ဘာဆက်ပြောမလဲဟု နားထောင်နေသေးသည်။ ကိုဆွေက စကား ဖြတ်ပစ်ပြီး. . . .

"ခရမ်းချဉ်သီး ဆော့စ်လေးများ မရနိုင်ဘူးလား"

မမတူးက မျက်စောင်းတစ်ချက်ထိုးပြီး ထွက်သွား၏၊ ကိုဆွေက ဘီယာခွက်ကို ကိုင်မြှောက်၍

"ကဲ ဝင်းကိုရဲ့ အောင်ပွဲအတွက်"

ကျွန်တော်နှင့် သိန်းမင်းထွန်းတို့လည်း ဖန်ခွက်များကို ကိုယ်စီကိုင်လိုက်ကြသည်။ နောက် ဖန်ခွက်ချင်းထိပြီး ချီးယားလုပ်ကြသည်။ တစ်ကြိုက်နှစ်ကြိုက်စီ မော့ကြ၏။

"ဒါနဲ့ နေစမ်းပါဦး၊ မင်းကောင်မလေးက အသက်ဘယ်လောက်ရှိပြီလဲ"

သိန်းမင်းထွန်းက မေးသဖြင့်. . . .

"ဆယ့်ကိုးနှစ်"

"ငယ်သေးတာပဲ"

"ဆယ့်ကိုးနှစ်က ငယ်မလားကွ၊ တက္ကသိုလ်မှာ ဒုတိယနှစ်တောင်ရောက်နေပြီပဲဟာ နောက်ပြီး"

မမတူး ခရမ်းချဉ်သီးဆော့ ပန်းကန်ကိုင်ပြီး ဝင်လာသဖြင့် ဆက်မပြောဘဲ နေလိုက်သည်။

မမတူးကို အသိမပေးချင်သေးတာက ဆူမှာစိုးသောကြောင့် မဟုတ်။ ကျွန်တော့် အသက်အရွယ်နှင့်ဆိုလျှင် ခုအချိန်ကျမှ ရည်းစားထားဖြစ်သည်ကိုပင် ချီးကျူးရဦးမည်။ သူသိသွားလျှင် စပ်စပ်ပေါက်ပေါက်တွေ လျှောက်မေးပြီး စကားကြော ရှည်နေမည်စိုးသောကြောင့် ဖြစ်သည်။

နောက်မှ အေးအေးဆေးဆေး ပြောပြလိုက်တော့မည်။

မမထူးသည် အချဉ်ပန်းကန်ကို ချပြီးနောက် မသွားသေးဘဲ ယောင်လည်လည် လုပ်နေသေးသည်။ ကိုဆွေက ဆတ်သားခြောက်တစ်ဖတ်ကို





ယူဝါးပြီး

"ကောင်းလိုက်တာကွာ၊ ရွနေတာပဲ"

"ဆီကလည်း နိုင်တာကိုး အစ်ကိုရ"

ထို့နောက် အစားအသောက်အကြောင်းတွေ လျှောက်ပြောနေကြသည်။ မမတူးလည်း လက်လျှော့ပြီး အတွင်းခန်းထဲ ပြန်ဝင်သွားသည်။ ထိုအခါကျမှ သိန်းမင်းထွန်းက

"ငါဆိုလိုတာက ဆယ့်ကိုးနှစ်ဆိုတဲ့အသက်ဟာ ငယ်လှတယ်လို့ ပြောတာ မဟုတ်ဘူး၊ မင်းနဲ့ယှဉ်လိုက်ရင် ငယ်တယ်လို့ ပြောတာ"

"ငါက နှစ်ဆယ့်လေးဆိုတော့ ငါးနှစ်လောက် ငယ်တာပေါ့၊ အဲဒါ ဘာဖြစ်လဲ၊ ဒွေးချိုး၊ လေးတိုးဆိုတဲ့ စာဆိုနဲ့ နှိုင်းယှဉ်ကြည့်ရင် ကြီးတောင်ကြီးနေသေးတယ်"

"ဒွေးချိုး လေးတိုး ဟုတ်သေး၊ ဘာလဲ"

"ဒွေးချိုးဆိုတာ ကိုယ့်အသက်ကို တစ်ဝက်ဝက်လိုက်၊ ငါ့အသက်ရဲ့ တစ်ဝက်ဆိုတော့ ဆယ့်နှစ်နှစ်၊ အဲဒါကို လေးတိုးဆိုတာက လေးထပ်ပေါင်း၊ ဒီတော့ တစ်ဆယ့်ခြောက်နှစ်ပေါ့ကွ၊ ခု ဇင်ဇင်ဇော်က ဆယ့်ကိုးနှစ်ဆိုတော့ သုံးနှစ်တောင် ကြီးနေသေးတယ်၊ ဘာပဲဖြစ်ဖြစ်လေ ခုလို အသက်ချင်းကွာနေတာကိုက ပိုကောင်းတယ်လို့ ပြောလို့ရတယ်"

"ဘာကြောင့်လဲ"

သိန်းမင်းထွန်းက ဘီယာခွက်ကို ကိုင်ရင်းမေးသည်။ ကျွန် ဘ်က ဘီယာတစ်ကျိုက် သောက် ပြီးမှ. . .

"ယောကျ်ားတစ်ယေ ကျ်အဖို့ အသက်လေးဆယ်ဆို သန့်ဘုန်းမြန်တုန်းအရွယ်၊ မိန်းမက တော့ လေးဆယ်ဆိုရင် ကျလာပြီ ဘ ဘယ်လို့ သက်တူရွယ်တူချင်း ယူထ းမိရင် အဲဒီလို အခါမျိုးမှာ ပြဿ ကြ်တာပဲ၊ ကိုယ်က နုနုပျိုပျို နေချ ဘဲ့အချိန်မှာ မိန်းမက အမယ်ကြီး မ်းချင်နေပြီ၊ ကဲ ငါ့လို ကိုယ့်ထက် ငါးနှစ်လောက်ငယ်တာကို ယူထ ရင် အိုကေပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က လေးဆယ်မှာ သူက သုံးဆယ့်ငါးနှစ်၊ အလှဲ့သွေး ကြွယ်တုန်း အချိန်၊ ဘယ်လောက် လိုက်ဖက်ညီမလဲ"

ကိုဆွေက ဝင်၍ . . . .

"အချစ်နဲ့ ပတ်သက်လာရင် အသက်ကြီးတာ ငယ်တာက ပြဿနာ မဟုတ်ပါဘူးကွာ"

ဟု ပြောသည်။ မမတူးက သူ့ထက် အသက်နှစ်နှစ်လောက် ကြီးသဖြင့် ဓလုံမလဲ ဖြစ်သွားဟန်တူသည်။ ကျွန်တော်လည်း သူ့ကို အားနာသဖြင့် ဆက်မပြောတော့။ သိန်းမင်းထွန်းကသာ ကျွန်တော့် စကားကို ပြန်ချေသည်။

"အသက်ချင်းကွာတာကို ငါက အပြစ်ပြောတာ မဟုတ်ပါဘူး။ မင်းခုန ပြောသလို အသက်ကြီးလာတဲ့အခါ အဆင်ပြေတယ်ဆိုတာ လည်း ဟုတ်ပါတယ်၊ ငါ လက်ခံပါတယ်၊ ကြီးလာရင် အသက်လေးငါးနှစ်လောက် ကွာတာ ဘာမှ မဟုတ်တော့ဘူးပေါ့ကွာ။ ဒါပေမဲ့ အသက်နှစ်ဆယ်ရဲ့ ဟိုဘက်နဲ့ ဒီဘက်ကျတော့ ကွာသွားပြန်ရော၊ မင်း စဉ်းစားကြည့်၊ မင်းတွေ့ရတဲ့အချိန်မှာ သူက ဆယ်တန်းအောင် မအောင်သေးဘူး"

"ဒါနဲ့ မဆိုင်ပါဘူးကွ။ ခုဆို သူလည်း တက္ကသိုလ် ရောက်နေပြီပဲ"

"လူတစ်ယောက်ကို တက္ကသိုလ်ရောက်တာ မရောက်တာကိုကြည့်ပြီး တွက်လို့ မရဘူးလေ၊ အသက်အရွယ်ရယ်၊ နေထိုင်လှုပ်ရှားတဲ့ ဘဝ အခြေအနေရယ်ကို ကြည့်ရမှာပေါ့"

"သူက ဘာဖြစ်နေလို့လဲ"

"သူ့အသက် ငယ်သေးတယ်၊ နောက်ပြီး သူ့အခြေအနေက မပူမပင် မကြောင့်မကျပဲ အေးအေးသက်သာ ကျောင်းတက်နေနိုင်တယ် မဟုတ်လား၊ မင်းကတော့ အသက်အရွယ်အရ ရင့်ကျက်တဲ့အပိုင်းထဲ ဝင်လာပြီ၊ ဒီတော့ မင်းတို့နှစ်ယောက်ကြားမှာ သဘောထားချင်း မတိုက် ဆိုင်တာတာလေးတွေ ဖြစ်လာနိုင်တယ်"





"နေစမ်းပါဦးကွာ မင်းက ခုမှ ဒါတွေဘာကြောင့် လာပြောနေရတာ လဲ၊ မင်း မကျေနပ်ဘူးဆိုရင် ဟိုတုန်းကတည်းက ပြောပါလား"

"ဟိုတုန်းကတည်းက ငါက ကန့်ကွက်ရင် မင်းက နောက်ဆုတ်မှာ မို့လို့လား"

"ဒါကတော့ ငါ့သဘောနဲ့ ငါပဲကွ"

"အဲဒါ ပြောတာပေါ့ မင်းက တစ်ခါတစ်ခါ တစ်ဇွတ်ထိုး လုပ်တတ် တယ်၊ ပြီးတော့ တစ်ခါတလေ မင်း အယူအဆတွေက တစ်မျိုးကြီး ဖြစ် ဖြစ်နေတတ်တယ်။ အခု ငါပြောနေတာက မင်းနဲ့သူနဲ့ကိစ္စကို ကန့်ကွက် တာ မဟုတ်ဘူး၊ မင်းအကြောင်းကိုသိလို့ ကြိုတင် သတိပေးနေတာ"

"ကဲ မင်းက ဘာ သတိပေးချင်သလဲ"

သိန်းမင်းထွန်းတ စီးကရက်မီးညှိနေသဖြင့် ချက်ချင်း စကား မပြန်နိုင်သေး။ စီးကရက်ကို မီးညှိရှုသာ ညှိသည်။ မရှိုက်ဖွာသေးဘဲ . . .

"မင်းတို့နှစ်ယောက် ဖြစ်သွားကြတာ ငါ ဝမ်းသာပါတယ်ကွာ၊ မင်းနဲ့သူနဲ့ အရှည်သဖြင့် လက်တွဲသွားတာကိုပဲ မြင်ချင်တယ်၊ ဒါကြောင့် မင်းကို သတိပေးချင်တာပါ"

သူက ကျွန်တော့်ကို အကဲခတ်သည်။ ကျွန်တော် နားထောင်နေ ကြောင်း သိတော့မှ ဆက်ပြောသည်။

"သူက အသက်ငယ်တော့ နည်းနည်းပါးပါး ကလေးဆန်တာမျိုး မင်း စိတ်တိုင်းမကျတာမျိုး တွေ့ချင်တွေ့မယ်၊ အဲဒီအခါမျိုးမှာ မင်း သည်းခံ နိုင်ရမယ်၊ ရှင်းရှင်းပြောရရင် သူနဲ့ ဆက်ဆံတဲ့အခါမှာ မင်းဘက်က အတတ်နိုင်ဆုံး အလျှော့ပေးရမယ်၊ လူကြီးဆန်ရမယ် ဆိုပါတော့"

ကျွန်တော်က ပြုံးလိုက်သည်။ ပြီးတော့ ပြောသည်။

"မင်းက ငါ့ကို ရင့်ကျက်တယ်လို့ ပြောတယ်နော်၊ တခြား နေရာတွေမှာတော့ ဟုတ်ချင် ဟုတ်မယ်။ အချစ်နဲ့ ပတ်သက် လာရင်တော့ အလွန်တရာမှ အတွေ့အကြုံနုပါသေးတယ်။ ငါနဲ့ သူဟာ အသက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကွာပေမယ့် နှလုံးသားချင်းကတော့ ရှယ်တူ တန်းတူပါ၊ တစ်စက္ကန့်လေးတောင်မှ မကွာခြားကြပါဘူး။ ငါတို့နှစ်ယောက်ရဲ့ နှလုံးသားတွေ စပြီးချစ်ခဲ့ကြတဲ့ အချိန်မှာပဲ တစ်ပြိုင်နက်တည်း မွေးဖွားလာခဲ့ကြတာပါ၊ ရင်ချင်းဆက် အမြွာနှလုံးသားတွေပေါ့ကွာ"

ဘီယာခွက်ကို နှုတ်ခမ်းမှာ တေ့ထားသော ကိုဆွေသည် ပြုံးယောင်ယောင် ဖြစ်သွား၏။

"မင်းပြောတာ ဟုတ်တယ်သူငယ်ချင်း"

ဟု သိန်းမင်းထွန်းကပြောပြီး လက်ကမ်းပေးသည်။

ကျွန်တော်က သူ့လက်ကို ဆုပ်ကိုင်ပြီး လှုပ်ယမ်းလိုက်၏။ ထို့နောက် လက်ကျန် ဘီယာခွက်များကို ကိုင်ပြီး ပြိုင်တူမော့ချလိုက်ကြသည်။ ကိုဆွေကတော့ ဘီယာနောက်တစ်ဘူးကို လက်လှမ်းလိုက်လေ၏။

● ● ● ● ●

မင်း သူနဲ့ ဆက်ဆံတဲ့အခါ စိတ်ရှည်ရမည်။ သည်းခံ ခွင့်လွှတ်နိုင်ရမည်ဟု သိန်းမင်းထွန်းက ပြောခဲ့သည်။ ကျွန်တော်ကလည်း "ဒါတွေ ငါနားလည်ပါတယ်" ဟု ပြန်ပြောခဲ့၏။ နောက်တစ်နေ့မှာပင် သူနှင့်ပတ်သက်၍ စိတ်မရှည်နိုင်စရာအကြောင်းနှင့် ကြုံရလေတော့သည်။

ဇင်ဇင်ဇော်နှင့် ကျွန်တော်တို့၏ တရားဝင် ချစ်သူသက်တမ်းမှာ သုံးရက်သာရှိသေးသည်။ သူ့ထံမှ အဖြေရပြီး ကြားထဲမှာ ကျောင်းပိတ်ရက်တစ်ရက် ခံသွားသဖြင့် ဒီနေ့မှ ပြန်တွေ့ရမည်။

ကြားမှာ တစ်ရက်မတွေ့လိုက်ရခြင်းမှာ တော်တော် အနေရခက်လှသည်။ ဥပမာပြရလျှင် ကိုယ်အလွန်လိုချင်နေသော ပစ္စည်းတစ်ခု သွားဝယ်ရာတွင် ဆိုင်ပိတ်သွားသဖြင့် မဝယ်ခဲ့ရသလိုမျိုးပင်။ နောက်တစ်နေ့မှာ ကျိန်းသေရမည်ကို သိနေသော်လည်း တစ်ရက်စောင့်လိုက်ရသည်ကို မနေတတ် မထိုင်တတ် ဖြစ်နေသည့်သဘော။





မနေ့ကဆိုလျှင် သိန်းမင်းထွန်းတို့ဆိုင်မှာ တစ်နေ့လုံး သွားထိုင်ပြီး ဇင်ဇင်ဇော့်အကြောင်းတွေချည်း တစ်ချိန်လုံး ပြောနေမိသည်။

သိန်းမင်းထွန်းက. . . .

"ဒီအကြောင်းတွေ မင်းအရင်ကလည်း ငါ့ကို ပြောပြပြီးသားပဲ၊ ခဏခဏ ထပ်ပြောနေတော့ နားငြီးလာပြီ၊ မင်းပြောတာ နားထောင်ရတာ ကြည့်ပြီးသား ဇာတ်ကားကို ပြန်ကြည့်ရသလိုပဲ ဘယ်နေရာမှာ ဘာဖြစ်မယ်ဆိုတာ သိပြီးနေပြီ စိတ်မဝင်စားတော့ဘူး"

ဟုဆိုသည်။ ကျွန်တော်က. . . .

"ဘယ်နှစ်ခါ ကြည့်ကြည့်မရိုးနိုင်တဲ့ ဂန္ထဝင်မြောက် ဇာတ်ကားမဟာကြီးလို့ သဘောထားပေါ့ကွာ"

ဟု ပြန်ပြောခဲ့ရ၏။

မနက်အစောကြီးကတည်းက ဇင်ဇင်ဇော်တို့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေသည်။ ကျွန်တော်သည် ဆိုင်ရှင် လင်မယားနှင့် အတော်ရင်းနှီးနေပြီ။ ဇင်ဇင်ဇော်တို့၏ မိသားစုအကြောင်းကို သူတို့ထံမှ အတော်များများ သိခဲ့ရခြင်းဖြစ်သည်။ သူတို့ကိုလည်း ကျွန်တော်နှင့် ဇင်ဇင်ဇော်တို့အကြောင်း ပြောပြထား၏။

"မင်းလာတာ နည်းနည်းစောနေတယ်ကွ၊ သူက ဒီအချိန် ထွက်မလာတတ်သေးဘူး"

ဟု ဆိုင်ရှင် ကိုမျိုးမြင့်က ပြောသည်။ သူ့မိန်းမ မထားကလည်း

"ဟုတ်တယ် ကျောင်းကားတောင် မလာသေးဘူး"

"ဟင် သူက ခုကျောင်းကားနဲ့ သွားနေပြီလား"

"ဟုတ်ပါဘူး၊ ကျောင်းကားဆိုတာက ကလေးတွေကြိုတဲ့ ကားကို ပြောတာပါ၊ သူက ကျောင်းကားသွားပြီးချိန်လောက်မှ ထွက်ထွက်လာတတ်တာ၊ သတိထားမိလို့"

သူတို့ဆိုင်မှာ နာရီဝက်လောက် ထိုင်စောင့်နေရသည်။ လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်သောက်ဦးမလားဟု မေးသော်လည်း မသောက်တော့ဘူးဟု ပြန်ပြောလိုက်သည်။ ဇင်ဇင်ဇော်နှင့်အတူ ကျောင်းရောက်လျှင် စားသောက်ဆိုင်ထိုင်မည်ဟု စိတ်ကူးသောကြောင့် ဖြစ်၏။

မထားပြောသည့်အတိုင်းပင် တုလေးတွေ ကျောင်းကြိုကားထွက်သွားပြီး ငါးမိနစ်လောက်အကြာတွင် သူထွက်လာသည်။ ကျွန်တော်လည်း သူရောက်အလာကို မစောင့်တော့ဘဲ ရှေ့မှ ကြိုတင်ထွက်လာခဲ့သည်။ သူတို့လမ်းထဲမှာဖြစ်၍ သူနှင့်ကျွန်တော် အဆက်အသွယ် မရှိသလို နေသင့်သည် ထင်သောကြောင့်ပင်။

ကားမှတ်တိုင် ရောက်တော့လည်း တစ်ယောက်နှင့်တစ်ယောက် မသိမသာ ပြုံးပြနှုတ်ဆက်ရုံသာပြု၍ ခပ်ခွာခွာ နေလိုက်ကြ၏။

လေးဆယ့်ခုနစ် အမြန်ကားတစ်စီး ဆိုက်လာသည်။ အဆင့်သင့်စွာပင် လူနှစ်ယောက် ဆင်းသဖြင့် အလယ်ခုံနှစ်နေရာ လွတ်သွား၏။ သူ အရင်တက်သည်။ နောက်က ကျွန်တော်လိုက်တက်မည် အပြုတွင် မိန်းမကြီးတစ်ယောက်က ကျွန်တော့်ကို တွန်းဖယ်ပြီး တက်ထိုင်လိုက်၏။ ထိုင်ခုံပြည့်သွားပြီ၊ တွယ်လိုက်ရပေတော့မည်။ သံတန်းကို အကိုင်တွင်. .

"သံယောဇဉ် ဖြတ်မှ ဖြစ်မယ်"

စပယ်ယာက ပြောသည်။ ကျွန်တော်က. . .

"ဟာ ရပါတယ်"

"ထွက်လို့ မရဘူးဗျ၊ လှည့်ကင်းရှိတယ်၊ နင်းထားဆရာရေ့"

ကားက ဝူးခနဲ ဆောင့်ထွက်သွား၏၊ ကျွန်တော် ယောင်နန ကျန်ရစ်ခဲ့လေသည်။

ပျာသွားပြီ။ ဘာလုပ်ရပါ့မလဲ။ နောက်ကားတစ်စင်း အလာကို စောင့်လျှင် အနည်းဆုံး ငါးမိနစ် ဆယ်မိနစ် ကြာမည်။ လာသည့်တိုင် ထိုင်ခုံအပြည့်ပါလာလျှင် လိုက်လို့ရမည်မဟုတ်။





လေးသီးသန့်ကားတစ်စင်း ဝင်ရပ်သည်။ လူကျပ်သော်လည်း တက်လို့ရသေးသည်။ ကျွန်တော် ကြံရာမရဘဲ ယောင်ကြောင်၍ တက်လိုက်မိသည်။ ပြီးမှ သတိရ၏။ ဒီကားက သူတို့ကျောင်းဘက် မရောက်။ စိန်ပေါ် မှတ်တိုင်မှာဆင်းပြီး ကားတစ်ဆင့် ထပ်စီးရဦးမည်။ ပြီးတော့ ဒီကားကြီးတွေက ခုချိန်ဆို မှတ်တိုင်စေ့ရပ်ပြီး လူတင်လိမ့်မည်။ သူစီးသွားသော ကားလေးကတော့ ထိုင်ခုံပြည့်ပြီဖြစ်၍ ဆင်းမည့်သူ မရှိမချင်း လှစ်ခနဲ လှစ်ခနဲနေအောင် မြေးနေမည် မုချအမှန်။

သီးသန့်ကားပေါ်က စိတ်ပျက်စွာ ပြန်ဆင်းလိုက်ရသည်။ ထိုစဉ်မှာပင် သုံးဘီးကား အလွတ်တစ်စင်း လာနေသည်ကို တွေ့လိုက်၏။ လက်က အလိုလို တားပြီးသား ဖြစ်နေသည်။ ကားရပ်၏။

"ဗိုလ်တထောင်ကောလိပ်"

ဟု ပြောလိုက်သည်။ ကားဆရာက ဇဝေဇဝါ ဖြစ်နသည်။

"ဗိုလ်တထောင် ဘုရားနားဗျာ"

ထိုအခါကျမှ. . .

"တစ်ဆယ်"

ဟုပြောသည်။ ဈေးဆစ်မနေတော့ဘဲ ရှေ့ခန်းမှာ ဝင်ထိုင်ရင်း မြန်မြန်မောင်းပေးပါဟု ပြောရသည်။

ကားစထွက်ကတည်းက ကျွန်တော် မှားပြီဖြစ်ကြောင်းကို သိလိုက်ရသည်။ သုံးဘီးကားက လူနှစ်ယောက်တည်းကိုပင် တဂီးဂီး ရှန်းကာန်သယ်ဆောင်နေရသည်။ ဒီကြားထဲ ကားနှင့်အပြိုင် စုတ်ချာအိုမင်းနေသော ကားဆရာကြီးက စကားတပြောပြောနှင့် ခပ်အေးအေး မောင်းနေလိုက်သေးသည်။

ဓာတ်ဆီ အခက်အခဲကြောင့် ကားဆွဲရတာ ဟန်မကျသည့်အကြောင်း၊ ကားပိုင်ရှင်က သဘောကောင်း၍ တော်သေးကြောင်း မနေ့ညက အမြန်ကားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်၍ လူသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



သေသွားကြောင်း။

"မြန်မြန် မောင်းပါဗျ"

ကျွန်တော် စိတ်မရှည်နိုင်ဘဲ ထပ်ပြောသည်။

"ဒီထက်မြန်ရင် ကားတစ်စီး ဖြစ်ကုန်လိမ့်မယ်၊ လမ်းတွေက အားကြီးဆိုးတာကွ"

"လမ်းဆိုးတာထက် ကားစုတ်တာက ပိုဆိုးတယ်"

ကျွန်တော်က စိတ်ပေါက်ပေါက်နှင့် ပြောလိုက်ရာ. . . .

"အမယ် ဒါတောင် ဒီကားကို ငါးသောင်းနှစ်ထောင်နဲ့ လာဝယ်နေတာကွ သိရဲ့လား"

"ကျွန်တော်ဆိုရင် ငါးဆယ်တောင် မပေးဘူး"

သူက စိတ်မဆိုးဘဲ တဟားဟား ရယ်၍. . . .

"ဦးလေး ဖြတ်လမ်းက မောင်းပေးပါ့မယ်ကွာ"

ဟု ပြောသဖြင့် ကျွန်တော် အားတက်သွားမိပြန်သည်။ လိုင်းကားများ သွားသည့်လမ်းရိုးအတိုင်း မသွားဘဲ ဟိုလမ်းဖြတ် ဒီလမ်းကျော်နှင့် လာခဲ့ပြီး ကန်တော်ကြီးစောင်းဘက်မှဆင်း၍ သိမ်ဖြူလမ်းပေါ် ပြန်ရောက်လာသည်။

လေးဆယ့်ခုနစ် ကားတစ်စင်း နောက်မှ လိုက်လာသည်ကို တွေ့ရ၏။ ကျွန်တော်တို့က ဖြတ်လမ်းမှလာသဖြင့် သူစီးသွားသောကား၏ ရှေ့က ကြိုရောက်နေတာလားဟု မျှော်လင့်ချက်ကလေး ဝင်လာ၏။

ထိုကားက ကျော်တက်၏။ နောက်ဘက်မှ ပါလာသော သူများထဲမှ ရှာကြည့်သည်။ သူမပါ၊ သူစီးလာသော ကားမဟုတ်။ ကျွန်တော်တို့ကားကို ကျော်တက်ပြီး အပြတ်အသတ် ချန်ထားရစ်ခဲ့သည်။ လူက အချောင်ကြီး။

ကျွန်တော်သည် ငါးမူးနှင့် ပြီးရမည့်ကိစ္စကို ငွေတစ်ဆယ် အလဟဿ ကုန်လိုက်ရလေပြီ။ သူ့ကိုမီဖို့ မမျှော်လင့်တော့၊ စိတ်တုံး





ဝဲ့ချ၍ ရောက်ချင်တဲ့အချိန် ရောက်ပေလေစေဟု သဘောထားလိုက်ရတော့၏။

ကားဆရာကြီးကတော့

"လမ်းကောင်းသွားတော့လည်း ကားလေးက ဆွဲသားနော်" ဆိုပြီး လေကလေး တချွန်ချွန် လုပ်နေသေးသည်။

ကမ်းနားလမ်းပေါ် အရောက်တွင် တစ်ခု သွားသတိရ၏။ သူသည် ကားပေါ်ကဆင်းပြီး ကျွန်တော့်ကို မှတ်တိုင်မှာ စောင့်ချင် စောင့်နေလိမ့်မည်။ သို့ရာတွင် မှတ်တိုင်မှာ သူမရှိ။

စောင့်နေသင့်တယ်ဟု ထပ်တွေးလိုက်မိပြန်သည်။ တစ်ဆက်တည်းမှာပင် သူစောင့်တော့ စောင့်မှာပါလေ၊ သိပ်ကြာနေလို့ လိုက်မလာနိုင်ဘူးထင်ပြီး ကျောင်းသွားတက်တာ ဖြစ်မှာပါဟု ခွင့်လွှတ်လိုက်ပြန်၏။

ကားကို ကျောင်းရှေ့ မောင်းခိုင်းသည်။ ကားပေါ်ကဆင်းပြီး ကျောင်းထဲ ဝင်ခဲ့သည်။ သူတို့ အတန်းရှိရာသို့ သွားသည်။ သူ့ကို စာသင်ခန်းထဲမှာ တွေ့ရသည်။ အတန်း မပြီးသေး။ သူက ကျွန်တော့်ကို မမြင်ချေ။ ဆရာ စာသင်နေသည်ကိုသာ ငေးစိုက်ကြည့်နေသည်။

သူ့ဘေးမှာထိုင်သော မျိုးသာကီနွယ်က လက်ကုတ်ပြီးပြမှ သူ ကျွန်တော့်ကို ကြည့်သည်။ ပြုံး၍ နှုတ်ဆက်ပြီး ဆရာ့ဘက် ပြန်လှည့်သွား၏။ ဆရာ့အလစ်တွင် တချက်တချက် ခိုးကြည့်သည်။

အတန်းလွှတ်သည်။ ကျောင်းသူ ကျောင်းသားအချို့ အပြင်ထွက်ကြသည်။ အများစုကတော့ ဆက်ထိုင်နေသည်။ နောက်ထပ် အတန်းချိန်တွေ ရှိသေးသည်ထင်၏။

သူလည်း လွယ်အိတ်ထဲကို စာအုပ်တွေထည့်ပြီး ထရပ်မည်ပြု၏။ မျိုးသာကီနွယ်က လွယ်အိတ်ကိုဖမ်းဆွဲပြီး တစ်စုံတစ်ခု ပြောသည်။ သူ ကျွန်တော့်ကို လှမ်းကြည့်၍ပြုံးပြီး လက်ကာပြသည်၊ ပြန်ထိုင်၏။

ဆရာမ အတန်းထဲ ဝင်လာသည်။ ဒီအချိန်လည်း သူဆက်တက်



www.burmeseclassic.com

www.burmeseclassic.com



မည်မှာ သေချာသွားသည်။ ဆရာမက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်၏။ အတန်းထဲ ဝင်မထိုင်ဘဲ လစ်ပြေးမည့် ကျောင်းသားတစ်ယောက်ဟု ထင်သွားသလားမသိ။ သို့မဟုတ်လျှင်လည်း ခုလို အတန်းအေးမှာ လာရပ်နေတာ မကြိုက်ခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ တခြား ကျောင်းသူတွေကလည်း ကျွန်တော့်ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြ၏။

ကျွန်တော်လည်း ဒီအတိုင်း ရပ်နေတာ ကြောင်တောင်တောင် ဖြစ်လာသည်။ အကြောင်း သက်သာအောင် ဆေးလိပ်သောက်နေမည် ကြသော်လည်း ဆေးလိပ် ပါမလာခဲ့ပေ။

ထို့ကြောင့် သူတစ်ချက် လှမ်းအကြည့်တွင် အောက်ထပ်ကို လက်ညှိုးထိုးပြပြီး ဆင်းလာခဲ့သည်။

ကျွန်တော်သည် ကျောင်းထဲမှ ခပ်ကြောင်ကြောင် မဖြစ်ရအောင် လွယ်အိတ် လွယ်လာခဲ့သည်။ ကျွန်တော့်ပုံစံက ဆယ်တန်းကို သုံးလေးနှစ်ဖြေပြီးမှ အောင်လာခဲ့သော ကျောင်းသားကြီးလို ဖြစ်နေမည်ထင်သည်။ ဒီက ကျောင်းသားတွေကြားမှာ ထင်းထင်းကြီး ကွဲပြားနေတာမျိုးတော့ မဟုတ်။

တစ်ခုရှိတာက ကျွန်တော်တို့တုန်းကနှင့် ခုကျောင်းသားတွေ ကျောင်းတက်ရပုံ မတူခြင်းပင် ဖြစ်သည်။ ကျွန်တော်တို့ တက်ခဲ့ရသော ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်မှာက ကျောင်းချိန်အတွင်း အတန်းထဲမှာရော အပြင်မှာပါ ကျောင်းသား၊ ကျောင်းသူတွေ ရှိနေတတ်သည်။ ဘာသာရပ်တွေကများ၊ အတန်းခွဲတွေကများ၊ ကျောင်းသားတွေက များသဖြင့် ကျောင်းချိန်မှာ အတန်းပြင်ရောက်နေသော ကျောင်းသားတစ်ယောက်သည် ဘာမျှ ထူးခြားမှုမရှိ။

ဒီမှာကျတော့ ကျောင်းပရိဝုဏ်က ကျဉ်းသည်။ ပြီးတော့ အတန်းတက်ချိန်ဆိုလျှင် ကျောင်းသား၊ ကျောင်းသူ အားလုံးလိုလို အတန်းတွေထဲ ရောက်နေတတ်သည်။ ထိုအချိန်မျိုး ဝရန်တာစင်္ကြံမှာ ရပ်နေလျှင်





ထီးတည်းကြီး ဖြစ်နေလိမ့်မည်။

သို့ဖြစ်၍ စားသောက်ဆိုင်တန်းမှာ သွားထိုင်ပြီး လက်ဖက်ရည်သောက်၊ ဆေးလိပ်ဖွာရင်း စောင့်နေ၏။ အတန်းချိန် ပြီးသောက်တော့မှ အပေါ်ထပ် ပြန်တက်ခဲ့ည်။

လှေကားအတွေ့မှာ သူတို့နှင့်ဆုံသည်။ မှန်၏။ သူတစ်ယောက်တည်း မဟုတ်။ မျိုးသာကိုနွယ်တို့ ညီအစ်မပါ ပါလာသည်။

"ဘယ်သွားကြမလို့လဲ"

ဟု မေးလိုက်ရသည်။

"ကင်တင်း သွားမလို့လေ၊ လိုက်ခဲ့ပါ"

ဇင်ဇင်ဇော်က ပြန်ပြောသည်။ မတတ်သာသဖြင့် ကျွန်တော် လိုက်သွားရ၏။ စိတ်ထဲကတော့ သိပ် မကျေနပ်။ ကျွန်တော် လာတာက သူနှင့် နှစ်ယောက်တည်း တွေ့ရန်။ ခုတော့ သူ့ သူငယ်ချင်းတွေပါ ကပ်ပါလာသည်။

တကယ်ဆိုလျှင် ခုလို နေ့မျိုးမှာ နှစ်ယောက်တည်းသာ တွေ့ခွင့်ပေးဖို့ကောင်းသည်။ သူ့ သူငယ်ချင်းတွေကလည်း နားလည်မှု ရှိသင့်သည်။ ခုမှတော့ ဘာမှမတတ်နိုင်ချေ။

စားသောက်ဆိုင်မှာ ထိုင်ကြသည်။ စားစရာ သောက်စရာများ မှာကြသည်။ ကျွန်တော်လည်း ဒီအတိုင်း ထိုင်နေလျှင် ကြောင်တက်တက် ဖြစ်နေမည်စိုး၍ ဒုတိယမွှ လက်ဖက်ရည်တစ်ခွက်ကို မှာသောက်လိုက်ရပြန်သည်။

သို့တိုင်အောင် ကြောင်တာကတော့ ကြောင်တာပါပဲ။ အကြောင်းမှာ ကျွန်တော့်ကို ရှေ့ထားပြီး သူတို့ သုံးယောက်စကားတွေ ဖောင်လောက်အောင် ပြောကြသည်။ ထုံးစံအတိုင်း ဇင်ဇင်ဇော်က သိပ်ပြောရခြင်း မဟုတ်။ ဟို အာကျယ် ညီအစ်မက စက်သေနတ်လို အဆက်မပြတ် ပြောကြခြင်း ဖြစ်သည်။ ဇင်ဇင်ဇော်က သူတို့ပြောတာကို ခေါင်းညိတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းတလေ ဝင်ထောက်လိုက် လုပ်နေရသဖြင့် ကျွန်တော့်ဘက် မလှည့်အားချေ။

ကျွန်တော်ကတော့ မကျေနပ်နိုင်သော်လည်း ဘာမျှမတတ်နိုင်သောကြောင့် ငုတ်တုတ်ပင် ထိုင်နေရသည်။ စိတ်ရှုပ်ရမည်၊ သည်းခံရမည်ဟု သိန်းမင်းထွန်းက မှာထားသည် မဟုတ်လား။

ကြာတော့ သူတို့ စကားဝိုင်းကို လျစ်လျူရှုပြီး နံရံပေါ်က ပြက္ခဒိန်များ၊ အလှရိုက်ပုံများကိုသာ ကြည့်နေလိုက်ရတော့သည်။ ထိုပုံများထဲက လူများနှင့် ကျွန်တော်သည် ဘာမျှမထူး။ စားသောက်ပြီးကြတော့ ယောကျ်ားလေးဖြစ်သော ကျွန်တော်ကပင် ငွေရှင်းလိုက်ရသည်။ ဆယ့်ငါးကျပ် နီးပါး။ ဒီနေ့အဖို့ ငွေသာ အတော်များများ ကုန်ပြီး ဘာမျှ အကျိုးမရှိခဲ့ချေ။

အတန်းရှိရာသို့ ပြန်တက်ခါနီး ဟိုနှစ်ယောက် အချဉ်ထုပ်ဝယ်နေသော အချိန်ကျမှပင် တက်သုတ်ရိုက်၍ စကားအနည်းငယ် ပြောကြရသည်။

"မနက်က အိမ်နားမှာ ဘာဖြစ်လို့ လာစောင့်နေရတာလဲ" သူ မေးသည်။

"တွေ့ချင်လို့ပေါ့"

ကျွန်တော်က ဖြေသည်။

"ကျောင်းမှာ လာတွေ့လည်း ရသားပဲ"

"ခုလို တွေ့ရတာမျိုးကတော့"

ကျွန်တော် စကားမဆက်ဖြစ်လိုက်။ မျိုးသာကီနွယ်တို့ အချဉ်ထုပ်ဝယ်ပြီးသွားသဖြင့် ကျွန်တော့်တို့ဆီ လျှောက်လာနေကြသောကြောင့် ဖြစ်သည်။ အရေးကြီးသော စကားကိုသာ အမြန်ပြောရ၏။

"ကျောင်းဆင်းရင် စောင့်နေရမလား"

"မစောင့်နဲ့။ သူတို့အိမ်ကို လိုက်လည်ကြမလို့တဲ့"





"ဒါဆို နက်ဖြန်ကော"

"အိမ်နားတော့ လာမစောင့်နဲ့၊ ကျောင်းမှတ်တိုင်ကပဲစောင့်၊ နည်းနည်းစောလာခဲ့မယ်"

"ဘယ်နှနာရီလဲ"

"ခုနစ်နာရီ"

အာကျယ်ညီအစ်မနှင့် မတော်တဆ မဆုံမိအောင် တခြားမှတ်တိုင် တစ်ခုခုက စောင့်ဖို့ပြောမည် ကြံသည်၊ မပြောဖြစ် ဟိုနှစ်ယောက် အနားရောက်လာသောကြောင့်ဖြစ်၏။ ထို့ကြောင့် . . .

"ကဲ သွားဦးမယ်၊ အားလုံးပဲ"

ဟု နှုတ်ဆက်ပြီး ထွက်လာသည်။

ကျွန်တော်တို့ နှစ်ယောက်၏ ချစ်သူဘဝ ပထမဆုံး တွေ့ဆုံခန်းသည် မစွံလှချေ။ စိတ်ဝင်စားဖွယ် မကောင်း။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## [၄]

"စောင့်နေတာ ကြာပြီလား"

ဟု သူက မေးသည်။ ကျွန်တော်က. . . .

"ခြောက်နာရီခွဲလောက်ကပဲ"

"ဟင် အကြာကြီး စောင့်နေရတာပေါ့၊ ခုနစ်နာရီ လာမယ်လို့ ပြောထားသားနဲ့"

"ယောက်ျားလေးဆိုတာက ကြိုတင်ပြီး ရောက်နေရတယ်လေ"

"ဩော် ခုလို ကြိုတင်ပြီး လာရတယ်ဆိုတာ သိနေတယ်ဆိုတော့ အရင်ကလည်း စောင့်ဖူးလို့ပေါ့ ဟုတ်လား"

"စောင့်ဖူးတာပေါ့"

"ဘယ်နှယောက်လဲ"

"တစ်ယောက်တည်းပါ"

"ပြော ဘယ်သူလဲ၊ ပြော"

"ဇင်ဇင်လေး ဟိုအရင်ကတည်းက ဇင်ဇင့်ကို လာ လာ စောင့်နေရတာပဲဟာ"





"လုပ်မနေနဲ့ အရင်က သူ့မှာရှိခဲ့ဖူးတယ် မဟုတ်လား"

"ရှိတာပေါ့ ဟိုဘဝကလေ၊ အင်း ဟိုဘဝကဆိုတာ ဖောင်မှ အဲဒီသူဟာ ဇင်ဇင်ပဲဖြစ်မှာပါ၊ ဟိုဘဝတုန်းက ဘုရားမှာ ဆုတောင်းခဲ့ကြလို့ ဒီဘဝမှာ ရေစက်လာဆုံတာပေါ့"

သူက ကျေနပ်စွာ ပြုံးသည်။

ကျွန်တော့်ကိုယ် ကျွန်တော်လည်း အံ့ဩရသည်။ ဒီနေ့ သူနှင့်တွေ့လျှင် မနေ့ကကိစ္စကို ပြောမည်။ ချစ်သူချင်း အေးအေးဆေးဆေး စကားမပြောရပဲ သူငယ်ချင်းတွေက ကန့်လန့်ပါလာတာကို မကျေနပ်ကြောင်း ပြောမည်ဟု စဉ်းစားလာ၏။ သူနှင့် ဆုံဆုံချင်း မျက်နှာထားကို ခပ်တည်တည်နေမည်။ သူက ဘာဖြစ်လို့လဲ ဇင့်ကို မကျေနပ်တာများရှိလားဟု မေးတော့မှ ဖွင့်ပြောမည်ဟု စိတ်ကူးလာခဲ့၏။

တကယ်တမ်းကျတော့ ဒီလို မဟုတ်ပြီ၊ သူ ကားပေါ်က ဆင်းလာသည်ကိုမြင်လျှင် မြင်ချင်းမှာပင် နှုတ်ခမ်းများကို မထိန်းချုပ်နိုင်ဘဲ ပြုံးပြမိသည်။ ပြီးတော့ သူကျေနပ် ပျော်ရွှင်စေမည့် စကားမျိုးတွေ ပြောမိပြန်၏။

သူကသာ မနေ့က အကြောင်းကို အစဖော်သည်. . .

"မနေ့က သိပ်အားနာဖို့ ကောင်းတာပဲ"

"ဘယ်သူ့ကိုလဲ"

"သူ့ကိုပေါ့"

"ဘာဖြစ်လို့လဲ ပြောပါဦး"

"ကင်တင်းကို မျိုးသာကီတို့ လိုက်လာတယ် မဟုတ်လား။ သူနဲ့ အေးအေးဆေးဆေး စကားမပြောရဘူးပေါ့၊ သူတို့က သက်သက်မဲ့ လိုက်နှောက်တာ သိလား၊ ဇင်က အောက်ခဏဆင်းဦးမယ်လို့ ပြောတော့ သူတို့က သိသိကြီးနဲ့ ဘယ်သွားမှာလဲတဲ့၊ အအေး သွားသောက်မလို့ပါဆိုတော့ သူတို့လည်း လိုက်မယ်ဆိုပြီး အတင်းလိုက်တာပဲ၊ အဲဒါကြောင့် ဒီနေ့ စောစောလာခဲ့ဖို့ မှာတာ၊ တော်ကြာ သူတို့နဲ့ တိုးနေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ရှင်းလင်းချက်ကို ကျွန်တော် လက်ခံသည်။ မနေ့က ဖြစ်ပေါ်ခဲ့သော မကျေနပ်မှုများသည် ဘယ်ဆီသို့ ရောက်ရှိသွားပြီလဲမသိ။ သူ့အပေါ် လုံးဝကျေလည်သွားပြီ။

ကျွန်တော်တို့နှစ်ယောက်သည် ကားမှတ်တိုင်မှာရပ်ပြီး စကားပြောနေကြခြင်း ဖြစ်သည်။ နည်းနည်းတော့ အချိန်လင့်သွားပြီ။ ဒီနေရာက အန္တရာယ်မကင်း။ ဟို အာကျယ်မလေးတွေနှင့် စက်ကွင်းမလွတ်နိုင်။ မတော်တဆ ရုတ်တရက် သူတို့ရောက်လာပြီး မနေ့ကလို စတန်းတန်းလိုက်နေလျှင် ခက်မည်။ ဒီနေရာက အမြန်ဆုံးရွှေ့မှ။

"လက်ဖက်ရည်ဆိုင် သွားရအောင်"

ဟု ကျွန်တော်က ပြောလိုက်သည်။ သူ နည်းနည်းပြုံး၏။ ပြီးတော့ သွားလေဟု ပြန်ပြောသည်။

ဟိုးအရင် သူ့ကို ကျွန်တော် စာပေးဖြစ်ခဲ့သော လက်ဖက်ရည်ဆိုင်ကိုပင် သွားကြသည်။ ကံအားလျော်စွာ ဆိုင်မှာ လူနည်းနည်းရှင်းသည်။ အောက်ဆုံးက စားပွဲလည်း လွတ်နေသဖြင့် ဝင်ထိုင်ကြသည်။ ကျွန်တော့်အတွက်က လက်ဖက်ရည် သူ့အတွက် ကော်ဖီမှာသည်။

"မုန့်စားလေ မဆာဘူးလား"

"အိမ်မှာတော့ စားလာသေးတယ်၊ ပေါင်မုန့် ထောပတ်သုတ်"

"တစ်ခုခုတော့ ထပ်စားပါဦး၊ ဒီလောက်ဆို အစာကြေ သွားလောက်ပါပြီ"

"ခုချိန်မှာတော့ စေတနာ ရှိနေသေးတာပေါ့လေ"

"နောက်တော့ ဘာဖြစ်လဲ"

"နောက်ကျတော့ စားလွန်းလို့ ဗိုက်ဆံကုန်တယ် ဘာတယ် မလုပ်နဲ့နော်"

"ကိုယ့်စေတနာက တစ်သက်လုံး တစ်ပြားမှ မလျော့စေရဘူး"

"စားချင်တာစား ကျွေးမှာပဲပေါ့"





"အင်းပေါ့ ကျွေးမှာပဲ"

သူကရယ်၍. . . .

"ဇင် စားချင်တိုင်း သူကကျွေး၊ ဇင်ကလည်း နင်းကန်စားရင် မမသော်ပုံမျိုးကြီး ဖြစ်လာရင်ကော"

မမသော် ဆိုသည်မှာ သူ့အစ်မ သင်းသင်းသော် ဖြစ်သည်။ ကျွန်တော်နှင့် မဆုံဖူးသေးသော်လည်း ကျွန်တော်ကတော့ သူ့ကို မြင်ဖူးနေသည်။ ဇင်ဇင်ဇော်ကို မြင်ရမလားဟု သူတို့အိမ်ရှေ့က ဖြတ်အလျှောက်တွင် ရုံးသွားရန် ထွက်လာသော သင်းသင်းသော်ကို မြင်ရခြင်းပင်။ ကျွန်တော်တို့ အရွယ်လောက်ပင် ရှိမည်။ နည်းနည်းဝပြီး ပုံပျက်ခါစဖြစ်နေ၏။

ဇင်ဇင်ဇော်သည်လည်း ကလေးတစ်ယောက်လောက် မွေးပြီးလျှင် သူလိုပဲ ဝတုတ်ကြီး ဖြစ်လာလေမလားဟု စိုးရိမ်လိုက်ရသော်လည်း သူ့ပုံစံကား နောက်ထဲ ဆယ့်ငါးနှစ်လောက် ကြာတောင် ထူးထူးခြားခြား ပုံပျက်သွားလိမ့်မည် မဟုတ်ဟု ယူဆဖွယ် ရှိပါ၏။

"ကဲပါလေ မုန့်လေးတစ်ခုလောက် စားဖို့အရေး ဒီလောက်တောင် ပြောနေရတာ မကောင်းပါဘူး စားပါ"

ကျွန်တော်က မုန့်ပန်းကန်ထဲမှ အီကလဲယားတစ်ခုယူ၍ သူ့ကို လှမ်းပေးရင်း. . . .

"ဒီမုန့်တစ်ခုလောက်နဲ့တော့ ချက်ချင်းကြီး ဝလာမှာ မဟုတ်သေးပါဘူး"

သူသည် မုန့်ကိုယူ၍ တစ်ကိုက်ကိုက်သည်။ ပြီးတော့ မေးသည်။

"ဒီမုန့်ကို ပေးတာက တမင်ရွေးပေးတာလား၊ အဆင်သင့်တာ တစ်ခုကို ယူပေးလိုက်တာလား"

"ဘာဖြစ်လို့ မေးတာလဲ"

"အီကလဲယားက ဇင် သိပ်ကြိုက်တဲ့မုန့်မို့လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တမင် ရွေးပေးတာရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဇင်ဇင် ကြိုက်မယ်ထင်လို့"

သူ ဘာကြိုက်တတ်သည်ကို ကျွန်တော်က ကြိုတင်ခန့်မှန်းတတ်သည်ဟု ကျေနပ်သွားမည့် အမှန်။

"သူကကော မကြိုက်ဘူးလား"

သူက မေးသဖြင့်. . . .

"ဟာ ကြိုက်တာပေါ့"

ဆိုပြီး အီကလဲယားတစ်ခုကို ယူစားလိုက်ရသည်။ အမှန်ကတော့ ဟိုဘက် ပန်းကန်ထဲက ပေါက်စီ ပူပူနွေးနွေးကို အုပ်မလို့ ကြံစည်နေတာ။

သူကကော ဒီမုန့်ကို တကယ် မကြိုက်ဘဲနှင့် ကျွန်တော် ယူပေးတာမို့လို့ ကြိုက်လှချည်ရဲ့ဟု ညာပြောတာလား တွေးမိသေးသည်။ သူ့ကို ကြည့်သောအခါ မုန့်ကို တကယ်ပင် နှစ်နှစ်ခြိုက်ခြိုက် စားနေသည်ကို တွေ့ရ၏။ မုန့်တစ်ခု ကုန်သောအခါ. . . .

"တစ်ခုလောက် ထပ်ယူပါဦးလား"

သူ ခေါင်းခါသည်။

"တော်ပါပြီ ဒီလောက်တော့ အစား မပုပ်သေးပါဘူးနော်"

ထို့နောက် သူ ကော်ဖီသောက်၏။ ထိုအချိန်တွင် သူ့ကို မေ့စေ့စပ်စပ် ကြည့်ခွင့်ရသည်။

သူ့အသားမှာ ရုတ်တရက်ကြည့်လိုက်လျှင် သိပ်မဖြူဘူးဟု ထင်ရသယောင် ရှိသည်။ ခု သေသေချာချာ ကြည့်တော့မှ ညိုတာလည်း မဟုတ်၊ ဖြူတာလည်း မဟုတ်၊ ဝါညက်နေခြင်း ဖြစ်ကြောင်း တွေ့ရသည်။

သူ့ပါးပြင်ကလေးသည် နှင်းသီး မျက်နှာပြင်လို တင်းတင်း မွတ်မွတ်ကလေး ဖြစ်သည်။ သွေးကြောကလေးတွေ ယှက်သန်းနေသည်ကို တွေ့ရ၏။ နှုတ်ခမ်းကို ရဲနေအောင် ဆိုးထားသဖြင့် ဆေးဆိုးထားသော သစ္စာပန်းဖူးကလေးနှင့် တူနေသည်။ မျက်တောင်ခတ်လိုက်လျှင် သူ့





မျက်လုံးတွေက စာတ်ပုံ ကင်မရာမှ လျှပ်တစ်ပြက်မီးလို တဖျပ်ဖျပ်။ လည်တိုင်ကား ကြောရှင်းကြည်လင်နေသဖြင့် ကော်ဖီသောက်လျှင် မြင်ရမလောက်ပင်။

ရှုံ့ပတီသီးကို အင်္ဂလိပ်လို 'လေဒီစ်ဖင်းဂါး' ဟု ခေါ်သည်။ တိုက်ရိုက်အနက်ကား 'အပျိုလက်ချောင်းကလေး' ဟူ၏။ သူ့ လက်ချောင်းကလေးများကို ရှုံ့ပတီသီး နုနုကလေးတွေနှင့် တင်စားလျှင် ရမည်ထင်သည်။ စိမ်းရွှေရောင် မွေးညင်းနုနုကလေးတွေနှင့်။ ပို၍ ကဲပြီးပြောရလျှင် ရှုံ့ပတီသီး နုနုကလေးထိပ်မှာ ချဉ်ပေါင်ဖူး ပွင့်ဖတ်ကလေးတွေ ကပ်ထားသည်နှင့် တူ၏။ လက်ဆယ်ချောင်းစလုံးမှာ လက်သည်းရှည်ထား၍ ရဲရဲနီအောင် ဆေးဆိုးထားတာကိုလေ။

ထိုအလှအပတွေ အားလုံးကိုခြုံ၍ အဓိက ပံ့ပိုးပေးထားသော အရာတစ်ခုရှိသည်။

ထိုအရာကား 'ငယ်ဂုဏ်' ပင် ဖြစ်သည်။

"ဘာကြည့်တာလဲ"

သူကမေးသည်. . . .

"လှလို့ ကြည့်တာပေါ့"

"မကြည့်နဲ့"

"မကြည့်စေချင်ရင် မလှနဲ့ပေါ့"

သူက လိမ္မော်ရောင် လက်ကိုင်ပဝါကလေးကို ထိပ်နှစ်ဘက်မှ လက်ညှိုးလက်မဖြင့် ညှပ်ကိုင်ပြီး သူ့ မျက်နှာရှေ့မှာ ကာလိုက်သည်။

ကျွန်တော်သည် စပိန်နွားရိုင်းသတ်ပွဲများတွင် နွားရိုင်းကို စိတ်ထလာအောင် ပဝါအနီစဖြင့် ပြ၍ပြ၍ ဆွပေးရသည့် မြင်ကွင်းကို မြင်ယောင်မိလေသည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

## [၅]

ကိုဆွေသည် မီးဖိုချောင်ထဲမှာ ချွေးတလုံးလုံးဖြင့် အလုပ်များနေသည်။ ဒီနေ့ အမဲကျောက်ကပ် ရသဖြင့် သူကိုယ်တိုင် စိတ်ကြိုက် ချက်နေခြင်း ဖြစ်သည်။ ဟိုတစ်နေ့က စကားကြုံသဖြင့်. . .

"ကိုဆွေ့လက်ရာ မစားရတာကြာပြီ၊ သဘော်ပြန် မထွက်ခွင် တစ်ရက်လောက် ချက်ကျွေးစမ်းပါဦး"

ဟု ကျွန်တော်ပြောသဖြင့် ချက်ကျွေးခြင်းလည်း ဖြစ်၏။

မမတူးကတော့ ကြက်သွန်နွှာပေးခြင်း၊ ငရုတ်သီးထောင်းပေးခြင်းတို့လောက်သာ ဝင်ကူညီနေရ၏။

မမတူးသည် ဟင်းချက်ညံ့လှသည်တော့ မဟုတ်။ ထိုအတူ ကောင်းသည်ဟုလည်း မဆိုသာ၊ ဖွယ်ဖွယ်ရာရာ ဖြစ်အောင်တော့ စီမံရှာပါသည်။ သို့ရာတွင် အစပ်အဟပ် မတည့်ဘဲ ဖြစ်နေတတ်သည်။ တစ်ခါတလေ အဆီအဆိမ့်တွေချည်း ဖြစ်နေပြီး တစ်ခါတစ်ရံ အချဉ်ဟင်းတွေချည်း ဖြစ်နေတတ်တာမျိုး။

ကိုဆွေကတော့ နဂိုကတည်းကလည်း အချက်အပြုတ် ဝါသနာ





ပါသည်။ ကျောင်းသားဘဝကလည်း အပြင်ဆောင်မှာနေပြီး ကိုယ့်ဘာသာ ချက်စားနေခဲ့သဖြင့် ကောင်းကောင်းချက်တတ်နေ၏။ ထို့ကြောင့် သူ အားလပ်သည့်အခါ သူ့ဘာသာ စိတ်ကြိုက်ချက်စားလေ့ ရှိသည်။

အမှန်အတိုင်း ပြောရလျှင် ကျွန်တော်သည် မမတူးချက်တာထက် ကိုဆွေ ချက်တာကို ပိုကြိုက်သည်။ သူက ဟင်းချက်လျှင် ပူပူစပ်စပ် မွှေးမွှေး။

ကျွန်တော်ကတော့ ဘာမှ ချက်တတ်သည်မဟုတ်။ မီးဖိုခန်းထဲမှာ ဆီပုလင်းယူပေးလိုက်၊ ကြက်သွန်တောင်း ယူပေးလိုက်နှင့် တောက်တိုမည်ရလေးတွေ ဟိုယောင်ယောင် သည်ယောင်ယောင် လျှောက်လုပ်နေရ၏။

"အတူးရယ်၊ သေသေချာချာ ပြောထားရက်သားနဲ့၊ အစေ့ညက်ရုံဆို တော်ပါပြီလို့"

ကိုဆွေ အသံထွက်လာသည်။ မမတူးက ငရုတ်သီးထောင်းရာမှ. .

"ငရုတ်သီးတောင်းတာပဲဟာ၊ အစေ့သတ်သတ် အခွံသတ်သတ် ခွဲပြီး ထောင်းလို့ရတာမှ မဟုတ်ဘဲ အားလုံး ရောထောင်းရတာ"

"ဒီဟင်းမျိုးချက်တဲ့အခါ ငရုတ်သီးက ငါးပိလို ညက်သွားရင် ဘယ်မွှေးတော့မလဲ၊ အစေ့ညက်ပြီး အခွံကလေးတွေကို ဖိုးလိုးဖတ်လတ် ကျန်မှ မွှေးတာ"

"မောင်ဟာ တော်တော် ကြီးကျယ်တယ်။ တစ်ခါတလေ ဝင်ချက်ပြီးတော့များ ဆရာက လုပ်ချင်သေးတယ်"

"ဆရာလုပ်တာ မဟုတ်ဘူးကွ၊ ငရုတ်သီးထောင်းတာပဲ ဆိုပြီး ပေါ့ပေါ့လေး မမှတ်နဲ့။ လက်ဆက လိုသေးတယ်။ ဒါကြောင့် ဟိုရှေးတုန်းက အိမ်ထောင်ဘက် ရွေးတဲ့အခါ သတို့သမီးလောင်းက မိန်းမ ပီသရဲ့လား ဆိုတာ ငရုတ်သီးထောင်းပြရတယ်လို့ အဆိုရှိပေတာပဲ"

"အမယ် ခုမှ ဒီစကား လာပြောနေတယ်၊ မယူခင်တုန်းတုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



အတူး ဘာမှလုပ်စရာ မလိုဘူး၊ တစ်သက်လုံး မောင်ချက်ကျွေးပါ့မယ်ဆို၊ ရှင့်လိုပြောကြေးဆိုရင် တောင်ပေါ် တိုင်းရင်းသားတွေလို သတို့သား လောင်းက ကျားဘယ်နှရကောင်ရအောင် အမဲလိုက်နိုင်သလဲလို့ စမ်းကြည့် လိုက်ချင်တယ်၊ ရှင်က ကျားမပြောနဲ့ ကြွက်တောင်မိအောင် ဖမ်းနိုင်မှာ မဟုတ်ဘူး"

"ကြွက်ဖမ်းရအောင် ငါကကြောင်မှ မဟုတ်ဘဲကွ"

သူတို့နှစ်ယောက် ဒီလိုပဲ။ တစ်ယောက်နှင့်တစ်ယောက် စကားနိုင်လု ရင်းက ထရန်ဖြစ်ချ[illegible]ဖြစ်တတ်သည်။ တော်တော်ကြာတော့လည်း "အတူး ရေ၊ မောင်ရေ" ပြန်ဖြစ်သွားတတ်ကြ၏။ ကျွန်တော့်အဖို့တော့ ရိုးနေပြီ၊ ထို့ကြောင့် သူတို့နှစ်ယောက်ကို ထားခဲ့ပြီး ရေချိုးဖို့ ထွက်လာခဲ့သည်။ ရေ တဝကြီး ချိုးပစ်လိုက်သည်။ ရေချိုးခန်းထဲကထွက်ပြီး ကျွန်တော့်အခန်းရှိရာ သို့ အလာတွင် "ဝင်းကို" ဟု လှမ်းခေါ်သော မမတူးအသံကြားရသည်၊ မမထူးက ရပ်စောင့်နေသော ကျွန်တော့်ဆီ လျှောက်လာရင်း. . .

"နင့်ကို မေးစရာရှိတယ်"

ဟုဆိုသည်။

"ဘာလဲ"

ကျွန်တော်က ပြန်မေး၏။

"နင့်မှာ ရည်းစားတွေ ဘာတွေရှိနေပြီဆို"

"ဘယ်သူပြောလဲ"

"ဒီလိုပဲ ငါသိတာပေါ့"

ကိုအေွက မမတူးကို ကျွန်တော့်အကြောင်း ပြောပြလိမ့်မည် ဆိုသည်ကို ကျွန်တော်သိပြီးသား မမတူးက ခုလိုမေးလာလိမ့်မည် ဟုလည်း သိပြီးသားဖြစ်၍ ခပ်အေးအေးပင် ရယ်နေလိုက်သည်။

"ကောင်မလေးက ဘယ်ကလဲ"

"ဗိုလ်တထောင်နယ်မြေ တက္ကသိုလ်မှာ ဒုတိယနှစ်"





"သူ့မိဘတွေကကော"

"နယ်မှာ တာဝန်ကျတဲ့ မြို့မှာ သွားနေရတယ်လေ၊ သူတို့အဖေက ရာထူးကြီးကြီးထဲကပါပဲ၊ သူတို့အမေကတော့ ရောက်တဲ့မြို့မှာပဲ အဆင် သင့်တဲ့ စီးပွားရေးလုပ်ငန်း တစ်ခုခုလုပ်တယ်၊ ခု ရမည်းသင်းမှာ ရောက် နေကြတယ်၊ သူတို့အမေကငရုတ်သီးတို့၊ မန်ကျည်းသီးတို့ ပွဲရုံဖွင့်ထား တယ်။

"ဟာ ဒါဆို နင့်အစ်ကိုအကြိုက်ပဲ"

"ဗျာ"

"နင်တို့အစ်ကိုက ငရုတ်သီး သိပ်ကြိုက်တာ မဟုတ်လား၊ ရမည်း သင်း ငရုတ်သီးက နာမည်ကြီးပဲ သိပ်စပ်တယ်"

"ဟာ ဟုတ်သားပဲ ကြုံမှ ငရုတ်သီးတောင်းရဦးမယ်"

"ဒါနဲ့ ရန်ကုန်မှာကတော့ သူက ဘယ်သူနဲ့နေလဲ"

"ဒီမှာ သူတို့အိမ်ရှိတယ်လေ၊ အဲဒီမှာ သူကြီးတော်ကြီးရယ် သူတို့ အစ်မ လင်မယားရယ်နဲ့ နေတယ်"

"ဪ. . . ဪ သူတို့က ချောင်ချောင်လည်လည်ပဲ ထင်တယ်"

"သိပ်ချမ်းသာတယ်လို့တော့ မဟုတ်ပါဘူး၊ အခြေအနေတော့ ကောင်းပုံရတယ်။ သူတို့အိမ်မှာ တီဗွီရှိတယ်၊ တယ်လီဖုန်းလည်း ရှိတယ်"

"အမယ် နင်က သူတို့အိမ်တောင် ရောက်ဖူးပြီးပြီပေါ့"

ကျွန်တော်က ခေတ်ပုံများ သွားပို့ရင်း ရောက်ခဲ့ဖူးသည့် အကြောင်း ပြောပြသည်။

"ခေတ်ပုံဆိုလို့ သူ့ခေတ်ပုံ နင့်ဆီမှာ မရှိဘူးလား၊ ကြည့်ရအောင်"

"မရှိဘူး မတောင်းရသေးဘူး"

"တစ်ရက်လောက် အိမ်ကို အလည်ခေါ်ခဲ့ပါလား၊ မြင်ဖူးတာပေါ့"

"ဟာ သူက ဘယ်လိုက်မလဲဗျ၊ ယောကျ်ားကလေးရဲ့အိမ်ကို"

"အမယ်လေး ခုခေတ် မိန်းကလေးတွေက အရှင်လိုကြောက်ယန့်



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရွံ့နေကြတာ မဟုတ်တော့ပါဘူး၊ မလိုက်ရဲစရာကော ဘာရှိလဲ၊ အိမ်မှာ မမတူးလည်း ရှိနေတာပဲဟာ"

"အင်းပါ သူ့ကို ပြောကြည့်ဦးမှယ်"

"အဲ ဒါနဲ့"

"နေဦးဗျာ၊ ပြီးမှ ဆက်မေး၊ အင်္ကျီလေး ဘာလေး ဝတ်ပါရစေဦး၊ ချမ်းလှပြီ"

ဆိုပြီး လှည့်ထွက်မည်အပြု . . .

"ကောင်မလေးက လှရဲ့လား"

ဟု မမတူးက မေးသည်။

"ဟာ လှတယ်၊ သိပ်လှတယ်၊ မမတူး ငယ်ငယ်ကလိုပဲ"

မမတူးသည် ကျေနပ်ပြီး ပြုံးပြုံးကြီး ဖြစ်သွားကာ

"ဟယ် ဒါဆို ချစ်စရာလေး နေမှာပဲနော်"

ကျွန်တော်က ရယ်ချင်သဖြင့် အခန်းထဲ မြန်မြန်လှည့်ဝင်လိုက်ရသည်။

❀ ❀ ❀ ❀ ❀

သိန်းမင်းထွန်းရောက်လာတော့ ခြောက်နာရီ ထိုးလုပြီ။ ကျွန်တော့်မှာ သူ မရောက်သေးသဖြင့် ဆာဆာနှင့် စောင့်နေရသောကြောင့် ဆီးပြီး ဟောက်လိုက်သည်။ သူက သည်ဆိုင်မှာ သူတစ်ယောက်တည်း ဖြစ်နေ၍ ဆိုင်ပိတ်ပြီးမှ လာရကြောင်းပြောသည်။

ထမင်းဝိုင်းမှာ ထိုင်မိကြသောအခါ စကား မပြောနိုင်ကြသေးပဲ ထမင်းကိုသာ ဆာဆာနှင့် ဖိတွယ်နေမိကြသည်။ ဟင်းကလည်း အလွန်ကောင်း၏။ အမဲကျောက်ကပ်ကို အရည်စပ်စပ်ကလေးချက်ပြီး ကိုဆွေမလေးရှားမှ ဝယ်လာသော မဆလာအနှကောင်းစား အုပ်ထားသဖြင့် မွှေးပျံ့နေသည်။ ငါးဖယ်သုပ်၊ ပေါ်ဖီပန်းကြော်၊ ဘူးညွန့်ဟင်းချိုတို့နှင့်





လိုက်ဖက်လှပါသည်။

ထမင်းတစ်ပန်းကန်စီလောက်ကို ခဏချင်းမှာပင် ကုန်သွားကြသည်။ သိန်းမင်းထွန်းက ထမင်းထပ်ထည့်ရင်း ကိုဆွေ့ကို မေးသည်။

"အစ်ကို့ သဘောက ဘယ်တော့လောက် ပြန်ထွက်မှာလဲ"

"လကုန်လောက် ဖြစ်လိမ့်မယ်"

"ဒါဆို နီးပြီပေါ့"

"မင်းက ဘာမှာမလို့လဲ"

"ကျွန်တော်ကတော့ ဘာမှ မှာစရာ မရှိပါဘူး၊ ဒီကောင်တော့ မှာလိမ့်မယ် ထင်တယ်"

ဟု ကျွန်တော့်ဘက်ကို ကြည့်ပြီးပြောသည်။ ကိုဆွေက

"ဘာမှာမလို့လဲ"

ဟု မေးသည်။

နှုတ်ခမ်းနီနှင့် လက်သည်းဆိုးဆေး ကောင်းကောင်းမှာမည်ဟု အရင်ကတည်းက စိတ်ကူးပြီးသား။ ခုကျတော့ ပြောရမှာ ရှက်နေမိသည်။ ပြီးတော့လည်း မမတူးရှေ့မှာ နှုတ်ခမ်းဆိုးဆေးမှာဖို့ ပြောမထွက်ဘဲ ဖြစ်နေ၏။

ထို့ကြောင့် ဟင်းချိုတစ်ဇွန်း ခပ်သောက်ရင်း အချိန်ဆွဲနေလိုက်သည်။ ပြီးမှ . . .

"အစ်ကို ကောင်းမယ်ထင်တာသာ ဝယ်ခဲ့ပါ"

ဟု ပြောလိုက်ရ၏။ သိန်းမင်းထွန်းက ဝင်ပြောပြန်သည်။

"ဒီကောင် အိုက်တင်ခံနေတာ၊ သူ ဘာမှာချင်တယ် ဆိုတာ ကျွန်တော်သိတယ်၊ ဒေါက်မြင့်ဖိနပ် ဒါမှမဟုတ် ပိုက်ဆံအိတ် ဒါမှမဟုတ် ထဘီ ဟား . . . ဟား"

"မင်းကလည်းကွာ"

ကျွန်တော်ရှက်ပြီး သူ့ကို ဟန့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်နော် ရှက်မနေနဲ့၊ မှာချင်တာရှိရင် တစ်ခါတည်းမှာ၊ နောက်တော့မှ မမတူးအတွက် ပါလာတဲ့ ဆလင်းဘက်ကလေး ကျွန်တော့်ပေးပါမလုပ်နဲ့"

မမတူးက ကျွန်တော့်ကို နောက်သလိုလိုနှင့် သူမှာချင်တာကို တစ်ခါတည်း အသိပေးလိုက်သည်။

"ကဲပါကွာ ငါပြန်လာတော့မှ ပါလာတဲ့ အထဲက မင်းကြိုက်တာယူပေါ့ ဟုတ်လား"

ကိုဆွေက ကျွန်တော့်တိုပြောသည်။ ကျွန်တော်လည်း သူသွားခါနီးမှပင် တိုးတိုးတိတ်တိတ် ကျိတ်ပြီး မှာတော့မည်ဟု စိတ်ကူးထားလိုက်လေ၏။

❋ ❋ ❋ ❋ ❋

သူရယ်သည်။ ကျွန်တော်ပြောသော စကားသည် ရယ်စရာလုံးဝ မဟုတ်ပါပဲနှင့်။

ကျွန်တော်တို့သည် ထုံးစံအတိုင်း ခပ်စောစော ဆုံကြသည်။ ကားမှတ်တိုင်မှာပင် ဖြစ်၏။ ကျွန်တော်က

"လက်ဖက်ရည်ဆိုင် သွားရအောင်"

ဟု ပြောသောအခါ သူကရယ်ခြင်းဖြစ်သည်။ ကျွန်တော်တနားမလည်နိုင်စွာ မေးလိုက်သည်။

"ဘာဖြစ်လို့ ရယ်တာလဲ"

"ဟုတ်ပါဘူး၊ သူနဲ့တွေ့လိုက်ရင် အမြဲတမ်း လက်ဖက်ရည်ဆိုင်သွားရအောင်ချည်းပဲ ပြောနေလို့၊ လက်ဖက်ရည်ဆိုင်ကလွဲရင် တခြားသွားစရာ လာစရာနေရာ မရှိတော့ဘူးလား"

ဟုတ်ပေသားပဲ။ ဒါကို ကျွန်တော် မစဉ်းစားမိ။ ဘယ်လောက် များကြောင်သလဲလို့၊ လက်ဖက်ရည်ဆိုင်ဆိုသည်မှာ ယောကျ်ားလေး သူငယ်





ချင်းများနှင့်သာ ထိုင်ဖို့ကောင်းသော နေရာမဟုတ်လား။

အရင်ကဆိုလျှင်တော့ ထားပါ။ ခုဟာက အပြန်အလှန်ချစ်နေခဲ့ကြပြီဖြစ်သော သမီးရည်းစားများတောင် ဖြစ်နေကြပြီ။ ချစ်သူတို့ သွားလို့ကောင်းသော နေရာတွေ အပုံအပင်ဖြစ်ပါသည်။

မဟာဗန္ဓုလပန်းခြံ၊ ဗိုလ်ချုပ်ပန်းခြံ၊ ကန်တော်ကြီးစောင်း၊ တိရစ္ဆာန်ရုံစသည်ဖြင့်။ သို့ရာတွင် ထိုနေရာများကို ကျွန်တော် မကျွမ်းကျင်ချေ။ ရန်ကုန်တက္ကသိုလ် ပင်မကျောင်းဝင်းနှင့် အင်းလျားကန်စပ် နယ်မြေတို့ကိုတော့ ကောင်းကောင်း ကျွမ်းသည်။ ကျောင်းမှာတုန်းက သူများအတွဲတွေကို လိုက်လိုက် ချောင်းဖူးသဖြင့် သိနေခြင်းဖြစ်၏။

"လက်ဖက်ရည်ဆိုင် မသွားချင်ရင် ဘယ်သွားမလဲ"

ဟု ကျွန်တော်က မေးလိုက်သည်။ မေးပြီးမှ ခုလို မမေးသင့်ကြောင်း သတိရလိုက်ပြန်သည်။ မိန်းကလေး တစ်ယောက်အနေဖြင့် ဘယ်နေရာကို သွားချင်ပါတယ်ဟု ဘယ်ပြောလို့ဖြစ်ပါ့မတုံး။ ခုလောက် ဖွင့်ပြောတာကပဲ လွန်လှပြီ။

ကျွန်တော်သည် ဘယ်သွားရင်ကောင်းမလဲဟု အပူတပြင်း စဉ်းစားရသည်။ ခေါင်းထဲမှာ ရုတ်တရက် ပေါ်မလာ။ နောက်ဆုံး ကိုယ်ကျွမ်းကျင်တဲ့ နေရာပဲ ကောင်းပါတယ်ဆိုပြီး. . .

"ကျောင်းထဲသွားမလား"

သူကနားမလည်စွာ. . . .

"ကျောင်းထဲ ဟုတ်လား၊ ကျောင်းထဲ ဘာသွားလုပ်ရမှာလဲ၊ တော်ကြာ မျိုးသာကီတို့နဲ့ တိုးနေမှဖြင့်"

ကျွန်တော်ပြောသော "ကျောင်းထဲ" ဆိုသည်မှာ ယခင်ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို ဆိုလိုခြင်း ဖြစ်သည်။ ဒါကို သူက သူတို့ ခုတက်နေသော ဗိုလ်တထောင်ကျောင်းကို ပြောခြင်းဖြစ်သည်ဟု ထင်ပြီး ပြန်ပြောခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျောင်းကို ပြောတာ မသွားချင်ပါဘူး၊ ရာဇူးကို ပြောတာ"

"ဟင် အဲဒီကို မသွားချင်ပါဘူး၊ ပြီးတော့ အဝေးကြီး"

"ဇင်ဇင်ပဲ လက်ဖက်ရည်ဆိုင် မသွားချင်ဘူး ဆိုလို့"

"အင်းလေ၊ လက်ဖက်ရည်ဆိုင် မသွားချင်ဘူးဆိုတာက ထိုင်ရတာကြောင်လို့"

"အအေးဆိုင်လေး ဘာလေး ပြောင်းထိုင်ဖို့ ပြောတာပါ"

"ဟာ ဘာထူးလဲ၊ လွတ်လွတ်လပ်လပ် စကားပြောလို့ရတဲ့ နေရာမျိုး၊ ပြီးတော့ အင်း လူရှင်းတဲ့နေရာမျိုး၊ တစ်နေရာရာ သွားမလားလို့"

"ဒါဆိုလည်း ဘုရားသွားပါလား၊ နီးနီးနားနား"

"ကောင်းသားပဲ"

သဘောတူလိုက်ရသည်။ သဘောမတူလို့လည်း မဖြစ်။ ချစ်သူများ ဆိုသည်မှာ ဘုရားသွား ကျောင်းတက် အတူတကွ ဖြစ်ရမည်ပဲ။

ဗိုလ်တထောင်ဘုရားဘက်သို့ လျှောက်လာခဲ့ကြသည်။ စားသောက်ဆိုင်တန်းများနားသို့အရောက်တွင်

"တစ်ခုခု စားဦးမလား"

ကျွန်တော်က မေးသည်။ သူက

"ဘာလဲ လက်ဖက်ရည်ဆိုင် ထိုင်ချင်သေးလို့လား"

"ဟင့်အင်း မနက်က မုန့်ဟင်းခါးစားလာတယ်၊ သူဆာလို့လား"

"မဆာပါဘူး"

ဘုရားပရိဝုဏ်ထဲ ရောက်လာသည်။ ရှင်ပြင်တော်ပေါ်သို့ နေရောင်က ကောင်းစွာ ဖြာကျနေပြီ။ သို့ရာတွင် ဘုရားရိပ်သည် အေးမြနေဆဲ။ ချစ်သူနှင့် အတူတူ ဘုရားသွားရသော အရသာကို ပထမဆုံးအကြိမ် ခံစားရသည်။ တိတိကျကျ မပြောတတ်။ သာယာချမ်းမြေ့ ကြည်နူးခြင်း ဖြစ်ရသည် ဟူ၍သာ သိ၏။

ဝက်ပါကဲ့သို့ ပြုလုပ်ထားသော အတွင်းလိုဏ်ပတ်လမ်းထဲသို့ ဝင်ခဲ့





ကြသည်။ နံရံတစ်ခုလုံးကို မှန်စီရွှေချထား၏။ ဘုရားဖူးလာသူအချို့က အမှတ်တရ ဖြစ်စိမ့်စေသောငှာ တစ်ထွာတစ်ညို တစ်ဆစ်ခန့် စာတိုစာစကလေးတွေရေး၍ မှန်ကူကွက်များကြား ကတ်သီးကတ်သတ် ထိုးထည့်ထားကြ၏။

အကြောင်းအရာမျိုးစုံ။ များသောအားဖြင့်တော့ ဘယ်သူနှင့် ဘယ်သူ ဘယ်နေ့က ဘုရားဖူး ရောက်ခဲ့သည်။ ဘယ်သူကို သတိရသည်၊ စသည်ဖြင့် ရေးထားကြ၏။ လိပ်စာအပြည့်အစုံ ထည့်ရေးထားသူတောင် ရှိသည်။

"ဇင်တို့လည်း တစ်ခုခုရေးရင် ကောင်းမယ်နော်"

သူက စာတွေကို လျှောက်ဖတ်ရင်း ပြောသည်။ ကျွန်တော်က . . .

"ဟာ ရှက်စရာကြီး"

"ဘာကိုရှက်ရမှာလဲ၊ သူများတွေလည်း ရေးကြတာပဲတာ"

"မရေးပါနဲ့ကွာ၊ လာစမ်းပါ"

ကျွန်တော့်စိတ်ထဲတွင် ဆယ်တန်းတုန်းက သိန်းမင်းထွန်းနှင့် ကျိုက်ထီးရိုးသွားရာတွင် ကျောက်တုံးကြီးတွေပေါ်မှာ မီးသွေးခဲဖြင့် ဝင်းကိုမောင်နှင့် သိန်းမင်းထွန်း ချစ်သူငယ်ချင်းနှစ်ယောက် ဘုရားဖူးရောက်ခဲ့ကြသည်ဟု ရေးခဲ့ကြသည်ဟု သတိရလိုက်မိ၏။

"ပိုက်ဆံထည့်ရအောင်"

ဟု သူက ပြောသည်။ အလှူခံခွက်ထဲသို့ ပိုက်ဆံကို ခြွေနှန်ပြီး ပစ်ထည့်ရခြင်းဖြစ်သည်။

"ထည့်လေ"

သူက လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်လေးကို ထုတ်လိုက်သည်။

"ကိုယ့်ဆီမှာ အကြွေတွေပါတယ်"

ဟု ကျွန်တော်ပြောရာ. . .

"မဟုတ်ဘူး၊ ဇင့်ဆီမှာ ကျပ်ပြားတွေ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ပိုက်ဆံအိတ်ထဲက ကျပ်ပြားတစ်ပြား ထုတ်ယူသည်။ သံဆန်ခါကြားထဲသို့ လက်လျှိုလိုက်၏။ ကျွန်တော်က . . .

"တစ်ခုခု ဓိဋ္ဌာန်လိုက်ဦးလေ"

"ပြီးတော့မှ"

သူက ကျပ်ပြားကို ချိန်သားကိုက်အောင် ဆနေသည်။ ပြီးတော့ ပစ်ထည့်လိုက်၏။ ကျပ်ပြားက အလှူခံခွက်ရှိရာသို့ပင်မရောက်။ လှေကားထစ်များအတိုင်း တွင်းထဲသို့ လိမ့်ဆင်းသွားသည်။

သူက ရယ်၍. . .

"အဲဒါကြောင့် ပစ်ပြီးမှ အဓိဋ္ဌာန်မယ်လို့ ပြောတာ၊ အရင် အဓိဋ္ဌာန်ထားပြီးမှ ခွက်ထဲမဝင်ဘဲ လွဲသွားရင် ဘယ်ကောင်းမလဲ"

"ဒါက လွယ်လွယ်လေးပါ ဇင်ရယ်၊ ကြည့်"

ကျွန်တော်က ငါးမူးစေ့တစ်စေ့ကို ကိုင်ရင်း. . . .

"ဇင်နဲ့ ပေါင်းရမယ်ဆိုရင် လွဲပါစေ"

ဟုဆိုပြီး တမင်လွဲအောင် ပစ်လိုက်သည်။ ဇင်ဇင်က. . .

"သူကလည်း ဇင်တို့ ငယ်ငယ်တုန်းက ကျောက်တုံးမပြီး အဓိဋ္ဌာန်သလို ဖြစ်နေပြီ၊ ကျောက်တုံးက နည်းနည်းကြီးနေတဲ့အခါကျတော့ စာမေးပွဲ အောင်ရင် လေးပါစေလို့ပဲ ဆုတောင်းတယ် မဟုတ်လား"

"ဒါဆိုလည်း ပြန်ပစ်မယ်"

ကျွန်တော် မတ်စေ့ တစ်စေ့ ယူသည်။

'ဇင်ဇင်က ကိုယ့်ကို တကယ်ချစ်တယ်ဆိုရင် ခွက်ထဲကို တည့်တည့်မတ်မတ်ဝင်ပါစေ'

ပိုက်ဆံပြားကို ပစ်မည်အပြု သူက လက်ကို ဖမ်းဆွဲထားပြီး. . .

"ဒီလိုဘယ်ရမလဲ၊ အဲ့လိုကြေးဆိုရင် ဇင်လည်း သူ့လိုပြန်ဆုတောင်းပြီး ပစ်မှာပေါ့"

ကျွန်တော် ပြုံးမိသည်။





"ကပါလေ၊ ကိုယ်မပစ်တော့ပါဘူး"

ထွက်ပေါက်ဘက်သို့ ပြန်လျှောက်လာရင်း ကျွန်တော်ဆက်ပြောသည်။

"လူတွေဟာ အဓိဋ္ဌာန်ပြုတဲ့အခါကျရင် ကိုယ်လိုချင်တာကိုပဲ သတိတရနဲ့တောင်းတတ်ကြတယ်နော်၊ တကယ်တော့ အဓိဋ္ဌာန်တယ်ဆိုတဲ့နေရာမှာ အပေးအယူရှိတယ်။ ကိုယ်လိုချင်တာကို တောင်းရသလို ကိုယ်ကလည်းပေးရတယ်။ ဘာပေးရသလဲဆိုတော့ သစ္စာတရားပဲ၊ မှန်ကန်သောစကားကို ဆိုရတယ်။ ပြီးတော့မှ ဤမှန်သော သစ္စာတရားကြောင့် ဘာဖြစ်ပါစေလို့ ဆုတောင်းရတာ မဟုတ်လား၊ ဒီတော့ အဓိဋ္ဌာန်တယ်ဆိုတာဟာ လူတွေကို အမှန်တရား ပြောတတ်ဖို့ လေ့ကျင့်ပေးတဲ့ သဘောပဲပေါ့"

ကျွန်တော်ပြောသည်ကို သူ နားလည်သလား မလည်သလားတော့ မသိ။ ခေါင်းတော့ ညိတ်ပြသည်။ လိုဏ်ပတ်လမ်းထဲက ပြန်အထွက်တွင် သူက

"ဘုရား မရှိခိုးဂသေးဘူး"

ပြောသည်။ ကျွန်တော်က. . . .

"ဘိလပ်ပြန်ဘုရားကြီးမှာ သွားရှိခိုးမယ်လေ၊ ဆုတောင်းပြည့်တယ်တဲ့"

ခမ်းနားသော၊ သပ်ရပ်သော၊ ကျက်သရေရှိသော တန်ဆောင်းသစ်ကြီးထဲမှာ ထိုင်ကြသည်။ ဘိလပ်ပြန် ဘုရားကြီး၏ ရာဇဝင်က အံ့မခန်းပင်။ အင်္ဂလန်သို့ ပင့်ဆောင်သွားပြီးမှ တန်ခိုးတော်အမျိုးမျိုးပြသဖြင့် ပြန်ပို့ပေးသည်ဟု အဆိုရှိ၏။

"ဘုရားရှိခိုးလေ"

သူပြောပြီး ရွှေမှုလက်ကိုင်ပဝါကလေးကို ဖြန့်ခင်းလိုက်သည်။ ကျွန်တော်က ဦးသုံးကြိမ်ချရုံသာဖြစ်၏။ သူကတော့ မျက်စိကလေး မှိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလေးလှုပ်ရုံမျှ ဘုရားစာတွေရွတ်နေသည်။

ကျွန်တော်က သူ့ကို တစိမ့်စိမ့်ကြည့်နေ၏။

ခေတ်တွေ ဘယ်လိုပြောင်းပြောင်း၊ ဝတ်စားဆင်ယင်ပုံတွေ ဘယ်လို ပြောင်းပြောင်း မိန်းကလေးတစ်ယောက် ကျုံ့ကျုံ့ကလေးထိုင်ပြီး ဘုရားရှိခိုးနေပုံသည် ကျက်သရေရှိမြဲရှိနေသည်။

ခု သူ ပြင်ဆင်ထားသည်မှာ ခုခေတ်မိန်းကလေးတွေ၏ ပုံစံအတိုင်း ဖြစ်သည်။

တီရှပ်ဆန်ဆန် အင်္ကျီကလေးကို ဝတ်ထားသည့်တိုင် ဟိုးရှေးခေတ်က ထိုင်မသိမ်း အင်္ကျီနှင့် မိန်းကလေးတစ်ယောက် ဘုရားရှိခိုးနေပုံနှင့် ဟန်ပန်ချင်း ဘာမျှမခြားဟု ထင်သည်။

ရဲနေအောင်ဆိုးထားသော နှုတ်ခမ်းကလေးက ဘုရားစာတွေ ရွတ်ဖတ်နေ၏။

လက်အုပ်ချီထားသော လက်ကလေးကား ပန်းအိုးထဲမှ ကြာငုံများနှင့် အပြိုင်။

* * * * *

ယောကျာ်းလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် သမီး ရည်းစား ဖြစ်ကြပြီဆိုလျှင် အရေးတကြီး ဖြေရှင်းရသောကိစ္စရှိသည်။ တစ်ယောက်နှင့် တစ်ယောက် ဘယ်လိုခေါ်ဝေါ်သုံးနှုန်းကြမလဲ ဆိုတာ။

ယောကျာ်းလေးက မိန်းကလေးကို ဘယ်လိုခေါ်မလဲ၊ ကိုယ့်ကိုယ်ကိုယ်ကော ဘယ်လိုသုံးမလဲ၊ မိန်းကလေးကကော ယောကျာ်းလေးကို ဘယ်လိုခေါ်မလဲ၊ ကိုယ်ကိုယ့်ကိုယ်ကော ဘယ်လို သုံးနှုန်းမလဲ၊ အခေါ်အဝေါ်လေးမျိုးကို စဉ်းစားရပေလိမ့်မည်။

ကျွန်တော်ကျတော့ ကျွန်တော်က သူ့ကို ဇင်ဇင်ဟုခေါ်သည်။ ဤအခေါ်အဝေါ်ကို ခံတွင်းတွေ့၏။ ကျွန်တော့်ကိုယ် ကျွန်တော် 'ကိုယ်'





ဟု သုံးနှုန်းခဲ့သည်။ ဒါလည်း ကြိုက်၏။

သူက သူ့ကိုယ်သူ 'ဇင်' ဟု ပြောသည်။ ကောင်းသားပဲ။ တစ်ခုသာ လိုတော့သည်။ သူက ကျွန်တော့်ကို ဘယ်လိုခေါ်မလဲ၊ ခုထိတော့ သူက ဘယ်လိုမှ မခေါ်သလို နေသည်။ ကျွန်တော့်အတွက် နာမ်စားမသုံးမဖြစ်သုံးရတော့မည် ဆိုလျှင် 'သူ' ဟုပြောသည်။

ကျွန်တော် သိပ်သဘောမတွေ့ချေ။

မြန်မာသဒ္ဒါတွင် 'သူ' ဆိုသည်မှာ အပြောခံ အခြားသူနာမ်စားဖြစ်သည်။ အချို့ကလည်း အင်္ဂလိပ်သဒ္ဒါမှ သဒ်ပါစင်ကို မြန်မာပြန်၍ တတိယနာမ်စားဟု ဆိုကြသည်။

သူဆိုသည်မှာ အခြားသော လူတစ်ယောက်အကြောင်းကို ပြောသောအခါမှာသာ သုံးရသည်။ ပြောနေသောသူနှင့် တိုက်ရိုက်မျက်နှာချင်းဆိုင် အနေအထားမှာမရှိ၊ ထို့ကြောင့် သူက ကျွန်တော့်ကို 'သူ' ဟုခေါ်သည့်အခါတိုင်း ကျွန်တော်ကိုခေါ်သည်ဟုမထင်၊ အခြားတစ်ယောက်ကို ခေါ်နေသည်ဟုပင် ထင်မိသည်။

ကျွန်တော့်ကို ဘယ်လိုခေါ်ခိုင်းလျှင်ကောင်းမလဲဟု စဉ်းစားကြည့်သည်။

ကျွန်တော့်နာမည်က ဝင်းကိုမောင်ဖြစ်သည်။ အစ်ကိုတွေ၊ အစ်မတွေ၊ သူငယ်ချင်းတွေက ဝင်းကိုဟု ခေါ်ကြ၏။ နောက်ဆုံးစကားလုံး 'မောင်' ကိုဖြုတ်၍ ခေါ်ကြခြင်းဖြစ်သည်။ ဒီတော့တခြားသူတွေ ချန်ထားခဲ့သော စကားလုံးကို သူ့အားခေါ်ခိုင်းရ မကောင်းဘူးလား။ ကောင်းသည်။

မောင်။

ကျွန်တော်ကြိုက်သည်။ ရုပ်ရှင်တွေထဲမှာ 'ဝတ္ထုတွေထဲမှာ တစ်ယောက်နှင့်တစ်ယောက် ဒီလိုခေါ်တာတွေ့လျှင် သိပ်အားကျခဲ့သည်။ နောက်ပြီး ဒီအခေါ်အဝေါ်သည် ကျွန်တော်နှင့် မစိမ်းခဲ့။ မမတူးက ကိုဆွေကို သူ့စိတ်လိုလက်ရ ရရှိသည့်အခါမျိုးကျလျှင် မောင်ဟု ခေါ်တတ်သည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

ဇင်ဇင်နှင့် တကယ်တန်း ဆုံရသောအခါ ထိုအကြောင်းကို စကားစဖို့ ခက်နေပြန်သည်။ တခြား အကြောင်းတွေသာ လျှောက်ပြောနေမိသည်။ ပြန်ကာနီးကျမှ အားတင်း၍ ပြောရသည်။

"ဇင်ဇင်ကို ကိုယ်ပြောစရာ တစ်ခုရှိသေးတယ်"

"ပြောစရာက ကုန်ပဲ မကုန်နိုင်ဘူးလား"

"ဒါတောင် တစ်သက်လုံး ပြောသွားရမှာမို့လို့ ချွေချွေတာတာ ပြောနေတာ"

"ကြည့်ကြသေးတာပေါ့ နောက်တော့မှသာ စကားလေး တစ်ခွန်းတောင် မပြောနိုင်မခေါ်နိုင်တာမျိုး မဖြစ်ပါစေနဲ့"

"တစ်သက်လုံး မဖြစ်ဘူး"

စကားက လိုရင်းကို မရောက်ဘဲ ဖြစ်သွားပြန်သည်။ သူက. . .

"ပြောစရာရှိတယ်ဆို ပြောလေ အတန်းချိန်က နီးနေပြီ ဒီကလပ်စ်က ပျက်လို့ မဖြစ်ဘူး၊ ခုတောင် ဇင်ပျောက်နေလို့ မျိုးသာကိုတို့ ခေါ်ကန်နေဦးမယ်"

သူတို့ကို ဂရုစိုက်မနေပါနဲ့ဟု ပြောချင်သော်လည်း ပြောလိုရင်းကိစ္စကို မရောက်မည်စိုး၍ မပြောဖြစ်တော့။

"ကဲ ပြောလေ မြန်မြန်"

"ဟိုဟာပါ ဇင်ဇင်က ကိုယ့်ကို ဘယ်လို ခေါ်မလဲလို့"

"ဘာ ဘယ်လိုခေါ်မလဲ ဟုတ်လား"

"အင်းလေ ကိုယ်က ဇင့်ဇင့်ကို ဇင်ဇင်လို့ ခေါ်တယ် မဟုတ်လား။ ဇင်ဇင်ကတော့ ကိုယ့်ကို ဘယ်လို ခေါ်မလဲ"

သူက ကြိုတင်ပြီး စဉ်းစားထားဟန်ဖြင့် မဆိုင်းမတွပင်

"ဇင် စဉ်းစားထားတာတော့ ရှိတယ်၊ သူ ကြိုက်ပါ့မလား"

"ဘယ်လိုလဲ"





သူ အတန်ငယ်ရယ်၍. . .

"ကိုကိုလို့၊ အဲဒါ ကြိုက်လား"

ကျွန်တော်က ရုတ်တရက် ပြန်မပြောနိုင်ဘဲ ကြောင်တောင်တောင် ဖြစ်နေသည်။ ထင်ထားတာနှင့် တခြားစီ ဖြစ်နေသောကြောင့်ပင်။

"ဘာလဲ မကြိုက်လို့လား"

သူမေးတော့မှ. . . .

"ဟာ မဟုတ်ပါဘူး၊ ကြိုက်ပါတယ်၊ ကိုယ်က ရုတ်တရက်မို့ ဝမ်းသာသွားလို့"

ရယ်ကျဲကျဲလုပ်ရင်း ပြန်ပြောလိုက်ရသည်။

အမှန်မှာ ကျွန်တော် အံ့အားသင့်သွားခြင်း ဖြစ်သည်။ ထင်ထားတာက. . . .

"ကိုယ့်ကို ဘယ်လိုခေါ်မှာလဲ"

ဟု မေးလျှင်. . .

"ဘယ်လိုခေါ်စေချင်လို့လဲ"

ဟု သူပြန်မေးမည်။

"မောင်လို့ ခေါ်ပါလား"

ဆိုလျှင်. . . .

"အို ရှက်စရာကြီး"

ဟု ပြောမည်။

"ဒါ ရှက်စရာမှ မဟုတ်တာ၊ ကိုယ့်ချစ်သူကို ကိုယ်ချစ်စနိုးနဲ့ ခေါ်တာပဲဟာ"

"ခေါ်ချင်ပါဘူး"

"ဘာလဲ ကိုယ့်ကို မချစ်လို့လား"

"မဟုတ်ပါဘူး"

"ဒါဆို ခေါ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ ခေါ်မယ်ကွယ်"

"နောက်တော့ မရဘူး အခုခေါ်ကြည့်"

"အိုး ပါးစပ်မရဲဘူး သိလား"

"နောက်လည်း ခေါ်ရမယ့်အတူတူ အလေ့အကျင့် ဖြစ်အောင် ခုကတည်းက ခေါ်ကြည့်ပါ"

သူ ရှက်စနိုးဖြစ်နေသဖြင့်. . . .

"ခေါ်လေ ခေါ်ပါဆို"

ကျွန်တော်က အတင်းတိုက်တွန်းတော့မှ မရဲတရဲ. . .

"မောင်. . ကဲ ကျေနပ်ပြီလား"

စသည်ဖြင့် တော်တော်ကြာအောင် ခက်ခက်ခဲခဲ ပြောယူရမည်ဟု တွက်ထားမိသည်။

ခုတော့ ကျွန်တော်က ဘယ်လိုခေါ်မလဲ မေးလိုက်ရုံရှိသေး။ သူက "ကိုကိုလို့ ခေါ်မယ်လေ" ဟု ချက်ချင်း ပြန်ပြောသဖြင့် စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားသည်။

ဒီလို ကိစ္စမျိုးတွင် မိန်းကလေးတို့မှာ ရှက်သလို၊ ရွံ့သလိုလိုနှင့် နှုတ်ဆွံ့ရမြဲ ဖြစ်သည်။ ခုတော့ သူက ထိုအစဉ်အလာကို ဖောက်ဖျက်ပြီး အလွယ်တကူ တုံ့ပြန်လိုက်သဖြင့် မလေးနက်သလို ဖြစ်သွားရသည်။

သူ ကျွန်တော့်အပေါ် ထားသော မေတ္တာသည် ပေါ့ပျက်ပျက်နိုင် လေသလားဟူ၍တော့ သံသယမထားမိပါ။ သူ့ စိတ်သဘောထားကို စောကြောတွက်ဆဖို့ သိနားလည်နိုင်ဖို့ ထပ်မံ ကြိုးစားရဦးမည်ဟူ၍ သာ။

❀ ❀ ❀ ❀ ❀



[၆]

ဘယ်လိုချော့လို့မှလဲမရ၊ ဘယ်လို ရှင်းပြလို့မှလဲ နားမဝင်ဘဲ ဖြစ်နေသည်။

ကျွန်တော်တို့၏ ချစ်သူသက်တမ်းကာလအတွင်း သူ၏ ပထမဆုံး အကြိမ် စိတ်ကောက်ခြင်းပင် ဖြစ်လေသည်။ ဤသို့ ဆိုသောကြောင့် ဒုတိယအကြိမ်မြောက်၊ တတိယအကြိမ်မြောက်၊ ဘယ်နှကြိမ်မြောက် စသည်ဖြင့် လာဦးမည်ဟု ယူဆဖွယ် ရှိနေသည်။ ယင်းသို့ ယူဆသော် မှန်၏။ ရှေ့ဆက်ပြီး စိတ်ကောက်မည့် အလားလာတွေ ရှိနေသည်မှာ အမှန်ပင်။

ခု ဖြစ်ရသည့်ကိစ္စက ဒီလို။

မနေ့က သူနှင့် ကျွန်တော် ချိန်းထားသည်။

ခါတိုင်းလို ပုံမှန်တိုင်းတွေ့ပြီး ဘုရားသွား၊ အအေးဆိုင်ထိုင်၊ ကမ်းနား မှာ လမ်းလျှောက်ဖို့အတွက်မဟုတ်။ ထိုကိစ္စများအတွက်ဆိုလျှင် တကူး တက ချိန်းနေစရာ မလို။ ကျွန်တော်သည် မနက်တိုင်းလိုလို ကျောင်းမှတ် တိုင်မှာ သွားစောင့်နေကျ။

မနေ့က ချိန်းထားသည့်ကိစ္စကတော့ ကျွန်တော့်ပါးစပ် ဆော့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြောင့် ဖြစ်၏။ တာမွေဈေးက မုန့်ဟင်းခါး ကောင်းကြောင်း စကားကြုံသဖြင့် ပြောမိသည်။ သူက စားချင်သည်ဆို၏။ စားချင်လျှင် နက်ဖြန်မနက်စောစော ကျောင်းမသွားခင် သွားစားကြမည်။ တာမွေ မှတ်တိုင်က စောင့်နေဟု မှာလိုက်သည်။

ညကျတော့ အရေးပေါ် ကိစ္စတစ်ခု ပေါ်လာသည်။ သူငယ်ချင်းတစ်ယောက်၏ အဖေအသည်းအသန် ဖြစ်သဖြင့် ဆေးရုံလိုက်ပို့ရခြင်း ဖြစ်သည်။ သူငယ်ချင်းက ခရီးထွက်နေသဖြင့် အိမ်မှာမရှိ။ ကျွန်တော်ပင် ဆေးရုံမှာ ညစောင့်ပေးရသည်။ အဘိုးကြီး ညတွင်းချင်း ဆုံးသွား၏။ ထို့ကြောင့် သူ့အိမ်ကို ပြန်အကြောင်းကြားဖို့ ဆေးရုံမှာ စီစဉ်စရာရှိတာ စီစဉ်ဖို့ သူငယ်ချင်းဆီ ကြေးနန်းရိုက်ဖို့ ကျွန်တော်ပင် လုပ်ရသည်။ ထို့ကြောင့် ဇင်ဇင်နှင့် ချိန်းထားရာသို့ မလာရောက်နိုင်ခဲ့။

ဒါကို သူက စိတ်ကောက်နေခြင်း ဖြစ်သည်။ ကျွန်တော်က ရှင်းပြသည်။ သူက လက်သင့်မခံ။

"ကိုကိုက ဇင့်ကို ဂရုမစိုက်ဘူး"

ဟု စွပ်စွဲသည်။

"ဘာလို့ ဂရုမစိုက်ရမှာလဲ ဇင်ဇင်ရဲ့၊ ကိုယ်လောက် ဂရုစိုက်တာ ရှိဦးမလား"

"ဒါလား ဂရုစိုက်တာ၊ သေသေချာချာ ချိန်းထားပြီးတော့ မလာဘူး၊ မှတ်တိုင်မှာ တစ်ယောက်တည်း အကြာကြီး ရပ်နေရတာ ဘယ်လောက် ကြောင်တယ် မှတ်နေသလဲ၊ ကြာတော့ ဟိုလူကကြည့် ဒီလူကကြည့်နဲ့"

"ဒါကတော့ ဇင်ဇင်ရယ် ကိုယ်က တမင်မလာဘဲနေတာမှ မဟုတ်တာ၊ အရေးကြီးတဲ့ကိစ္စက ရုတ်တရက်ပေါ်လာတာကိုး"

"ဒီကတော့ အရေးမကြီးဘူးပေါ့လေ၊ သိပါတယ်၊ သိပါတယ်"

သူမဲ့မဲ့ရွဲ့ရွဲ့ ပြော၏။

"ဟာ မဟုတ်ပါဘူး ဇင်ဇင်က အရေးကြီးတာပါပဲ ဒါပေမဲ့"





"ဟိုက ဇင့်ထက်ပိုပြီး အရေးကြီးတယ်ပေါ့ ဟုတ်လား"

"ဒါက ဒီလိုရှိတယ်လေ၊ လူချင်းယှဉ်မယ်ဆိုရင်တော့ ကိုယ့်အတွက် ကမ္ဘာပေါ်မှာ အရေးကြီးဆုံးက ဇင်ဇင်ပဲ၊ ဒါပေမဲ့ တစ်ခါတလေ အခြေအနေနဲ့ အချိန်အခါအရ မလွှဲသာဘဲ ဦးစားပေးပြီး လုပ်လိုက်ရတာမျိုး ရှိတယ်"

"ဇင်က ဒုတိယဦးစားပေးပေါ့"

ကျွန်တော်က သက်ပြင်းချရသည်။

"ခက်ပါလား ဇင်ဇင်ရယ်၊ ဇင်ဇင့်ကို အမြဲတမ်းဦးစားပေးခဲ့တာပဲ မဟုတ်လား၊ ခုဟာက နာရေးကိစ္စ ဖြစ်နေတယ်လေ၊ ပြီးတော့မှ ကိုယ်မှ မကူညီရင် မဖြစ်လို့ပေါ့"

"ခုလိုကူညီလိုက်တော့ ဟိုက နေကောင်းသွားတာပေါ့နော်"

ကျွန်တော် နည်းနည်းတော့ စိတ်ပျက်သွားမိသည်။ သူဒီလို မငေါ်သင့်။

"ဒီလိုတော့ မပြောနဲ့ပါဇင်၊ လူနာရဲ့ရောဂါ အခြေအနေက ဆိုးရွားလို့ ဆုံးသွားရှာတာပါ။ ဘာပဲဖြစ်ဖြစ် လုပ်သင့်လုပ်ထိုက်တဲ့ဟာ တစ်ခုကို လုပ်လိုက်ရတဲ့အတွက် ဇင်ဇင် အပြစ်မမြင်သင့်ပါဘူး"

သူ့စကား မှားသွားမှန်း သိဟန်တူသည်။ ပြန်ပြင်၏။

"လူနာသွားပို့တာကို အပြစ်ပြောတာ မဟုတ်ဘူး။ မနက် ဇင့်ဆီ ချိန်းထားပြီး မလာတာကို ပြောတာ"

"ကိုယ်ပြောပြီးပါပကောလား၊ လူနာကဆုံးသွားတာနဲ့ လုပ်စရာရှိတာတွေ"

ကျွန်တော့် စကားမဆုံးခင် ဖြတ်ပြီး . . .

"လူနာက ညကတည်းက ဆုံးတာဆို မနက်ကျတော့ လာလို့ရသားပဲ၊ သေတဲ့လူကဖြင့် သေနေပြီ"

"သေပြီဆိုပြီး ပစ်ထားခဲ့လို့ ဘယ်ရမလဲ၊ စီစဉ်စရာ ရှိတာတွေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားစရာရှိတာတွေ လုပ်ရသေးတယ်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဇင့်ကို အဲဒီလူသေကောင်ကြီး လောက်တောင် တန်ဖိုးမထားဘူးပေါ့"

"ဟာ ဘာတွေ လျှောက်ပြောနေတာလဲ" ကျွန်တော် နည်းနည်းစိတ်တိုလာသဖြင့်. . . .

"ဒီမှာဇင်ဇင်၊ ဇင်ဇင်နဲ့က မနေ့က မတွေ့ရပေမယ့် ဒီနေ့တွေ့လို့ရတယ် မဟုတ်လား၊ ဟိုကိစ္စကတော့ မနေ့ကလုပ်မှ ဖြစ်မှာ၊ ရက်ရွှေ့လို့ရတာ မဟုတ်ဘူး၊ ဒါကြောင့် ကိုယ်ကူညီသင့်တယ်ထင်လို့ လုပ်ပေးခဲ့တာပဲ။ ဒါကို ဇင်ဇင်က မကျေနပ်ဘူး ထင်ရင်လည်း ကိုယ်မတတ်နိုင်ဘူး"

"ဒါဆိုလည်း ပြီးရောပေါ့"

ဟု ပြောပြီး သူထွက်သွားသည်။ ကျွန်တော် သူ့နောက်ကို လိုက်မသွား၊ ကားမှတ်တိုင်မှာပင် ရပ်ပြီး နေခဲ့သည်။ သူက ကျောင်းရှိရာသို့ လျှောက်သွား၏။

သူ့အပေါ် နည်းနည်း မကျေမနပ် ဖြစ်မိသည်ကတော့ အမှန်ပင်၊ လူဆိုသည်မှာ နှစ်ယောက်တည်း နေလို့မရ။ ပတ်ဝန်းကျင် အသိုက်အဝန်း ဆိုတာ ရှိသေးသည်၊ မိတ်ဆွေအပေါင်းအသင်းဆိုတာ ရှိသေးသည်၊ အကူအညီပေးသင့်တာ ပေးရမည်။ ဒါကိုသူနားလည်ဖို့ ကောင်းသည်။ လူမှုရေးဆိုတာကို သူနားမလည်ဘူး ဆိုလျှင်တော့ စိတ်ပျက်စရာ ကောင်းပေလိမ့်မည်။

ကျွန်တော်သည် ကားနှစ်ဆင့်စီးပြီး သိန်းမင်းထွန်းဆိုင်ရှိရာသို့ လာခဲ့သည်။ သိန်းမင်းထွန်းက အနော်ရထာလမ်းပေါ်မှ သူ့အဖေ၏ နာရီဆိုင်မှာ ကူလုပ်နေသည်။

သိန်းမင်းထွန်းနှင့် စကားထိုင်ပြောနေရင်းက ဒီကောင့်ကို မနက်တုန်းက ဖြစ်ခဲ့တာ ပြောပြရင် ကောင်းမလားဟု စဉ်းစားမိသည်၊ မဖြစ်သေး၊ ဇင်ဇင့်ကို အထင်သေးစရာ ဖြစ်သွားလိမ့်မည်။





ခုလို သူ့အပေါ် အထင်သေးမှာကို စိုးရိမ်နေမိခြင်းက သူ့ကို ကျွန်တော် တကယ် စိတ်မဆိုးခဲ့ကြောင်း သိသာနေတော့၏။ ဟုတ်လည်း ဟုတ်သည်။

သိန်းမင်းထွန်း၏ ထမင်းချိုင့်ထဲက ထမင်းကို နှစ်ယောက်အတူစားကြပြီး ဒူးယားတစ်လိပ် မီးညှိ ရှိုက်ဖွာလိုက်သော အချိန်မှာပင် ကျွန်တော် သူ့အပေါ် စိတ်ပြေသွားလေတော့၏။

စိတ်ပြေသွားရုံဆိုလျှင် ဘာဟုတ်သေးလို့လဲ သူ့ကို ပြန်ချော့ဖို့တောင် ဆက်ပြီး စိတ်ကူးလိုက်မိသေးသည်။ ချော့တာကတော့ ဟုတ်ပါပြီ။ ယုတ္တိရှိရှိ ချော့ဖို့ အရေးကြီးသည်။

ဆိုလိုသည်မှာ ခုကိစ္စကို သေသေချာချာ ဆန်းစစ်ကြည့်လျှင် သူက လွန်ခြင်းဖြစ်သည်။ သူက လွန်နေပါလျက် ကျွန်တော်က ချော့ရမည်ဆိုသည်မှာ သဘာဝမကျချေ။ ဒီတော့ သဘာဝ ကျစေရန် သူ့အလွန်ကို ကျွန်တော့်အလွန်ဖြစ်အောင် လုပ်ယူရမည်။

ကျွန်တော့်ဘက်က ဘာများ မှားခဲ့မိသလဲဟု အမှုတပြင်း ရှာဖွေကြည့်နေမိ၏။ သိန်းမင်းထွန်းက စကားတွေ ပြောနေသည်ကို စိတ်မဝင်စားနိုင်၊ ကြားတစ်ချက် မကြားတစ်ချက်။ အင်း အဲ လုပ်ရင်း တုံ့ပြန်နေရသည်။

ဟာ. . . ဟုတ်ပြီ၊ ကျွန်တော့် ချွတ်ယွင်းချက် တစ်ခုကို သွားစဉ်းစားမိ၏၊ နာရီကို ကြည့်လိုက်သည်။ သူကျောင်းဆင်းဖို့ အချိန်သိပ်မလိုတော့။ ကားစီး ရာတွင် ကြာမည့်အချိန်နှင့်ဆိုလျှင် မီအောင် သုတ်ခြေတင်ရမည်။

"ဟေ့ကောင် ငါလစ်တော့မယ်"

ဟုပြောရင်း ထရပ်လိုက်သည်၊ သိန်းမင်းထွန်းက

"ဟာ ဘယ်လိုဖြစ်တာလဲ၊ လက်ဖက်ရည်သောက်မလို့ဆို၊ ခဏလေးပါကွ၊ ငါ လူတစ်ယောက် စောင့်စရာရှိလို့ပါ၊ ပြီးရင် ဦးလေးကြီးဆိုင်မှာ သွားထိုင်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မသောက်တော့ဘူးကွာ၊ ငါ ကိစ္စရှိလို့"

"ကိစ္စကလည်း ချက်ချင်းကြီးပေါ်လာတာပါလား"

သူ့ကို စကားပြန်ပြောမနေတော့ပဲ ထွက်လာခဲ့သည်။ သိန်းမင်းထွန်းက တော်တော်ကြောင်တဲ့ကောင်ဟု ရေရွတ်ရင်း ကျန်ခဲ့သည်။

ကျွန်တော်ကား မနက်တုန်းက စိတ်အခန့်မသင့် ဖြစ်ခဲ့တာတွေ အားလုံးမေ့ပျောက်ကုန်ပြီ ဇင်ဇင်ရှိရာသို့ စိတ်လက်ပေါ့ပါး လန်းဆန်းစွာ ချီတက်ခဲ့လေတော့သတည်း။

❀ ❀ ❀ ❀ ❀

သူ့ကို လွတ်သွားမည်စိုး၍ ဘတ်စ်ကား မစီးတော့ဘဲ လေးဘီးကားတစ်စီးကို ရှစ်ကျပ်နှင့် ငှားပြီးသွားသည်။ ကံကောင်း၍လို့ သိသိကလေး လွဲမသွားခြင်းဖြစ်သည်။ ကျောင်းရှေ့မှာ ကားရပ်ပြီး ဆင်းလိုက်သည့်အချိန်မှာပင် ကားမှတ်တိုင်ဘက်ဆီသို့ လျှောက်သွားနေသော ဇင်ဇင့်ကို နောက်မှ လှမ်းမြင်လိုက်ရလေ၏။

သူ့နောက်သို့ ခပ်သုတ်သုတ် လိုက်သွားသည်။

"ဇင်ဇင် ခဏနေပါဦး"

ကျွန်တော့် အသံကြားသောအခါ လှည့်ကြည့်မည်ပြုပြီးမှ မကြည့်ဘဲ ဆက်လျှောက်သည်။ ကျွန်တော်က သူနှင့် ယှဉ်မိအောင် ခြေလှမ်းသွက်ရ၏။

"ကိုယ် ပြောပါရစေဦး ဇင်ဇင်ရဲ့"

သူက ဘာမျှ ပြန်မပြောဘဲ ခပ်မြန်မြန်သာ လျှောက်နေသည်။

"ဆောရီးပဲနော်၊ ကိုယ် မနက်က စကားပြောတာ နည်းနည်းလွန်သွားတယ်။ တကယ်တော့ ကိုယ် သတိလစ်သွားတာပါ။ မနေ့က မနက်က ဇင်ဇင်ဆီ ကိုယ်မလာနိုင်ဘူးဆိုတာ ဇင်ဇင့်ကို တစ်နည်းနည်းနဲ့ အကြောင်းကြားဖို့ ကောင်းတာပေါ့။ မသကာ ဇင်ဇင်တို့အိမ်ကို ဖုန်းဖြစ်ဖြစ်





ဆက်ရမှာပေါ့နော်"

သူတို့အိမ်ကို ဖုန်းဆက်လျှင် လူကြီးတွေ သတ်မကောင်း ဖြစ်နိုင်သည်ဆိုသော အချက်ကို လောလောဆယ်မှာ ဘေးဖယ်ထားလိုက်ရ၏။ တကယ်လည်း ဆက်ဖြစ်ခဲ့သည် မဟုတ်၊ စကားအဖြစ်သာ ပြောရခြင်းဖြစ်သဖြင့် အရေးမကြီး၊ သူ စိတ်ပြေအောင် ချော့ဖို့သာ ပဓာနဖြစ်သည်။

သူက စကားတုံ့မပြန်ဘဲ ခြေဆောင့်ပြီး လျှောက်နေသလို ပြုမြဲ။ ထို့ကြောင့် ကျွန်တော်ကသာ စကားဆက်ရ၏။

"ခုလို ကိုယ်က ဘာမှအကြောင်းမကြားဘဲ နေတော့ ဇင်ဇင် တော်တော် စိတ်ပူနေမှာပဲဆိုတာ ကိုယ်တွေးဖို့ ကောင်းတယ်၊ ကိုယ်ကလည်း ကိုယ်ပါပဲလေ"

ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သော လေသံဖြင့်ပြောသည်။ သူကတော့ ပျော့ပျောင်းလာမည့် အရိပ်လက္ခဏာ မပြသေးချေ။ ကျွန်တော်ကလည်း ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။ ဒီထက်ထပ်ချော့ရလျှင် ခြေသလုံးဖက်ပြီး တောင်းပန်ဖို့သာ ရှိတော့သည်။

"ကိုယ့်ကို စိတ်မဆိုးပါနဲ့တော့နော်"

ဟုပြောမည် ကြံသည်။ ထိုစဉ်အခိုက်မှာပင် သူက တစ်စုံတစ်ခုကို ရေရွတ်ပြီး လမ်းလျှောက်နေရာမှ ရပ်လိုက်၏။

"ဘာလဲဟင် ဇင်ဇင်က ဘာပြောတာလဲ"

ကျွန်တော်က သဲသဲကွဲကွဲ မကြားလိုက်မိသဖြင့် မေးလိုက်ခြင်းဖြစ်သည်။ သူ ခပ်ဆတ်ဆတ်. . .

"ဖိနပ် ပြတ်သွားပြီ"

ပြောသည်။

"ဟာ ဟုတ်လား ဘယ်မှာလဲ"

ကိုင်း. . . ကျွန်တော် မကြောင်လား၊ ဖိနပ် ပြတ်ပါတယ်ဆိုမှ ဘယ်မှာလဲဟု မေးရသေးသည်။ ဘယ်မှာဖြစ်ရမလဲ၊ ခြေထောက်မှာပေါ့ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ခေါင်ခနဲ ခေါက်လိုက်ဖို့ပင် ကောင်းသေးတော့။

သူ့ဖိနပ်က နိုင်ငံခြားဖြစ် ခြေညှပ်ဖိနပ်ဖြစ်၍ ခေါင်က ပြတ်ထွက်သွားခြင်းပင်။

ကျွန်တော် ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး ခေါင်ပြတ်နေသော ဖိနပ်သည်းကြိုးကို သေသေချာချာ ကြည့်သည်။

"ဇင်ဇင့်မှာ ချိတ်မပါဘူးလား"

သူ ခေါင်းခါပြသည်။ ကလစ်ဖြစ်ဖြစ်၊ ပင်အပ်ဖြစ်ဖြစ်ပါလျှင်လည်း ဖြစ်သည်။ ဘာမျှ မပါ၊ ခေါင်ပြတ်သွားခြင်းဖြစ်သဖြင့် အသာပြန်တည်းပြီး စီးလို့လည်း မရနိုင်ချေ။

"ဒီလို လုပ်ပါလား ကိုယ့်ဖိနပ်ကို ဇင်ဇင်စီးလေ"

"အို ဘာဆိုင်လို့လဲ"

"ဒီလိုပါ၊ ဇင်ဇင်က ကိုယ့်ဖိနပ်ကိုစီးပြီး ကျောင်းထဲက ပြန်စောင့်နေ၊ ကိုယ်က ဗိုလ်တထောင်ဈေးမှာ ဖိနပ်တစ်ရန် ပြေးဝယ်လိုက်မယ်"

"မဖြစ်ပါဘူး အကြာကြီး စောင့်နေရမှာ"

"မကြာပါဘူး ဆိုက်ကားနဲ့သွားမှာပေါ့"

"ဖိနပ်မပါဘဲ သွားလို့ရမလား"

"ရပါတယ် ကိုယ်သွားရဲပါတယ်"

ကျွန်တော်က ဖိနပ်ချွတ်ပေးလိုက်သည်။ ကျွန်တော့်ဖိနပ်က ယူအက်စ် သည်းကြိုးအသေး ဖြစ်သဖြင့် သူစီးလျှင် သိပ်ကြည့်ရဆိုးမည် မဟုတ်။

ဆိုက်ကားတစ်စီး လာသဖြင့် လှမ်းတားလိုက်သည်။ ဆိုက်ကားပေါ် အတက်တွင် သူက. . . .

"အိမ်မှာ ဖိနပ်ရှိသေးတယ်၊ အကောင်းစား မဝယ်နဲ့နော်၊ လောလောဆယ် စီးရရင် တော်ပြီ"

ဟု ပြောလိုက်သည်။





ဆိုက်ကား ထွက်ခွာပြီးမှ ဖိနပ်အတိုင်း ယူလာဖို့ သတိရသဖြင့် ပြန်ဆင်းပြီး ပြတ်နေသော သူ့ဖိနပ်တစ်ဖက်ကို ယူလာခဲ့၏။ လမ်းကျမှ ဖိနပ်ကြီး တကိုင်ကိုင်နဲ့ မကောင်းပါဘူးဟု စဉ်းစားမိသဖြင့် လက်ဖြင့် ဆွဲ၍ အတိုင်းယူပြီး လွှင့်ပစ်ခဲ့ရသည်။

ဈေးရှေ့အရောက်တွင် ဆိုက်ကားကို ခဏစောင့်ဆိုင်းထားပြီး ဈေးထဲ မြန်မြန်ဝင်ခဲ့သည်။ အနီးဆုံး ဖိနပ်ဆိုင်ရှေ့မှာ ရပ်သည်။ ဖိနပ်မပါဘဲ ခြေထောက်ချည်းသက်သက် ဝင်လာသည်ကို မြင်သဖြင့် ဖိနပ်ဆိုင်က ကောင်မလေးက ပြုံးစိစိနှင့်. . . .

"မန္တလေးဖိနပ်အစစ်တွေ ရှိပါတယ်၊ စောင်းကောက် ယူမလား၊ မြမာလာလား၊ လှည်းဘီးတို့၊ ရွှေပျားတို့လည်း ရှိပါတယ်"

ဟုပြော၏။

ကျွန်တော်က "မဟုတ်ပါဘူး" ဆိုပြီး မိန်းမစီးဖိနပ်တွေ လျှောက်ကြည့်နေ၏။ နောက် မိန်းမစီးဖိနပ်တစ်ရန်ကို ကောက်ကိုင်ပြီး တိုင်းထွာကြည့်နေသည်။ ဆိုင်ရှင် ကောင်မလေးက ကြောင်တောင်တောင် ဖြစ်နေ၏။

ကျွန်တော် လိုချင်သောဖိနပ်ကို ဈေးမေးသည်။ နှစ်ဆယ့်ကိုးကျပ်ဟု ဆို၏။

"မလျှော့ဘူးလား"

"ပိုမပြောပါဘူး"

အရေးကြီးမှန်းသိ၍ ရ၍ ဈေးမလျှော့ဘဲ ထားတာဖြစ်မည်။ မတတ်နိုင်။ ငွေသုံးဆယ်ပေးသည်။ ပြန်အမ်းငွေနှင့် ဖိနပ်ကိုယူပြီး အမြန်ပြန်ထွက်ခဲ့သည်။

ကျောင်းကို ပြန်ရောက်၍ သူစောင့်နေမည့် အပေါက်ဝနားကို ကြည့်လိုက်သောအခါ အခြေအနေကို သိလိုက်ရသည်။ ဇင်ဇင်သည် ကျွန်တော့်ကို စိတ်ကောက်ပြေသွားလေပြီ၊ ကြည်လင်ရွှင်ပျစွာ ပြုံးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသော သူ့ကို တွေ့လိုက်ရသောကြောင့်ပင်။

အင်း. . ဒီအပြုံးလေးတစ်ခုရဖို့ ကြိုးစားလိုက်ရတာ ဖတ်ဖတ်ကို မောလို့။ မောတိုင်းသာ လျှာက ရှည်ထွက်လာမည်ဆိုလျှင် ကျွန်တော့်လျှာသည် နက်ကတိုင် ဖြစ်နေပေလိမ့်မည် တကား။

❀ ❀ ❀ ❀ ❀

မပြောဘဲ မနေနိုင်သဖြင့် ဇင်ဇင် စိတ်ကောက်သည့် အကြောင်းကို သိန်းမင်းထွန်းအား ပြောပြသောအခါ သူက. . .

"မင်း မဆိုးပါဘူး"

ဟု ပြောလေသည်။ ကျွန်တော်တို့ နှစ်ယောက်အကြားတွင် တစ်ယောက်ကို တစ်ယောက် ထေ့ချင် ငေါ့ချင်သည့် အခါမျိုး၌ ခုလိုပင် "မင်း မဆိုးပါဘူး" ဟု ပြောလေ့ရှိသည်။ ထို့ကြောင့် ကျွန်တော်က

"မင်းက ငါ့ကို ရိတာလား"

"မဟုတ်ပါဘူးကွ၊ ငါ သဘောကျလို့ပါ"

"ဘာကို သဘောကျတာလဲ"

"မင်းက သူ့ကို ချော့ချင်လို့ ကိုယ့်ကိုယ်ကိုယ် မရမက အပြစ်ရှာတဲ့အကြောင်းလေ။ ဘာတဲ့ ချိန်းထားတဲ့နေ့မှာ မင်း မရောက်သွားတော့ သူက မင်းအတွက် စိတ်ပူနေမှာပဲတဲ့ ဟုတ်လား"

"အေးလေ ငါက ချိန်းထားပြီး ရောက်မလာတော့ ငါများ တခုခု အန္တရာယ်နဲ့ ကြုံနေရလို့လားလို့ စိတ်ပူချင် ပူနေမှာပေါ့"

သိန်းမင်းထွန်းက ပြုံးပြီး ခေါင်းတဆတ်ဆတ် လုပ်နေသည်။ နံပြားထောပတ်သုတ် တစ်ပိုင်းကိုယူပြီး စိတ်ပြေနပြေ ဝါးနေ၏။

လက်ဖက်ရည် တငုံငုံပြီးမှ. . .

"ပြီးတော့ ရှိသေးတယ်၊ ဖိနပ်ဝယ်ပေးတာ"

"အဲ့ဒါ ဘာဖြစ်လဲ၊ ဒီလိုမှ သွားမဝယ်ရင်လည်း ဖြစ်မှ မဖြစ်ဘဲ"





"အေးပါ၊ ဒါပေမယ့် အဲဒီ မြင်ကွင်းကို မြင်ယောင်ကြည့်မိလို့ပါ၊ မင်းဖိနပ် မပါဘဲ ဈေးထဲဝင်သွားတာ၊ ပြီးတော့ ဖိနပ်ဆိုင် ရောက်တော့ မင်းအတွက် မဟုတ်ဘဲ မိန်းမစီးဖိနပ်ဝယ်တာ၊ ဆိုင်ကလူကတော့ မင်းကို တော်တော်ကြောင်တဲ့ကောင်လို့ ထင်မှာပဲ၊ အခြောက်ကြီးလို့ ထင်ချင်လည်း ထင်သွားမယ်။ ဈေးထဲက လူတွေကတော့ မင်းပုံကိုကြည့်ပြီး ကွယ်ရာမှာ ဟားနေကြမှာပဲ။ ငါတော့င် စိတ်ကူးကြည့်ရုံနဲ့ တော်တော် ရယ်ချင်တယ်. . ဟေး. . ဟေး"

သူက ရယ်သည်။ ကျွန်တော် တစ်ခွန်းဆဲလိုက်၏။ သူက ဆက်ပြောသည်။

"ဇင်ဇင် ဖိနပ်ပြတ်သွားလို့ မင်း ပျာယာခတ်နေပုံကို တွေးကြည့်ရတာလည်း ဟားရတာပဲ။ အဲဒီအချိန်မှာသာ ဘေးနားက လူနာတင်ကားတစ်စင်း ဖြတ်သွားရင် မင်း အတင်တားမှာပဲ ထင်တယ်"

"ဘာလုပ်ဖို့လဲ"

"ဇင်ဇင့်ဖော့ဖိနပ်ကို အရေးပေါ် လူနာဌာနပို့ဖို့လေ"

"ခွေးကောင်"

သိန်းမင်းထွန်းက အားရပါးရရယ်နေရာမှ ကျွန်တော့်ပခုံးကို လှမ်းပုတ်ပြီး. . .

"မင်း မဆိုးပါဘူး"

ဟု ပြောပြန်သည်။ ကျွန်တော်က

"မင်းနော်၊ မင်း ငါပိတ်တီးလိုက်မယ်"

ဆိုပြီး လက်သီးနှင့်ရွယ်သည်။ သူက လက်ဖြင့်ကာပြီး

"ငါတကယ် အကောင်းပြောတာပါကွာ"

"ဘာ အကောင်းလဲ မင်း"

"ငါပြောမယ်ဝင်းကို၊ မင်းက တစ်ခါတစ်ခါ ပြောချင်တာ စွတ်ပြော၊ လုပ်ချင်တာ စွတ်လုပ်တတ်တယ် မဟုတ်လား၊ တစ်ခါတလေ ဒေါသက



www.burmeseclassic.com

www.burmeseclassic.com



ကြီးချင်သေးတယ်။ ဒီလိုကောင်မျိုးက ကောင်မလေးအပေါ် ခုလို လိုက်လိုက်လျှောလျှောနဲ့ အလျှော့ပေး ဆက်ဆံတယ်ဆိုတာ တော်ရုံတန်ရုံချစ်လို့ မဟုတ်နိုင်ဘူးလေ၊ ကောင်းတယ်သူငယ်ချင်း ဆက်သာလုပ်"

ဒီကောင် ကျွန်တော့်ကို ငေါ်နေတာလားလို့ မျက်နှာအရိပ်အကဲ ကြည့်ရသေးသည်။ ငေါ်တာမဟုတ်၊ သူ အတည်ပြောနေခြင်း ဖြစ်သည်။ ကျွန်တော် အားတက်သွား၏။ သူက. . .

"မင်းတို့နှစ်ယောက် ခုလို အဆင်ပြေနေတာ ငါဝမ်းသာပါတယ်ကွာ၊ ဇင်ဇင်ဇော်က နည်းနည်းငယ်တော့ တစ်ခါတလေ ကလေးဆန်ချင် ဆန်မယ်၊ မင်းကလည်း အထိုက်အလျောက် ရင့်ကျက်နေပြီဆိုပေမယ့် တစ်ခါတစ်ခါ ထင်ရာမြင်ရာ စွတ်လုပ်တတ်လို့ ငါက စိုးရိမ်နေတာ ခုလိုဆိုတော့ မဆိုးပါဘူးကွ"

ကျွန်တော်က စားပွဲထိုးကို လှမ်းခေါ်ပြီး ဒူးယားတစ်ပွဲ မှာလိုက်သည်။

✺ ✺ ✺ ✺ ✺



[၇]

"မင်း မဆိုးပါဘူးကွာ" ဟု သိန်းမင်းထွန်း ပြောခဲ့သော စကားအရှိန်ကလေးမှ မကုန်ခင်. .

တစ်နေ့သ၌

ဇင်ဇင်နှင့် ကျွန်တော် ရုပ်ရှင်ကြည့်ဖို့ ချိန်းထားသည်။ ကြိုတင်လက်မှတ် ဝယ်ထားရန်အတွက် ဘယ်ကားကြည့်ချင်သလဲ မေးတော့ "စဉ်းစားရ ခက်နေတယ်၊ မြန်မာကားလည်း ကြည့်ချင်တယ်၊ နိုင်ငံခြားကားလည်း ကြည့်ချင်တယ်" ဟု ဆိုသည်။

နောက်တော့ အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်က ပန်းခြံကလေးမှာ စောင့်နေ၊ အဲဒီကျမှ ဘယ်ကားကြည့်မယ်ဆိုတာ ဆုံးဖြတ်ကြမယ်" ဟု သဘောတူလိုက်ကြသည်။

ထို့ကြောင့် ပန်းခြံထဲက အုတ်ခုံမှာ ဒူးယားတစ်လိပ်ပြီး တစ်လိပ်ဖွာရင်း စောင့်နေသည်။ ဆယ်နာရီ မခွဲခင် အရောက်လာမည်ဟု ဆိုသဖြင့် ဆယ်နာရီလောက်ကတည်းက ကျွန်တော်ရောက်နေသည်။

သူ ကျောင်းမပြေးတတ်ချေ။ သူနှင့်ကျွန်တော် တွေ့ကြသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်များမှာ မနက်စောစော ကျောင်းမတက်ခင်နှင့် ကျောင်းဆင်းချိန်တို့မှာသာ ဖြစ်၏။ ကျောင်းချိန်များတွင် ကျောင်းထဲကို ကျွန်တော် သိပ်မသွားဖြစ်၊ ဘာရယ်ကြောင့်တော့ မဟုတ်။ ကျောင်းထဲမှာက အေးအေးဆေးဆေး စကားပြောလို့ သိပ်မကောင်း။ စားသောက်ဆိုင်မှာ ထိုင်လျှင်ပင် လူရှုပ်သဖြင့် ပြောရဆိုရတာ သက်သောင့်သက်သာ မရှိချေ။ ကျွန်တော့်အနေဖြင့်လည်း ကျောင်းသားမဟုတ်တော့သဖြင့် သူတို့ကြားမှာ ရောရောနှောနှော သွားလာနေရတာ တစ်မျိုးကြီး ဖြစ်နေသော အကြောင်းလည်း ပါသည်။

သူနှင့် ကျွန်တော်သည် ကားမှတ်တိုင်မှာ ရပ်စကားပြော၊ ဘုရားထဲက တန်ဆောင်းတစ်ခုခုမှာဖြစ်စေ၊ လိပ်ကန် ငါးကန်နားမှာဖြစ်စေ နေချင်နေ၊ သို့တည်းမဟုတ် ကမ်းနားဘက် လမ်းလျှောက်။ ထိုမျှသာလျှင် ဖြစ်ကြသေးသည်။

ဟိုဟိုဒီဒီ လျှောက်မသွားဖြစ်ကြသေး။ လူ အလွန်ရှင်းသော လွတ်လပ်မှုရှိသော နေရာမျိုးကို ဆိုလိုပါသည်။

ရှင်းရှင်းပြောရလျှင် ကျွန်တော် သူ့ကို တစ်ခါမျှ မနမ်းဖူးသေးပါ။ ပခုံးကလေးကို ဖက်ဖို့ မဆိုထားနှင့်၊ လက်ကိုတောင်မှ တစ်ခါ သူ ကားလမ်းဖြတ်ကူးတုန်း ကားတွေ ရှုပ်နေသဖြင့် လှမ်းကိုင်ထားတာလောက်သာ ရှိခဲ့ပါ၏။ ချစ်သူတွေ ဖြစ်ကြပြီဆိုလျှင် ဒီလောက်တော့ နေချင်ကြတာ မဆန်းလှပါ။

ဘာပဲဖြစ်ဖြစ် ဒီနေ့အဖို့တော့ အခွင့်အရေးရဖို့ အကြောင်း ရှိပေသည်။

ရုပ်ရှင်ပြနေသော အချိန်ဆိုလျှင် မှောင်နေလိမ့်မည်။ အလင်းရောင်၏အောက်တွင် ထင်ထင်ရှားရှား မြင်နေရသော မျက်နှာကတစ်မျိုး၊ အမှောင်ထဲတွင် ရေးရေးမှုန်မှုန်မျှသာ မြင်သာသော မျက်နှာကို ကြည့်ရတာ အလွန်စိတ်လှုပ်ရှားစရာ ကောင်းလိမ့်မည်ဟု တွေးဆမိ၏။





လူ သိပ်မများသော ဇာတ်ကားကိုကြည့်ရလျှင် ကောင်းမည်။ ထောင့်ုံးခုံကို ရနိုင်သည်။ ရုပ်ရှင်ပြနေတုန်းမှာ သူ့ လက်ကလေးကို ဆုပ်ကိုင်ားမည်။ လက်ဖဝါး နှစ်ခုကြားမှာ ချွေးတွေစိုလာသောအခါ သူ့ပခုံးလေးကို ဖက်ထားလိုက်မည်။ ပြီးတော့

လေအေးစက်ကြောင့် သူ့နှုတ်ခမ်းလေးများသည် အေးစက်နေလား၊ သို့တည်းမဟုတ် နွေးနွေးထွေးထွေးပင် ရှိနေမလား။ ငယ်ငယ်ကကြားရိတ်ပန်းများမှ ဝတ်ရည်များကို စုပ်ယူဆော့ကစားရသလို ချိုမြမလား။ အတွေ့အထိကကော။ မှတ်မှတ်သားသား ခံစားသိရှိနိုင်မလား။ ိုးငွေ့များကို တွေ့ထိရသလိုမျိုး ဖြစ်နေမှာလား။

ထိုအခိုက်တွင် ဘာမြင်အကြား အာရုံများ ခဏမျှ ကွယ်ပျောက်နေမိမည် ထင်သည်။ အချိန်ကာလဆိုသည်လည်း မရှိနိုင်တော့ဟု ထင်သည်။

ကျွန်တော်သည် အစဉ်သဖြင့် စွတ်စို လန်းဆန်းနေသောသူ၏တ်ခမ်းကလေးကို မြင်ယောင်နေဆဲ. . .

"ဟိတ်"

ထိုခေါ်သံသည် ဒုတိယအကြိမ်မြောက် ဖြစ်လိမ့်မည်။ ပထမခေါ်သံုိ ကြားမိသည်။ကျွန်တော် စိတ်ကူးအရှိန်၊ မကုန်သေးသဖြင့် လှည့်ကြည့်မိခြင်း ဖြစ်သည်။ ခုမှ လှည့်ကြည့်လိုက်ရာ

ကျွန်တော်သည် ချောတိုင်ထိပ်ဖျား ရောက်ခါနီးမှ အောက်ကိုတ်တရက် လျှောကျသွားသလို ခံစားလိုက်ရလေသည်။ စိတ်ကူးထဲကည်နူးသာယာမှုတွေ အားလုံး ဘယ်ပျောက်ကုန်သည် မသိ။ ဒေါသ်သလိုလို ဝမ်းနည်းသလိုလို ဘာလိုလိုကြီး ဖြစ်သွားရ၏။

အကြောင်းကား ဇင်ဇင်နှင့်အတူ မျိုးသာကိန္နယ်နှင့် စိုးဒါလီသွယ်တို့အစ်မကိုပါ တွေ့လိုက်ရသောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်နေတာလဲ၊ ထလေ သွားရအောင်"

ဇင်ဇင်က သတိပေးတော့မှ ကျွန်တော် ကြောင်စီစီ ငေးကြည့်နေရာမှ ထလိုက်သည်။ ဟိုညီအစ်မကတော့ တခစ်ခစ် ရယ်သံများနှင့်အတူ စတင် နှုတ်ဆက်လေသည်။

သူတို့ကတော့ ဒီလိုပဲ။ မရယ်ဘဲနှင့် စကားမပြောတတ်တော့ဘူးလားမသိ၊ ထစ်ခနဲဆို ရယ်လိုက်ကြသည်ပင်။ ရုပ်ရှင်ရုံဘက်သို့ လျှောက်လာကြရင်း ကျွန်တော်မေးသည်။

"ဘာကား ကြည့်မှာလဲ"

"ဘာကြည့်ရမှန်း မသိသေးဘူး။ စိတ်ကူးထားတာ ရှိလား"

ဇင်ဇင်က ပြန်မေးသည်။

အစကတော့ ဂုဏ်ရုံကကား ကြည့်မည်ဟု စိတ်ကူးထားသည်။ ခုဟိုနှစ်ယောက်ပါ ပါလာသဖြင့် ရုပ်ရှင်ကြည့်ချင်စိတ်တောင် ကုန်သွားသည်၊ ထို့ကြောင့်

"ဘာမှ စိတ်ကူးမထားပါဘူး၊ ကြည့်ချင်တာ ကြည့်ပေါ့"

ဟူ၍သာ ပြန်ပြောလိုက်သည်။

ဇင်ဇင်က ဟိုနှစ်ယောက်ဘက်ကို လှည့်မေးနေပြန်သည်။ စိုးဒါလီသွယ်က

"ရဲရင့်ရုံက ကားကြည့်မယ်"

ပြော၏။ ရဲရင့်က ကားက အိန္ဒိယရုပ်ရှင်ကား။

အိန္ဒိယရုပ်ရှင်ကားတွေကို ကျွန်တော် မကြိုက်ဟုတော့ မဆိုလိုကြိုက်သော ဇာတ်ကားတွေ ရှိပါသည်။ ခု ဇာတ်ကားကတော့ သိပ်ကောင်းမည်မထင်။

ကောင်းကောင်း မကောင်းကောင်း ဒီနေ့လို စနေနေ့မျိုးတွင် လက်မှတ် ရနိုင်မည် မဟုတ်။ မရလည်း တခြားကားကြည့်တာပေါ့ ဆိုတာမျိုး လုပ်လို့လည်းမဖြစ်။





ကျွန်တော့်ကို အထင်သေးသွားမည်။

ဒီတော့ လက်မှတ်ကို အပြင်က ဝယ်ရမည်။ တစ်စောင်ကို တစ်ဆယ်လောက်တော့ ပေးရနိုင်သည်။ လေးယောက်အတွက် လေးဆယ်၊ ရုပ်ရှင်ပြီးလျှင် စားကြသောက်ကြဦးမည်၊ ရွှေလမင်းမှာ ကြာဆံချက်နှင့် လက်ဖက်ရည်ပဲ ထားဦး။ နှစ်ဆယ်လောက်ကုန်မည်။

ငွေခြောက်ဆယ်လောက်ကို ကျွန်တော်က မတတ်နိုင်ဘူးတော့ မဟုတ်။ ကျွန်တော့် အတိုင်းအတာနှင့်ဆိုလျှင် တစ်နေ့တည်း ငွေခြောက်ဆယ် သုံးပစ်လိုက်သည် ဆိုသည်မှာ များသည်ဟု ဆိုကောင်းဆိုနိုင်ပါသည်၊ တစ်ဖက်က ကြည့်ပြန်တော့လည်း တစ်ခါတလေ လိုအပ်လျှင် ဒီထက်မက သုံးနိုင်သော အခြေအနေမှာရှိသည်။

ဇာတ်ကားကောင်းတာ မကောင်းတာ၊ ပိုက်ဆံကုန်တာ၊ မကုန်တာ အဓိကမဟုတ်။ ပိုက်ဆံအကုန်ခံရပြီး ကုန်ရကျိုး မနပ်ခြင်းသာ စိတ်ပျက်ဖို့ကောင်းသည်။

ဇင်ဇင်နှင့် နှစ်ယောက်တည်းသာ ကြည့်ရလို့ကတော့ လက်မှတ်တစ်စောင် အစိတ်ဆိုလည်း အရေးမကြီး၊ ပေးပျော်သည်။ ခုဟာက အချည်းနှီး အကျိုးမဲ့ကုန်ရမည့်ကိစ္စ။

ပြီးတော့ သူတို့လို မိန်းကလေးမျိုးတွေမှာ အကျင့်တစ်ခုရှိတတ်သည်။ မစားနိုင် မသောက်နိုင်လောက်အောင် ချို့တဲ့နေတာလည်း မဟုတ်ဘဲနှင့် ယောကျ်ားလေး တစ်ယောက်ကို အကုန်အကျခံခိုင်းပြီး ညှဉ်းတတ်သည်၊ ကွယ်ရာကျတော့ ထိုအကြောင်းကိုပြောပြီး ဟားတတ်၏။ ယောကျ်ားလေးတွေက ငွေလည်း အကုန်ခံရသေး၊ ငပေါကြီးလည်း ဖြစ်ရသေး။

ကျွန်တော်က ဒါမျိုးအဖြစ်မခံနိုင်ခြင်းပင် ဖြစ်၏။ သို့ရာတွင် ခုချိန်မှာတော့ ဘာမျှမတတ်နိုင်တော့ပါ။ မကြည့်တော့ဘူး ပြန်မယ်ဆိုပြီး စိတ်ကောက်လို့ရသည်လည်း မဟုတ်။

ရဲရင့်ရုံကို လှမ်းမြင်သာသည့်နေရာ ရောက်ကတည်းက တွက်ကိန်း



www.burmeseclassic.com

www.burmeseclassic.com



မှန်ကြောင်းကို သိလိုက်ရသည်။ ရုံရှေ့မှာ လူတွေက အများကြီး။ လက်မှ
ကုန်နေလောက်ပြီ။

လမ်းဖြတ်ကူးဖို့ မီးပွိုင့်မှာ ကားအရှင်းကို စောင့်နေတုန်း လူတ
ယောက် အနားကပ်လာပြီး

"ဒီစီယူမလား၊ စတောယူမလား"

ဟု ခပ်တိုးတိုးမေးသည်။ ကျွန်တော်က. . .

"ဒီစီဘယ်လောက်လဲ"

"ဆယ့်နှစ်ကျပ်"

ကျွန်တော်က ထင်ထားတာထက်တောင် ဈေးများနေသေးသည်
ရုတ်တရက် စိတ်ချဉ်ပေါက်လာသဖြင့်

"ဒီလောက်ဈေးများနေရင်တော့ မဖြစ်ဘူး"

ဟု ပြောလိုက်သည်။ လက်မှတ်ရောင်းသူက

"လေးစောင်ယူမှာ မဟုတ်လား၊ တစ်ဆယ်နဲ့ယူလေ"

ကျွန်တော်က ဇင်ဇင့်ကို "ဘယ်လိုလဲ" ဆိုသော ပုံစံဖြင့် ကြည့်လို
သည်။ သူက ဝယ်စေချင်သည့် မျက်နှာထားမျိုး ပြသဖြင့် ဝယ်လိုက်ရသည်

မိနစ်ကလေးသုံးယောက် ခြံရုံပြီး ရုပ်ရှင်ရုံအပေါ်ထပ်ကို တက်လာ
သော ကျွန်တော့်ကိုယ်ကျွန်တော် ဂိုန်းစဘွန်းဟု မထင်မှတ်မိပါ။ ရုပ်မြင်
ကြားထဲမှ မိန်းမစုံထောက် ချားလစ်အိန်ဂျယ်များက ဖမ်းဆီးခေါ်ဆော
လာသော တရားခံတစ်ဦး ပုံစံမျိုးသာ ပေါက်နေနိုင်ပေသည်။

အကုသိုလ်များ လာလိုက်လျှင် အပေါင်းအဖော်တွေပါ ခေါ်
တတ်သည်ဟု ဆိုစကားရှိသည်။ အဆင်မပြေမှုဆိုသည်မှာလည်း မာတ
တန်းစီသော ကားတွေလို ဆက်တိုက်ဝင်လာတတ်လေ၏။

ကျွန်တော်တို့ ရုံထဲရောက်လို့ နေရာယူမည်ပြုသောအခါကျမှ လ
မှတ်ရောင်းတဲ့ကောင် ပညာပြလွှတ်လိုက်ကြောင်း သိကြရလေသည်။

လက်မှတ်လေးစောင်မှာ နံပါတ်ကတော့ ဆက်လျက်ပင် ဖြစ်သ





အိုင် ငါးမှရှစ်အထိ။ သို့ရာတွင် ထိုင်ခုံတွေကတော့ တစ်ဆက်တည်း
မဟုတ်။ ငါး၊ ခြောက်၊ ခုနစ် ပြီးတော့ မင်းလမ်းခြားသည်။ ပြီးမှအိုင်ရှစ်။

ဒီတော့ သူတို့သုံးယောက် တစ်တွဲထိုင်၊ ကျွန်တော်က မင်းလမ်းခြား
ထားသော ဟိုဘက်က အိုင်ရှစ်မှာ သွားထိုင်ရုံ ရှိတော့တာပေါ့။

ဒါတင်မကသေး၊ ကျွန်တော်ထိုင်ရသော ထိုင်ခုံကတခြား၊ ဘေးက
ခုံတွေထက် နိမ့်နေသည်။ ဖြစ်ပုံက ဟိုအရင် ရုံစဆောက်စဉ်က ဒီခုံနေရာ
ရှိတန်မတူ။ ကျောဘက်က ဝင်ပေါက်နှင့် မလွတ်တလွတ် ဖြစ်နေ၍ ဒီ
နေရာကို လွှတ်ထားပုံရသည်။ နောက်တော့မှ ဒီခုံကို ထပ်တိုးထားခြင်း
ဖြစ်လိမ့်မည်။ အောက်ခံ အုတ်ခုံတန်းက ဘယ်ဘက်ခုံနံပါတ်ကိုး အထိသာ
ရှိသည်။ ထို့ကြောင့် ကျွန်တော်ထိုင်ရသော ခုံနံပတ်ရှစ်မှာ အောက်ခံအုတ်ခုံ
ပေါ်မှာ မဟုတ်ဘဲ အခြားခုံများထက် နိမ့်နေခြင်းပင် ဖြစ်လေသည်။

ဒါကို သူတို့ သုံးယောက်ကလည်း သတိထားမိသည်။ ဟိုညီအစ်မ
နှစ်ယောက်က သူတို့ချင်းပြောလိုက်၊ တခစ်ခစ်ရယ်လိုက်၊ ကျွန်တော့်ကို
ကွက်ကြည့်ကွက်ကြည့်လုပ်လိုက် ဖြစ်နေ၏။ ဇင်ဇင်တောင်မှ မနေနိုင်ဘဲ
ပြုံးစိစိ လုပ်နေသည်။

ကျွန်တော်သည် သူများနှင့်တန်းတူ ပိုက်ဆံပေးထားရပြီးမှ သူများ
ထက် နိမ့်ပြီး ထိုင်ရသဖြင့် အတော်အောင့်သက်သက် ဖြစ်နေရသည်။
တကယ်ဆိုလျှင် ကျွန်တော်ကတောင် သူများထက် ပိုပေးထားရသေးသည်။
ငါးကျပ်ကို တစ်ဆယ်ပေးခဲ့ရသည် မဟုတ်လား။

သို့ဖြစ်၍ မီးတွေမှိတ်ပြီး ရုပ်ရှင်စပြသည့်တိုင် ဇာတ်လမ်းထဲမှာ စိတ်မ
ဝင်စားနိုင်တော့ချေ။ ဇာတ်ကားကလည်း ကျွန်တော် သိပ်မကြိုက်။
မင်းသမီးတ စတိတ်ရှိုးလိုလို ဘာလိုလိုနဲ့ သီချင်းဆိုပြီး ကရာတွင် အိန္ဒိယ
အကမဟုတ်ချေ။ ဘောင်းဘီဖင်ကျပ်ဝတ်ပြီး ထိုးထိုးတွန့်တွန့် ကခြင်းဖြစ်
သည်။

ဒီကြားထဲမှာ ကျွန်တော့်ဘေးမှာ ထိုင်သော အရာကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်ပခုံးကို တို့တို့ပြီး အဲဒါက ဘာပြောတာကွ၊ တွေ့လား ဟော. . . စသည်ဖြင့် ဘာသာပြန်နေသေးသည်။

ကျွန်တော်လည်း စိတ်ညစ်လာသဖြင့် နဂိုက နိမ့်နေသော ထိုင်ခုံတွင် နောက်မှီကို ခေါင်းတင်၍ ခပ်လျှော့လျှော့ထိုင်လိုက်သောအခါ ဘာမျှ မမြင်ရတော့ချေ။ အရာကြီး၏ သတင်း ဘာသာပြန်ပြနေသည့်ရန်ကို ကာ ကွယ်ရန် မျက်စိမှိတ်ပြီး အိပ်ချင်ယောင်ဆောင်နေလိုက်ရသည်။

ကျွန်တော်ကား စိတ်ပင်ပန်းဆင်းရဲမှုကို မှောင်ခိုမှ ဈေးကြီးပေး၍ ဝယ်ခဲ့သူသာတည်း။

● ● ● ● ●

ရုပ်ရှင်ကြည့်သည့်ကိစ္စနှင့် ပတ်သက်၍ ဇင်ဇင်က. . . .

"ဆောရီးပဲကိုကိုရယ်၊ ကျောင်းပိတ်ရက်ကြီးဆိုတော့ အိမ်က တစ်ယောက်တည်း ထွက်လို့မရဘူး။ ဒါကြောင့် မျိုးသာကီတို့ကို အကူအညီ တောင်းရတာလေ၊ သူတို့လာခေါ်တော့ အိမ်ကထွက်လို့ အဆင်ပြေသွား တာပေါ့၊ အစကတော့ သူတို့က အိမ်က ခေါ်ထုတ်ပေးရုံပါပဲ၊ နောက်မှ သူတို့ လည်း ရုပ်ရှင်ကြည့်ချင်တယ်ဆိုလို့ ခေါ်လာရတာ ဆောရီးနော်"

မျက်လုံးကလေး ပေကတ် ပေကတ်၊ နှုတ်ခမ်းကလေးကို ပြုံးယောင် ပြုပြီး ကျွန်တော့်ပခုံးကို တို့ကာ တို့ကာ ပြောလိုက်သောအခါ ကျွန်တော်၏ မကျေနပ်မှုများသည် ပပျောက်ကုန်ပြီးလျှင်

"ရပါတယ်"

ဟု ပြန်ပြောလိုက်မိလေသည်။

ဤသို့ဖြင့် ကျွန်တော်၏ ခန္တီပါရမီမှာ တစ်ဆင့်တိုး၍ ရင့်ကျက်လာခဲ့ ပြန်သည်။ ထိုအကြောင်းတွေ သိန်းမင်းထွန်းကို ပြန်ပြောပြလျှင် "မင်းမဆိုး ပါဘူး" ဟု အပြောခံရမည်မှာ သေချာသည်။

● ● ● ● ●





ဇင်ဇင်တ ကျွန်တော့်ကို အလျှော့ပေးသည့်အနေဖြင့် တစ်ခုလိုက်လျော သည်။ ကျွန်တော်တို့အိမ်ကို လိုက်လည်ပြီး မမတူးနှင့်တွေ့ဖို့ သဘောတူ လိုက်ခြင်းပင် ဖြစ်သည်။

သူ့ကို ကျွန်တော် သဘောကျသည့် အချက်တစ်ချက်ရှိသည်။ သူ သည် ခေတ်မိန်းကလေးပီပီ ဝတ်စားဆင်ယင် ပြောဆိုနေထိုင်သော်လည်း ဣန္ဒြေသိက္ခာမမဲ့ခြင်းပင် ဖြစ်သည်။ လူပြတ်သော၊ လွတ်လပ်လွန်းအားကြီး သော နေရာများမှာ ကျွန်တော့်ကို တွေ့ခွင့်မပေး။ သူ့ကို နမ်းခွင့်မရသေး သည်ကိုပင် ကြည့်။

ကျွန်တော်တို့အိမ်ကို လာလည်ဖို့ကိစ္စမှာလည်း ကျွန်တော်က ညာ ခေါ်လေသလားဟု မယုံမရဲ ဖြစ်ခဲ့သေးသည်။

"အိမ်မှာ မမတူးလည်း ရှိမှာပါ ဇင်ဇင်ရဲ့၊ ကိုယ်ခဏခဏ ပြောဖူး တယ် မဟုတ်လား၊ မမတူးက ဇင်ဇင့်ကို တွေ့ဖူးချင်နေတယ်လို့။ နောက်ပြီး ကိုယ့်သူငယ်ချင်း သိန်းမင်းထွန်းနဲ့ ခင်လေးတို့လည်း လာလိမ့်မယ်"

ဟု ပြောတော့မှ သူလက်ခံသည်။

ထို့ကြောင့် ဇင်ဇင်သည် သူ့ကိုယ်သူ တန်ဖိုးထားတတ်သော မိန်း ကလေးမှန်း ကောင်းကောင်းသိသာပါ၏။

ဒီတစ်ခါတော့ သူအိမ်က ထွက်နိုင်ဖို့ကို ကျွန်တော်ကပင် တာဝန်ယူ လိုက်ရသည်။ သိန်းမင်းထွန်း၏ ကောင်မလေးဖြစ်သော ခင်လေးကို ဇင်ဇင် တို့အိမ်သို့ လွှတ်လိုက်၏။ သူက သူငယ်ချင်းတစ်ယောက် ဆေးရုံတင်ထား ရသဖြင့် သွားကြည့်ရန်ဟု အကြောင်းပြပြီး ဇင်ဇင့်ကို ခေါ်ထုတ်လာခဲ့ သည်။

ကျွန်တော်နှင့် သိန်းမင်းထွန်းတို့က လမ်းက စောင့်နေပြီး အိမ်ကို အတူလာခဲ့ကြသည်။ ဇင်ဇင်လာမည့်အကြောင်း မမတူးကို ကြိုတင်ပြော မထားခဲ့ချေ။ ပြောထားပြီးမှ ဇင်ဇင်မလာဖြစ်မည်စိုး၍ ဖြစ်သည်။

ကျွန်တော်တို့ကို မြင်သောအခါ မမတူးက ရုတ်တရက် အံ့သြသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်၏။

"ဟယ် ညီမတို့လည်း ပါလာကြတာကိုး၊ လာကြ၊ လာကြ"

ဟု နှုတ်ဆက်စကားပြောရင်း ဇင်ဇင့်ကို တစ်ချက်အကဲခတ်ကြည့်သည်။ ဇင်ဇင်သည် လူကြီးတစ်ယောက်နှင့် တွေ့ရမှာမို့လားတော့ မသိ၊ အတတ်နိုင်ဆုံး ခပ်ရှိုးရှိုး ပြင်ဆင်လာခဲ့သည်။ ထိုအခါကျမှပင် ပို၍ လှနေလေတော့သည်။

သူက မမတူးကို ပြုံးပြလိုက်သည်။ ထိုအပြုံးက ကောင်းကောင်းကြီး ဆွဲဆောင်မှုရှိသွား၏။ မမတူး ကျေနပ်အားရသွားပုံရသည်။

"ကဲ ထိုင်ကြဦး"

ဟု ပြောပြီး မမတူး အိမ်အတွင်းဘက် ဝင်သွားသည်။ ကျွန်တော်တို့ချည်း ကျန်ခဲ့သောအခါ သိန်းမင်းထွန်းက ခင်လေးကို. . .

"ကဲ. . တို့လည်း သွားကြရအောင်"

ဇင်ဇင်က. . .

"ဘယ်သွားမှာလဲ" မေးသည်။

"ငါတို့တာဝန်က ဇင်ဇင်ဇော့်ကို အိမ်ကနေ ခေါ်ထုတ်ပေးဖို့ မဟုတ်လား၊ ခု ငါတို့တာဝန် ကုန်ပြီလေ။ ဒီတော့ သွားကြရုံရှိတာပေါ့"

"ဟင် အစက သူပြောတော့"

ဇင်ဇင်က ကျွန်တော့်ဘက် လှည့်ကြည့်သည်။ ကျွန်တော်က ရယ်နေလိုက်၏။

"ဟုတ်လားဟင် မမ"

ခင်လေးကို မေးပြန်သည်။ ခင်လေးက ပြုံးနေ၏။ သိန်းမင်းထွန်းက

"ဒါ ထုံးစံပဲ ဇင်ဇင်ဇော်ရ။ ဒီလိုပဲ ရှောင်ပေးကြရတယ်လေ၊ ကြည့်နေ၊ မမတူးကလည်း ပြန်ထွက်လာမှာ မဟုတ်တော့ဘူး။ သူ့အခန်းထဲ အောင်းပြီး စာဖတ်နေတော့မှာ"

"ဟင် ဒီလိုဆို ဇင်လည်း ပြန်မယ်"



BURMESE CLASSIC .com



ဆိုပြီး ထရပ်လိုက်သည်။

ကျွန်တော်က . . . .

"အလကားပြောတာပါ ဇင်ဇင်ရာ၊ ဒီကောင်နောက်နေတာပါ"

"အမယ် ဟောကောင်၊ နောက်တာ မဟုတ်ဘူး။ ခင်လေးနဲ့ ငါ ဒီကို လာတုန်းကလည်း ဒီလိုပဲ မဟုတ်လား၊ မင်းလေ လက်ဖက်ရည် သွားဝယ်ဦးမယ်ဆိုပြီး ထွက်သွားတာ ညနေ ကျမှ ပြန်လာတယ် မဟုတ်လား" ခင်လေးက. . . .

"သူတော်တော် မျက်နှာပြောင်တယ်"

ဆိုကာ သိန်းမင်းထွန်းလက်မောင်းကို ဆွဲဆိတ်သည်။ ဇင်ဇင့် မျက်လုံးလေး ကလယ်ကလယ် ဖြစ်နေတုန်း မမတူးက ဘာလီရည် ဖန်ခွက်များဖြင့် ဧည့်ခန်းထဲ ပြန်ဝင်လာသည်။ လင်ပန်းကို စားပွဲပေါ် ချပြီး. . . .

"ကဲ သောက်လိုက်ကြဦး"

"မမတူး ပြန်ထွက်မလာတော့ဘူး မှတ်နေတာ"

သိန်းမင်းထွန်းက စောစောက စကားအစိပ္ပာယ်ကို ဆက်၍ ပြောသည်။ မမတူးက ဘာမျှမသိသဖြင့်. . .

"အေးကွယ် ရေခဲက ကောင်းကောင်း မခဲတတ်သေးလို့ စောင့်နေရတာနဲ့ နည်းနည်း ကြာသွားတယ်"

ကျွန်တော်က ပြုံးစိစိလုပ်ရင်း ဇင်ဇင့်ကို လှမ်းကြည့်သည်။ ဇင်ဇင်က ကျွန်တော့်ကို သူများတွေ မမြင်အောင် မျက်စောင်းတစ်ချက် အလျင်အမြန် ထိုးလိုက်သည်။

"ဝင်းကိုတို့ လုပ်လိုက်ရင် အဲဒီလိုကြီးပဲ လာမယ်ဆိုလည်း ကြိုကြိုတင်တင် ပြောရောပေါ့၊ တစ်ခုခုစားဖို့ စီစဉ်ထားရတာပေါ့"

မမတူးကပြောရာ သိန်းမင်းထွန်းက. . . .

"ဟာ ခုလည်း ရပါတယ်၊ ထမင်းယောက်တော့ ကျွေးနိုင်မှာပေါ့"

"အေး ဟုတ်တယ်၊ ထမင်းစားကြပေါ့၊ မမတူး လက်ရာလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



မြည်းကြည့်ရတာပေါ့"

"ဘာချက်သလဲ မမတူး"

ဟု သိန်းမင်းထွန်းက စပ်စုနေပြန်သည်။

"ဝက်သားကို သရက်သီးသနပ်နဲ့ ချက်တယ်၊ ပြီးတော့ မုန်လာဥချဉ် ရေရယ်၊ ခရမ်းချဉ်သီး ငပိချက်ရယ်"

စားရင်တော့ ဘယ်လိုနေမည်မသိ။ ကြားရုံနှင့်ဝင် သွားတွေကျိန်းလာသည်။ မမတူးက ဒီလိုပဲ။ တစ်ခါတလေ စိတ်တူးတည့်ရာတွေ လျှောက်လုပ်တတ်သည်။ ဟင်းစပ်တည့်မှန်း မသိ။ မတည့်မှန်းမသိ။

BURMESE CLASSIC .com

"တော်တော် ခံတွင်းလိုက်မှာပဲနော်"

ဟု သိန်းမင်းထွန်းက ပင့်ပေးသည်။ ဒါကို မသိဘဲ. . .

"ဟယ် ခုမှ သတိရတယ်၊ ပုန်းရည်ကြီးလည်း ရှိသေးတယ်၊ သုတ်လိုက်ရင်"

"ဟာ မမတူးကလည်း ထမင်းမကျွေးပါနဲ့၊ ထမင်းက သူတို့အိမ်မှာလည်း စားနေရတာပဲ၊ မလေးရှားခေါက်ဆွဲ ဝယ်ကျွေးလိုက်ပါ့မယ်"

ဟု ကျွန်တော်က အလျင်အမြန် ဝင်ပြောလိုက်ရသည်။

"ဒါဆို ငါနဲ့ခင်လေး သွားဝယ်လိုက်မယ်ကွာ၊ ညနေစာ မီအောင် ပြန်လာခဲ့ပါမယ်"

သိန်းမင်းထွန်းက ဇင်ဇင့်ကို ထပ်စပြန်သည်။ ဒီတစ်ခါတော့ စမှန်းသိသဖြင့် ဇင်ဇင်က ပြုံးရုံသာပြုံးနေလိုက်သည်။ မမတူးကတော့ ဘာမှန်းမသိဘဲ. . .

"ဟာ မဟုတ်တာ မင်းတို့ သူငယ်ချင်း နှစ်ယောက်သွား ...ကြ"

ဟု ပြောသဖြင့် ရယ်ကြရ၏။

ကျွန်တော်နှင့် သိန်းမင်းထွန်းတို့ မလေးရှားခေါက်ဆွဲဝယ်ရန် ထွက်လာကြသည်။ လမ်းတွင် သိန်းမင်းထွန်းက. . .

"မမတူးက ဇင်ဇင်ဇော့်ကို တော်တော် သဘောကျနေပုံရတယ်ကွ"





"အေးကွ ငါလည်း သတိထားမိတယ်"

"မင်းကောင်မလေးက မဆိုးဘူးနော်၊ လူကြီးတွေကို ဘယ်လို ဆက်ဆံရမယ်ဆိုတာ သိနေတယ်"

"သူက ကြီးတော်နဲ့ နေရတာကိုး၊ အဘွားကြီးက သင်ထားမှာပေါ့၊ သူ့ပင်ကိုကလည်း ယဉ်ကျေးသိမ်မွေ့တဲ့ ဗီဇပါမှာပါ"

"မင်းကတော့ကွာ၊ နည်းနည်းလေး အကွက်ရလိုက်တာနဲ့ စွတ်တင်တော့ပဲကိုး"

ကျွန်တော်တို့ နားမှာ စားသောက်ဆိုင် တစ်ဆိုင်ရှိသည်။ ဆိုင်ကြီး မဟုတ်သော်လည်း အစားအသောက် မဆိုးလှချေ။

မလေးရှား ခေါက်ဆွဲကြော် ငါးထုပ်နှင့် ဆယ့်နှစ်မျိုးဟင်းချိုဝယ်သည်။

"ဒီရက်ပိုင်း မင်းဘတ်ဂျက် တော်တော်ထိနေပြီပေါ့"

သိန်းမင်းထွန်းက ရုပ်ရှင်ကြည့်သည့် ကိစ္စကိုပါ ရည်ရွယ်၍ ပြောသည်။

"ဒီနေ့တော့ ငါမထိပါဘူးကွ၊ မမတူး ထိတာ၊ ခေါက်ဆွဲ ကြော်ဝယ်ဖို့ ပိုက်ဆံက သူပေးလိုက်တာလေ"

ကျွန်တော်တို့ အိမ်ပြန်အရောက်တွင် အခြေအနေက တင်ထားတာ ထက်တောင်ပိုပြီး စိုပြည်နေတာ တွေ့ရ၏။

မမတူးက သူနှင့် ကိုဆွေတို့ မင်္ဂလာဆောင်တုန်းက ဓာတ်ပုံတွေ ထည့်ထားသော အယ်လ်ဘမ်ကို ထုတ်ပြနေသည်။ ဇင်ဇင်က ပုံတွေကြည့်ပြီး

"ဟယ် မမတူးက လှလိုက်တာ အရုပ်ကလေးကျနေတာပဲ"

ဟု ပြောသည်။ မမတူးမှာ သဘောတွေကျပြီး

"အေးကွယ်။ အခုမှ အစားအသောက်မဆင်ခြင်လို့ နည်းနည်းဝလာတာ၊ အဲဒီအချိန်တုန်းက ပိန်ပိန်လေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြုံးပြုံးကြီးပြောရင်း ကျေနပ်နေ၏။ ခင်လေးက သိန်းမင်းထွန်းကို ကြည့်ပြီး မျက်စိမှိတ်ပြသည်။ မမတူးက အယ်လ်ဘမ်တစ်နေရာကို လှန်ပြပြီး

"ဒါဝင်းကိုပုံလေ၊ မမတို့ မင်္ဂလာဆောင်တုန်းက သူ ဆယ်တန်းအောင်စပဲ ရှိသေးတယ်"

ဇင်ဇင်က သေသေချာချာကြည့်ပြီး ကျွန်တော့်ကို လှမ်းပြောသည်။

"အဲဒီတုန်းက သူ့ပုံက ကလေးရုပ် မပျောက်ချင်သေးဘူး"

"ခုလည်း မကြီးသေးပါဘူး၊ ရုတ်တရက် ကြည့်ရင် ဇင်ဇင်နဲ့ ရွယ်တူလောက် ထင်ရတယ်"

ကျွန်တော်က ပြန်ပြောလိုက်ရာ မမတူးက

"အမယ် ငါ့မောင်ကလည်း နုပါတယ်နော်၊ ဟုတ်တယ် မဟုတ်လား ညီမ"

ဇင်ဇင်ကို မေးသည်။ သိန်းမင်းထွန်းနှင့် ကျွန်တော် တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း ပြုံးမိကြ၏။ မမတူးနှင့် ဇင်ဇင်တို့ တော်တော်လေး ပြေလည်မှုရနေတာ သေချာနေလေပြီ။

စားကြ သောက်ကြသောအခါတွင်လည်း မမတူးသည် ဇင်ဇင့်ကို အရိပ်တကြည့်ကြည့်နှင့် ရှိနေ၏။ သူ့စိတ်ထဲမှာ တော်တော် သဘောကျ ကျေနပ်နေသဖြင့် ဇင်ဇင့်ကို အရမ်းဂရုစိုက်နေသည်။

"ညီမ ဟင်းချိုလေး သောက်လိုက်ဦးလေ၊ ကြက်သွန်ချဉ်လေးနဲ့စားပါမှ အအီပြေသွားမှာ"

ဇင်ဇင့်ကိုချည်း ဂရုစိုက်နေသဖြင့် ခင်လေးကိုအားတောင်နာမိသည်။ ခင်လေးက နားလည်မှုရှိ၍ တော်သေးသည်။ သိန်းမင်းထွန်းကတော့

"စားလေ ခင်လေး၊ မကုန်နိုင်ရင်လည်း ပြောနော်၊ ကျန်တာ ကိုယ် စားပစ်လိုက်မယ်"

ဟု မမတူးကို စောင်း၍စသည်။





မမတူးက ကျွန်တော့်ကိုယ်စား ဇင်ဇင့်ကို ဂရုစိုက်နေသဖြင့် ကျွန်တော့်အနေဖြင့် ဘာမျှ လုပ်ခွင့်မရအောင်ပင် ရှိနေလေသည်။ ဘာပဲ ဖြစ်ဖြစ် စားဝိုင်းသောက်ဝိုင်းသည် ပျော်စရာကောင်းနေသည်တော့ အမှန် ပင်။

စားသောက်ပြီးသောအခါ ဇင်ဇင်နှင့် ခင်လေးတို့က ပန်းကန်တွေ ကူသယ်ပေးသည်။ မမတူးက

"နေပါစေ၊ မမတူးဘာသာ လုပ်ပါ့မယ်"

ဟု ပြောသည်ကိုမရ။ အတင်းပင် ဝင်ကူလေသည်။

"မမ အေးအေးနေပါ၊ ပန်းကန်တွေ ဇင်တို့ဆေးလိုက်မယ်"

ဟု ဇင်ဇင်က ပြောသည်။

"အို မဟုတ်တာကွယ် အားနာစရာကြီး"

"အားနာရအောင် ဧည့်သည်တွေမှ မဟုတ်တာ"

ဟု ခင်လေးက အနှောက်အဲသွားမလွှတ်ပြောတော့ ဇင်ဇင်က မျက်ပြုံးပြုံးသည်။

"လုပ်ပါစေ မမတူးရဲ့"

ကျွန်တော် ပြောသည်။

"ကဲ ဒါဆိုလည်း လုပ်ကြပေတော့၊ မမတူး ကော်ဖီဖျော်လိုက်ဦးမယ်၊ အအီစာ စားပြီးရင် အအေးသောက်တာ မကောင်းဘူး၊ ပူပူလေးသောက် လိုက်မှ အဲစောကြေတာ"

မမတူးက ကြောင်အိမ်ကို ဖွင့်ပြီး နက်စ်ကော်ဖီဘူးသစ်ဖောက်သည်။ ဇင်ဇင်နှင့် ခင်လေးတို့က ပန်းကန်တွေ ဆေးကြသည်။ မမတူးက ကော်ဖီ ဖျော်နေရာမှ သူတို့ဘက်ကို မျက်စပစ်ပြီး ပြုံးပြသည်။ သိန်းမင်းထွန်းက မုန့်ကြွမ်းတခွက်ငုံသောက်ရင်း. . . .

"တယ်ဟုတ်ပါလားကွ"

ဟု တိုးတိုးပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွ၊ နောက်ဆို ဒီအိမ်မှာ သူလာနေမှာ မဟုတ်လား၊ ခုက တည်းက ရင်းရင်းနှီးနှီးနေထားတော့ ဟိုအခါကျရင် ပိုပြီး အဆင်ပြေတာပေါ့"

"အေးကွ၊ ဟုတ်တယ်၊ အစကတော့ နည်းနည်းများ ကလေးဆန်မလားလို့ ခုတော့"

သိန်းမင်းထွန်းစကားမှ မဆုံးသေးခင် "ခလွမ်"ဆိုသော တစ်စုံတစ်ရာ ကျကွဲသံ ကြားလိုက်ရသည်။ ကျွန်တော် သိန်းမင်းထွန်း၊ မမတူးတို့ အသံကြားရာသို့ ပြိုင်တူကြည့်မိကြ၏။

ဇင်ဇင့်လက်ထဲက ပန်းကန်လုံးသည် ဆပ်ပြာတွေနှင့် ချော်ပြီး ကျကွဲသွားခြင်း ဖြစ်သည်။ ထိုပန်းကန်လုံးမှာ ကိုဆွေ ဟောင်ကောင်က ပါလာသည့် အကောင်းစား ဟင်းရည်သောက် ကြွေပန်းကန်လုံး။ မမတူးက တရိုတသေ သိမ်းထားပြီး ခုမှ ဇင်ဇင့်မျက်နှာနှင့် ထုတ်သုံးခြင်း ဖြစ်သည်။

ဇင်ဇင်က ပါးစပ်ကလေးဟပြီး ပန်းကန်ကွဲစ တစ်စကို ယောင်ပြီး ကောက်ကိုင်သည်။ မမတူးက. . .

"ရပါတယ်ကွယ်"

ဟု နှုတ်မှပြောသော်လည်း ဟန်လုပ်ပြုံးထားသည့် မျက်နှာကြီးဖြင့် ပြောသည်။ ဇင်ဇင်က လျှာကလေးတစ်လစ်လုပ်ပြီး ဇက်ကို ပု၍ ကျွန်တော့်ကို လှမ်းကြည့်လိုက်သည်။

ကျွန်တော့်မျက်နှာကား 'ခဲလေသမျှ ကွဲချေပဟ" ဆိုတာမျိုး ဖြစ်ကောင်း ဖြစ်နေလေမလား မသိ။

● ● ● ● ●



[၈]

"ဆောရီးပဲ ကိုကိုရယ်"

ဟု သူပြောသည်။ ကျွန်တော်တို့အိမ် လာလည်တုန်းက ပန်းကန်လုံး ကျကွဲသည့် ကိစ္စအတွက် ပြောနေခြင်း ဖြစ်သည်။ "ဆောရီးပဲ ကိုကိုရယ်" ဆိုသည်မှာ သူ ကျွန်တော့်ကို ပြောနေကျစကားလို ဖြစ်နေပြီ။ ကျွန်တော်ကလည်း ထုံးစံအတိုင်း. . . .

"ရပါတယ်"

"မမတူးက ဇင့်ကို တော်တော်စိတ်ဆိုးမှာပဲနော်၊ ပန်းကန်က အကောင်းစား မဟုတ်လား၊ တော်တော်ပေးရမယ်ထင်တယ်"

"မမတူးက စိတ်မဆိုးပါဘူး"

ကျွန်တော် သူစိတ်ချမ်းသာအောင် ညာပြောခြင်းမဟုတ်၊ မမတူးသည် ပန်းကန်လုံးကို နှုတ်မှပြောသော်လည်း ဇင်ဇင့်ကို အပြစ်မမြင်ချေ။ မတော်တဆ ကျကွဲတာပဲဟု ခွင့်လွှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးတဲ့အပြင် ဇင်ဇင့်ကိုတောင် အားနာနေ သေးတယ်"

"ဇင်ဇင်စိတ်မကောင်းဘူး သိလား၊ အဲဒီလိုပန်းကန်တွေ ဘာတွေ ကျကွဲတယ်ဆိုတာ မကောင်းဘူး မဟုတ်လား"

"ဇင်ဇင်က အဲဒါတွေ ယုံလို့လား"

"ယုံတယ်တော့ မဟုတ်ပါဘူး၊ လူကြီးတွေပြောတာ ကြားဖူးလို့"

"အလကားပါကွာ၊ ဒါတွေ ခေါင်းထဲ မထားစမ်းပါနဲ့၊ ဇင်ဇင့်ကို ကိုယ် မေးစရာ တစ်ခုရှိသေးတယ်။ အိမ်မှာကော ဇင်ဇင် အိမ်အလုပ်တွေ ကူလုပ်ရဲ့လား"

"ကြီးမေကရော မမကရော ဇင့်ကို ဘာမှလည်း လုပ်မခိုင်းဘူး"

"မခိုင်းပေမယ့် ဇင်ဇင်က ဝင်ကူပေါ့"

သူက ရယ်၍. . .

"ကြီးမေက ပြောတယ်၊ ညည်းဘာသာ အေးအေးနေစမ်းပါတယ်၊ ညည်း ဝင်ကူတာ ပိုဆိုးတယ်တဲ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ဒီလိုပဲ လုပ်ရင်းကိုင်ရင်းနဲ့ တဖြည်းဖြည်း တတ်သွားတာပေါ့"

"ဟိုတစ်ခါတုန်းကပေါ့၊ ကြီးမေကို မီးဖိုထဲမှာ ဝင်ကူတာ ဂေါ်ဖီထုပ် လှီးရင်း လက်ဓားရှသွားလို့၊ သွေးတွေကို တအားထွက်တာပဲ၊ အဲဒီက တည်းက ကြီးမေက ဘာမှမခိုင်းတော့တာ"

"မတော်တဆ ထိခိုက်မိတာတော့ ရှိမှာပေါ့လေ၊ စက်ဘီးစီးသင် သလိုပေါ့၊ လဲရင်းကွဲရင်းနဲ့ တတ်ရတာမဟုတ်လား၊ အိမ်မှာ အဝတ်တွေ ဘာတွေကျတော့ ဘယ်သူလျှော်လဲ"

"ရန်ကမ လာလျှော်တယ်"

"မီးပူ တိုက်တော့ကော"

"မမသော် တိုက်တဲ့အခါတိုက်တယ်၊ ကြီးမေ တိုက်တဲ့အခါ တိုက်တယ်"





"ဇင်ဇင်ကတော့ မတိုက်ဘူးလား"

"ကြီးမေက ဇာတ်တွေဘာတွေ လိုက်မှာစိုးလို့တဲ့"

"ဩော် ဇင်ဇင်ရယ်၊ သူတိုက်တော့ကော ဇာတ်လိုက်မှာ မကြောက် ဘူးလား"

"ကြီးမေက ဇင်ဇင့်ကို သိပ်ချစ်တာ"

"သိပ်ချစ်လို့ သိပ်အလိုလိုက်ထားတာပေါ့၊ ဟုတ်လား"

ဇင်ဇင်က ခေါင်းညိတ်ပြသည်။

"ဒါကြောင့် ဇင်ဇင် ဆိုးနေတာ"

"ဇင်က ဆိုးတယ်ဟုတ်လား"

"ဟုတ်တယ် သိပ်ဆိုးတာပဲ၊ တစ်ခါတလေကျရင် ကလေးဆိုးလေးနဲ့ တူတယ်"

"ဒါဆို ကိုကိုက ကလေးကို မုန့်ပေးပြီး ကြိုက်တာပေါ့"

"ကလေးကလည်း မုန့်ကျွေးချင်စရာ ကောင်းလောက်အောင် သူတာကိုး"

သူပြုံးသည်။ ပြီးတော့. . .

"ကိုကိုက တစ်ခါတစ်ခါ ဖေဖေနဲ့တူတယ်"

"ဘယ်လို ဘယ်လို"

"ဩော် ဖေဖေလည်း ဒီလိုပဲ ဇင်က သိပ်ဆိုးတယ်လို့ ပြောတတ်လို့"

"ဇင်ဇင်တို့ မေမေကတော့ ဘာပြောလဲ"

"မေမေပြောတဲ့အတိုင်း ပြန်ပြောရမလား"

"ပြောပေါ့"

"မေမေကပြောတယ်၊ ဇင့်ကိုတဲ့ ထမင်းဟင်းချက်ခိုင်း၊ အဝတ်လျှော် ခိုင်း၊ တံမြက်စည်းလှဲခိုင်းမယ့် လူမျိုးနဲ့ မပေးစားဘူးတဲ့၊ တစ်သက်လုံး ကောင့်မတ မကြောင့်မကြပဲ ထားနိုင်တဲ့လူမျိုးနဲ့မှတဲ့"

ပြောပြီး သူ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေသွားၛ၏။ သူ ဘာသဘောနှင့် ဤသို့ ပြောသနည်း၊ ကျွန်တော့်ကို သွေးတိုးစမ်းတာလား၊ သတိပေးတာလား။ ကျွန်တော့်အဖို့ သူ့အကြောင်းကိုသာမက သူ့မိဘများ၏ အကြောင်းကိုပါ ထည့်သွင်း စဉ်းစားဖို့ လိုအပ်လာပြီဟု တွေးမိသည်။ သူက ဆက်၍ပြော၏။

"ဖေဖေကတော့တစ်မျိုး၊ မိန်းကလေးဆိုတာတဲ့ အိမ်မှုကိစ္စကို ကျွမ်းကျင်အောင် လေ့ကျင့်ထားရမယ်တဲ့၊ နောက်မှ ကိုယ် မလုပ်ချင်နေ၊ လိုအပ်တဲ့အချိန်မှာ တတ်ထားပြီးသား ဖြစ်နေမှ ကောင်းတယ်တဲ့"

"သိပ်ဟုတ်တာပေါ့ ဇင်ဇင်"

ဟု ကျွန်တော် ချက်ချင်းပြန်ပြောသည်။ သူတို့အဖေသည် ဟိတ်ကြီး ဟန်ကြီးလုပ်တတ်သည့် လူကြီးမဟုတ်နိုင်ဟု တွေးမိသဖြင့် ကျွန်တော် အားတက်လာပြန်သည်။

"ဇင်ဇင်တို့ ဖေဖေပြောတာ သိပ်မှန်တယ်၊ မိန်းကလေး တစ်ယောက်ဟာ အိမ်မှုကိစ္စကိုတော့ တတ်ကျွမ်းရမှာပဲ၊ ဇင်ဇင့်ကို ကိုယ်တစ်ခုပြောချင်တယ်၊ ကိုယ်ဟာ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဇင်ဇင့်ကို အခြေအရံ အသင်းအပင်းတွေနဲ့ ရွှေပေါ်မြတင် ထားချင်မှ ထားနိုင်မယ်၊ အတတ်နိုင်ဆုံး ကြိုးစားမယ်ဆိုတာတော့ ယုံပါ။ ဘာပဲဖြစ်ဖြစ်လေ၊ ဘယ်လို အခြေအနေမျိုးမှာပဲ နေရနေရ၊ အိမ်ရှင်မတစ်ယောက်ဟာ အိမ်ထောင်ကို နိုင်နင်းအောင် ထိန်းသိမ်းနိုင်ရမှာပေါ့၊ ကိုယ့်အယူအဆကတော့ ကိုယ်ဟာ အရမ်း ချမ်းသာချင် ချမ်းသာလာမယ်၊ အဲဒီ အခါမျိုးမှာလည်း ကိုယ့် မိန်းမချက်တဲ့လက်ရာ ထမင်းဟင်းကိုပဲ စားချင်တယ်"

ကျွန်တော့်ဆိုလိုရင်းကို သူ သဘောပေါက်မည်ထင်မည်။ ဘာမျှတော့ ပြန်မပြောဘဲ ကျွန်တော့်ကိုသာ ကြည့်နေ၏။

"ဇင်ဇင် ထမင်းဟင်းချက်တတ်အောင် ကြိုးစားနော်"

သူ ခေါင်းညိတ်သည်။

"ဇင်ဇင့်ကို ကိုယ် မေးစရာ တစ်ခုရှိသေးတယ်"





"ဘာလဲ"

"မမတူးက ဇင်ဇင့်အပေါ်မှာ ကျေနပ်မှုရှိတယ် ဆိုတာ သိပြီးဖြစ်မှာပေါ့။ ကိုယ်တို့မှာ မောင်နှမ နှစ်ယောက်တည်း ရှိတာဆိုတော့ ကိုယ့်ဘက်က ပြဿနာဘာမှ မရှိတာဘူးနော်၊ ဇင်ဇင့်ဘက်ကရော ဘယ်လိုလဲ"

"ကိုကိုက ဘာကို ဆိုလိုတာလဲ"

"ကိုယ်နဲ့ ဇင်ဇင့်ကို ဇင်ဇင်တို့အိမ်က သဘောတူနိုင်ပါ့မလား ဆိုတာလေ"

"ဇင် ဘယ်သိပါ့မလဲ၊ ဇင်တို့အကြောင်းကို အိမ်က သိသေးတာမှ မဟုတ်တာ၊ ဘယ်လိုလုပ်ပြောနိုင်မှာလဲ"

"ဇင်ဇင် ခန့်မှန်းကြည့်ပေါ့။ ဖြစ်လာနိုင်တဲ့ အလားအလာကို"

"ဟင့်အင်း မခန့်မှန်းတတ်ဘူး၊ အဲဒီလောက်အထိ ရှည်ရှည်ဝေးဝေးလည်း ဇင် မတွေးချင်ဘူး"

"ဘယ်ဟုတ်မလဲ ဇင်ဇင်ရဲ့။ ဒါမျိုးဆိုတာ ကြိုတင်ပြီး စဉ်းစားထားရမှာပေါ့"

"ဖြစ်မှ ဖြစ်မလာသေးတဲ့ဟာကို ကြိုတင် စဉ်းစားပြီးတော့ ဘာလုပ်ရမှာလဲ"

"တကယ်လို့ ဇင်ဇင်တို့အိမ်က ကိုယ်နဲ့ သဘောမတူဘူးလို့ ဖြစ်လာခဲ့ရင်ကော"

"သဘောတူမယ် မတူဘူးဆိုတာ သိမှ မသိရသေးတာပဲ ကိုကိုရယ်၊ ကြိုပြီး ပူနေလို့ အပိုပေါ့၊ ဇင်တော့လေ လက်ထပ်တဲ့ကိစ္စကို တစ်ခါမှ မစဉ်းစားကြည့်ခဲ့ဖူးဘူး"

ကျွန်တော် ဆတ်ခနဲ ဖြစ်သွားသည်။

"ဘယ်လို ပြောလိုက်တာလဲ ဇင်ဇင်၊ ဇင်ဇင် ကိုယ့်ကို ဘာဖြစ်လို့ ချစ်တာလဲ၊ လက်ထပ်ဖို့ မဟုတ်ဘူးလား၊ ချစ်ရုံသက်သက်ပဲလား"

ကျွန်တော့် စကားသံက လွှတ်ခနဲ နည်းနည်းမာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် လက်ထပ်ဖို့ မစဉ်းစားဖူးဘူးတဲ့။ သူ့အချစ်က ဘာလဲ။ ကျွန်တော့်အပေါ် လေးလေးနက်နက် မရှိဘူးဆိုသော သဘောလား။ အပျော်သက်သက်ချစ်လို့ ရသလား။

"ကိုကိုရယ် ဇင်ကတော့လေ ကိုကို့ကို ချစ်တယ်ဆိုတာ တစ်ခုပဲ စဉ်းစားတယ်။ အဲဒီထက်ပိုပြီး အရေးကြီးတာ ဘာများ ရှိသေးလို့လဲ။ တစ်ခုတော့ ဇင် ပြောရဲတယ် သိလား၊ ဇင်လေ ကိုကို့ကို ဘယ်တော့မှ မမုန်းဘူး"

သူနားလည်သော စကားဖြင့် ရှင်းပြနေခြင်းဖြစ်သည်။ ဒါကို ကျွန်တော်က အဓိပ္ပာယ်ဖော်ယူဖို့ အပြင်းအထန်ကြိုးစားရသည်။

ချစ်တယ်ဆိုတာ ဘာလဲ။ လက်ထပ်ဖို့လား၊ လက်မထပ်ဖြစ်ရင်ကော မချစ်တော့ဘူးလား။ လက်မထပ်ဖြစ်သည့်တိုင် လွဲခဲ့ကြသည့်တိုင် အချစ်က ဆက်လက် တည်ရှိမနေနိုင်ဘူးလား။ ဘာပဲဖြစ်ဖြစ်၊ ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ်၊ ချစ်နေလို့ ရသည်။ တစ်သက်လုံး ချစ်နေမည်။ သူက သို့ ဆိုလိုချင်လေသလား။

"ချစ်တယ်ဆိုတာ ဘာလဲဇင်ဇင်"

ဟု ကျွန်တော်က မေးလိုက်သည်။ သူက. . .

"ချစ်တယ်ဆိုတာ ချစ်တာပေါ့ ကိုကိုရယ်"

ရှင်းသွားပြီ။ သူ ကျွန်တော့်ကို ချစ်သောအချစ်သည် တခြားဘာကိုမျှ ထည့်သွင်းစဉ်းစားခြင်း မရှိသော အချစ်သန့်သန့်ကလေး။

● ● ● ● ●

ကျွန်တော်သည် ဇင်ဇင့်ကို နည်းနည်းတော့ နားလည်လာပြီဟု ဆိုရပေလိမ့်မည်။

သူ့မိဘများက အခြေအနေ တင့်တယ်သူများဖြစ်သည်။ ကိုယ်ပိုင်ကားမရှိတာကလွဲလျှင် သူတို့သည် သားသားနားနား နေထိုင်နိုင်ကြသူများ





ဖြစ်သည်။ ကားဝယ်စီးမည်ဆိုလျှင် စီးနိုင်သည့် အခြေအနေမှာ ရှိသည်။

ဇင်ဇင်က အငယ်ဆုံးဖြစ်၍ အားလုံးက အလိုလိုက်ထားသည်။ ဒီကြားထဲ ကြီးဒေါ်ကြီးက ဇင်ဇင့်ကို အလွန်ချစ်သည်။

နည်းနည်းမှ အငြိုငြင် မခံအောင်ထားသည်။ ထို့ကြောင့် သူက ဆိုးချင်သည်။

ပြီးတော့ စိတ်ကောက်တာကို ဝါသနာပါသည်။ ဘာမဟုတ်တာလေးနှင့် စိတ်ကောက်ချင် ကောက်နေတတ်သည်။ သူနှင့် ချိန်းထားပြီးမှ အရေးပေါ်ကိစ္စကြောင့် မသွားဖြစ်သဖြင့်၊ ပထမဆုံးအကြိမ် စိတ်ကောက်သည်မှစ၍ ဒုတိယအကြိမ်မြောက်၊ တတိယအကြိမ်မြောက်၊ နောက်ကေဒသမမြောက်၊ ဗွါဒသမမြောက်၊ တေရဒသမမြောက် စသည်ဖြင့် ရေတွက်လျှင် ပါဠိလို မရွတ်တတ်သလောက်ပင် အကြိမ်တွေ များနေပါပြီ။

တစ်ခါတလေ ရက်တော်တော်ကြာအောင် သူစိတ်ကောက်ဖို့ မေ့နေသောအခါ ကျွန်တော်က. . .

"ဇင်ဇင် စိတ်မကောက်တာ တော်တော်ကြာပြီနော်"

ဟု စသည်။ ထိုအခါ သူ့ကို ဒီလို ငေါ့ရကောင်းမလား ဆိုပြီး စိတ်ကောက်ပြန်လေတော့သည်။

စိတ်ကောက်ခြင်း ဆိုသည် တန်ဆောင်တိုင် မီးထွန်းပွဲလို ဘယ်နှကြိမ်မြောက်ဟူ၍ ဂုဏ်ယူကြော်ငြာဖို့ ကောင်းသည်တော့ မဟုတ်ချေ။ ဘာပဲဖြစ်ဖြစ် ကြာတော့လည်း သူ့ဝသီပဲလေဆိုပြီး ခွင့်လွှတ်လိုက်သည်။

နောက်ပြီး ကျွန်တော်သည် ကိုယ်မောင်းနေကျကား ဘာသံမြည်လာလျှင် ဘယ်နေရာက ဘာဖြစ်လို့ ဘာလုပ်ရမည်ဆိုတာ သိနေသလို သူစိတ်ကောက်လျှင် ဘယ်လို ချော့ရမည်ဟု သိနေ၏။

သူစိတ်ကောက်ပြီဆိုလျှင် ခဏလောက်ကြာအောင် ချော့လိုက်၊ စိတ်ကောက်ရှိန် နည်းနည်း လျော့လာပြီဆို သူ့ကို မခံချင်အောင်စရသည်။ သူက ကျွန်တော့်ကျောကုန်းကို ထုချင်ထု၊ လက်မောင်းကို ဆွဲလိမ်



www.burmeseclassic.com

www.burmeseclassic.com



ချင်လိမ်လိမ့်မည်။

"ဟာ နာတယ် ဇင်ဇင်ရ၊ မလုပ်ပါနဲ့ကွ"

ဟု ကျွန်တော်ကပြောရသည်။

ထိုအခါ သူက တခစ်ခစ်ရယ်ပြီး စိတ်ကောက်ပြေသွားတော့သည်။ တစ်ခုကောင်းသည်က သူသည် အငြိုးအတေး မထားတတ်။ စိတ်ကောက်ပြီး စိတ်ပြေသွားသည်နှင့် သူ ဘာမျှမဖြစ်ခဲ့သလို ပျော်ရွှင်ရယ်မောနေတတ်၏။

သူ့ အသက်အရွယ်နှင့်စာလျှင် သူ့ အပြုအမူက တစ်ခါတစ်ခါ ကလေးဆန်နေသည်ဟု ဆိုရမည်။ ဒါကတော့ သူနေရသော ပတ်ဝန်းကျင် အနေအထားကြောင့် ဖြစ်လေသည်။ ကျွန်တော့်အနေဖြင့် သူ့ကို တဖြည်းဖြည်းချင်း ရင့်ကျက်လာအောင် ဆွဲဆောင်သိမ်းသွင်းသွားရပေမည်။

သိန်းမင်းထွန်း သတိပေးထားသည့်အတိုင်း ကျွန်တော်သည် သူ့အပေါ် အတတ်နိုင်ဆုံး လိုက်လိုက်လျောလျော ဆက်ဆံခဲ့သည်။ သို့ရာတွင် လိုက်လျောလို့ မရသော ကိစ္စမျိုးတွေလည်း ရှိနေပြန်၏။

ခု နောက်ပိုင်း ဝတ်စားဆင်ယင်မှု ပြောင်းလဲပုံမှာ အလွန်မြန်ဆန်သည်။ ကျွန်တော်သည် လူငယ်တစ်ယောက်မျှသာ ဖြစ်သော်လည်း သူတို့ကို လိုက်လို့ မမီအောင် ဖြစ်နေရသည်။

ကျွန်တော်တို့ တက္ကသိုလ်စတက်ခါစတုန်းက ဆံပင်ရှည်ပြဿနာ ဝယက်သည် အရှိန်ရနေတုန်းဖြစ်သည်။

ဆံပင်ရှည်ထားသော လူငယ်တွေကို လူကြီးတွေက ကြည့်လို့မရ။ ဆံပင်ရှည်လျှင် ဆိုးသွမ်းစာရင်းထဲ သွတ်သွင်းချင်သည်။

နောက်တော့လည်း ရိုးသွားသည်။ ဆံပင်ရှည်ကို မျက်စိထဲမှာ ယဉ်ပါးလာကြသည်။ ထိုမျှမက လူရွယ်လူလတ်ပိုင်းကပါ မသိမသာ လိုက်ရှည်လာကြ၏။ ဒေါက်တီခြင်း ကုပ်ကဆံပင်ကို ရှပ်၍ ညှပ်ခြင်းတို့





မပြုလုပ်ကြတော့ချေ။ နောက်ပိုင်းတွင် ဘတ်စ်ကားပေါ်မှာ ခေါင်းတုံးဆံတောက်နှင့် လူငယ်တစ်ယောက်ကိုတွေ့လျှင် ထောင်ထဲက ထွက်လာခါစ ခါးပိုက်နှိုက်များလားဟု မသင်္ကာသော မျက်လုံးများနှင့် ကြည့်လာကြသည်။

ခုအခါမှာတော့ လူငယ်တို့၏ ဆံပင်များ ပြန်တိုလာကြပြန်သည်။ ကုပ်သားပြောင်ပြောင်၊ နားရွက် လုံးဝပေါ်အောင် ဒေါက်တီလာကြ၏။ တချို့က ကျွန်တော်တို့ ငယ်ငယ်က ထားသော 'ခရုကတ်' ခေါ် တိုတို ပါးပါးပုံစံ ဖြစ်လာလေသည်။

ကျွန်တော်သည် အရင်ကလောက် ဆံပင်မရှည်တော့သော်လည်း သူတို့လို 'မပြောင်'ဝံ့သေးသည်မှာ အမှန်ပင်။

ကျွန်တော်တို့ တစ်ချိန်က အကျီကျပ်ကျပ် ဝတ်ခဲ့သည်။ ကိုယ်နှင့် တစ်တိုင်းတည်း နီးပါးလောက်ဖြစ်မှ ဘဝင်ကျသည်။ ကော်လံက လေးလက်မလောက်ရှည်သည်။

ခုကျတော့ အကျီပွပွကြီးတွေ ဝတ်ကြပြန်ပြီ။ ပွတာမှ လူဘစ်ကိုယ်ခွဲစာလောက်ရှိသည်။ အကျီလက်မောင်းရင်းနားထိ ခေါက်ထားသေးသည်။ ကော်လံက သေးသေးတိုတိုကလေးတွေ။

ဟိုအချိန်က အောက်ပိုင်းကားသော ဖလဲဘောင်းဘီတွေ ခေတ်စားသည်။ ခုကျတော့ အပေါ်ကပွပွ၊ အောက်က ကျပ်ကျပ်၊ ဂျာမန်စစ်ဗိုလ်တွေ၊ မြင်းစီး ဂျော်ကီတွေဝတ်သော ဘောင်းဘီမျိုး ဝတ်ကြ၏။ ချာလီဘောင်းဘီဆိုပဲ။

ပုဆိုးကျတော့လည်း အရင်ကအကွက်စိပ်ကလေးတွေသာ ဝတ်ကြသည်။ အကွက်ကျဲ ဝတ်သူများမှာ ဘာဘူကုလားကြီးများနှင့် အဘိုးကြီးများသာဖြစ်၏။ ခုအခါတွင်ကား ပုဆိုးကွက်ကျဲကြီးများမှ ခေတ်မီသလို ဖြစ်နေလေသည်။

ကျွန်တော့်အကျီများနှင့် ပတ်သက်၍ ဇင်ဇင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အကျီကော်လံ အရှည်ကြီးတွေက သိပ်အောက်တာပဲ၊ အလွန်ဆုံး တူးအင်္ကျီလောက်ဆို တော်ပြီ ဒါမှသားနားတာ"

ဟု ဝေဖန်သည်။

ဒါတော့ သူ့အကြိုက်ကို ကျွန်တော် ချက်ချင်း မလိုက်လျောနိုင်။ ကျွန်တော့်မှာရှိနေသော အကျီတွေက ကော်လံရှည်တွေချည်းဖြစ်သည်၊ အသစ်ထပ်ချုပ်ဖို့ ဆိုတာကလည်း အကျီတစ်ထည်ကို ခုနစ်ဆယ်၊ ရှစ်ဆယ်လောက် ကျနေသည်။ ထပ်ချုပ်တယ်ပဲထား တစ်ထည်နှစ်ထည်ထက် ပိုပြီး မချုပ်နိုင်။

ကျွန်တော့်ဆီမှာ ဆယ်တန်းလောက်တုန်းက အကျီတစ်ထည် ရှိသေးသည်။ ချုပ်ပြီးမှ ပုံမကျ ပန်းမကျ ဖြစ်နေသဖြင့် တစ်ခါနှစ်ခါ ဝတ်ပြီး သိမ်းထားခဲ့ခြင်းဖြစ်သည်။ ကိုယ်ထည်က ပွပွကြီး။ ကော်လံက သေးသေး။

စိတ်ပေါက်ပေါက် ရှိသဖြင့် တစ်ခါတော့ ထိုအကျီကို ဝတ်သွားလိုက်သည်။ ထိုအခါ ဇင်ဇင်က...

"သိပ် သားနားတာပဲ"

ဟု ပြောလေတော့၏။

ဒီလောက်တောင် ကော်လံအသေး ကြိုက်လှတာ လည်ကတုံး အကျီ ဝတ်သွားမယ်၊ ဒီထက်သေးတဲ့ ကော်လံ မရှိတော့ဘူး ဆိုပြီး ဝတ်သွားကြည့်ရာ ဒါကျတော့ သူက သဘောကျပြန်ရော၊ ကဲ ဘယ်လိုများ ဖြစ်နေမှန်းတောင် မသိတော့ပါ။

ဘောင်းဘီကတော့ ကျွန်တော် ဝတ်လေ့မရှိသဖြင့် အရေးမကြီး။ သူကလည်း ဘောင်းဘီဝတ်ပါဟူ၍ မတိုက်တွန်းချေ။ ကျွန်တော်နှင့် ဘောင်းဘီ မလိုက်ကြောင်း၊ ဝတ်လိုက်လျှင် ပုံလာမည်မဟုတ်ကြောင်း သူသိနေသောကြောင့် ဖြစ်နိုင်သည်။

ကျွန်တော့်မှာ ပုဆိုးအကွက်ကျဲကြီးတွေ မရှိ။ အကွက်သိပ်စိပ်တာလည်း မရှိ။ အနေတော်လောက်သာ ဖြစ်သောကြောင့် ပြဿနာမရှိချေ။





ဘာပဲဖြစ်ဖြစ် ကျွန်တော်သည် လူငယ်တစ်ယောက်ဖြစ်သည့်တိုင်အောင် သူတို့ကို အမီမလိုက်နိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ အသက် လေးငါးနှစ်ကွာရုံဖြင့် ဒီလောက် ခြားနားသွားတာ အံ့ဩဖို့တောင် ကောင်း၏။ ကျွန်တော်ကပဲ နောက်ထပ် လေးငါးနှစ်လောက် ခေတ်နောက်ပြန်ဆွဲနေမိသောကြောင့်လားမသိ။ ဇင်ဇင်နှင့် ပတ်သက်၍ အတတ်နိုင်ဆုံး လိုက်လျောခဲ့သည် ဆိုသော်လည်း ဝတ်စားဆင်ယင်မှု နှင့် ပြောဆိုနေထိုင်ပုံများမှာတော့ ကျွန်တော့်ကိုယ်ကျွန်တော် ပြုပြင်ဖို့ မကြိုးစားခဲ့ပါ။

● ● ● ● ●

သူ့သူငယ်ချင်းတွေနှင့် ပတ်သက်၍လည်း ကျွန်တော် သိပ် သဘောမကျလှပါ။ အထူးသဖြင့် မျိုးသာကိုနွယ်နှင့် စိုးဒါလီသွယ်။

သူတို့က ကျွန်တော်ကိုမြင်လျှင် ဟားဖို့လောက် စိတ်ကူးနေကြဟန်တူသည်။ သူတို့နှင့်တိုးလျှင် ဇင်ဇင်နှင့် ကျွန်တော် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် စကားမပြောရတော့။ ကျွန်တော်တို့ သွားလေရာသို့ တတန်းတန်း လိုက်နေတော့သည်။

အလိုက်မသိတတ်လို့လည်း မဟုတ်။ သိသိကြီးနှင့် တမင်လိုက်နှောက်ကြခြင်းဖြစ်သည်။ ပြီးတော့လည်း စားသောက်ဆိုင်မှာ ထိုင်ပြီး ဟိုဟာမှာစား၊ ဒီဟာမှာစား လုပ်ကြသည်။ ကျွန်တော်က ဒိုင်ခံငွေရှင်း။

ကျွန်တော်သိသည်။ ကျွေးလည်းကျွေးရသေး၊ ကွယ်ရာကျလျှင် ကျွန်တော့်ကို ဟားလိမ့်ဦးမည်။

သူတို့သည် ဝတ်နိုင်စားနိုင် သုံးနိုင်ဖြုန်းနိုင်သူတွေ ဖြစ်သည်။ ထို့ကြောင့် သူတို့မှာ အပူအပင်မရှိ။ အမြဲတမ်း ရွှင်မြူးတက်ကြွနေသည်။ အရာရာကို ပေါ့ပေါ့ပေါ်ပေါ်သာ သဘောထားသည်။ ယောကျ်ားကလေးများနှင့် ဆက်ဆံပြောဆိုရာတွင် အရှက်အကြောက်မရှိ။ ရဲတင်းလွန်းသည်။ ဇင်ဇင်



www.burmeseclassic.com

www.burmeseclassic.com



သည် သူတို့နှင့် ပေါင်းနေသဖြင့် သူတို့၏ အမူအကျင့်တွေ ကူးစက်နေမည်ပင် ဖြစ်သည်။

ဇင်ဇင့်ကို တဖြည်းဖြည်း ရင့်ကျက်လာအောင် စည်းရုံးသိမ်းသွင်းရာတွင် သူတို့က အနှောင့်အယှက် ဖြစ်နေနိုင်သည်။ ဘာပဲဖြစ်ဖြစ် ဇင်ဇင်ကတော့ သူတို့နှင့် မပေါင်းဘဲ မနေနိုင်။

တစ်ခါတုန်းက သူတို့အုပ်စုနှင့် တူတူ လမ်းလျှောက်သွားရင်း လမ်းလယ်ကောင်မှာ ငှက်ပျောခွံတစ်ခု ကျနေသည်ကို တွေ့ရ၏။ ကျွန်တော်က ကောက်ယူပြီး ရေမြောင်းထဲ ပစ်ထည့်လိုက်သည်။

သူတို့က ကျွန်တော့်အပြုအမူကိုကြည့်၍ ပြုံးသည်။ အပိုတွေ လုပ်တယ်ဟု ယူဆဟန်တူသည်။ ကျွန်တော့်အဖို့တော့ ငယ်ငယ်ကတည်းက အကျင့်ပါနေခြင်း ဖြစ်၏။

သူတို့က မိုက်ကယ်ဂျက်ဆင်၏ အဆိုအက ဗီဒီယိုတိတ်ခွေကို ကြည့်ပြီး ဂျက်ဆင်ကို အခုရလျှင်ပင် ယူတော့မလောက် အဖြစ်သည်းနေကြသည်။

ထိုတိတ်ခွေကို ကျွန်တော်လည်း ကြည့်ဖူးပါသည်။ ဂျက်ဆင်၏ ခြေထောက်အကမှာ ထူးခြားဆန်းသစ်ပြီး ကြည့်လို့ ကောင်းသည်မှာ အမှန်ပင်။ ချီးလည်း ချီးကျူးမိပါသည်။ သို့ရာတွင် ဆွေ့ဆွေ့ခုန်လောက်အောင်တော့ မဖြစ်သင့်။ အမေတို့ တဖွဖွ ပြောနေဆဲဖြစ်သော ဦးအောင်မောင်းကြီး၏ ခြေထိုးအက ကျွန်တော်တို့ ငယ်ငယ်က ကြည့်ခဲ့ဖူးပြီး ခုထိတိုင် မျက်စိထဲစွဲနေသော ကက်နက်စိန်၏ ခြေထောက်အကတွေသာ ဂုဏ်ယူထိုက်သည်ဟု ထင်ပါ၏။

သူတို့က အဆိုတော် ဘို့ချင်းဂျော့ မိန်းမလိုဝတ်ပြီး စတိတ်ရှိုးထွက်သည်ကို မကြည့်ဖူးတာ နာလေခြင်းဟု တက်ကခေါက်ခေါက် ဖြစ်နေရှာသည်။





ကျွန်တော်ကတော့ ယောကျ်ားမင်းသမီးကြီး အောင်ဗလ၏ အပြောအဆို၊ အငိုအကတွေကို ရုပ်ရှင်ဖြင့် မှတ်တမ်းမတင်နိုင်ခဲ့သည်မှာ နာလေခြင်းဟု နမြောတသမိပါ၏။

ထိုအကြောင်းတွေ ဇင်ဇင့်ကို ပြောပြပြီး ကိုယ့်ဖက်ပါအောင် ကြိုးစား သိမ်းသွင်းနေရသည်မှာ မလွယ်ကူလှချေ။

● ● ● ● ●

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ၉

သူ့သူငယ်ချင်းတွေနှင့် ပတ်သက်ပြီး သူနှင့်ကျွန်တော် အချေအတင် ပြောကြရသေးသည်။

ကျောင်းသားလူငယ်ဘဝတွင် သူငယ်ချင်းကို ချစ်ခင်တွယ်တာတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ တစ်ခါတစ်ရံမှာ သူငယ်ချင်းအတွက် မိဘကိုပင် အန်တုတတ်သောမျိုး ရှိတတ်၏။

ချစ်သူနှင့် သူငယ်ချင်း ယှဉ်လာသောအခါကျတော့ကော။ ကျွန်တော့်အယူအဆကတော့ ချစ်သူအပေါ် ဦးစားပေးမိသည့်အတွက် သူငယ်ချင်းက နားလည် ခွင့်လွှတ်နိုင်ရပေမည်။

သူ့သူငယ်ချင်းတွေက ဒီလိုကိစ္စမျိုးတွင် သိပ်နားလည်မှု ရှိဟန်မတူချေ။ ကျွန်တော် သူတို့လက်ထဲမှ ဇင်ဇင့်ကို လုယူဖို့ကြိုးစားနေသည်ဟု ထင်သလားမသိ။

တစ်ခါတလေ ကျွန်တော်နှင့် ချိန်းထားမှန်း သိလျက်နှင့် တခြားတစ်နေရာသို့ မရမက ခေါ်သွားတတ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်က





မကျေမနပ် ပြောသောအခါ. . .

"သူတို့က အတင်းခေါ်နေတော့လည်း အားနာစရာနဲ့၊ နောက် သူတို့နဲ့ မလိုက်ရင် ပြဿနာရှာမှာ"

ဟု သူကပြောသည်။

"ဇင်ဇင်က သူတို့ကို ကြောက်လို့လား"

ကျွန်တော်ကမေးသည်။

"ကြောက်တယ်လို့တော့ ဘယ်ဟုတ်မလဲ ကိုကိုရယ်၊ သူငယ်ချင်းတွေ ဖြစ်နေတော့လည်း"

"ကိုယ်ကလည်း ဇင်ဇင့်ရဲ့ချစ်သူဆိုတာ သတိထားစမ်းပါဦး"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကိုကိုပဲ တစ်ခါပြောဖူးတယ်လေ၊ လူဆိုတာ တစ်ယောက်တည်း နေလို့မရဘူး၊ အပေါင်းအသင်း ပတ်ဝန်းကျင် ဆိုတာ ရှိသေးတယ်ဆို"

တစ်ခါက သူနှင့်ချိန်းပြီးမှ အရေးပေါ်ကိစ္စ ပေါ်လာသဖြင့် မသွားဖြစ်သဖြင့် သူစိတ်ကောက်ရာတွင် ကျွန်တော်ပြောသည့် စကားဖြင့် ပြန်လည် ချေပသည်။

"ဇင်ဇင့်ကို ကိုယ်တစ်ခုမေးမယ်၊ သူငယ်ချင်းတွေနဲ့ ကိုယ်နဲ့ တယ်သူ့ကို ပိုချစ်သလဲ"

"အို ကိုကိုကလည်း ဒါနှိုင်းစရာမှ မဟုတ်တာ၊ အချစ်ချင်း မတူဘူးလေ၊ သူငယ်ချင်းကို ချစ်တာက ငါးရာနှစ်ဆယ့်ရှစ်၊ ကိုကို့ကို ချစ်တာက ထောင့်ငါးရာ မဟုတ်လား"

ဒီလိုနေရာမျိုးကတော့လည်း သူက တတ်သိနားလည်မှု ရှိနေပြန်သည်။

"ကိုယ်တစ်ခုပြောမယ်၊ သူငယ်ချင်းဆိုတာက အခုသာ ပေါင်းသင်းနေကြတာ နောက်ကျတော့ ကွဲကုန်ကြမှာပဲ၊ ကိုယ်ကတော့ ဇင်ဇင်နဲ့ တစ်သက်လုံး တူတူနေသွားရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကလည်း ဇင်နဲ့ ပေါင်းသင်းလာတာ ကြာပြီပဲ၊ ပစ်ပစ်ခါခါ လုပ်လို့ ဘယ်ရမလဲ၊ တကယ်ဆိုရင် ကိုကိုနဲ့က နောက်မှတွေ့တာ၊ သူတို့နဲ့က အရင်တွေ့တာလို့တောင် ပြောလို့ ရတယ်လေ"

နည်းနည်းတော့ အောင့်သွားသည်။ ဘယ်သူနဲ့ယှဉ်ယှဉ် ကိုယ့်ချစ်သူက ကိုယ့်ကိုသာ ဦးစားပေးစေချင်သည်မှာ သဘာဝကျပါသည်။ သူက ရယ်ရယ်မောမော နောက်ပြောင်သလို ပြောနေခြင်းဖြစ်သောကြောင့်သာ ကျွန်တော် ဒေါသဖြစ်မသွားခြင်း ဖြစ်၏။

"ဒီလို ကိစ္စမျိုးမှာ ဘယ်သူက အရင်ဆိုပြီး တိုက်ယူဖို့ လိုသေးသလား"

သူရယ်သည်။

"ဟုတ်တယ်လေ၊ မွေးကတည်းက သိကျွမ်းပြီး အတူတူ နေလာခဲ့တဲ့ ကိုယ့်မိဘကိုတောင် ခွဲခွာပြီး ချစ်သူနဲ့ တစ်သက်လုံး နေသွားရမှာ မဟုတ်လား၊ ကဲ ကိုယ်မေးပါဦးမယ်၊ တကယ်လို့ ကိုယ့်ကို အဆက်ဖြတ်မလား၊ သူငယ်ချင်းတွေကို အဆက်ဖြတ် မလားဆိုတဲ့ အခြေအနေမျိုး ရောက်လာရင် ဇင်ဇင် ဘာကိုရွေးမလဲ"

"ဒါက ဖြစ်နိုင်စရာမှ မရှိတာ"

"တကယ်လို့ ဖြစ်လာမယ် ဆိုရင်ကော"

"ဖြစ်မှ မဖြစ်သေးတာ ဖြစ်လာတဲ့အခါကျမှ စဉ်းစားရမှာပေါ့"

"ဩော် ဇင်ဇင်က ကိုယ့်ကို ခုထိ ချစ်သူတစ်ယောက်လို့ ပြည့်ပြည့်ဝဝ မသတ်မှတ်သေးဘူးပေါ့"

"ဘာဆိုင်လို့လဲ"

"ချစ်သူတစ်ယောက်လို တကယ်ချစ်တယ်ဆိုရင် အဲဒီလူဟာ နံပါတ်တစ် ဦးစားပေးဖြစ်ရမှာပေါ့"

ကျွန်တော် နည်းနည်းစိတ်ဆိုးသွားကြောင်း သူရိပ်မိသည်။

"ကိုကိုကလည်း သူ့စိတ်ချည်းပဲ"





ကျွန်တော်က ဘာမျှ ပြန်မပြော။

"ကိုကိုဟာလေ တစ်ခါတစ်ခါ သိပ်ကလေးဆန်တာပဲ သိလား၊ မျက်နှာကြီးက စူပုပ်မထားနဲ့လေ၊ ကြည့်လို့ မကောင်းဘူး ရုပ်ကလေးက ချောသားနဲ့"

ဟု ကျွန်တော့်လက်မောင်းကို ကိုင်ပြီး ပြောသည်။ သူစိတ်ကောက်လျှင် ကျွန်တော် ပြောနေကျစကားတွေအတိုင်း ပြန်ပြောနေခြင်း ဖြစ်သည်။

"ကဲပါ သူငယ်ချင်းတွေထက်ရော မိဘတွေထက်ရော အစ်ကို၊ အစ်မတွေထက်ရော၊ တစ်ကမ္ဘာလုံးထက် ကိုကို့ကို ပိုချစ်တယ်၊ ကိုကို့ကို အချစ်ဆုံး၊ ကျေနပ်ပြီလား"

ဆိုပြီး ကျွန်တော့်မေးစေ့ကို ကိုင်၍လှုပ်ခါသည်။

ကဲ ကြည့်တော့ ကျွန်တော့်မှာ စိတ်ဆိုးရအခက် မဆိုးရအခက်။

● ● ● ● ●



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# [၁၀]

နွေရာသီ ကျောင်းပိတ်ရက်။

နက်ဖြန်ဆိုလျှင် ဇင်ဇင်သည် သူ့မိဘများရှိရာ ရမည်းသင်းမြို့သို့ သွားရမည်ဖြစ်သည်။ ကျောင်းပိတ်ရက်အတွင်း ဟိုမှာနေပြီး ကျောင်းဖွင့်မှ ပြန်လာမည်။ တစ်လကျော်ကျော်လောက်တော့ ခွဲနေရပေဦးမည်။

ဒီနေ့ကျတော့လည်း မျိုးသာကီနှယ်တို့က ဘောကောင်းသား ဇင်ဇင့်ကို သူ့အိမ်မှ ခေါ်ထုတ်ပေးသည်။

"ကဲ-ဇင်ဇင့်ကို ကိုဝင်းလက်ထဲ ထည့်ခဲ့တယ်နော်၊ တစ်ခါတည်းတော့ ခေါ်မထားလိုက်နဲ့ဦး၊ တော်ကြာ မျိုးတို့စိုးတို့ ပြဿနာတက်နေဦးမယ်"

ဟု နောက်သွားသေးသည်။

ကျွန်တော်တို့နှစ်ယောက်မှာ ခွဲခါနီး နှုတ်ဆက်ပွဲအနေဖြင့် တွေ့ကြခြင်းဖြစ်သည်။ တကယ်ဆိုလျှင် လူရှင်း တိတ်ဆိတ်လွတ်လပ်သော နေရာတစ်ခုမှာ သွားထိုင်ပြီး အလွမ်းသယ်ကြဖို့ ကောင်းသည်။ သို့ရာတွင် ဒီလောက်ထိ အခွင့်အရေးမရ။





အစီအစဉ်က ရုပ်ရှင်ကြည့်ကြရန် ဖြစ်သည်။ နည်းနည်း စောနေသဖြင့် ဗိုလ်ချုပ်ဈေးထဲ ဝင်ခဲ့ကြသည်။

ဈေးကြီးတစော့ ထုံးစံအတိုင်း ခွံခွံညားညား စည်စည်ကားကားပင်။ ဗိုလ်ချုပ်ဈေး စည်ကားပုံမှာ တခြားဈေးတွေလို အုတ်အုတ်ကျက်ကျက် တိုးတိုးဝှေ့ဝှေ့ မဟုတ်ချေ။ လူဝင်လူထွက် အတန်သင့်မျှနှင့် ထည်ထည်ဝါဝါ စည်ကားခြင်းမျိုးဖြစ်သည်။

ပင်မ ဈေးရုံကြီးတစ်ခုလုံးသည် ရွှေဆိုင်များမှထွက်သော အရောင်အဝါများကြောင့် ပြိုးပြိုးပြက်ပြက် ရှိနေ၏။ ရွှေဆိုင်ခုံများမှာ ထိုင်နေသော အမျိုးသမီးကြီးငယ်တို့၏ အသားအရေများသည်လည်း ရွှေရောင်ဟပ်၍ ဝါဝါဝင်းနေကြလေသည်။

ကျွန်တော်သည် ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း စဉ်းစားမိသည်။ ဗိုလ်ချုပ်ဈေးထဲသို့ အခေါက်ခေါက် အခါခါ ရောက်ဖူးသည်။ ကျောင်းတုန်းကလည်း သူငယ်ချင်းတွေနှင့် အပျော်သက်သက် လာဖူးသည်။ ခုနောက်ပိုင်းလည်း လမ်းကြုံသည့်အခါ ဈေးထဲဝင်ပြီး ဟိုယောင်၊ ဒီယောင် လျှောက်ကြည့်ဖူးသည်။

သို့ရာတွင် အာပစ္စည်းမှ မည်မည်ရရ မဝယ်ဖူးချေ။ မြောက်ဘက်တန်းရှိ ဦးအညိန်သား ဆေးဆိုင်မှာ တစ်ခါတစ်ရံ ဆေးလေးဘာလေး ဝယ်တာတို့ ကုန်ပဒေသာဆိုင်မှာ တောက်တိုမည်ရကလေးတွေ ဝယ်တာ တို့လောက်သာ ရှိသည်။

"ကိုကို ခဏ"

ဆိုပြီး ဇင်ဇင်က သားရေအိတ်တွေ ရောင်းသောဆိုင်ရှေ့မှာ ရပ်လိုက်သည်။ ဆိုင်ရှင်က ပျာပျာသလဲ. . .

"ဘာများ အလိုရှိပါသလဲ၊ ဆလွယ်းဘက်လား၊ လက်ကိုင်အိတ်လား"

ဇင်ဇင်က လျှောက်ကြည့်နေပြီး. . .

"ဟိုဟာလေး ပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင် အမျိုးသမီးကြီး၏ မျက်နှာက ဝင်းပသွား၏။

"ဒီဟာလား ညီမလေး"

ဆိုပြီး အတော် အသားကောင်းပုံရသော ပခုံးသိုင်းသားရေအိတ် အဖြူရောင်ကို တုတ်နှင့်ညွှန်ပြသည်။

"အင်း အဲဒီထဲကပဲ အဖြူမဟုတ်ဘူး၊ အညို"

ကျွန်တော် တစ်ခုခု ဝင်ပြောမည်ကြံသည်။ မပြောဖြစ်လိုက်။ ဆိုင်ရှင်က လက်ထဲမှ တုတ်ထိပ်ဖျားရှိ သံချိတ်ကလေးဖြင့် သားရေအိတ်ကို ချိတ်ယူလိုက်ပြီး ဇင်ဇင့်ကို လှမ်းပေးသည်။ ဇင်ဇင်က သားရေအိတ်ကို သေသေချာချာ လှည့်ပတ်စစ်ဆေးကြည့်နေသည်။

"စိတ်ချစမ်းပါ ညီမရဲ့၊ ဒီဆိုင်က ပစ္စည်းတွေအားလုံး ဖောရိန်းမိတ်ချည်းပါပဲ"

"ပုံက နည်းနည်းရိုးသလိုပဲ"

ဟု ဇင်ဇင်က ခပ်တိုးတိုးပြော၏။ ခပ်တိုးတိုးဆိုသော်လည်း ဆိုင်ရှင် ကြားလောက်သည်။

"သြော် အင်း ဒီအိတ်က ညီမလေးနဲ့ဆို နည်းနည်း ကြီးနေမှာပေါ့၊ ဒါလေး ကြည့်ပါလား၊ ဟောင်ကောင်က ရောက်လာတာ တစ်ပတ်လောက်ပဲ ရှိသေးတယ်"

ဇင်ဇင်က နောက်ထပ်ပြသောအိတ်ကို ယူကြည့်နေပြန်သည်။ ကျွန်တော်ကတော့ ရင်တထိတ်ထိတ် ဖြစ်နေရ၏။ ထိုအိတ်မှာ သုံးလေးရာတော့ ပေးရမည်။ အကယ်၍ ဇင်ဇင်က လိုချင်သည်ဆိုလျှင် ကျွန်တော်က ငွေထုတ်ပေးမှ ကောင်းမည်။ ကျွန်တော့်ဆီမှာ ငွေတစ်ရာလောက်သာ ပါသည်။ ဇင်ဇင့်စိတ်က ယုံရသည်မဟုတ်။ တစ်ခါတစ်ခါ ဘာရယ်ညာရယ် မစဉ်းစားဘဲ လုပ်တတ်သည်။ ကိုကို ဝယ်ပေးပါလားဆိုလျှင် ကျွန်တော် အရှက်ကွဲမည်။

"ဘယ်လောက်လဲ"





ဟု သူမေးသည်၊ ဆိုင်ရှင်က. . .

"လေးရာ့ အစိတ်တည်းပါကွယ်"

ကျွန်တော့်စိတ် မျက်လုံးပြူးသွား၏။ ဇင်ဇင်ကတော့ ခပ်အေးအေး ပင်. . .

"များလိုက်တာ"

"မများပါဘူးကွယ်၊ ဒါမျိုးတွေက တစ်ဈေးလုံးမှာ ဒီတစ်ဆိုင်ပဲရှိတာ၊ မယုံရင် လျှောက်ကြည့်၊ ဒီဆိုင်မှာတောင် သုံးလုံးပဲရှိတာ၊ ဆွေဇင်ထိုက်က တစ်လုံးယူသွားလို့ နှစ်လုံးပဲ ကျန်တော့တယ်လေ"

ဟုတ်တာ မဟုတ်တာ အပထား၊ ရုပ်ရှင်မင်းသမီးတစ်ယောက်နှင့် ဆင်တူဆိုလျှင် ကောင်မလေးတွေ သဘောကျမည်ဆိုပြီး ဆွယ်လိုက်ခြင်း ဖြစ်၏။

"ညီမလေး ယူချင်ရင် အတိနဲ့ယူသွားလေ"

ဇင်ဇင်က ခေါင်းခါသည်။

"ညီမလေးက ဘယ်လောက်ပေးချင်လို့လဲ"

"နှစ်ရာ"

မတန်တဆဈေးဆစ်ခြင်း ဖြစ်သော်လည်း ဆိုင်ရှင်အမျိုးသမီးကြီးက စိတ်ဆိုးဟန်မပြချေ။ အနည်းငယ် ပြုံးလိုက်ပြီး

"ဒီလောက်ကြီးခွာပြီး ဆိုမထားပါဘူး၊ ကဲ ကဲ သုံးရာငါးဆယ် ဟုတ်လား"

ဇင်ဇင်က အင်တင်တင် လုပ်နေသည်။

"ညီမလေးကလည်း နည်းနည်းပိုပေးကြည့်ပါဦးလား"

ဇင်ဇင်က စဉ်းစားသလို လုပ်နေသည်။ သုံးရာလောက် ပေးလိုက်လျှင် ကြိမ်းသေရောင်းတော့မည်ဟု ကျွန်တော် သိလိုက်သည်။ ထို့ကြောင့် ကျွန်တော်က ဝင်ပြောလိုက်ရ၏။

"အိမ်မှာလည်း အိတ်တွေ လေးငါးလုံး ရှိနေတာပဲ ဇင်ဇင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက. . .

"အင်းလေ ဟုတ်ပါတယ်၊ ဈေးကလည်း သိပ်ကွာနေတယ်"

ဟုပြောပြီး ထွက်လာသည်။

"လူတွေကလည်း ခက်လိုက်တာ စကော့ထဲမှာ ဈေးဝယ်ရင် ခေါက်ချိုးဆစ်ရမယ်လို့ ပုံသေကားကျ မှတ်ထားကြတယ် ထင်ပါရဲ့"

ဆိုင်ရှင်သည် မကြားတကြားပြောရင်း ကျန်ခဲ့သည်။ ခပ်လှမ်းလှမ်းရောက်မှ ဇင်ဇင်က. . . .

"ကိုကိုက မဆိုးဘူးနော်၊ ဖော်လို လိုက်တတ်သားပဲ"

"ဘာဖော်လိုလဲ ဇင်ဇင်ရဲ့၊ ဇင်ဇင်က ဆလင်းဘက် လိုချင်တယ်ဆိုလည်း ကိုယ့်ကို ပြောရောပေါ့၊ ကိုဆွေ ပြန်လာခါနီးပြီပဲ၊ ဒါမျိုးတွေက ဟိုမှာဆို ဘယ်လောက်မှ ဈေးရှိတာ မဟုတ်ဘူး"

ဇင်ဇင်က ရယ်၍. . .

"ဇင်က လိုချင်လို့ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့"

"ဒါ ဇင်တို့ လုပ်နေကျပဲလေ၊ သူငယ်ချင်းတွေနဲ့ လာကြပြီဆိုရင် ဒီလိုပဲ ဈေးဝယ်မေး၊ ပြီးတော့ မရောင်းနိုင်တဲ့ဈေးလောက်ကို ဖမ်းပြီးဆစ်၊ မရတော့ များတယ်ဆိုပြီး ထွက်လာတာပေါ့၊ သက်သက် ဝင်နှောက်တာလေ၊ ဝယ်မလို့ မဟုတ်ဘူး၊ ကိုကိုနဲ့မို့လို့ပေါ့ သူငယ်ချင်းတွေနဲ့ဆို တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လျှောက်မေးကြတာပဲ"

"ကြည့်လည်း လုပ်ဦး၊ တော်ကြာ သိန်းမင်းထွန်းလို ဖြစ်နေဦးမယ်"

"သူက ဘာဖြစ်လို့လဲ တော်တော် ရယ်ရမှာပဲ"

"ဟာ ပြောတောင် မပြောရသေးဘူး၊ ဒီလို ဒီကောင်လည်း တစ်ခါက ဇင်ဇင်တို့လိုပဲ၊ ပါးစပ်ဆော့ပြီး ဂျင်းဘောင်းဘီတစ်ထည်ကို ဆိုင်က နှစ်ရာငါးဆယ်ပြောတာ ခုနစ်ဆယ့်ငါးကျပ်နဲ့ဆစ်ရော၊ ဟိုက ဈေးဦးပေါက်မို့လို့ဆိုပြီ ပေးလိုက်တာ အောင့်သက်သက်နဲ့ ဝယ်ခဲ့ရတာပေါ့"





"ခုနစ်ဆယ့်ငါးကျပ်ဆိုတော့ တန်သားပဲ"

"ဘယ်ကလာ တန်ရမှာလဲ၊ ဂျင်းအတုကြီး၊ ပိတ်ကြမ်းကို ဆေးဆိုးထားတာ၊ တစ်ခါ လျှော်လိုက်တာနဲ့ ဆေးတွေ အကုန်ကျွတ်ပြီး ဖြူဖြူဖြူကြီး ကျန်ခဲ့တာပေါ့၊ အခု ဒီကောင် အဲဒါကြီး ညအိပ်ဝတ်နေရတယ်"

အစားအသောက် ဈေးရုံထဲက ဆီချက်ခေါက်ဆွဲဆိုင်မှာ ထိုင်သည်။ ကျွန်တော်က ဆီချက်စားသည်။ သူက တစ်ဖက်ဆိုင်မှ နန်းကြီးသုပ်မှာစားသည်။

"ဟိုမိန်းမကြီးကတော့ မချင့်မရဲဖြစ်ပြီး ကျန်ခဲ့မှာပဲနော်"

သူက စောစောက သားရေအိတ်ဆိုင်မှ အကြောင်းကို စကားပြန်ကောက်သည်။ သူသည် ဆိုင်ရှင်အမျိုးသမီးကြီးကို နှောက်ခဲ့ရသဖြင့် တော်တော် ပျော်နေဟန်တူသည်။ စားရင်း သောက်ရင်း ပြုံးစိစိဖြစ်နေ၏။

ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားရလေသည်။ တကယ်ဆိုလျှင် ခုချိန်သည် စိတ်လက်ပေါ့ပါး ရွှင်မြူးနေရမည့် ကာလမဟုတ်။ သူနှင့် ကျွန်တော်သည် မနက်ဖြန်မှစ၍ တစ်လကျော်ကျော်လောက် ခွဲနေရမည် မဟုတ်လား။ ဒီလိုအချိန်မျိုးမှာ သူက အရွှတ်အနောက်တွေ လုပ်နေသဖြင့် ကျွန်တော်နှင့် ခွဲခွာရတော့မှာကို မေ့လျော့များနေသလားဟု တွေးမိခြင်းပင်။

"ဇင်ဇင်"

ဟု ကျွန်တော် ခေါ်လိုက်သည်။

သူက နန်းကြီးသုပ်တွေ ပါးစပ်ထဲမှာ ပြည့်နေသဖြင့် စကားမပြောနိုင်ပဲ 'ပြောလေ' ဆိုသော သဘော ခေါင်းသာဆတ်ပြ၏။

"နက်ဖြန်ဆိုရင် ဇင်ဇင် သွားရတော့မယ်နော်"

သူက နန်းကြီးသုပ်ကို ဟင်းချိုနှင့်မျော၍ မျိုချလိုက်ပြီးမှ. . .

"အင်းလေ ဘာဖြစ်လို့လဲ"

ဟု မထူးခြားသလို ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇင်ဇင့်ဆီကို ကိုယ်စာရေးရမလား"

"မရေးနဲ့လေ အိမ်က သိသွားမှာပေါ့"

"သူငယ်ချင်းတစ်ယောက်ယောက်က တစ်ဆင့်ပေးလို့ မရဘူးလား၊ အဲဒီလူရဲ့ လိပ်စာနဲ့ စာထည့်မှာပေါ့"

"မဖြစ်ပါဘူး၊ ဟိုမှာ သိပ်ရင်းနှီးတဲ့လူ မရှိသေးဘူး၊ စိတ်ချရမှာ မဟုတ်ဘူး၊ မတော်တဆ အိမ်ကို သတင်းပေါက် ကြားသွားမှာ စိုးရတယ်"

"ဇင်ဇင်ကကော ကိုယ့်ဆီ စာရေးမှာလား"

"ရေးမှာပေါ့ စာတွေ အရှည်ကြီးရေးမယ်၊ ဇင့်စာတွေ ဖတ်ပြီး ကိုကို မဟားရဘူးနော်"

"ဟာ ဘာလို့ ဟားရမှာလဲ၊ အဲဒီစာတွေဖတ်ပြီး စိတ်ကို ဖြေရမှာ၊ ဇင်ဇင် သွားနေတဲ့အချိန်မှာ ကိုယ်တော့ လွမ်းကျန်ရစ်ခဲ့မှာပဲ။ ဇင်ဇင် ကိုယ့်ကို မလွမ်းဘူးလား"

"လွမ်းမှာပေါ့ ကိုကိုရဲ့"

"လွမ်းမှာပေါ့သာဆိုတယ်၊ ခုတော့ ဇင်ဇင့်ကိုကြည့်ရတာ ကိုယ်နဲ့ ခွဲရတော့မှာကို သတိတောင် မရသလိုပဲ၊ နောက်လိုက် ပြောင်လိုက်နဲ့"

သူက မျက်လုံးကလေး ကြောင်တောင်တောင်နှင့် . . .

"ကိုကိုပြောတာ ဇင်နားမလည်ဘူး"

"နက်ဖြန်ဆိုရင် ဇင်ဇင်နဲ့ကိုယ် ခွဲရတော့မယ်လေ၊ အဲဒါကို မတွေးမိဘူးလား"

"တွေးမိသားပဲ"

"အဲဒီတော့ မလွမ်းဘူးလား"

"ကိုကိုလည်း ခုမှ မခွဲရသေးတာ၊ ကိုကိုနဲ့ဇင်နဲ့ တွေ့နေရတာပဲဟာ၊ တကယ် ခွဲရတဲ့အခါကျတော့ လွမ်းမှာပေါ့"

"မဟုတ်သေးဘူးလေ ခွဲရတော့မယ်ဆိုတာ ကျိန်းသေ သိနေပြီပဲဟာ"





"ကိုကိုရယ် တကယ်လည်းမခွဲရသေးပဲနဲ့ ကြိုတင်ပြီး လွမ်းလို့ရပါ့မလား၊ အဲဒီလိုကြေးဆိုရင် အမြဲပဲ လွမ်းနေရမှာပေါ့၊ ဘာကြောင့်လဲ ဆိုတော့ တစ်နေ့နေ့ကျရင် ဇင်ဇင်ရော ကိုကိုပါ သေကြရမှာ မဟုတ်လား၊ အဲဒီအခါမှာ ခွဲကြရမှာပေါ့၊ ဒါကိုတွေးပြီး ကိုကိုပြောသလို ကြိုတင်လွမ်းနေရရင် ခက်ရချည်ရဲ့၊ ခုလို နှစ်ယောက်တွေ့နေကြတဲ့အချိန်မှာ ဘာကို လွမ်းရမှာလဲ၊ ပျော်ပျော်ပဲနေရမှာပေါ့ ဟုတ်ဘူးလား"

သူပြောတာ မှားသည်ဟု မဆိုနိုင်၊ စိတ်ထဲကတော့ ဘဝင်မကျဘဲ ဖြစ်နေ၏။ သူက အလွမ်းစကားကိုဖြတ်၍ . . .

"မုန့်လက်ဆောင်း သောက်ချင်တယ် ကိုကို၊ ဟိုဘက်ဆိုင်က လှမ်းမှာ ပေးစမ်းပါ"

✵ ✵ ✵ ✵ ✵

ဈေးထဲက ပြန်ထွက်လာပြီး ဗိုလ်ချုပ်လမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ လမ်းမှာ သူ့ကို စကားမပြောမိ ကျွန်တော့်မျက်နှာ သိပ်မကြည်လင်သည်ကို သူရိပ်မိဟန်တူသည်။

"ကိုကိုက ဘာဖြစ်နေတာလဲ"

ဟုမေးသည်။

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ပါဘူးသာဆိုတယ် သုန်သုန်မှုန်မှုန်နဲ့၊ ဘာလည်း ဇင်နဲ့ ခွဲရတော့မယ်ဆိုတာ တွေးမိပြီး ဆွေးနေတာလား"

ကျွန်တော်က ဘာမှပြန်မပြော။ မဟုတ်ဘူး ခွဲရမှာမို့လို့ မျော်နေတာ ဟု ပြောချင်သော်လည်း မပြောဖြစ်ချေ။

"ကိုကိုရာ တွေ့ရတဲ့အချိန်ကလေးမှာ ပျော်ပျော်ရွှင်ရွှင် နေစမ်းပါ၊ ဇင် သွားခါနီး စိတ်မကောင်းအောင် မလုပ်ပါနဲ့"

ဟု သူကပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်ပြင်းတစ်ချက်နှင့်အတူ စိတ်ကို လျှော့လိုက်ရသည်။ ဟိုရောက်ရင်တော့ ငါ့ကို မေ့နေမှာ မဟုတ်ပါဘူးလေဟု စိတ်ကို ဖြေလိုက်၏။

ရုပ်ရှင်ရုံထဲ ဝင်ခါနီးတွင် သူက အာလူးကြော်၊ ငါးမုန့်၊ နေကြာစေ့ အချဉ်ထုပ်တွေ တပွေ့ကြီး ဝယ်သေးသည်။

"များလှချည်လား"

ဟု ကျွန်တော်ကပြောတော့. . .

"ဇင့်အကျင့်ပဲလေ၊ ရုံထဲမှာ မုန့်စားရတာ သိပ်အရသာရှိတာ၊ သိလား"

ဩော် ရိုးသားဖြူစင်တဲ့ တောင်မလေးဟု မှတ်ချက်ပြုမိပြန်သည်။ ရုပ်ရှင်ကြည့်ရင်း မုန့်စားဖို့လောက်ကိုသာ စိတ်ကူးနေသောသူ၊ ကျွန်တော်ကတော့ အမှောင်ကို အခွင့်အရေးယူဖို့ ကြိုးစားစိတ်ကူးနေသူများ ဖြစ်လေမလား။

ဇာတ်ကားက လူချောင်သဖြင့် နောက်ဆုံးတန်းမှာ နေရာရသည်။ ထောင့်ဆုံးခုံတော့ မဟုတ်။ အလယ်နားလောက်ကျသည်။ သို့ရာတွင် ဘေးပတ်ဝန်းကျင်မှာ ထိုင်နေသူတွေ မရှိချေ။

ရုပ်ရှင်မပြမီမှာပင် ငါးမုန့်ကြော်တစ်ထုပ်နှင့် အာလူးကြော်တစ်ထုပ် ကုန်သွားသည်။ ကျွန်တော်လည်း သူက အတင်းကျွေးသဖြင့် စားရသေးသည်။

ကြော်ငြာဆလိုက်မီးတွေ ထိုးသည်၊ မီးမှောင်သွားသည်။ အလံတော်ကို အလေးပြုကြ၏။ နမူနာပိုင်းတွေ ပြသည်။

"ကိုကို အင့်"

ဆိုပြီး သူ့လက်က ပါးစပ်နား ရောက်လာသည်။

"ဘာလဲ"

"ပါးစပ်ဟ"

၀





ဟပေးလိုက်သည်။ မရမ်းပြားတစ်ဖတ်။

ဤသို့ဖြင့် သူခွံ့ကျွေးသမျှ ပါးစပ်ဟနေရ၏။ မရန်းပြားတစ်ထုပ်၊ ဇီးချိုသီးတစ်ထုပ် ကုန်ပြီ။ လျှာပေါ်မှာလည်း ချဉ်ချဉ် ဖန်ဖန် ချိုချို တွေစုံပြီ။ ဇာတ်ကားလည်း တစ်ဝက်ကျိုးလုပြီ။

ရုပ်ရှင်က သပ်သပ်ရပ်ရပ် ရိုက်ထားထားသော အမေရိကန်ကား၊ စကားပြောခန်းတွေတော့ နည်းနည်းများသည်။ ဇာတ်ကားထဲမှာ စကားပြော ရှည်နေပြီဆိုလျှင် ဇင်ဇင်ကလည်း ကျွန်တော့်ဘက်လှည့်ပြီး စကားတွေ ပြောသည်။

ကျွန်တော့်ကိုယ်က သူ့ဘက်ကို ကပ်ထားသည်။ သူ့ကိုယ်က ကျွန်တော့်ဘက် ယိုင်နေသည်။ ကျွန်တော်တို့နှစ်ယောက်သည် ပခုံးချင်းထိလုနီးပါး။ သူ့မျက်နှာနှင့် ကျွန်တော့်မျက်နှာတို့က တစ်ထွာသာသာလောက်သာ ကွာမည်။ သူ ကျွန်တော့်ဘက်လှည့်ပြီး စကားပြောသောအခါ အာခံတွင်းနံ့ကို တစ်ချက်တစ်ချက် ရသည်။ ကြာညိုနံ့ကား မဟုတ်။

နှုတ်ခမ်းနီနံ့၊ ဇီးထုပ်ထဲမှာပါသော နှင်းရည်နံ့၊ မရန်းပြားမှာပါသော မဆလာနံ့တို့ ရောပြွမ်းနေသော အနံ့ဖြစ်သည်။ ထိုရနံ့သည် ကျွန်တော့်ရင်ကို ဖိုစေ၏။

သူ့ထံမှ ပလတ်စတစ်အိတ်ဖောက်သံ ကြားရသည်။ နေကြာစေ့ထုပ်ကို သူဖွင့်လေပြီ။ တစ်ကျပ်တန် အထုပ်ကြီးဖြစ်၍ အတော်ကြာအောင် စားရမည်။ လက်မအား ပါးစပ်မအားနှင့် အတန်ကြာအောင် နေရမည်။

"ကိုကို နေကြာစေ့"

အထုပ်ကို ကျွန်တော့်ဘက် ကမ်းသည်။ ကျွန်တော်က နေကြာစေ့ကို နှိုက်မယူဘဲ ကမ်းသောလက်ကို ဆုပ်ကိုင်ထားလိုက်သည်။

သူ့လက်ကလေးက အေးစက်နေ၏။ စိတ်လှုပ်ရှား တုန်လှုပ်နေသောကြောင့်လားတော့မသိရ။ သို့ဆိုလျှင် သူ့နှုတ်ခမ်းကလေးကတော



www.burmeseclassic.com

www.burmeseclassic.com



အေးစက်နေမှာလား။

"ဇင်ဇင်"

သူ ကျွန်တော့်ကို လှမ်းကြည့်သည်။ ရုပ်ရှင်ပိတ်ကားမှ ရောင်ပြန်ဟပ်မှုကြောင့် သူ့မျက်နှာကလေးကို မှုန်ဝါးဝါး မြင်ရသည်၊ သူ့မျက်လုံးက ဖျတ်ခနဲ လက်သွားသည်ဟု ထင်သည်။

အရာဝတ္ထုတို့ကို အိပ်မက်ထဲမှာ ထိရကိုင်ရသလိုပင်။ အမှန်တကယ် ထိတွေ့ရသည်ဟု စိတ်မှာသာထင်သည်။ ဒီ့ပြင် မခံစားရ။

နှုတ်ခမ်းသည် အိပ်မက် ဖြစ်လေသလား။

* * * * *

ဘူတာရုံကို ကျွန်တော် လိုက်ပို့ခွင့် မရခဲ့ချေ။ သူက ကြီးမေနှင့် တူတူ သွားမည်ဖြစ်သည်။ သူ့အစ်မ လင်မယားက ဘူတာလိုက်ပို့မည်။ ကြီးမေက ကျွန်တော့်ကို မြင်ဖူးနေသဖြင့် ဘူတာထဲမှာ မယောင်မလည် သွားစောင့်နေလို့ မဖြစ်ချေ။ ကျွန်တော့်ကို မှတ်မိချင် မှတ်မိနေမည်။

ဘာပဲဖြစ်ဖြစ် ရထားအထွက်မှာ မဖြစ်ဖြစ်အောင်တော့ နှုတ်ဆက်လိုက်ချင်သည်။ သူ့ မျက်နှာကလေးကို မြင်ခွင့်ရှိသမျှ မြင်လိုက်ချင်သည်။

သို့ဖြစ်၍ ကျွန်တော်သည် ပုဇွန်တောင်ဘူတာမှ သွားစောင့်နေသည်။ သူတို့ရထားသည် ရန်ကုန်ဘူတာကြီးမှ ထွက်လာပြီး ပုဇွန်တောင်ဘူတာကို ဖြတ်သွားရမည်။ ထိုသို့ ဖြတ်အသွားတွင် ရထား၏ လက်ယာဘက်ခြင်း ပြတင်းပေါက်မှ ထွက်ကြည့်နေပါ။ ကျွန်တော် စကြီပေါ်က စောင့်နေမည်ဟု ဇင်ဇင့်ကို မှာထားခဲ့သည်။

ဘူတာစင်္ကြံတွင် မြို့ပတ်နှင့် ဆင်ခြေဖုံး လော်ကယ်ရထားစီးမည့်သူများ ရှိနေသည်။ ကျွန်တော်ကတော့ ရထားစီးမည့်သူ မဟုတ်ပါဘဲလျက် ရထားလာရာဘက်သို့ လည်တဆန့်ဆန့် ဖြစ်နေ၏။

ရထားလာချိန် နီးလေ ကျွန်တော် ရင်ခုန်လာလေပင်၊ မန္တလေး





အမြန်ရထားကြီးသည် ပုဇွန်တောင်ဘူတာမှာ ရပ်မည်မဟုတ်၊ အရှိန်ပင် မလျှော့ဘဲ ကဝေါဝေါ ဖြတ်မောင်းသွားလိမ့်မည် ဖြစ်သည်။ ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားသော ရထားပြတင်းပေါက်များတွင် သူ့ကို ရှာတွေ့ပါ့မလား။ သူကကော ထွက်ကြည့်ဖြစ်ပါ့မလား။ ပြုံးရုံသာ ပြုံးပြနိုင်မည်။ သူတို့ ထိုင်သောခုံက ရထား၏ လက်ဝဲဘက်အခြမ်း ဖြစ်နေလျှင် ဒီဘက်ခုံတွေ ကြားက သူ ထွက်ကြည့်ရပါ့မလား။

ကျွန်တော် မှတ်မိသမျှ အထက်တန်းတွဲ ထိုင်ခုံများတွင် နှစ်ယောက်တွဲခုံများက လက်ဝဲဘက်ခြမ်းမှာရှိသည်။ တစ်ယောက်ခုံတွေက လက်ယာဘက်ခြမ်း။

ဒုက္ခပဲ၊ သံလမ်း၏ ဟိုဘက်ခြမ်းကို ပြောင်းပြီး စောင့်လျှင် ကောင်းမလား၊ မဖြစ်သေး။ သူက မှာထားသည့်အတိုင်း ဒီဘက်က ထွက်ကြည့်လျှင် ခက်မည်။

ရထားကို အနီးကပ် ကြည့်ခြင်းထက် ခပ်လှမ်းလှမ်းက ခွာကြည့်လျှင် ပြတင်းပေါက်များကို ပို၍ ကြာကြာ ကြည့်ခွင့်ရမည်၊ ဝေးနေပြန်လျှင်လည်း သူ့ကို သဲသဲကွဲကွဲ မမြင်ရမှာ စိုးရိမ်သည်။

ကျွန်တော့် စိတ်များသည် ယောက်ယက်ခတ်နေ၏။ လူကလည်း ဂနာမငြိမ်နိုင်။ စီးကရက်ဖွာလိုက်၊ ဟိုလျှောက်၊ ဒီလျှောက် လုပ်လိုက်၊ ရထားလာမည့်ဘက်ကို ကြည့်လိုက်။

ထိုစဉ်တွင် ရန်ကုန်ဘက်မှ မီးရောင်တန်းတစ်ခု ဝင်းခနဲ မြင်ရသည်။ ရထားကြီးလာပြီ။ ခဏအကြာ ထိန်ထိန်လင်းနေသော ရထားတွဲတွေကို မြင်လာရ၏။ ဥဩဆွဲသံကြားရသည်။ တဖြည်းဖြည်း နီးလာ၏။

ဒီရထားကြီးက နည်းနည်းသဘောကောင်းသည်။ ဘူတာကို အဖြတ်တွင် အရှိန်လျှော့သွား၏။ ရထားတွဲတွေ ဖြတ်သွားသည်။ အထက်တန်းတွဲတွေက နောက်နားလောက်မှာ ရှိ၏။

သူက ကျွန်တော့်ကို အရင်မြင်ခြင်း ဖြစ်လိမ့်မည်။ သူ လက်ပြလိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မြင်ရခြင်းဖြစ်၏။ ကျွန်တော်ပြန်၍ လက်ပြသည်။

ကျွန်တော် ရှေ့တည့်တည့် အရောက်တွင် ကျွန်တော့်ကို တစ်စုံတစ်ခုဖြင့် လှမ်းပေါက်သည်။ ရင်ဘတ်ကို ထောက်ခနဲမှန်ပြီး ပလက်ဖောင်းပေါ် ကျသည်။ ငုံ့ကြည့်လိုက်တော့ စာခေါက်ကလေးတစ်ခု။

ခပ်လှမ်းလှမ်းအရောက်တွင် သူက လက်ကို နှုတ်ခမ်းမှာကပ်၍ 'ဖလိုင်းကစ်' လုပ်ပြသွားသည်။

ရထားသည် တရွေ့ရွေ့ ဝေးကွာသွားသည်။ မမြင်ရတော့သည်အထိ ကျွန်တော် ငေးကြည့်နေမိသည်။ ပြီးမှ စာခေါက်ကလေးကို ကောက်ယူသည်။ ဖွင့်ဖတ်ကြည့်လိုက်၏။

"စိတ်ချပါ ကိုကိုရယ်၊ ဟိုကျရင် ဇင် လွမ်းမှာပါ"

● ● ● ● ●

[၁၁]

ကိုကိုရေ၊

ကွယ်ရာမှာ ခြေမများနဲ့နော်။

ခွဲနေရတာတောင် နောက်တောက်တောက် လုပ်နေတုန်းပဲလားလို့ ကိုကိုကတော့ ထင်မှာပဲ။ ဒီလိုပါ အလှူမဏ္ဍပ်တာ မေဆွိရဲ့ သီချင်းဖွင့်တာကြားလိုက်ရလို့ ကိုကို့ကို သတိရလာတာနဲ့ ဒီစာကို ရေးလိုက်တာပါ။ ကလေးဆန်တယ်လို့ ပြောမနေနဲ့ဦးနော် ကိုကိုနော်။

ကိုကို့ကို လွမ်းတယ်ကွယ်၊ လွမ်းပါ့မယ်လို့ ကတိပေးခဲ့တဲ့အတိုင်း လွမ်းတာ မဟုတ်ပါဘူး။ တကယ်ကို လွမ်းတာပါ။

ကိုကိုနဲ့ တစ်ခါမှ ခွဲမနေဖူးတော့ လွမ်းတယ်ဆိုတာ သိပ်မသိခဲ့ဘူးပေါ့။ ရန်ကုန်မှာတုန်းက ဖေဖေတို့ မေမေတို့ကို လွမ်းဖူးတယ်လေ။ ဒါပေမဲ့ မတူဘူး။ ဖေဖေတို့ မေမေတို့ကို လွမ်းတာက တစ်ခါတစ်ခါ သတိရလာပြီး လွမ်းတာမျိုး။

ကိုကို့ကို လွမ်းတာကျတော့ သူ့ အလိုလို သတိရလာတာမျိုး မဟုတ်ဘူး။ ဇင်ကိုယ်တိုင်က အတင်း သတိရပြီး လွမ်းတာမျိုးပဲ။ ခုလို ကိုကိုနဲ့





www.burmeseclassic.com

www.burmeseclassic.com



အကြာကြီး ခွဲနေရတော့မှ လွမ်းရတဲ့ အရသာကို ကောင်းကောင်းကြီး သိလာရတော့တယ်။

လွမ်းတာကို အရသာလို့ပြောလို့ ကိုကို စိတ်ဆိုးဦးမှာလား။ ဒီလိုရှိတယ် ကိုကိုရဲ့၊ အရသာဆိုတာ အမျိုးမျိုး ရှိတယ်မဟုတ်လား၊ ချိုတာ၊ ချဉ်တာ၊ ခါးတာ၊ စပ်တာ စသည်ဖြင့်ပေါ့။

လွမ်းတယ်ဆိုကာကတော့ ဘယ်လိုအရသာမျိုးလို့ ပြောမလဲကိုကို။ အလွန်ခါးသီး ဆိုးရွားတဲ့ အရသာမျိုးကြီးပါပဲ။ ငယ်ငယ်တုန်းက နေမကောင်းတဲ့အခါ သောက်ရတဲ့ ဆေးခါးကြီးတွေနဲ့လည်း မတူဘူး။ အဲဒီဆေးတွေက သောက်တုန်းခဏသာ ခါးတာ၊ ဆေးသောက်ပြီးလို့ သကြားလုံးလေး ငုံလိုက်ရင် ကောင်းသွားရော။

အလွမ်းကတော့ သကြားလုံး စားလို့လည်း မပျောက်ဘူး၊ မုန့်ပြားစားလို့လည်း မပျောက်ဘူး၊ ဂျင်တံငုံလို့လည်း မရဘူး၊ ဟုတ်တာပေါ့လေ လွမ်းတယ်ဆိုတာ လျှာက လွမ်းတာမှ မဟုတ်ဘဲ နှလုံးသားက လွမ်းတာကိုး ကိုကိုရဲ့။

ကိုကိုက ပြောဖူးတယ်။ လွမ်းတယ်ဆိုတာ ကြုံပြီးလွမ်းလို့ ရတယ်လို့။ အဲဒီတော့ ဇင်က ပြောတယ်လေ၊ ကြိုတင်အလွမ်း ဆိုတာ မဖြစ်နိုင်ပါဘူးလို့။ ခု တကယ်လွမ်းရတော့ သိပြီ။ ကိုကို ပြောတာ မှန်တယ်။

ဇင်လေ. ကိုကိုနဲ့ ခွဲနေကြည့်မှ သိလာတယ်။ ကိုကိုနဲ့ မခွဲနိုင်ဘူး၊ လွမ်းတယ်၊ ခုလို ခဏလောက် ခွဲရတာတောင် ဒီလောက် လွမ်းနေရင် တစ်သက်လုံး ခွဲရရင် သေရချည်ရဲ့။ ဒီတော့မှ ကိုကိုကများ ဇင့်ကို ပစ်သွားရင် ဘယ်လိုနေမလဲလို့ တွေးပြီး ကြောက်လာတယ်။ ကိုကို ဇင့်ကို ပစ်မသွားနဲ့နော်၊ အဲဒါဆိုရင် ဇင် ငိုရမှာပဲ သိလား။

ခုတော့ ဇင်ကြုံပြီး စဉ်းစားတတ်လာတယ်။

တစ်ခါတစ်ခါတော့လည်း လွမ်းစရာကို မတွေးဘဲ ပျော်စရာကို တွေးကြည့်မိတယ်။ ရန်ကုန်ကို ဇင်ပြန်လာလို့ ကိုကိုနဲ့ ပြန်တွေ့ရတဲ့အခါ





ဘယ်လောက် ပျော်လိုက်မလဲလို့။

ကိုကိုရယ် အဲဒီလို တွေးမိခါမှ ကိုကို့ကို သတိရပြီး လွမ်းလာရပြန်ပါရောလား။

ဒါကြောင့်လေ နောက်နောင်ကို အလွမ်းဆိုရင် အကြွေးရတောင် မလိုချင်တော့ပါဘူးကွယ်။ အတိုးတွေတက်ပြီး နာ့နေအောင် ခံစားရမှာစိုးလို့ပေါ့ ကိုကိုရယ်။

လွမ်းနေရတဲ့
ဇင်

P.S ကိုကို့ကို မကျေနပ်ဘူးသိလား။ နောက်ဆုံးတွေ့တဲ့နေ့က ရုပ်ရှင်ရုံထဲမှာလေ၊ သူ သိပ်ဆိုးတယ်။ ပြန်လာရင်တော့ အလျော်ပေးရမယ်နော်၊ နှုတ်ခမ်းနီ တစ်ဘူး။

❋ ❋ ❋ ❋ ❋

ဇင်ဇင်ရေးလိုက်သော စာ၏အသွားအလာကို ကြည့်ခြင်းအားဖြင့် သူ ကျွန်တော့်ကို တော်တော်ချစ်ကြောင်း သိသာလေသည်။ ကျွန်တော်သည်လည်း သူ့ကို ဘယ်လောက် လွမ်းနေမိကြောင်း ကိုယ့်ကိုယ်ကိုယ်သာ သိသည်။

လွမ်းလို့စာရေးခွင့် မရှိသည်မှာ ဆိုးလှ၏။ အခံရခက်သည်။ ခါတိုင်းတုန်းက သူ့ကို တွေ့ချင်လျှင် ကျောင်းသို့ သွားတွေ့လိုက်ရုံသာဖြစ်သည်။

ခုတော့

ကျွန်တော်သည် ပင်စင်ယူပြီးခါစ လူတစ်ယောက်လို ဖြစ်နေသည်။ နှစ်ပေါင်းများစွာ မနက်ရှုံးသွား ညနေရုံးပြန် အသားကျနေခဲ့ပြီးမှ ရုတ်တရက် ဘာအလုပ်မှ မရှိတော့သဖြင့် ယောင်ချာချာ ဖြစ်နေသလိုမျိုး။

ထို့ကြောင့် ကျွန်တော်သည် နေ့စဉ်လိုပင် သိန်းမင်းထွန်းတို့ဆိုင်မှာ သွားထိုင်နေကတ်၏။ သိန်းမင်းထွန်းကတောင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းပိတ်ရက်တွေကျရင် မင်းက ငါ့ကို တော်တော် ခင်တယ်နော်"

ဟု ငေါ့တော့တော့ ပြောသေးသည်။

အခါများစွာတို့မှာတော့ ကျွန်တော်သည် သူ့ကို သတိရခြင်း လွမ်းဆွတ်ခြင်းဖြင့်သာ အချိန်တွေကို ကုန်လွန်စေရတော့သည်။

တစ်ခါတစ်ခါတော့ ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်မိသည်။ ဒီအသက်ဒီအရွယ်လည်း ရောက်နေပြီ။ အထိုက်အလျောက်လည်း ရင့်ကျက်နေပြီ ဖြစ်ပါလျက် ဘာကြောင့် ဒီလောက် အဖြစ်သည်းနေမိရသလဲဟု တွေးမိခြင်းပင်။

ထိုအချိန်မျိုးတွင် ငါ့မှာ လွမ်းတာကလွဲပြီး တခြား လုပ်စရာ မရှိတော့ဘူးလား၊ ပျော့ညံ့လှချေဟု စိတ်တင်းဖို့ ဖြစ်မလာဘဲ သူ့ဘာသာသူ လွမ်းနေတာတော့ ဘာတတ်နိုင်မလဲလေ ဆိုပြီး ဆက်လက်၍ ဆွေးနေမိပြန်၏။

သိန်းမင်းထွန်းက ကျွန်တော် ဖြစ်နေပုံကို ကြည့်ပြီး. . . .

"မင်းက ဘာနဲ့ တူနေသလဲဆိုတော့ ဉာဏ်သက်ငယ်တဲ့ ရောဂါဖြစ်နေတဲ့ ကလေးလို ဖြစ်နေတယ်။ အသက်ကတော့ ငါးနှစ်ပဲ၊ ဒါပေမဲ့ အသိဉာဏ်က နှစ်နှစ်သားလောက် သာရှိတဲ့ ပုံစံမျိုး။ ဒီလိုလေ၊ မင်း အသက်ကတော့ အစိတ်ပဲ၊ ဒါပေမဲ့ မင်းနှလုံးသားက တစ်နှစ်တောင် မပြည့်သေးဘူး။ အချစ်သက်ငယ်တဲ့ ရောဂါ ဆိုပါတော့"

ဇင်ဇင်နှင့် ကျွန်တော် ချစ်သူသက်တမ်း နုသေးသဖြင့် ခုလောက်ထိ အဖြစ်သည်းနေခြင်းဖြစ်ကြောင်း ရည်ရွယ်၍ ပြောနေခြင်းဖြစ်သည်။

သူက ဆက်လက်၍. . .

"အမီးဗားဝမ်းကိုက်ရောဂါလိုပေါ့ကွာ၊ တစ်ခါမှ မဖြစ်ဘူးတဲ့လူ ပထမဆုံးအကြိမ် ဖြစ်တဲ့အခါ အရမ်း ခံစားရတယ်၊ နောက်ပိုင်းကျလို့ ရောဂါနဲ့ ယဉ်ပါးသွားတဲ့အခါ သိပ်မခံစားရတော့သလိုပေါ့။ အဲ တစ်ခါ တစ်ခါကျတော့ ကျောက်ရောဂါလိုပဲ၊ တစ်ကြိမ်တည်းနဲ့ အပြင်းအထန်





ခံစားလိုက်ရပြီး နောက်တစ်ခါ ဘယ်တော့မှ မဖြစ်တော့သလိုလည်း ရှိတယ်။ အဲဒါမျိုးကျတော့"

"တော်ပါတော့ကွာ၊ မင်းဟာက ငါ့အချစ်ကို ခိုင်းနှိုင်းနေလိုက်တာ ရောဂါပေါင်း စုံတော့မယ်၊ ဆက်ပြောရင် မုလိပ်ရောဂါတို့၊ ကုဋ္ဌနူနာတို့ပါ ပါလာလိမ့်မယ်"

ဘာပဲဖြစ်ဖြစ် ကျွန်တော်သည် အလွမ်း၏ဒဏ်ကို မခံနိုင်သေးကြောင်းကိုတော့ ဝန်ခံပါ၏။ ထိုအလွမ်းကို နာတာရှည်မဖြစ်အောင် ကြိုးစားရပေလိမ့်မည်။ လောလောဆယ်မှာတော့ ဖုတ်ပူမီးတိုက်အလွမ်းဟု ဆိုရပေမလား မသိ။

သူ ပြန်လာမည့်ရက်ကို စောင့်မျှော်ရတာ မောလှပါဘိသည်။

အချိန်ဆိုသည်မှာ လူက သတ်မှတ်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် လူတို့သည်မိမိတို့ သတ်မှတ်ထားသည့် အချိန်၏ ပြဋ္ဌာန်းမှုကို တစ်ဖန်ပြန်၍ ခံရလေသည်။ အချိန်ကို သတ်မှတ်ရန် စက်နာရီများကို တီထွင်ကြသည်။ သို့ရာတွင် အချိန်တွေ မြန်မြန်ကုန်သွားအောင်ဆိုပြီး နာရီလက်တံကို လှည့်ပစ်ချင်လို့ မရချေ။

အချိန်ကာလဆိုသည်မှာ ခရီးအကွာအဝေး တခုသာဆိုလျှင် မြန်မြန်ကုန်သွားအောင် ပြေးလွှားကျော်ဖြတ်လိုက်ချင်တော့သည်။

* * * * *

ကိုဆွေ ပြန်ရောက်လာသည်။ သူရောက်လာသဖြင့် နည်းနည်းတော့ စိတ်သက်သာရာရ၏။ သူ သင်္ဘောက ပါလာသော ပစ္စည်းတွေ သွားထုတ်ဖို့ ကိစ္စလိုက်ကူနေရသောကြောင့် အလုပ်ရှုပ်သွားသည်။ သူက မအားလပ်သဖြင့် စိတ်ကလည်း အဆွေးဘက်မှာချည်း ရောက်နေလို့ မရသောကြောင့်ပင် ဖြစ်၏။

ပြီးတော့လည်း အိမ်မှာ စကားပြောဖို့ အဖော်တစ်ယောက် ရှိလာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ယောင်ချာချာ ဖြစ်ရသည့်အချိန် လျော့သွား၏။

ထုံးစံအတိုင်း တစ်ရက်တွင် သူ့ကိုယ်တိုင် စိတ်ကြိုက်ချက်ပြုတ် စားကြသည်။ ထမင်းမစားခင် ကိုဆွေ၊ ကျွန်တော်၊ သိန်းမင်းထွန်းတို့ ဘီယာ သောက်ကြသည်။

စကားဝိုင်းမှာ ပြောကြရင်းနှင့် ဇင်ဇင့်အကြောင်း ရောက်သွားသည်။

"မင်းတို့အခြေအနေ ကောင်းတယ် မဟုတ်လား"

ဟု ကိုဆွေက မေးသည်။

"ကောင်းပါတယ်"

"ဒီလိုပဲ ဖြစ်ရမှာပေါ့ကွ၊ ကောင်မလေးက မဆိုးဘူးလို့ မင်းအစ်မက ပြောတယ်။ သူတော့ တော်တော် သဘောကျနေပုံ ရတယ်ကွ၊ ငါနဲ့လည်း မိတ်ဆက်ပေးပါဦး၊ ကိုယ့်ခယ်မလောင်းကို မြင်ဖူးထားရအောင်"

"ကျွန်တော် တစ်နေ့လောက် ခေါ်လာခဲ့ဦးမယ်"

သိန်းမင်းထွန်းက. . . .

"ဒီကောင် ခုတော့ အရမ်းဆွေးနေတယ်"

ဟု ကိုဆွေကိုပြောသည်။

"ဟေ ဘာဖြစ်လို့"

"သူ့ ကောင်မလေးက နယ်ပြန်သွားလို့လေ"

"ဪ ဒါကြောင့် ဒီကောင့်ကို ကြည့်ရတာ ငိုင်တိုင်တိုင် ဖြစ်ဖြစ်နေ တာကိုး"

"ဒီကောင်ကတော့ လွန်လွန်းပါတယ်ဗျာ။ တစ်လကျော်ကျော် လောက်ကလေး ခွဲနေရတာများ သေမလို ဖြစ်နေတာ"

"ဒီလောက်တောင်ပဲလား၊ ငါတို့လိုများဆိုရင် ခက်မယ်၊ အိမ်မှာ နေရတဲ့ အချိန်ထက် သင်္ဘောပေါ်တက်နေရတဲ့ အချိန်က ပိုများနေတာပဲ"

ကျွန်တော်က ဝင်၍. . .

"အစ်ကိုတို့က အိမ်ထောင်သက် ရင့်နေပြီကိုး"





ဟု ဆင်ခြေပေးသည်။

"ဒါနဲ့ မဆိုင်ပါဘူးကွ၊ ငါလည်း ဟိုတွေရောက်နေတဲ့အခါ အိမ်ကို သတိရတာပါပဲ၊ သတိရတိုင်းသာ ဆွေးနေရရင်တော့ ခက်ရချေရဲ့ကွာ"

"ကျွန်တော်တို့က ခုမှ ပထမဆုံးအကြိမ် ခွဲဖူးတာကိုး၊ အစ်ကို ပထမဆုံးအကြိမ် သင်္ဘောထွက်ရတုန်းကလည်း ဒီလိုပဲ မဟုတ်လား၊ မမတူးက လူကြားထဲမှာတောင် ဟန်မဆောင်နိုင်ဘဲ တဟီးဟီးနဲ့ ငိုတယ်လေ၊ အစ်ကိုကလည်း မျက်ရည်တွေ ဝဲလို့ပဲ"

"ကဲ ကဲ ဒါဆိုလည်း အလွမ်းပြေလေးပေါ့ကွာ"

ဆိုပြီး ကိုဆွေက ကျွန်တော့်ဖန်ခွက်ထဲကို ဘီယာထည့်ပေးလိုက်သည်။

✺ ✺ ✺ ✺ ✺

ကိုဆွေပါလာသည့် ပစ္စည်းတွေ အိမ်ရောက်သောအခါ ကိုဆွေက. . .

"မင်းကြိုက်တာယူ"

ဟုပြောသည်။

ဇင်ဇင် မှာထားသောနှုတ်ခမ်းနီဘူးကို အရင် ရွေးယူလိုက်၏။

"အလို ငါ့မောင်တစ်ယောက် ယောက်ျားစစ်စစ်က နှုတ်ခမ်းနီ ဆိုးတော့မလို့လား"

မမတူးက နောက်သည်။ ကိုဆွေက. . .

"အေးကွ၊ နှုတ်ခမ်းနီဘူး လက်ဆောင်ပေးတာကတော့ မဆိုးဘူး၊ အရှုံးမရှိနိုင်ဘူး"

ဟု ဆိုသဖြင့် မမတူးက ကျောကိုထုသေးသည်။

ဒေါက်မြင့်ဖိနပ်တွေ မြင်သောအခါ ကျွန်တော် ဟန်မဆောင်နိုင်။ ကိုဆွေတို့ မမတူးတို့ ရှိနေသည်ကိုပင် သတိမထားနိုင်တော့ဘဲ တစ်ရန်ပြီး တစ်ရန် တိုင်းထွာကြည့်နေသည်။ တစ်ထွာနှင့် လက်တစ်လုံးနီးပါး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကျွန်တော်ကို ပြုံးကြည့်နေကြသည်ကို မြင်မှ ကျွန်တော် ရှက်သွားသည်။ ကိုဆွေကပြောချ၏။

"ငါလည်း မင်းခုလို ရွေးရအောင် ဆိုက်မျိုးစုံ ဝယ်လာခဲ့ပါတယ်ကွာ။ ဝင်းကိုကတော့ စုံထောက်ကြီး ဦးစံရှားထက်တောင် စေ့စပ်သေချာသေးတယ်ဟေ့"

ရှက်ပြုံးသာ ပြုံးနေလိုက်ရသည်။

တကယ်တော့ ဒီထက်တောင် သေချာသေးသည်။ စာရွက်လွတ်ပေါ်တွင် ဇင်ဇင့်ခြေဖဝါးကို နင်းခိုင်းပြီး ဘောလ်ပင်ဖြင့် အနားသတ်မျဉ်းများ ဆွဲ၍ အတိုင်းယူထားခဲ့သောကြောင့်တည်း။

● ● ● ● ●



[၁၂]

"လွှမ်းလိုက်တာကိုကိုရယ်"

ဟု သူက တစ်ပြောသည်။

ဇင်ဇင်က ကျောင်းမဖွင့်ခင် တစ်ရက်အလိုမှာ ရောက်လာသည်။ သူ ပြန်ရောက်သည့်သတင်းကို ညတွင်းချင်းပင် ကျွန်တော် သိရ၏။ လွန်ခဲ့သော ခုနစ်ရက်လောက်ကတည်းက ညနေတိုင်းလိုလို သူတို့လိမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သွားသွားထိုင်ပြီး အခြေအနေကို စောင့်ကြည့်ခဲ့သောကြောင့်ဖြစ်သည်။

မနေ့က ညနေပိုင်း လက်ဖက်ရည်ဆိုင်ကို ရောက်သွားသောအခါ ဆိုင့်ရှင် ကိုမျိုးမြင့်က. . .

"မနက်က ပြန်ရောက်လာပြီ"

ဟု သတင်းပေးသည် ။

ကျွန်တော်က အိမ်ပေါက်ဝဆီသို့ မျက်တောင်မခတ် စောင့်ကြည့်နေ၏။ ခဏအကြာတွင် သူ အိမ်ရှေ့ထွက်လာသည်ကို လှမ်းမြင်ရသည်။

ကျွန်တော် စောင့်ကြည့်နေမည်ကို သူကလည်း သိဟန်တူ၏။ သူ့



www.burmeseclassic.com

www.burmeseclassic.com



တူကလေးကို လက်ဆွဲ၍ အိမ်ရှေ့မှာ သုံးလေးခေါက် လျှောက်ပြီးနောက် ချာတိတ်ကို ကောက်ချီလိုက်သည်။ ကျွန်တော့်ဘက် တစ်ချက်လှမ်းကြည့်သည်။ ချာတိတ်၏ နဖူးကို နမ်းလိုက်သည်။ ပြီးတော့ အိမ်ထဲ ပြန်ဝင်သွားသည်။

နက်ဖြန်မနက် သူကျောင်းတက်မည် စောင့်နေပါဟု အချက်ပေးသွားခြင်း ဖြစ်ကြောင်း ကျွန်တော် သိလိုက်သည်။

ဒီနေ့။

တွေ့လျှင်တွေ့ချင်း 'လွမ်းလိုက်တာ ကိုကိုရယ်' ဟု နှုတ်ဆက်စကားဆိုသည်။

"ဒီနေ့ ကျောင်းဖွင့်တဲ့နေ့ဆိုတော့ စာသင်မှာ မဟုတ်သေးဘူး၊ ဒီတစ်ရက်တော့ ကျောင်းပြေးလိုက်တော့မယ်၊တစ်နေရာရာမှာ အေးအေးဆေးဆေး စကားပြောရအောင်"

ဆိုသဖြင့် ဦးဥတ္တမပန်းခြံ (ယခင် ကန်တိုမင်) သို့ လာခဲ့သည်။ ကန်ဘက်သို့ မျက်နှာမူပြီး ထိုင်သည်။ သူက လွမ်းလိုက်တာ ကိုကိုရယ် ဆိုသော စကားကို တစ်ခါထပ်ပြောပြန်၏။

ကျွန်တော်က. . .

"ခု ကိုယ်နဲ့ ပြန်တွေ့ရပြီပဲ၊ လွမ်းတုန်းလား"

"အရှိန်က မသေသေးဘူးလေ"

"ကိုယ့်ထက်တောင် ဆိုးနေပါလား၊ ကိုယ်က မခွဲရခင် ကြိုတင်လွမ်းခွဲနေရတဲ့အချိန်မှာလည်း လွမ်းတယ်၊ ခု ပြန်တွေ့ ရပြီဆိုတော့ ပျော်သွားပြီ၊ ဇင်ဇင်ကတော့"

"ဒီလိုရှိတယ်လေ၊ တစ်ခါတစ်ခါ သိပ်စိတ်ညစ်စရာတွေ ကြုံလို့ ငိုချင်ပေမဲ့ ငိုလို့ မဖြစ်လို့ အောင့်ထားရတာမျိုး ရှိတယ် မဟုတ်လား၊ နောက်ဆုံး စိတ်ညစ်စရာတွေ မရှိတော့မှ စိတ်ကို လျှော့ချပြီး အားရပါးရ ငိုလိုက်ရတာမျိုးလိုပေါ့၊ ခုလည်း ကိုကို့ကို ပြန်တွေ့ရတော့မှ ပိုတောင်





လွမ်းလာသေးတယ်"

သူက ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ သူ့မျက်နှာလေးမှာ ခုပင်ငိုတော့မလို ဖြစ်လာ၏။

"ဟော့ ငိုတော့ မငိုလိုက်ပါနဲ့နော်"

ကျွန်တော်က စ,တော့မှ လက်မောင်းကို ဆွဲဆိတ်ပြီး 'ဟီးဟီး' ဟု ရယ်ပြန်သည်။

"ဟိုမှာတုန်းက ဇင်ဇင် ငိုသေးလား"

ကျွန်တော်က မေးသည်။

"တစ်ခါတော့ ငိုလုနီးနီး ဖြစ်ဖူးတယ်၊ ငိုတော့မငိုဖြစ်ပါဘူး၊ ကိုကိုရော ငိုသေးလား"

"ဟာ ကိုယ်ကငိုလို့ ရမလား၊ ဒါပေမယ့် ဆွေးတော့ တော်တော်ဆွေးတယ်"

"ကျန်ရစ်ခဲ့တဲ့လူနဲ့ ထွက်သွားရတဲ့လူ ဘယ်သူက ပိုပြီး လွမ်းရမယ်ထင်သလဲ"

သူ့မေးခွန်းသည် အတွေးအခေါ်ကလေး ပါလာသဖြင့် ကျွန်တော် သဘောကျသွား၏။ သူသည် ခွဲခွာခြင်းကို လက်တွေ့ ခံစားလိုက်ရသဖြင့် နက်နက်နဲနဲ တွေးတတ်လာပုံ ရသည်။

"ဇင်ဇင်က ဘယ်လို ထင်လို့လဲ"

ဟု ကျွန်တော် ပြန်မေးသည်။

"ထွက်သွားရတဲ့လူက ပိုလွမ်းရတာပေါ့"

"အတူတူပဲ မဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဘယ်သူမလဲ၊ ကျန်ခဲ့တဲ့လူက ကိုယ်နေသားကျနေတဲ့ နေရာမှာ နေခဲ့ရတာ၊ ပြီးတော့ ကိုယ်တွေ့နေကျ လူတွေ၊ အပေါင်းအသင်းတွေ ရှိနေသေးတယ်လေ၊ ဖြေသာသေးတာပေါ့၊ ထွက်သွားရတဲ့လူကတော့ အားလုံးကို ထားခဲ့ပြီး တစ်ယောက်တည်း သွားရတာ မဟုတ်လား၊ ကိုယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စိမ်းတဲ့ နေရာမှာ အပေါင်းအဖော် မရှိဘဲ သွားရတာဆိုတော့ အားငယ်ပြီး ပိုဆွေးတာပေါ့"

ကျွန်တော် သဘောကျစွာ ပြုံးမိသည်။

"ဇင်ဇင်တောင် တော်တော် တိုးတက်နေပြီပဲ"

"ဒါပေါ့ အတွေ့အကြုံက သင်ပေးလိုက်တဲ့ သင်ခန်းစာပေါ့ ကိုကိုရယ်"

ဟုသူက လူကြီးတစ်ယောက်၏ ဟန်ပန်မျိုးဖြင့်ပြောသည်။

သူ ခုလို လေးလေးနက်နက် တွေးတတ် ပြောတတ်လာသဖြင့် ကျွန်တော် ကျေနပ်မိလေသည်။

သူက လွယ်အိတ်ထဲက စက္ကူအိတ်တစ်ခုကို ဆွဲထုတ်ပြီး

"ကိုကို့ကို ပြစရာတစ်ခုရှိသေးတယ်"

"ဘာလဲ"

"နေဦး ပြောပြီးမှ ပြမယ်"

စက္ကူအိတ်ကို ပေါင်ပေါ်တင်ထားပြီး. . .

"ဟိုက ပြန်လာတော့ ကိုကို့အတွက် လက်ဆောင်တစ်ခု ဝယ်ခဲ့မယ်လို စဉ်းစားတာ၊ ဟိုမှာပေါတာက မန်ကျည်းသီးနဲ့ ရေှာက်သီးလေ၊ အဲဒါတွေကတော့ ဘာလုပ်မှာလဲ၊ မေမေ့ပွဲရုံမှာ ဖောခြင်းသောခြင်း၊ ရန်ကုန်က အိမ်မှာလည်း နည်းတာမှ မဟုတ်တာ၊ ပိုနေလို့ သူငယ်ချင်းတွေတောင် ပေးနေရသေးတာ၊ ကိုကို့ကိုတောင် ရှောက်သီးတွေ ပေးသေးတယ်။ ကိုဆွေက ကြိုက်တယ်ဆိုလို့ အဲဒါနဲ့ ဘာပေးရမလဲ စဉ်းစားနေတုန်း ဈေးထဲမှာ မာဆရိုက်လုံချည်တွေ တွေ့လို့ ဝယ်လာခဲ့တယ်"

သူက စက္ကူအိတ်ထဲမှ လုံချည်ကို ထုတ်ပေးသည်။ မာဆရိုက်ချည် ချောလုံချည် အသားရော အရောင်အသွေးရော ပြောစရာမရှိ။ အကွက်ကလေးသာ နည်းနည်းကျဲသည်။

"ကိုကိုကြိုက်ရဲ့လား"





"ကြိုက်ပါတယ်"

"ကိုကို ခဏလောက် ထစမ်းပါ"

"ဘာလုပ်ဖို့လဲ"

"ထပါဆို"

ကျွန်တော် မတ်တတ်ရပ်သည်။

"အဲဒီ ပုဆိုးကို ဖြန့်ပြီး ကိုယ်မှာ ကပ်ကြည့်စမ်းပါ၊ ကိုကိုနဲ့ လိုက်ရဲ့လားလို့ ကြည့်ချင်လို့"

"ဟာ ဇင်ဇင်ကလည်း လူမြင်ကွင်းကြီးမှာ"

"အို ကိုယ့်ဘာသာနေတာ ဘာဖြစ်လဲ၊ လုပ်ပါ ကိုကိုရဲ့"

ဆက်ပြောလည်း ရမည်မဟုတ်သဖြင့် ပုဆိုးကို ခါးမှာ ပတ်ပြလိုက်ရသည်။

"နည်းနည်း နောက်ဆုတ်ဦး"

တစ်လှမ်းနှစ်လှမ်း ဆုတ်ရသည်။

"ကောင်းတယ် ကိုကိုနဲ့ လိုက်တယ်၊ အစိမ်းက နည်းနည်းများကြောင်နေမလားး ထင်မိသေးတယ်၊ အခုလို ဖြန့်ကြည့်တော့ ကောင်းသားပဲ"

သူက ကျေနပ်နှစ်သိမ့်စွာ ကြည့်နေသည်။ ကျွန်တော်ကတော့ မလုံမလဲဖြစ်ပြီး ဟိုဟိုဒီဒီ လှမ်းကြည့်မိ၏။ တန်ပတ်လမ်းအတိုင်း လျှောက်လာနေသော အသက်ခပ်ရွယ်ရွယ်အတွဲတစ်တွဲက ကျွန်တော်တို့ကို လှမ်းကြည့်နေသည်။ အမျိုးသမီးက တစ်စုံတစ်ခုပြောလိုက်သဖြင့် အမျိုးသားက ရယ်သည်။ ကျွန်တော် ရှက်ကိုးရှက်ကန်းဖြစ်ပြီး ထိုင်ချလိုက်ရ၏။

"ဇင်ဇင့်ကိုလည်း ကိုယ်ပေးစရာရှိတယ်"

ကျွန်တော်က ပလတ်စတစ်လက်ဆွဲအိတ်ထဲကို လက်နှိုက်ရင်း. . .

"ကိုဆွေ ပါလာတာ"

ဟု ပြောနေတုန်း သူက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

ဆိုပြီး အိတ်ကို ဆတ်ခနဲ ဆွဲယူသည်။ အထဲက ဒေါက်မြင့်ဖိနပ်ကို မြင်သောအခါ. . . .

"ဟယ်"

ဖိနပ်ကို ဆွဲထုတ်သည်။

"သားနားတယ်ဆရာ ဒီပုံမျိုး မတွေ့ဖူးသေးဘူး"

သူ တော်တော် ပျော်သွားသည်။ ဟန်ပင် မဆောင်နိုင်ဘဲ ချက်ချင်း စီးကြည့်သည်။ မတ်တတ်ထရပ်ပြီး လမ်းလျှောက်ကြည့်သည်။ သူ့ပုံစံက ဖက်ရှင်ပြပွဲတွေမှာ ကိုယ်ဟန်ပြနေသလိုမျိုး။

ကျွန်တော်က သူ့လက်ကို လှမ်းဆွဲပြီး. . . . .

"ထိုင်ပါဦး ဇင်ဇင်ရဲ့"

သူ ကျွန်တော့်ဘေးမှာ ထိုင်သည်။

"ဒီ ဖိနပ်ကို အခုပဲ စ စီးတော့မယ်နော်"

ဟု ကလေးတစ်ယောက်လို ပြော၏။

"စီးလေ၊ ဖိနပ်အဟောင်းက ဘယ်လိုလုပ်မှာလဲ"

"အဲဒီ အိတ်ကြီး ဇင့်ကိုပေးလိုက်လေ၊ အဲဒီထဲထည့်ပြီး ပြန်ယူသွားမှာပေါ့"

"ဖိနပ်အသစ်က ဘယ်ကရသလဲလို့ အိမ်ကမေးရင် ဘယ်လိုလုပ်မလဲ"

"ဟုတ်သားပဲ"

သူ ခဏ စဉ်းစားပြီး. . .

"ဟာ ဟုတ်ပြီ ကျောင်းကသူငယ်ချင်းတစ်ယောက်ဆီက ဝယ်တာလို့ ပြောမယ်၊ ဟုတ်တယ်၊ ဒါဆို အပိုင်ပဲ၊ အိမ်က ပိုက်ဆံထပ်တောင်းလို့ ရတယ်၊ ဒီဖိနပ်ဆို ဆိုင်တွေမှာ နှစ်ရာကျော်လောက် ပေးရမှာပဲနော်"

ကျွန်တော် ခေါင်းညိတ်သည်။





"ဟီးဟိ ဇင်တို့များ ပိုင်ချင်တော့ ငွေနှစ်ရာတောင် ထပ်ရဦးမှာပါလား၊ ဟင် ဒီလိုဆိုတော့ ဘယ်တရားမလဲ၊ ကိုကို ပေးတဲ့လက်ဆောင်ကြ နှစ်ရာကျော်တောင် တန်တယ်၊ ဇင် ဝယ်လာတဲ့ လုံချည်က ခြောက်ဆယ့်ငါးကျပ်ပဲ ပေးရတာ၊ ဒီလိုလုပ် ကိုကို့ကို ဇင်က တီရှပ်တစ်ထည် ဝယ်ပေးမယ်"

"တော်ပါပြီကွာ လက်ဆောင်ပေးတာပဲ သာတယ်၊ နာတယ် တွက်နေစရာ မလိုပါဘူး၊ စေတနာက အဓိကပါ၊ နောက်ပြီး ဒီဖိနပ်က ကိုဆွေ ပါလာတာပဲဟာ ကိုယ် ပိုက်ဆံကုန်ရတာမှ မဟုတ်ဘဲ"

"ကိုဆွေတို့ မတူးတို့ကိုလည်း ကျေးဇူးတင်ကြောင်း ပြောပြပါနော်၊ အင်း ကိုဆွေ့အတွက် ငရုတ်သီး ယူလာပေးဦးမှ ကောင်းမယ်"

"ကိုယ့်မှာ ဇင်ဇင့်ကို ပေးစရာ တစ်ခုကျန်သေးတယ်"

ကျွန်တော်က ရှပ်အင်္ကျီအိတ်ထဲမှ နှုတ်ခမ်းနီဘူးကို ထုတ်ပေးသည်။ သူ 'ဟယ်' ခနဲ ဖြစ်သွားပြန်သည်။ ဘူးကိုဖွင့်ပြီး နှုတ်ခမ်းနီတောင့်ကို လှည့်ထုတ်သည်။

"ဟာကွာ၊ ကိုကိုကတော့ သိပ်တော်တာပဲ၊ ဒီလို မက်တယ်လစ်ကာလာမျိုး လိုချင်နေတာ"

သူ ကျွန်တော့်လက်ကို ဆုပ်ကိုင်လှုပ်ယမ်းရင်း ဝမ်းမြောက်ဝမ်းသာ ပြောသည်။ ကျွန်တော်က. . .

"ကဲ အဲဒီ နှုတ်ခမ်းနီကိုလည်း အခု ဆိုးကြည့်ဦးလေ"

"အိမ်ကျမှပဲ ဆိုးကြည့်တော့မယ် ကိုကိုရယ်၊ အခုလည်း ဆိုးထားသားပဲ မဟုတ်လား"

"အခု ဆိုးထားတာတွေ ဖျက်လိုက်ပေါ့၊ နေဦး ကိုယ် ဖျက်ပေးမယ်"

ကျွန်တော်က သူ့ ပခုံးနှစ်ဖက်ကို ကိုင်ပြီး ဆွဲလှည့်လိုက်၏။ သူက "ဟင်း ကိုကို သိဂ်လည်တာပဲ"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနီလက်ဆောင်ပေးတာ အရှုံးမရှိပါဘူး ဆိုသော ကိုဆွေ၏ စကားကို သတိရလိုက်၏။

● ● ● ● ●

ခြေလှမ်း တုံ့သွားသည်။

ကျောင်းစားသောက်ဆိုင်မှာ သူတစ်ယောက်တည်းမဟုတ်။ မျိုးသာကီနွယ်တို့ ညီအစ်မပါ ပါသည်။ ထိုမျှမက စားပွဲမှာ ဝိုင်းထိုင်နေကြသူများတွင် ကျောင်းသား သုံးယောက်ပါ ပါသည်။

နှစ်ယောက်ကို ကျွန်တော်သိပါသည်။ မျိုးသာကီနွယ်တို့က မိတ်ဆက်ပေးဖူးသောကြောင့် ဖြစ်သည်။ သူတို့ နာမည်တွေက ရှည်လျားထွေပြားသောကြောင့်လည်းကောင်း၊ သူတို့ကို သိပ် စိတ်မဝင်စားသောကြောင့်လည်းကောင်း နာမည်တွေကို မမှတ်မိ။ သူတို့က ဟိုညီအစ်မနှင့် ဘာဂလိုတိုတို ဖြစ်နေကြသည်ဟု သိထားရ၏။

ဒါဖြင့် တတိယကောင်ကရော။ သူ့ကို ကျွန်တော် မသိ။ မြင်လည်း မမြင်ဖူးခဲ့။ ပုံစံကတော့ ကျော်သူတို့၊ စိုးသူတို့လို ဝတ်စား ဆင်ယင်ထားသည်။ အသက်က ဇင်ဇင်တို့နှင့် ရွယ်တူလောက်ပင် ရှိမည်။ ရုပ်ဖြောင့်သည်။

သူတို့က ကျွန်တော့်ကို မမြင်သေး။ ပြောလက်စ စကားထဲတွင်သာ စိတ်ဝင်စားနေကြသည်။ မျိုးသာကီနွယ်က တစ်စုံတစ်ခု ဝင်ပြောရာ အားလုံး ရယ်ကြ၏။

သူတို့ဆီ လျှောက်သွားသည်။ ဇင်ဇင်က ကျွန်တော့်ကို အရင်ဆုံး မြင်သည်။ အံ့သြသွားပုံရသည်။ ပြီးမှ

"ဟော လာလေ"

ဟု နှုတ်ဆက်သည်။

အားလုံး ကျွန်တော့်ကို ဝိုင်းကြည့်ကြ၏။ သူတို့စားပွဲနားမှာ





ရပ်သည်။

"ထိုင်လေ မတ်တတ်ကြီး"

ဟု ဇင်ဇင်ကပြော၏။

သူတို့စားပွဲမှာ ခုံလွတ်မရှိတော့။ ဟိုဘက်စားပွဲက ခုံတစ်လုံးယူပြီး ထိုင်စရာနေရာကြည့်သည်။ ဇင်ဇင့်ဘေးမှာ နေရာမရှိတော့ အတင်းဝင်ကပ်ထိုင်လို့လည်း မဖြစ်။ ထို့ကြောင့် ဇင်ဇင်နှင့် မျက်နှာချင်းဆိုင်ရှိ လွတ်နေသော နေရာမှာပင် ခုံကိုချပြီး ဝင်ထိုင်လိုက်ရသည်။

ဇင်ဇင်နှင့် တတိယကောင်တို့ နေရာယူထားကြပုံမှာ ဘေးချင်းကပ်တော့ မဟုတ်။ သို့ရာတွင် စားပွဲ၏ ထောင့်စွန်းတစ်ဖက်စီတွင် ကျင်တွယ်ပုံ ထိုင်နေကြခြင်းဖြစ်၍ အလွန် နီးစပ်နေသည်။ ကျွန်တော်ကတော့ ဇင်ဇင်နှင့် မျက်နှာချင်းဆိုင်ဖြစ်၍ အလှမ်းဝေးနေ၏။ စိတ်ထဲက အောင့်သက်သက် ဖြစ်သွားရသည်။ ပြီးမှ စိတ်ကို ပြန်ထိန်းသည်။

ဒီဝိုင်းထဲမှာ ကျွန်တော်က အသက်အကြီးဆုံး၊ ကလေးတွေလို တစ်စုံတစ်ခု အလိုမကျသလို မျက်နှာကြီး ဆူပုပ်ထားလို့ မဖြစ်သေးချေ။

ဇင်ဇင်ကလည်း ကျွန်တော့်ကို မြင်မြင်ချင်း အံ့သြဟန် ဖြစ်သွားသော်လည်း နောက်တော့ ဘာမျှ မထူးခြားသလိုပင်။

"မနက်က လာဦးမလားလို့"

ဟု ပြောသည်။

"မနက်က အိမ်ကထွက်ခါနီးမှ ကိုဆွေက ကပ်စတန်ရုံးကို ခိုင်းလိုက်လို့ မရောက်ဖြစ်တာ၊ ခု ရုံးကကိစ္စ ပြီးပြီးချင်း လာခဲ့တာပဲ၊ အတန်းထဲမှာ မတွေ့လို့ ဒီမှာရှိမှာပဲဆိုပြီး လိုက်လာတာ"

ဟု လေသံမှန်မှန်ဖြင့် ပြန်ပြောလိုက်သည်။

စိုးဒါလီနွယ်က ဝင်၍. . .

"အထူးခြည့်သည် ရောက်နေလို့ ကင်တင်းမှာ လာချည့်ခဲ့ကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြော၏။ အထူးဧည့်သည်ဆိုတာ ဟိုကောင်လေးကို ဆိုလိုခြင်း ဖြစ်လိမ့်မည်။

"မိတ်ဆက်ပေးလိုက်ဦးလေ"

မျိုးသာကီနွယ်က ဇင်ဇင့်ကို ပြောလိုက်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဒီကောင်လေးသည် ဇင်ဇင်နှင့် တစ်စုံတစ်ခု ပတ်သက်နေပေလိမ့်မည်။ ဇင်ဇင်က. . . .

"ဟုတ်သားပဲ မေ့နေလိုက်တာ၊ ဒါက ငွေးနိုင်တဲ့။ ဇင်နဲ့ ဆယ်တန်းတုန်းက တစ်တန်းတည်းပဲ၊ ဒါကတော့ ကိုဝင်းကိုမောင်"

ကျွန်တော့်ကျတော့ ဘယ်သူဘယ်ဝါပါဟု ဆက်မပြောဘဲ ပြုံးရုံသာ ပြုံးနေသည်။ မျိုးသာကီနွယ်တို့ ညီအစ်မထံမှ ရယ်သံ သဲ့သဲ့ထွက်လာ၏။

ကျွန်တော်က အတတ်နိုင်ဆုံး ဖော်ရွေစွာ ပြုံး၍ ငွေးနိုင်ဆိုသူထံ လက်ကမ်းပေးလိုက်သည်။ သူက ကျွန်တော့်လက်ကိုဆွဲ၍ နှုတ်ဆက်ပုံမှာ ပြေပြေပြစ်ပြစ် မရှိ။ လက်ကို ဖျတ်ခနဲ လှမ်းပုတ်လိုက်သလို ဖြစ်သွားသည်။

သူ့လက်များသည် နွေးနွေးထွေးထွေး မရှိချေ။ ပြီးတော့ သူ့ကြွက်သားတွေကို တင်းထားပုံရသည်။

တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း တစ်ချက်ဆုံသည်။ သူ ကျွန်တော့်ကို စူးစမ်းသလိုကြည့်သည်။ ကျွန်တော်ကလည်း သူ့ကို အ ခတ်ကြည့်လိုက်၏။ သမ္မတရေဂင်နှင့် ဂေါ်ဘာချက်တို့ ထိပ်သီး ဆွေးနွေ ပွဲမှာ လက်ဆွဲနှုတ်ဆက်ကြလျှင် ဒီလိုပဲ ဖြစ်လိမ့်မည်ထင်သည်။

မိတ်ဆက်ပေးပြီးလျှင် တစ်ခုခုတော့ ဧည့်ထောက်ခံ စကားပြော ပေလိမ့်မည်။ ဒီပလိုမေစီ သဘောပေါ့လေ။

"ကိုငွေးနိုင်က အာယုဘီစီကပဲလား"

ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေကပဲလားဟု ကျွန်တေ မေးခြင်းဖြစ်သည်။ သူ့မျက်နှာမှာ အပြောင်းအလဲ တ ခု ဖြစ်သွားသည





"ကျွန်တော် မအောင်သေးပါဘူး"

ဟု ပြန်ပြောသည်။

ထိုအချိန်တွင် သူ့ကို ကျွန်တော် အထက်စီးကကြည့်ချင်လျှင် ကြည့်လို့ ရပြီဖြစ်၏။ ပြီးမှ ချက်ချင်းသတိရသည်။

ဘာဆိုင်လို့လဲ၊ ဘာကြောင့် အထက်စီးက ကြည့်ရမှာလဲ။ သူနှင့် ကျွန်တော် ဘာမှ မပတ်သက်။ သူ့ကို မြင်မြင်ချင်း ပြိုင်ဘက်တစ်ယောက်လို သဘောထားမိမလို ဖြစ်သွားသည်မှာ ထူးဆန်းလှသည်။ စိတ်ထဲက ထင်ခနဲ ဖြစ်သွားသည်ကတော့ အမှန်။

တခြားလူတွေကို ကျွန်တော်ကြည့်သည်။ ပွဲကြီးပွဲကောင်း တွေ့ရ မလားဟု စောင့်နေကြသလိုများလား။ ဇင်ဇင်ကတော့ ဘာမှ မဖြစ်သလို ပင်။ ရေခဲသုပ်ကို တစ်ဇွန်းပြီးတစ်ဇွန်း အရသာခံ သောက်နေရင်းက. . .

"လက်ဖက်ရည်ပဲ မဟုတ်လား"

ဟု ကျွန်တော့်ကိုမေးသည်။

✱ ✱ ✱ ✱ ✱

"မသောက်တော့ဘူး။ ဟိုရုံးက လူတွေနဲ့ သောက်ခဲ့တယ်"

ငွေးနိုင်က. . .

"တို့သွားဦးမယ်"

ဟု ဇင်ဇင့်ကို ပြောသည်။ ပြီးတော့

"အားလုံးပဲ သွားပါဦးမယ်"

ဟု ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ထွက်သွားသည်။ သူထွက်သွား ပြီးတော့ ဟိုညီအစ်မနှစ်ယောက်ထံမှ ရယ်သံ ထွက်ပေါ်လာသည်။ တော့င်လေးနှစ်ယောက်က လိုက်ရယ်သည်။ ဇင်ဇင်က ပြုံးနေသည်။

ငွေးနိုင်နှင့် ကျွန်တော်တို့စတင် တွေ့ဆုံခန်းသည် ရယ်စရာများ ဖြစ်နေလေသလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဒွေးနိုင်သည် ဇင်ဇင်နှင့် ဆယ်တန်းတုန်းက သူငယ်ချင်းဖြစ်ခဲ့သည်ဟု ဆိုသည်။ သို့ဆိုလျှင် ဘယ်အတိုင်းအတာလောက်ထိ ရင်းနှီးခဲ့ကြသနည်း။

တစ်ခု သေချာတာက ဒွေးနိုင်သည် ဇင်ဇင်လို မိန်းကလေးမျိုးကို စိတ်ဝင်စားမိမည်ပင် ဖြစ်သည်။ သူ၏ စိတ်ဝင်စားမှုကို ဘယ်လောက်ထိ အကောင်အထည် ဖော်နိုင်ခဲ့သလဲ။ သူက ဇင်ဇင့်ကို ဖွင့်ပြောခဲ့သလား။ ပြောချင်လည်း ပြောပေလိမ့်မည်။ ပြောခဲ့သည်ဟု ကျွန်တော်ကတော့ ထင်နေမိသည်။ ဇင်ဇင်က သူ့ကို လက်ခံခဲ့ဟန် မတူချေ။

သူတို့နှစ်ယောက်သည် တစ်ချိန်ချိန်က ချစ်ခဲ့ကြပြီး အကြောင်း တစ်ခုခုကြောင့် ကွဲကွာနေခဲ့ကာ ခုကျမှ ဒွေးနိုင်က ပြန်ဆက်သွယ်ဖို့ ကြိုးစားတာ မဖြစ်နိုင်ဘူးလားဟုလည်း တွေးကြည့်ပြန်၏။ ဒါတော့ မဖြစ်နိုင်ဟု စိတ်ထဲက အလိုလို သိနေသည်။

ကျွန်တော်သည် ဘာဖြစ်လို့ ဒါတွေ လျှောက်တွေးနေရသလဲ။ တကယ်တော့ ဘာမျှ ရေကြီးခွင်ကျယ် မဟုတ်။ သူငယ်ချင်း တစ်ယောက် လာ၍လည်း၍ စားသောက်ဆိုင်မှာ သွားကျွေးမွေးခြင်းသာ ဖြစ်သည်။ ဒွေးနိုင်ကလည်း ကျွန်တော်နှင့် ဇင်ဇင်တို့အကြောင်း သိသွားမည်ပင် ဖြစ်သည်။

ကျွန်တော်သည် ဇင်ဇင်နှင့် ပတ်သက်လာလျှင် အစိုးရိမ်လွန်ပြီး လျှောက်တွေးနေမိခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် စိတ်ထဲ ပြုံးမိသည်။

ဘာပဲဖြစ်ဖြစ် ခုလို ဇင်ဇင်တစ်ယောက် ယောကျ်ားလေးတွေနဲ့ စားသောက်ဆိုင်မှာ အတူတူ ထိုင်ပြီး တရင်းရင်း နေသည်ကိုတော့ ကျွန်တော် မကြိုက်၊ သတိပေးရမည်။

"ကိုကိုက ဘာဖြစ်နေတာလဲ"

ကျွန်တော် အတန်ကြာအောင် ငြိမ်ပြီး တွေးနေသဖြင့် သူက မေးခြင်း ဖြစ်သည်။

"ဇင်ဇင့်ကို ကိုယ် တစ်ခု ပြောစရာ ရှိတယ်"





"ဘာလဲ၊ ရုပ်ရှင်ကြည့်ဖို့လား၊ ဒါမှမဟုတ် ဟို ပန်းခြံကို သွားဖို့လား"

"မဟုတ်ဘူး"

ကျွန်တော် ချက်ချင်း ဆက်မပြောသေး။ အင်္ကျီအိတ်ထဲမှာ စီးကရက် ရှာသည်။ မတွေ့။

"ဘာပြောမလို့လဲ"

သူ ထပ်မေးသည်။

"မနက်တုန်းက"

"ဘာဖြစ်လို့လဲ"

ဟု သူက စကားထောက်သည်။

"အဲဒီလို ယောကျ်ားလေးတွေနဲ့ ရှာရောနှောနှော မနေသင့်ဘူး ထင်တယ်"

"ဟာ၊ ကိုကိုကလည်း သူငယ်ချင်းတွေချည်းပဲဟာ"

"ဘောလုံးတွေက သူငယ်ချင်းတွေပဲလို့ သိပါမလား၊ တစ်မျိုးလည်း ထင်နိုင်တာပဲ၊ ပြီးတော့လည်း ကြည့်ဦး၊ ယောကျ်ားလေးက သုံးယောက်၊ မိန်းကလေးက သုံးယောက်၊ အတွဲသုံးတွဲလို့ ထင်မသွားနိုင်ဘူးလား"

"ထင်သွားတော့လည်း အမြတ်ပေါ့"

ဟု သူက မချိုမချဉ် မျက်နှာပေးဖြင့် ပြောသည်။

"နောက်မနေနဲ့ဇင်ဇင်၊ ကိုယ်က တကယ်ပြောနေတာ"

"ဩော် ခက်လိုက်တာ ကိုကိုရယ်၊ ကိုကို့အယူအဆတွေက အောက်နေပြီ။ ကျောင်းမှာ သူများတွေလည်း ဒီလိုပဲ နေကြတာပဲ။ သူငယ်ချင်း အုပ်စုတွေ အများကြီး"

"ဘာပဲဖြစ်ဖြစ်လေ၊ အဲဒီလိုနေတာ ကိုယ်မကြိုက်ဘူး"

"ကိုကိုက သဝန်တိုတတ်လားဟင်"

"တိုသင့်ရင် တိုရမှာပဲ"

"ဇင် ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

"ဩော်၊ ကိုကို ဇင့်ကို သိပ်ချစ်တယ်ဆိုတာ သိရလို့လေ။ ချစ်ရင် သဝန်တိုတယ်လို့ ဆိုကြတာကိုး"

"ဒီမှာဇင်ဒင်၊ ကိုယ် တစ်ခု ပြောဦးမယ်။ ချစ်ရင် သဝန်တို တတ်သလိုပဲ၊ အချစ်ကြီးရင်လည်း အမျက်ကြီးတတ်တယ်တဲ့"

ကျွန်တော့်လေသံက နည်းနည်းဆတ်သွားသည်။

"ကဲပါ၊ ကိုကို၊ သိပ်လည်း ဒေါသမကြီးပါနဲ့။ ဇင် ကိုကို့အပေါ် ဘယ်တော့မှ သစ္စာမမဲ့ဘူးဆိုရင် ကျေနပ်ပေါ့နော်၊ ကိုကိုနော်"

ကျွန်တော် စိတ်ပြေသွားရပြန်သည်။ မျက်နှာထားကိုတော့ တည်ထားတုန်း။ သူက. . .

"ဟင် ကိုကိုရယ်၊ ဇင့်ကို အဲ့လို မျက်နှာထားကြီးနဲ့ မကြည့်နဲ့လေ၊ ဇင်ကြောက်တယ် သိလား၊ ကြည့်လေ၊ ပြောလို့ မရဘူးလား ပြုံးပြုံးလေး နေပါကိုကိုရဲ့၊ ဟော ပြုံးတော့မယ် ပြုံးတော့မယ်"

ကျွန်တော် ဆက်မတည်နိုင်တော့။

ဇင်ဇင် မနောက်စမ်းနဲ့ဟု ပြောရင်း ရယ်မိရတော့သည်။ တော်တော်လည်း တတ်နိုင်တဲ့ ကောင်မလေး ဇင်ဇင်။

● ● ● ● ●



[၁၃]

ရွှေဝတ်မှုန်စားသောက်ဆိုင်၏ သီးသန့်စားပွဲမှာ ထိုင်ကြသည်။ သီးသန့်စားပွဲ ဆိုသော်လည်း ဗူဂလိက စားသောက်ဆိုင်တွေလို အခန်းတွေဘာတွေ ကာရံထားတာမျိုးတော့ မဟုတ်ချေ။ ခေါက်ဆွဲကြော် စသည့် အစားအသောက်များ မှာယူစားသုံးနိုင်ရန် သတ်သတ်ပြင်ဆင်ထားသော စားပွဲများသာဖြစ်သည်။ လက်ဖက်ရည် စားပွဲများထက်တော့ ပိုပြီး သပ်ရပ်သော အခင်းအကျင်းရှိသည်။ စိမ်းပြာပြာ မှန်အကာအရံများ၊ ဖြူဖွေးသန့်ရှင်းသော စားပွဲခင်းများ၊ မလင်းလွန်း မမှောင်လွန်းသော အလင်းရောင် စသည်တို့ကြောင့် သက်သောင့်သက်သာရှိပြီး စိတ်အေး ချမ်းသာစွာ စားသုံးနိုင်၏။

အီတလီခေါက်ဆွဲ မှာစားသည်။ ပြီးတော့ ပူတင်း၊ နောက် အအေး တစ်ပုလင်းစီ မှာလိုက်သည်။

ကျွန်တော်က စီးကရက်ကို မီးညှိဖွာရင်း သူ့ကို ပြောရမည့်စကားတွေကို စဉ်းစားနေသည်။ သူကတော့ အစားအသောက် ကောင်းကောင်းစားရသဖြင့် သဘောကျနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



အအေးပုလင်းများ ရောက်လာ၏။ သူက ဖန်ခွက်တွေထဲ ငှဲ့ထည့်ပေးသည်။ ကျွန်တော် မသောက်သေးဘဲ စီးကရက်ကိုသာ ဆက်ဖွာနေလိုက်၏။ လေးငါးဖွာ ဖွာပြီးမှ

"ဇင်ဇင့်ကို ကိုယ်တစ်ခု ပြောစရာရှိတယ်"

"ကိုကို့မှာကတော့ အမြဲတမ်းလိုလို ပြောစရာတစ်ခုခုတော့ ရှိနေတာပဲနော်"

"ရှိရမှာပေါ့ တကယ်တော့ ပြောစရာတွေက အများကြီးပဲ၊ ကိုယ်တို့နှစ်ယောက်ရဲ့ ရှေ့ရေးအတွက် တိုင်ပင်ချင်လို့"

"ရှေ့ရေး ဟုတ်လား၊ ဘယ်လို ရှေ့ရေးလဲဟင်"

သူက စပတ်ကလင်း တစ်ငုံကို အေးဆေးစွာ မြုံ့နေရင်းမေးသည်။

"ဇင်ဇင်နဲ့ ကိုယ်နဲ့ တစ်နေ့နေ့ကျရင် လက်ထပ်ကြရမှာ မဟုတ်လား"

"ဒါတော့ ဒါပေါ့"

"ဇင်ဇင်က ဘယ်တော့လောက် လက်ထပ်မယ် စိတ်ကူးသလဲ"

"ဘယ်သိမလဲ ကိုကိုရဲ့၊ ဒါက ကိုကိုက ပြောရမှာပဲဟာ"

"ဇင်ဇင် ဘွဲ့ရပြီးရင် ဆိုပါတော့ ဟုတ်လား"

"အဲဒီအခါမှာ ဘာပြဿနာတွေ ရှိလာနိုင်သလဲဆိုတာ ဇင်ဇင် တွေးမိဖူးလား"

"ဟင့်အင်း၊ ဇင်တော့ ဘာမှ မတွေးတတ်ဘူး"

"ဇင်ဇင်တို့ မိဘတွေက ကိုယ်နဲ့ သဘောတူပါ့မလား"

"ဘာဖြစ်လို့ သဘောမတူရမှာလဲ၊ ဇင်ချစ်တဲ့လူဆိုရင် သဘောတူရမှာပေါ့၊ ဖေဖေတို့ မေမေတို့က ဇင့်ကို သိပ်အလို လိုက်ထားတာပဲဟာ"

"တခြားနေရာမှာ အလိုလိုက်ပေမဲ့ လူကြီးဆိုတာမျိုးက သားသမီးရဲ့ အိမ်ထောင်ရေးကျတော့ တစ်မျိုးလေ၊ သူတို့ စိတ်ကြိုက်ပဲ စီမံချင်ကြတာ မဟုတ်လား"

သူပြုံးသည်။





"ကိုကိုက လူကြီးတွေစိတ်ကြိုက် ဖြစ်နိုင်ပါတယ်။ ဘွဲ့လည်း ရပြီးပြီ ကိုကို့ ဘက်ဂရောင်းကလည်း မဆိုးပါဘူး၊ ပြီးတော့ ကိုကို့ ရုပ်ကလည်း ဖြောင့်ပါတယ် ကိုကိုရဲ့"

"အရေးကြီးဆုံးတစ်ခု ကျန်သေးတယ် ဇင်ဇင်၊ ခုချိန်ထိ ကိုယ့်မှာ အလုပ်မရှိသေးဘူး"

"အလုပ် အဲဒါက အရေးမကြီးပါဘူး"

အအေးခွက်ကို လှမ်းကိုင်တော့မည့် ကျွန်တော့်လက် တန့်သွားသည်။

"အလုပ်က အရေးမကြီးဘူး ဟုတ်လား၊ လူတစ်ယောက်ရယ်လို့ ဖြစ်လာရင် အလုပ်တစ်ခုတော့ လုပ်ရမှာပေါ့၊ ဒါမှလည်း ဘဝအတွက် စားဝတ်နေရေးအတွက် အာမခံချက် ရှိတော့မှာပေါ့"

"စားဝတ်နေရေးအတွက်တော့ ဘာမှ ပူစရာ မရှိပါဘူးလေ၊ ကိုကို ပြောတာတော့ ဇင် လက်ခံပါတယ်၊ အလုပ်တစ်ခု ခုတော့ လုပ်ရမှာပေါ့။ ဒါမှဂုဏ်ရှိမယ် မဟုတ်လား"

ကျွန်တော် နည်းနည်း စိတ်သက်သာရာ ရသွားသည်။ သူသည် အလုပ်၏ဂုဏ်ကိုတော့ နားလည် တန်ဖိုးထားတတ်ပေသားပဲ။

"ဟုတ်တာပေါ့ ဇင်ဇင်၊ ဒါကြောင့် ကိုယ်ပြောတာပေါ့၊ ကိုယ့်အနေနဲ့ အလုပ်နဲ့ အကိုင်နဲ့ဆိုတော့ ဇင်ဇင်တို့ မိဘတွေကို ကိုယ့်အကြောင်း ပြောပြတဲ့အခါ မျက်နှာမငယ်ရဘူးပေါ့"

"တကယ်တော့ ကိုကိုရာ၊ ဂုဏ်တို့ငွေတို့က အရေးမကြီးပါဘူး၊ တစ်ယောက်နဲ့ တစ်ယောက် သစ္စာရှိဖို့က အရေးကြီးတာပါ"

တယ်ဟုတ်ပါလား။ သို့ရာတွင်-သူပြောသော စကားသည် ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာ ပြောတတ်သည့် စကားမျိုးကို ပြန်ပြောခြင်းသာဖြစ်သည်။ တကယ် တတ်သိနားလည်နေလို့တော့ မဟုတ်။

"ဇင်ဇင်ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ မှန်တိုင်းလည်း တကယ်



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ဘဝနဲ့ အံဝင်ချင်မှ ဝင်တတ်တာကိုး"

"နေပါဦး ကိုကိုက ဘာလုပ်ချင်တာလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး၊ အဆင်ပြေတဲ့ အလုပ်တစ်ခုခု ပေါ့"

"အစိုးရ အလုပ်လား"

"ဒါလည်း ဖြစ်နိုင်တာပဲ"

"ဒါဆိုရင်တော့ ဘာမှ မပူနဲ့၊ ကိုကို အေးအေးဆေးဆေးသာနေ၊ သူ့အလိုလို ဖြစ်လာလိမ့်မယ်"

"ဘယ်လို"

"ဖေဖေက ရှာပေးမှာပေါ့၊ မမသော်တုန်းကလည်း ဒီလိုပါပဲ၊ သူတို့စေ့စပ်တဲ့အချိန်အထိ ကိုမျိုးမင်းက အလုပ်ရှိသေးတာ မဟုတ်ဘူး၊ လက်ထပ်ခါနီးကျမှ ဖေဖေက ပြောပေးဖို့ ဖိုးဖစ်မတီးစကား ဒါရိုက် ရသွားတာပဲ၊ ကိုကိုလည်း လုပ်ချင်ရင် ဖေဖေ ပြောပေးမှာပေါ့၊ အလုပ်အတွက်တော့ ဘာမှပူမနေပါနဲ့လေ"

သူပြောပုံကတော့ အလွန်လွယ်သည်။ ကျွန်တော် ဘာပြန်ပြောရမှန်း မသိအောင်ပင် ဖြစ်သွားရ၏။

"ဇင် ဘွဲ့ရဖို့က နှစ်နှစ်တောင် လိုပါသေးတယ်လေ၊ ဒီကြားထဲမှာ တစ်ခုခု အဆင်ပြေသွားမှာပေါ့ ကိုကို့မှာလည်း ကြိုဘင်ပြီး လွမ်းရတာနဲ့ ကြိုတင် စိတ်ပူရတာနဲ့၊ ဒါတွေဟာ ပြဿနာ မဟုတ်ပါဘူး ကိုကို၊ အားလုံးပြေလည်သွားမှာပါ။ ဘာမှ ခေါင်းထဲမှာမထားနဲ့၊ ဇင့်ကို ချစ်တာက လွဲရင်ပေါ့"

သူ့လေသံ အေးအေးလေးဖြင့် ပြောနေ၏။

❋ ❋ ❋ ❋ ❋

သိန်းမင်းထွန်းက သူ့ဆိုင်ကို သိမ်းနေသည်။ နာရီတွေကို ပလတ်စတစ်အိတ်တွေထဲမှာ တစ်လုံးချင်း သတ်သတ်စီ ထည့်သည်။ လက်ပတ်ကြိုးတွေ





ကိုတော့ အမျိုးတူတာတွေကို သားရေကွင်းနှင့် စုစည်းပြီး အားလုံးကို သားရေ လက်ဆွဲအိတ်ထဲထည့်ပြီး အိတ်ကို သော့ခတ်သည်။ နောက်နံရံမှာ မြှုပ်ထားသော ဗီရိုထဲသို့ သားရေအိတ်ကိုထည့်သည်။ ဗီရိုကို သော့နှစ်ထပ်ခတ်သည်။

လုံခြုံရေး အစီအစဉ်ကတော့ တော်တော် ခိုင်မာအောင် ပြုလုပ်ထားတာပဲဟု တွေးမိသည်။ မလုပ်လို့လည်း မဖြစ်ချေ။ ဒီနာရီများသည်ပင် သူ့ဘဝ မဟုတ်လား။

အခန်းပိုင်ရှင် အဘိုးကြီး အဘွားကြီးလင်မယားကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။

"ဦးလေးကြီးမှာ ထိုင်မလား"

ဟု သိန်းမင်းထွန်းက မေးသည်။

"အိုက်တယ်ကွာ လက်ဖက်ရည် မသောက်ချင်သေးဘူး"

"ကြံရည် သောက်ပါလား"

"ကောင်းသားပဲ"

ရွှေဘုံသာလမ်းထောင့်က ကြံရည်ဆိုင်မှာ ထိုင်ကြ၏။

နွေလကုန်ခါနီးပြီဖြစ်၍ မိုးဦးကာလ ရောက်ပြီဟု ဆိုရမည်။ မိုးက တစ်ခါတစ်ခါ ရွာတတ်သော်လည်း မရွာသည့်နေ့ဆိုလျှင် အလွန်ပူအိုက်သည်။ ဒီနေ့လည်း မနက်ပိုင်းကသာ မိုးအနည်းငယ်ရွာပြီး တစ်နေ့လုံး နေပူနေသဖြင့် တစ်ကိုယ်လုံး ချွေးတွေသံတွေနှင့်ဖြစ်ပြီး ရေချိုးချင်နေသည်။

ကြံရည်တစ်ခွက်ကို တစ်ခါတည်း အပြတ်ရှင်းလိုက်ပြီးသည့်တိုင် ရင်ပူမသက်သာသေး။ ရေခဲရေတစ်ခါက် ထပ်မှာရသည်။ နည်းနည်း ရေတာ ပြေတော့မှ. . .

"ခင်ဌေးတောင် မတွေ့တာကြာပြီ"

ဟု ပြောလိုက်သည်။ သိန်းမင်းထွန်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"သင်တန်းတက်နေရလို့ကွ"

"မင်းတို့ သီတင်းကျွတ်ရင် ဆေးချာပြီလား"

"သေချာသလောက် ရှိနေပြီ၊ ရန်သူမျိုး ငါးပါး မနှောင့်ယှက်ရင်ပေါ့"

"ဘာလဲကွ"

သူကရယ်၍. . .

"ငါ့ဆိုင် သူခိုး ခိုးခံရတာတို့၊ ငါတို့အိမ် မီးလောင်တာတို့ မဖြစ်ရင်ပေါ့"

သူနောက်နေခြင်း ဖြစ်သည်။ သူနှင့် ခင်လေးတို့ အတွဲကတော့ တော်တော် လိုက်ဖက်သည်။ နှစ်ယောက်စလုံး ခပ်အေးအေးသမားတွေ၊ သူတို့ကို ကြည့်ရတာ စိတ်ချမ်းသာစရာ ကောင်းသည်။

"မင်းတို့ကော အေးအေးဆေးဆေးပဲ မဟုတ်လား"

သူက ပြန်မေးသည်။

"အေးအေးဆေးဆေးပါပဲ"

ပြောပြီး အိတ်ထဲက စီးကရက်ဘူးနှင့် မီးခြစ်ကို စားပွဲပေါ် ချသည်။ သူက နှစ်လိပ်ထုတ်ယူပြီး ကျွန်တော့်ဆီ တစ်လိပ် လှမ်းပေးသည်။ စီးကရက်ကို မီးညှိဖွာနေရင်း သူ့ကို ဇင်ဇင့်အကြောင်း ပြောချင်လာသည်။

"တစ်ခုတော့ ရှိတယ်ကွ"

သူကလည်း ကျွန်တော် ဇင်ဇင့်အကြောင်းပြောမည်ကို သိ၍ နားထောင်ရန် အသင့်ပြင်ထားပုံရသည်။

"ငါ မနေ့က ဇင်ဇင်နဲ့ တွေ့တယ်"

"ဘာလဲ ဟိုက စိတ်ကောက်ပြန်လို့လား"

"မဟုတ်ပါဘူးကွ"

ဆိုပြီး မနေ့ကဇင်ဇင်နှင့် ပြောခဲ့သည့်အကြောင်းတွေ ပြန်ပြောပြသည်။ သူက စကားဆုံးအောင် နားထောင်နေပြီးမှ. . .

"ဘယ်ဆိုးလို့လဲကွ မင်းကို ငါတောင် အားကျလာပြီ"





"ဘာ အားကျတာလဲ မင်းက"

"ဟာ ဒီထက် ဇိမ်ကျရဦးမလား၊ ကောင်မလေး လှလှလေးကို ရမယ့်အပြင် အလုပ်ကောင်းကောင်းပါ ရှာပေးဦးမယ်ဆိုတော့"

"သူ့အဖေ ရှာပေးတော့မှပဲ ငါက အလုပ်ရရတော့မှာလားကွ"

"ဘယ်သူက ရှာပေးပေးပေါ့ကွ၊ အလုပ်ရရင် ပြီးတာပဲ"

"အဲဒီလို အသာလေး မျှောလိုက်သွားချင်တဲ့စိတ်မျိုး ငါ့မှာ မရှိဘူး၊ သူ့အဖေနဲ့ငါနဲ့ တွေ့တဲ့အခါ အန်ကယ်ရယ် ကျွန်တော့်မှာတော့ အလုပ် မရှိသေးပါဘူး၊ အန်ကယ် သင့်တော်မယ်ထင် တဲ့အလုပ်တစ်ခု ရှာပေးပါလို့ ငါက ပြောရမှာလား၊ အဲဒီအချိန်မှာ ကိုယ့်အလုပ်အကိုင်နဲ့ ကိုယ် အတည် တကျ ဖြစ်နေမှ ဂုဏ်ရှိမှာပေါ့"

"မင်း ဒီလို ပြောလိမ့်မယ်လို့ ထင်သားပဲ"

"သူက ထင်နေတာက အလုပ်တစ်ခုရဖို့ဆိုတာ ရုပ်ရှင်လက်မှတ် ကြိုတင်ဝယ်ရတာလောက်တောင် မခက်ဘူးလို့ ထင်နေတာကွ"

"အေးလေ သူတို့အတွက်ကလည်း ခက်မှ မခက်ဘဲကိုး"

"သူတို့အတွက် မခက်ပေမယ့် တခြားလူတွေအတွက် ဘယ်လောက် ခက်တယ်ဆိုတာ သိအောင် ပြရဦးမယ်၊ လက်တွေ့ ဘဝဆိုတာ ဘာလဲ ဆိုတာ သိသွားအောင် သူ့ကို နည်းနည်းတော့ ပညာပေးရဦးမယ်ကွ"

"ဟေ ဘယ်လိုပေးမှာလဲ"

"မင်း နောက်တော့ သိမှာပေါ့ကွာ"

ကျွန်တော် စီးကရက်တိုကို ပြာခွက်ထဲ ထိုးချေလိုက်၏။ သိန်းမင်းထွန်းက ပြုံးနေသည်။

● ● ● ● ●

မြို့ထဲ လျှောက်လည်ရအောင် ဇင်ဇင့်ကိုလည်း ပြစရာတွေရှိတယ်ဟု ဆိုပြီး သူ့ကို ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး အစီအစဉ်အရ သူ့ကို ဘတ်စ်ကားစီးခိုင်းမည် ဖြစ်သည်။ သူသည် ဘတ်စ်ကား မစီးဘူးချေ။ အနိမ့်ဆုံး အမြန်ကားလောက်သာ မစီးမဖြစ် စီးနေရခြင်းဖြစ်သည်။ ဘတ်စ်ကားတိုးစီးရသည့် ဒုက္ခကို သူ သိစေချင်သည်။

ကားမှတ်တိုင်မှာ ရပ်နေကြတုန်း အမြန်ကားတွေက ဒီနေ့ကျမှ ချောင်နေသည်။ အဆက်မပြတ် တစ်စီးပြီးတစ်စီး လာသည်။

"စီးရအောင်လေ"

ဟု သူပြောသည်။ ကျွန်တော်က

"နေပါဦး ဘတ်စ်ကားစီးရအောင် ဇင်ဇင် စီးဖူးတယ် ရှိတာပေါ့"

သူ မစီးချင်ဘူးဟု ပြောလိမ့်မည် ထင်သော်လည်း။

"ကောင်းသားပဲ"

ဇင်ဇင်တို့များ ကံကောင်းချင်တော့ သုံးဆယ့်တစ် ဘတ်စ်ကား တစ်စင်း ထိုးဆိုက်လာရာ ကားက ချောင်နေသည်။ ထိုင်စရာနေရာရနေမည်စိုး၍ တခြားလူတွေ အရင်တက်အောင် စောင့်ပြီးမှ တက်လိုက်၏။

ထိုင်စရာတော့မရ။ သို့ရာတွင် ကားပေါ်မှာ လူ လေးငါးယောက်သာ မတ်တတ်ရပ်နေသဖြင့် ချောင်ချောင်ချိချိ သက်သက်သာသာ လိုက်ပါနိုင်သည်။ ကိစ္စမရှိ။ ရှေ့မှတ်တိုင်တွေမှာ ထပ်တက်ကြဦးမှာပဲ။

ထင်သည့်အတိုင်းပင်ဖြစ်သည်။ ပုဇွန်တောင်စာတိုက်မှတ်တိုင်မှာ လူတစ်အုပ်ကြီးတက်လာသည်။ ဈေးမှတ်တိုင်အရောက်တွင် ပိုဆိုးသည်။ ကားတစ်စီးလုံး ကျပ်ညပ်သွားသည်။

ဇင်ဇင်မှာ လူတွေကြားထဲ ညပ်နေသဖြင့် အတော် နေရခက်နေဟန်တူသည်။ ပြီးတော့ သူ့နံဘေးမှာ ကပ်လျက်က နွားနို့သည် ကုလားအဘိုးကြီး။ ကျွန်တော်က သူ့ကို ပြုံးပြလိုက်ရာ သူက မျက်နှာကိုမဲ့ပြီး နှာခေါင်းရှုံ့ပြသည်။





ဘားလမ်းမှတ်တိုင်ရောက်သောအခါ လူတွေကို အတင်းတိုးဝှေ့ဖယ်ရှားပြီး ဆင်းခဲ့ရသည်။

"ဘယ်လိုလဲ ဇင်ဇင် ဘတ်စ်ကားစီးရတာ"

သူက ဟူးခနဲ လုပ်ပြီး. . .

"ကားက ကျပ်လိုက်တာ၊ လူကိုချွေးပြန်သွားတာပဲ။ ပြီးတော့ ဇင့်ဘေးက အဘိုးကြီးကလည်း နွားနို့ညှီစော် နံလိုက်တာ"

ကျွန်တော် ကျေနပ်သွားသည်။

"ဒီလိုပဲလေ ဇင်ဇင်ရဲ့ ကိုယ်ပိုင်ကား မရှိတဲ့လူတွေ၊ တစ်ကျပ်ကား မစီးနိုင်တဲ့ လူတွေဟာ ဘတ်စ်ကားကိုပဲ ဒုက္ခခံ တိုးဝှေ့ပြီး နေ့စဉ်နဲ့အမျှ စီးနေကြရတာ"

သူ ပြန်ပြောသောစကားက. . .

"ဒီဘတ်စ်ကားကြီးတွေက ကျပ်တယ်ဆိုပေမဲ့ လူးသာ လွန့်သာ ရှိပါသေးတယ်"

ကျွန်တော် မေ့နေခြင်းဖြစ်သည်။ တစ်ခါတလေ ကျောင်းချိန်နီးနေလျှင် သူ လေးသီးသန့်စီးပြီး စိန်ပေါ်မှတ်တိုင်ကျမှ ကားပြောင်းစီးတတ်သည်။

သင်ခန်းစာ အမှတ်တစ်ကတော့ သူ့အတွက် သိပ်မထူးခြားချေ။ အရေးမကြီး။ ဆက်ရန် ရှိသေးသည်။

ဒုတိယအစီအစဉ်အရ သူ့ကို လမ်းလျှောက်ခိုင်းမည်။ ခြေထောက်တွေ ညောင်းလောက်အောင် လျှောက်ခိုင်းမည်။ လမ်းလျှောက်ရင်းက မြစရာရှိတာတွေ ပြမည်။

အရင်ဆုံး ကုန်တိုက်နှစ်ကို ခေါ်သွားသည်။ ပစ္စည်းတိုးနေသူတွေကိုပြသည်။ ချွေးတွေ သံတွေနှင့် ဖြစ်သော်လည်း ဝတ်ကောင်းစားလှဝတ်၍ လွယ်အိတ်လွယ်သူလွယ်၊ ပိုက်ဆံအိတ်ကိုင်သူကိုင်နှင့် ကုန်တိုက်အောက်ထပ်မှာ လမ်းသွားလာနေကြသူ အမျိုးသား အမျိုးသမီးများကို ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် ပြန်ကောက်သူများ။ ပြီးတော့ ထိုသူများထံမှ ပစ္စည်းတွေကို သိမ်းကျုံးဝယ်ပြီး ဆိုင်တွင် ရောင်းချသူများရှိရာ၊ သိမ်ကြီးဈေးကို လိုက်ပြသည်။

သိမ်ကြီးဈေးထဲက ထွက်လာပြီးနောက် ကီလီဈေးကို ခေါ်သွားသည်။ ခရီးက တော်တော်လှမ်းသေးသည်။ ကားစီးသွားလို့ ရသော်လည်း တမင် လမ်းလျှောက်ခေါ်သွား၏။ သူက သိပ်တော့ မဆိုး။ မညည်းမညူအဲ လိုက်လာသည်။

"ကီလီဈေးမှာ ဘာသွားလုပ်မှာလဲ"

ဟူ၍တော့ မေးသည်။

"ဇင်ဇင် ရောက်ဖူးတယ် ရှိအောင်ပေါ့။ နောတ်ဆိုရင် ဇင်ဇင်က အိမ်ရှင်မကြီး ဖြစ်တော့မှာ မဟုတ်လား၊ ဈေးတွေ ဘာတွေဝယ်ရမှာ မဟုတ်လား၊ ဒါကြောင့် လေ့လာဖို့ လိုက်ပြမလို့"

ကီလီဈေးသည် လက်ကားဈေးဆန်သည်။ အခြား ဈေးတွေမှာ တစ်ဆင့် ပြန်ရောင်းဖို့အတွက် ကီလီဈေးမှာ လာဝယ်ကြရသည်။ ထို့ကြောင့် ဈေးကွဲချိန်ဖြစ်သည့်တိုင် အုတ်အုတ်ကျက်ကျက် ရှိနေတုန်းပင်။

အော်ဟစ်သံ၊ ကားသံ၊ ဈေးခေါ်သံတွေ ဆူညံနေသည်။ အနယ်နယ် အရပ်ရပ်မှ လှေသမ္ဗာန်များ၊ သင်္ဘောများ၊ မော်တော်များဖြင့် ရောက်လာသော ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ ငါးပုစွန်များကို သယ်ချရွှေ့ပြောင်းနေကြသည်။ ပခုံးထမ်း အလုပ်သမားများက တောင်းများ၊ သေတ္တာကြီးများကို သယ်ပြီး ကုန်ကားကြီးတွေအပေါ် တင်ပေးနေကြ၏။

ဇင်ဇင်သည် ပြပွဲခန်းထဲ ရောက်နေသော ကလေးငယ်တစ်ယောက်လို မြင်မြင်ကရာ အထူးအဆန်းတွေလို လျှောက်ကြည့်နေ၏။ ကျွန်တော်ကတော့ ငယ်ငယ်ဘုန်းက ကျွန်တော်တို့ မောင်နှမကို အဖေက သင်္ဘောဆိပ်ခေါ်လာပြီး ပညာမတတ်လျှင် ကူလီ ထမ်းရမည်ဟု ဆုံးမခဲ့သည်ကို





သတိရမိသည်။

ပခုံးထမ်း အလုပ်သမားများသည် ဟိုအရင်အခေါက်တွေကလို မဟုတ်တော့။ အစည်းအရုံးတွေဘာတွေနှင့် စနစ်တကျရှိနေပြီး တစ်နေ့တစ်နေ့ ဝင်ငွေလေးငါးဆယ် ရနေကြပြီဟု ကြားဖူးသည်။ ဘာပဲဖြစ်ဖြစ် ခွန်အားကို သုံး၍ ပင်ပင်ပန်းပန်း လုပ်ကြရသည်တော့ အမှန်ပင်။ ထို အကြောင်းတွေကိုတော့ ဇင်ဇင့်ကို ပြောမပြဖြစ်ချေ။

တခြားဈေးတွေမှာ တစ်ဆင့် ပြန်ရောင်းရမည့် ဈေးသည်ကလေးများသည် မိမိတို့ လိုချင်သော ကုန်ပစ္စည်းကို ဈေးလည်း မှန်မှန်၊ ပစ္စည်းလည်း လတ်လတ်ရအောင် ကြိုးစားရှာဖွေနေကြ၏။

အဝင်နည်းနေသော ကုန်ဆိုလျှင် မရမရှိအောင် အလုအယက် ဝယ်ကြရသည်။ ဈေးသည်တွေရော ဈေးဝယ်တွေရော အေးအေးဆေးဆေး မရှိကြ။ အားလုံး သုတ်သုတ်ျာျာ။ စကားပြောရာမှာပင် မြန်မြန်သွက်သွက် ပြောကြသည်။

ဈေးသည်တွေထဲတွင် မိန်းကလေးငယ်များလည်း ပါဝင်၏။ ဇင်ဇင်တို့အရွယ် ကောင်မလေးများမှာ အလှအပကို ဂရုမစိုက်နိုင်။ မိုးအုံ့နေသည့်တိုင် သူတို့ အင်္ကျီကျောဘက်မှာ ချွေးကွက်တွေ စွန်းနေပြီ။ မျက်နှာပေါ်မှ သနပ်ခါး၊ မိတ်ကပ်တို့လည်း ကွက်တိကွက်ကျား ဖြစ်နေပြီ။ နားသယ်စပ်မှာ ချွေးစီးကြောင်းတွေနှင့် ဖတ်သီဖတ်သီ ပြေးလွှား လှုပ်ရှားနေကြသည်။

"တွေ့လား ဇင်ဇင်၊ စားဝတ်နေရေးအတွက် ရုန်းကန် လှုပ်ရှားကြရတာ မလွယ်ဘူး"

ကျွန်တော်က ပြောလိုက်သည်။ သူက ပြန်၍. . .

"ပညာမတတ်တော့လည်း ဒီလိုပဲ ဝင်ပန်းကြရရှာတာပေါ့ ကိုကိုရယ်"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပညာတတ်တာ မတတ်တာနဲ့ မဆိုင်ဘူး ဇင်ဇင်၊ အခြေအနေအရ ပညာတတ်ပေမယ့် ပင်ပင်ပန်းပန်း လုပ်ရတာလည်းရှိတယ်၊ ကိုယ့်သူငယ်ချင်းတစ်ယောက်ဆိုရင် ဘွဲ့ရပြီးပြီ၊ အခု ကုန်စိမ်းရောင်းနေတယ်၊ သူပြောပြတယ်၊ ကုန်စိမ်းကို လတ်လတ်ဆတ်ဆတ် လိုချင်ရင် မနက် လေးနာရီလောက်ထပြီး လာရတယ်တဲ့၊ တစ်ခါတလေ ည ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီထိ စောင့်ယူရတာမျိုးလည်း ရှိတယ်တဲ့"

"ဘာပဲဖြစ်ဖြစ်လေ၊ ပညာတတ်ထားတော့ တစ်ပန်းသာတာပေါ့"

သူပြောတာ မှန်နေသဖြင့် ကျွန်တော် ဆက်မပြောတော့ဘဲနေသည်။ အလုပ်တစ်ခု လုပ်ဖို့ဆိုသည်မှာ လက်တင်ကလေး ခပ်လွယ်လွယ် မဖြစ်နိုင်ကြောင်းကိုတော့ သိသွားလောက်ပါပြီ။

ကီလီဈေးထဲက ပြန်ထွက်အလာတွင်. . .

"ဆာလိုက်တာ ကိုကိုရယ်"

ဟု သူပြောသည်။

ကျွန်တော်လည်း တော်တော်ဆာနေပြီ။

"ဆာရင် ထမင်းစားကြတာပေါ့"

"ဟာ ထမင်းက အိမ်မှာအမြဲစားနေရတာ၊ မလေးရှား ခေါက်ဆွဲစားရအောင်"

"ဇင်ဇင့်ကို စားလို့ကောင်းတဲ့ထမင်း ကျွေးချင်လို့၊ ဇင်ဇင် စားဖူးမှာ မဟုတ်သေးဘူး"

ဤသည်မှာ ကျွန်တော်၏ တတိယအစီအစဉ်ဖြစ်၏။ သူ့ကို ချစ်တီးထမင်းဆိုင် ခေါ်သွားသည်။ ဆိုင်ထဲ ဝင်လိုက်လျှင်ပင် ဇင်ဇင်က မျက်မှောင်ကုတ်ပြီး အခင်းအကျင်းကို ကြည့်နေသည်။

ဆိုင်ကအလင်းရောင် ကောင်းစွာမဝင်သဖြင့် မှောင်ကုပ်ကုပ်ဖြစ်နေသည်။ ထမင်းစားနေကြသူ အများစုမှာ အိန္ဒိယအမျိုးသားများဖြစ်သည်။ ကျန်သူများမှာလည်း ဆိပ်ကမ်းမှ ကုန်တင်ကုန်ချ အလုပ်သမား





များ ဖြစ်ဟန်တူသည်။ ချွေးတွေသံတွေနှင့် မျက်နှာတွေ လက်တွေမှလည်း ဖွဲမှုန့်တွေလား ဘာတွေလား မသိ ပေကပ်နေ၏။

သူ ဘာမျှ မပြောနိုင်မီ ကျွန်တော်က. . . .

"လာ ဇင်ဇင် ဒီဘက်မှာ ထိုင်ရအောင်"

လွတ်နေသော စားပွဲတစ်ခုမှာ ထိုင်ခိုင်းသည်။ ကျွန်တော်တို့ ထိုင်လိုက်လျှင်ပင် စားပွဲထိုးကလေးတစ်ယောက် အပြေးအလွှား ရောက်လာပြီး

"ဘာဟင်းနဲ့စားမလဲဆရာ"

"ဘာတွေ ရလဲ"

"ကြက်သား၊ ဆိတ်သား၊ ငါး၊ ဆိတ်ခေါင်း၊ ဆိတ်ကလီစာ၊ ဘဲဥ"

ကျွန်တော် ဇင်ဇင့်ဘက်လှည့်ပြီး. . .

"ဘာဟင်းနဲ့စားမလဲ"

မေးသည်။ သူသည် စားပွဲပေါ်မှာ ဖိတ်ကျပေကျံနေသော ပဲဟင်းရည်များကို ကြည့်နေရာမှ. . .

"ဟင့်အင်း မသိဘူး စားချင်တာ မှာလေ"

ဟုပြောသည်။ ကျွန်တော် ပြုံး၍. . .

"ကြက်သားတစ်ပွဲ ဆိတ်ကလီစာတစ်ပွဲ"

စားပွဲထိုးကလေးက "ကြက်တစ်ပွဲ၊ ဆိတ်ကလီစာတစ်ပွဲ၊ စားမယ်" ဟု အော်လိုက်သည်။ စားပွဲပေါ် ငှက်ပျောရွက်တွေ လာခင်း၏။ တစ်ဆက်တည်းမှာပင် တစ်ယောက်က ငှက်ပျောရွက်တွေပေါ် ထမင်းလာပုံထည့်ပေးသည်။

ဇင်ဇင်က ပါးစပ်အဟောင်းသားနဲ့ကြည့်ပြီး. . . .

"ဟင် ဒီအတိုင်းစားရမယ်"

"ဟုတ်တယ်လေ၊ ဒါ သူတို့လူမျိုး ထုံးစံပဲ၊ ချစ်တီးထမင်း စားရင် ဒီလိုစားမှ အရသာရှိတာ"

ပြောလို့မဆုံးခင် စားပွဲထိုးတစ်ယောက်က ချိုင့်တွေခွက်တွေကိုင်၍



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ ပဲဟင်းဆမ်းပေးသည်။ ရှောက်သီးသနပ်နှင့် ဘဲဥကြော်ခေါ် ဟင်းသီးဟင်းရွက်ကြော်ကို ပုံပေးသည်။ တစ်ယောက်က ဟင်းခွက်များနှင့် မဆာခွက်နှစ်ခွက် လာချသည်။ ပြောင်လက်နေအောင် တိုက်ထားသော သတ္တုရေခွက်ရှည်ကလေး နှစ်ခွက်လည်း လာချပေး၏။

သူသည် အကြောင်သား ငေးကြည့်နေ၏။ ကျွန်တော်က ကြက်သားနှင့် ဆိတ်ကလီစာကို သူ့ထဲ ခပ်ထည့်ပေးပြီး. . .

"စားလေဇင်ဇင်"

ဟုပြောသည်။ သူက

"လက်လည်း မဆေးရသေးဘူး"

"ဟာ ဟုတ်သားပဲ လာလာ"

ရေစည်ပိုင်းပြတ်ကလေးရှိရာသို့ ခေါ်သွားပြီး လက်ဆေးခိုင်းသည်။ ဆပ်ပြာက သပြေညို ဆပ်ပြာမည်းမည်း။

ထမင်းစားပွဲမှာ ပြန်ထိုင်ကြပြီးတော့ ကျွန်တော်က ပြောသည်။

"စားလေ အားရပါးရ စား၊ ယုံစမ်းပါ၊ အဝစားရတာပဲ၊ ထမင်းတို့၊ ပဲဟင်းတို့၊ ဘဲဥကြော်တို့ ကြိုက်သလောက် ထပ်တောင်းလို့ ရတယ်"

သူက အသားနည်းနည်းဖဲ့၊ ထမင်းလုတ်တစ်လုပ်နှစ်လုပ်လောက်ကို တို့ကနန်း၊ ဆိတ်နန်း စားနေသည်။ ကျွန်တော်က တမင်တကာ အားရပါးရ စားပြသည်။ တကယ်လည်း ဆာနေတာကိုး။ ခဏချင်းမှာပင် ပြောင်သွားသဖြင့် ထမင်းနှင့် ပဲဟင်း ထပ်ထည့်ခိုင်းရသည်။ သူ့ကို ကြည့်သောအခါ သုံးပုံတစ်ပုံလောက်တော့ ကျိုးနေကြောင်း တွေ့ရ၏။

ကျွန်တော် ဒုတိယအကြိမ် ထမင်းထည့်သောအခါ သူလည်း ကုန်လုနီးနေသည်ကို မြင်သဖြင့်. . .

"ဇင်ဇင် ထမင်းယူဦးမလား"

ဟုမေးလိုက်သည်။ သူက ကျွန်တော့်ကိုကြည့်ရင်း စပ်ဖြီဖြီ ဖြစ်လာသည်။ "ဟီးဟီး" ဟု ရယ်လိုက်ပြီး. . .





"လမ်းလျှောက်ရလို့ ဗိုက်ဆာသွားတာနဲ့ တော်တော် စားလို့ဝင်သွားတယ်၊ နည်းနည်းတော့ ထပ်ယူဦးမှ"

စားပွဲထိုးကလေးက အဆင်သင့် စောင့်နေပြီး ထမင်းထည့်ပေးသည်။ ပဲဟင်းဆမ်းပေးသည်။

"ဘဲဥကြော် ယူဦးမလား အစ်မ"

ဟု ဇင်ဇင့်ကိုမေးရာ. . .

"ဟင်း ယူမယ်၊ ဟိုအချဉ်လည်း နည်းနည်းပေး"

ဟု ပြန်ပြောသည်။ သူသည် ခဏချင်းမှာပင် ဒီဆိုင်နှင့် နေသားကျသွားသဖြင့် ကျွန်တော် နည်းနည်းတော့ အံ့သြသွားမိသည်။ ခုလည်း ထမင်းနှင့် ပဲဟင်းတွေကို နယ်ဖတ်ပြီး အားရပါးရ စားနေသည်။ မဆာခွက်ထဲမှ ဟင်းချိုကို ယူမြည်းကြည့်ပြီး. . .

"မဆိုးဘူး၊ ချဉ်ဖြုံးဖြုံးနဲ့ ဘာခေါ်လဲ"

မေးသည်။

"မလုပ်သနီလို့ ခေါ်တယ်။ မန်ကျည်းသီးဟင်းချိုပေါ့"

သွယ်လျသော လက်ချောင်း၊ နီရဲသော လက်သည်းကလေးတွေမှာ ပဲဟင်းတွေ ပေကျံနေသည်ကို ကျွန်တော် သတိပြု၍ ကြည့်မိသည်။ သူကတော့ ဟင်းချိုတစ်ကျိုက်၊ ထမင်းတစ်လုတ်ဖြင့် မြိန်ရည်ရှက်ရည် စားနေလေ၏။

"ကဲ ဗိုက်တော့ပြည့်သွားပြီ၊ ဘယ်သွားဦးမှာလဲ"

ရေသောက်ရင်းက သူမေးသည်။

"ရုပ်ရှင်ကြည့်မယ်လေ"

"နိုက်စ် သိပ်ကောင်းတဲ့ အစီအစဉ်ပဲ"

ထမင်းဆိုင်နှင့် ရုပ်ရှင်ရုံတွေက တော်တော်လှမ်းသေးသည်။ သူကတော့ ဘယ်လိုနေလဲမသိ။ ကျွန်တော်တော့ လမ်းလျှောက်ရသဖြင့် တော်တော် ညောင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဇင်ဇင် လမ်းလျှောက်နိုင်သေးရဲ့လား၊ ညောင်းနေပြီလား"

ကျွန်တော်မေးရာ

"ညောင်းတာကတော့ ဒီလောက် မဟုတ်သေးဘူး၊ ဗိုက်လေးနေတာက ခက်တယ်"

"ဒါဆိုလည်း ကားစီးသွားကြတာပေါ့"

ကျွန်တော် တစ်ထစ်လျှော့ပေးလိုက်သည်။ ကျွန်တော့် အစီအစဉ်က မပြီးသေး၊ ကျန်နေသေးသည်။ ရုပ်ရှင်ကြည့်ရာတွင် ခါတိုင်းလို အပေါ်ထပ်ကပင် ကြည့်လိမ့်မည်ဟု သူတွက်ထားပေလိမ့်မည်။ မဟုတ်။

ကားပေါ်က ဆင်းပြီး ရုပ်ရှင်ရုံတွေဘက် လျှောက်အလာတွင်

"ဇင်ဇင် တစ်ကျပ်ခွဲတန်းက ကြည့်ဖူးလား"

"ဟင့်အင်း မကြည့်ဖူးဘူး"

"တစ်ကျပ်ခွဲတန်းက ကြည့်ရအောင်"

"တစ်ကျပ်ခွဲတန်းဆို တန်းစီရမှာပေါ့၊ လူတွေလည်း တိုးမှာပဲ"

"အဲဒီလို တိုးရတာ ဘယ်လိုနေသလဲဆိုတာ အတွေ့အကြုံတစ်ခုရတာပေါ့ မဟုတ်ဘူးလား"

"လုပ်လိုက်လေ"

"ဘာကားကြည့်မလဲ"

"မြန်မာကားပဲ ကြည့်ရအောင်၊ ချစ်နှင်းဆီလှလှလေး ကြည့်ချင်တယ်"

"ကောင်းသားပဲ"

ရုံရှေ့မှာ လူတော်တော် များနေပြီ။ တစ်ကျပ်ခွဲတန်းမှာ တန်းစီနေသော လူတန်းကလည်း အတော် ရှည်နေ၏။

"လူများလိုက်တာ၊ ရပါ့မလား"

သူ ပြောသည်။

"ရပါကယ်။ လာပါ"





သူ့ကို ရှေ့က နေခိုင်းသည်။ သူ့ရှေ့မှာက မိန်းမကြီးတစ်ယောက် ရှိနေသည်။ ခဏအကြာတွင် ကျွန်တော်တို့နောက်က ထပ်စီသူတွေ ရောက်လာ၏။ လက်မှတ်ရောင်းမည့်အချိန် နီးလာလေ လူတန်းက ပိုရှည်လာလေ၊ မြွေလိမ်မြွေကောက် ဖြစ်လာ၏။

စောစောက မိုးအုံ့လာရာမှ နေပူလာပြန်သည်။ အကာအကွယ်မဲ့နေသော ကျွန်တော်တို့အပေါ် နေရောင်က တိုက်ရိုက် ကျလာ၏။ ပူအိုက်ပြီး ချွေးပြန်လာသည်။ ကြွေမိက်ကပ်ထိမ်းထားသော ဇင်ဇင့်မျက်နှာကလေးသည်ပင် အဆီဝေ့ပြီး ပြောင်နေသည်။

"အိုက်လိုက်တာ၊ ရေခဲရေ သောက်ချင်တယ်"

ဟု သူက ပြောသဖြင့် ရေခဲရေသည်ကို နှစ်ခွက် လှမ်းမှာရသည်။ နေပူကြီးထဲမှာ နောက်ထပ် ဆယ့်ငါးမိနစ်လောက်တော့ ရပ်နေရဦးမည်။

ပူရအိုက်ရရတဲ့ကြားထဲ စောစောက လမ်းလျှောက်ခဲ့ရသည့် အရှိန်ကြောင့် ခြေသလုံးတွေ တောင့်နေ၏။ ကျွန်တော် တစ်ယောက်တည်းသာဆိုလျှင် ဆက်ပြီး တန်းမစီဘဲ ထွက်သွားမိမလား မသိ။ ခုတော့ သူ့ကို တစ်ကျပ်ခွဲတန်းက ကြည့်မည်ဟု ပြောလက်စ စကား ရှိနေသဖြင့် ဆက်ပြီး စီနေရ၏။

"ဇင်ဇင် မညောင်းဘူးလား"

"ညောင်းတာပေါ့၊ ဒါပေမဲ့ ရပါတယ်၊ ရုံထဲကျတော့ အကြာကြီး ထိုင်ရဦးမှာပဲ"

ခဏအကြာတွင် လူတန်းကြီး လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ လက်မှတ်ပေးတော့မည်။ စောစောက ခပ်ချဲချဲ စီထားသော လူများသည် ကြားဝင်မတိုးနိုင်အောင် ရှေ့လူနောက်လူ စေ့နေအောင် တွန်းထဲ့ကြသည်။ ပြည်သူ့ရဲတပ်ဖွဲ့ဝင်နှစ်ဦးက တန်းစီနေသူတွေကို ထိန်းသိမ်းပေးရန် ဘေးမှ ခေါက်တုံ့ခေါက်ပြန် လျှောက်နေကြလေသည်။

လက်မှတ် စပေးပြီ။ လူတွေ ပို၍ လှုပ်ရှားလာသည်။ အသံတွေ



www.burmeseclassic.com

www.burmeseclassic.com



ညံညံစီစီ ထွက်လာသည်။ ပို၍ တိုးလာသည်။ ရှေ့သို့ ရွေ့သည်ဆိုရုံမျှတဲ့ ရွေ့ရွေ့ တိုးလာသည်။

လက်မှတ်ပေါက်နှင့်-နီးလာလေ ပို၍ တိုးလာလေပင် ဖြစ်သည်။ ဇင်ဇင်သည် ကျွန်တော်နှင့် ရှေ့က မိန်းမကြီးကြားတွင် ညပ်နေသည်။ ဒီကြားထဲက သူ ကျွန်တော့်ကို လှည့်ကြည့်ပြီး 'မလွယ်ဘူး' ဆိုသည့် မျက်နှာထားမျိုး လုပ်ပြသည်။

ကျွန်တော်တို့ရှေ့မှာ လူနှစ်ဆယ်လောက်သာ ရှိတော့သည်။ လူတွေကလည်း ပို၍ တိုးကြိတ်လာသည်။ တစ်ချက် တစ်ချက် ဆောင့်တွန်းကြသဖြင့် လူတန်းအပြင်ကို ထွက်မသွားအောင် မနည်းကြီး ထိန်းနေရသည်။

ဇင်ဇင်၏ ကိုယ်လုံးကလေးသည် ကျွန်တော့်ရင်ခွင်ထဲမှာ ရောက်နေသည်။ ခုချိန်မှာ ထိုအဖြစ်ကို သာယာမိဖို့ အချိန် မရချေ။

"ဟော့၊ သိပ်မတိုးနဲ့လေ"

ရှေ့က မိန်းမကြီးက ပြောရာ. . .

"နောက်က တိုးနေတာ"

ဟု ဇင်ဇင်က ပြန်ပြောသည်။

လူတန်းကြီးမှာ ဖြောင့်ဖြောင့်တန်းတန်း မဖြစ်တော့။ ကွေ့ကွေ့ကောက်ကောက် ဖြစ်နေသည်။

ထိုအချိန်တွင် နောက်က အရှိန်နှင့် ဝုန်းခနဲ ဆောင့်တိုးလိုက်ရာ ကျွန်တော်သည် မဟန်နိုင်ဘဲ ယိုင်သွားသည်။ နောက်တစ်ကြိမ်တွင် မထိန်းနိုင်တော့ဘဲ လူတန်းအပြင်ဘက်ကို ကျွန်တော် လွင့်စဉ်ထွက်သွား၏။

ကျွန်တော်က လူတန်းအတွင်း ပြန်ဝင်ဖို့ ကြိုးစားသည်။ မရတော့။ လူတန်းသည် ချက်ချင်း ပြန်စေ့သွား၏။ ကျွန်တော်က ဇင်ဇင်နောက်သို့ အတင်း ဝင်တိုးသည်။ ထိုအခါ နောက်က လူများက. . .

"ဟေ့ ဘာလုပ်တာလဲ"

"ကြားမဖြတ်နဲ့ကွ"





"ဆွဲထုတ်"

ကျွန်တော်က "မဟုတ်ဘူးဗျ၊ ကျွန်တော့်နေရာ" ဆိုပြီး ဝင်တိုးသော်လည်း မရ။ တစ်စုံတစ်ယောက်က ကျွန်တော့်ကို ကုပ်ကကိုင်ပြီး ဆွဲထုတ်လိုက်သည်။ ကျွန်တော် နောက်ကို ယိုင်ပြီး ပါသွား၏။ ဆတ်ခနဲ လှည့်ကြည့်သည်။ ပြည်သူ့ရဲတပ်ဖွဲ့ဝင် တစ်ဦး။

"ဘာဖြစ်လို့ ကြားဖြတ်ဝင်တာလဲ၊ နာချင်လို့လား"

"မဟုတ်ဘူးဗျ၊ ကျွန်တော်စီထားတာပဲ။ နောက်က အတိုင်းတိုးလို့ အပြင်ရောက်လာတာ။ မယုံရင် သူ့ကို မေးကြည့်၊ သူနဲ့ ကျွန်တော် တူတူစီတာ"

ကျွန်တော်က ဇင်ဇင့်ကို လက်ညှိုးထိုးပြသည်။ ဇင်ဇင်ကတော့ လူတန်းထဲမှာ ရှိနေတုန်း။ သူသည် သူ့ရှေ့က မိန်းမကြီးကို အတင်း တွယ်ကပ်ထားသဖြင့် လွင့်ထွက်မလာခြင်း ဖြစ်သည်။

ဇင်ဇင်က. . .

"ဟုတ်တယ်၊ ကျွန်မတို့နှစ်ယောက် တူတူလာတာ၊ မယုံ ရင် ဒီအဒေါ်ကြီး မေးကြည့်"

"အလိုတော်၊ ရှုပ်ရှုပ်ယှက်ယှက် ကျုပ် ဘာမှ မသိဘူး"

ဟု ဗြောင်ကြီး ငြင်းလိုက်သဖြင့် နောက်က လူတွေကလည်း ဟုတ်တယ် မသိဘူးဟု ဝိုင်းအော်ကြသည်။ ကျွန်တော့်နောက်စီနေသူကို အကူအညီတောင်းမည် ကြံသည်။

ထိုသူမှာ ခုအခါ ဇင်ဇင့်နောက်ကို ရောက်နေပြီ။ ဇင်ဇင်၏ နောက်မှာ ကပ်နေရသဖြင့် ကျေနပ်နေပုံ ရသည်။ သူ့မျက်နှာထားကို ကျွန်တော် မကြိုက်။ ထို့ကြောင့်. . .

"ဇင်ဇင် လာ ထွက်ခဲ့တော့"

ဆိုပြီး လူတန်းထဲက ဆွဲထုတ်သည်။ ဇင်ဇင်သည် လူတန်းထဲက အပြင်ကို ပါလာသော်လည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အို၊ ဘာလို့ ထွက်ပေးရမှာလဲ၊ ဒီလို မတရားလုပ်လို့ ရမလား"

ဟု ပြောလိုက်သည်။

မိန်းမကြီးက သူ့ကို စောင်းပြောတာပဲ ဆိုပြီး. . .

"အမယ် ဘာပြောတယ်၊ ရုပ်ကလေး သနရုပ်ပန်တော်၊ တော်တော်စွာပါလား"

ဇင်ဇင်က ဆတ်ခနဲ လှည့်ကြည့်ပြီး. .

"ဟုတ်တယ်၊ စွာတယ်၊ ဘာဖြစ်လဲ။ သတ္တိရှိရင် ထွက်ခဲ့ ပါလား"

ဟု စိန်ခေါ်လိုက်သည်။

ပြည်သူ့ရဲတပ်ဖွဲ့ဝင်သည် ဇင်ဇင်ကဲ့သို့ သားသားနားနား မိန်းကလေးတစ်ယောက်က ကက်ကက်လန် ရန်တွေ့နေသဖြင့် ဘာဝင်ပြောရမှန်း မသိဘဲ ကြောင်တောင်တောင် ဖြစ်နေ၏။

မိန်းမကြီးသည် ထွက်မလာ။ သူ ထွက်လာလျှင် နေရာ ပျောက်သွားမှာစိုးလို့လား၊ ဇင်ဇင့်ကို ဖြုံသွားလို့လား မသိ။ လူတန်းထဲကပင်. . .

"ဟင်၊ ရဲရင် ရှေ့တိုးလာခဲ့လေ"

ဟု တုံ့ပြန်သည်။

ဇင်ဇင်က ရှေ့တိုးရန် ခြေလှမ်းပြင်၏။

ကျွန်တော်လည်း ခုမှ သတိဝင်လာပြီး သူ့လက်မောင်းကို ဖမ်းဆွဲလိုက်ရသည်။ လူတွေကလည်း ပွဲကြီးပွဲကောင်း ကြည့်ရတော့မည် ဆိုပြီး ဝိုင်းကြည့်နေကြ၏။

ကျွန်တော် ရှက်စိတ်ဖြင့် ထူပူသွားသည်။

"လာပါ ဇင်ဇင်ရယ်၊ ပြောမနေပါနဲ့တော့"

ဇင်ဇင်က သူ့လက်မောင်းကို ကိုင်ထားသော ကျွန်တော့်လက်ကို ဆွဲဖယ်ရင်း. . .

"လူကို ဘာမှတ်နေလို့လဲ၊ ဘယ်သူ့မှ မကြောက်ဘူး သိလား"

ကျွန်တော်လည်း. . .





"လာပါ ဇင်ဇင်ကလည်း"

ဆိုပြီး သူ့ကို အတင်းဆွဲခေါ်ခဲ့ရသည်။ သူသည် ဆတ်ကနဲဆတ်ကနဲ နှင့် ပါလာရင်း နောက်ကို မကျေမနပ် လှည့်ကြည့်လှည့်ကြည့် လုပ်နေသည်။

ပြည်သူ့ရဲတပ်ဖွဲ့ဝင်ကြီးကား ငေးကြည့်ရင်း ကျန်ခဲ့ရှာလေသတည်း။

* * * * *

[၁၄]

"ဟား ဟား၊ သူ့ကို ပညာပေးတာ သူက ပညာမရဘဲ မင်းက ပညာရသွားတာပေါ့၊ ဟုတ်လား"

သိန်းမင်းထွန်းက ပြောရင်း ရယ်နေသည်။

'မင်းမဆိုးပါဘူး' ဟု ပြောနေကျအတိုင်း ငေါ့မလားဟု ထင်မိသေးသည်။ ပြောတော့ မပြော။ သို့ရာတွင် သူ့ဟန်က ပြောနေသည့်ပုံမျိုး။

"အေးကွာ၊ ငါ မထင်ဘူး၊ ဇင်ဇင်က တော်တော်စွာတာပဲ"

သိန်းမင်းထွန်းက တစ်စုံတစ်ခု ပြန်ပြောမည်ပြုစဉ် ဆိုင်ကို လူတစ်ယောက် ရောက်လာသဖြင့် မပြောဖြစ်လိုက်။

"ဘာလိုချင်လို့လဲ၊ ကြည့်ပါ၊ အော်တိုမက်တစ်လား၊ သံပတ်လား"

ဟိုလူက 'ကြည့်တာပါ' ဟု ပြောပြီး ထွက်သွား၏။

"နေစမ်းပါဦးကွ၊ မင်းက ဘာသဘောနဲ့ အဲဒီလို လျှောက်လုပ်ရတာလဲ၊ တစ်ကျပ်ခွဲတန်းက ဝင်တိုးခိုင်းတာတို့၊ ချစ်တီး ဆိုင်မှာ စားခိုင်းတာတို့၊ ဘတ်စ်ကား တိုးစီးခိုင်းတာတို့"

"သူက နေတာထိုင်တာ ပြောတာဆိုတာ လေးလေးနက် နက် မရှိဘူးကွာ။ သူ့ကျောင်းရယ်၊ သူ့အိမ်ရယ် အဲဒီအသိုက် အဝန်းလောက်ပဲ သိတယ်။ ဒါကြောင့် သူ့ကို အမြင်ကျယ်သွား အောင် လိုက်ပြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ အမြင်ကျယ်သွားရော ဆိုပါတော့"

ကျွန်တော် မဖြေ၊ ရေပုလင်းကို ဖွင့်၍ တစ်ငုံ မော့၍သောက်လိုက်သည်။

"သောက်ပါ မင်းက ရှေ့ငုံနေတာပေါ့လေ"

ကျွန်တော်က ပြုံးရုံသာ၊ သူက ဆက်၍. . .

"မင်းက ဆန္ဒလောကြီးတာကိုးကွ၊ ဒါမျိုးဆိုတာက-သွားရင်းလာရင်း ကြုံရင်ကြုံသလို ပြောပြရတယ်။ မသိမသာ တဖြည်းဖြည်း စည်းရုံးယူရတာမျိုးပဲ။ မင်း အခုလုပ်ပုံက တစ်နေ့တည်းနဲ့ မင်း ပြောချင်တာ ပြချင်တာတွေကို တရကြမ်း လိုက်ပြတော့ သူ့ကို အထူးအဆန်းတွေ လိုက်ပြသလို ဖြစ်သွားတာပေါ့။ တောခန်း ထွက်ရသလို ပျော်စရာ စွန့်စားခန်းတွေလို့ သူ ထင် သွားတာပေါ့"

"အေးကွာ၊ မင်းပြောတာလည်း ဟုတ်တာပဲ"

"မင်းလုပ်သင့်တာက သူ့ကို စာများများဖတ်ခိုင်းကွ၊ အဲဒါဆို အသိဉာဏ်ရင့်ကျက်လာလိမ့်မယ်။ ဒီတော့မှ လက်တွေ့ဘဝကို ပြရမယ်၊ ပြတယ်ဆိုတာမှာလည်း သိပ် ပြင်းပြင်းထန်ထန် လုပ်ပြစရာ မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းရော သူရော နောက်ခံအင်အား ရှိနေတာပဲ၊ သိပ်နွမ်းပါး နိမ့်ကျတဲ့ အခြေအနေကို ရောက်မသွားနိုင်ပါဘူး။ စာနာတတ်၊ နားလည်တတ်အောင်တော့ ပြောပြထားရမှာပေါ့"

"ဘာပဲဖြစ်ဖြစ်လေ၊ တကယ်လို့ ကြုံလာရတဲ့အခါ ခံနိုင်ရည်ရှိဖို့တော့ လိုတာပေါ့"

"ဒီမှာ ဝင်းကို၊ လူငယ်တွေဟာ ဒုအေးလေ. . လူငယ်ဆိုတော့ ငါတို့လည်း ပါတာပေါ့၊ ထားပါတော့ကွာ၊ လူငယ်တွေပဲ သူတို့ဟာ ကြည့်လိုက်ရင် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားလို့ ထင်ရပေမယ့် တကယ် အရေးကြုံတဲ့အခါ ခံနိုင်ရည် ရှိတတ်ကြတယ်ကွ၊ ခုပဲကြည့်၊ ပိုပြီး ခံနိုင်ရည် ရှိသေးတယ် မဟုတ်လား။ မင်း ဇင်ဇင့်ကို အထင်မသေးနဲ့နော်၊ သူဟာ အသက်အရွယ်





ရလာ တာနဲ့အမျှ ရင့်ကျက်တည်ငြိမ်လာလိမ့်မယ်လို့ ငါ ထင်တယ်။ မင်းရဲ့ ထိန်းသိမ်းပြုပြင်မှုအပေါ်မှာ မူတည်ပြီးတော့ပေါ့လေ"

သိန်းမင်းထွန်း၏ စကားကြောင့် ကျွန်တော် အားတက်လာမိပြန်သည်။

● ● ● ● ●

သို့ရာတွင် နောက်တစ်ကြိမ် ပြန်တွေ့သောအခါ ဇင်ဇင်သည် ကာလေးဆန်မြဲ ဆန်နေသည်ကို တွေ့ရပြန်လေသည်။

ဟိုတစ်နေ့က ရုပ်ရှင်မကြည့်လိုက်ရဘဲ တစ်ခေါက်ပြန်လာခဲ့ရသဖြင့် စိတ်မကျေပွဲ ထပ်သွားကြခြင်း ဖြစ်သည်။ တစ်ကျပ်ခွဲတန်းက ဝင်တိုးကြတာတော့ မဟုတ်တော့ချေ။ ငါးကျပ်တန်းက ကြည့်ကြခြင်း ဖြစ်သည်။ သူ့အဖို့ တစ်ကျပ်ခွဲတန်းက တိုးရသည့် 'အရသာ' ကို သိသွားပြီးပြီ မဟုတ်လား။

သူသည် ထုံးစံအတိုင်း အာလူးကြော်၊ ငါးမုန့်ကြော်၊ အချဉ်ထုပ်စသည်တို့ ဝယ်လာသည်။ ပြီးတော့ တစ်ထုပ်ပြီး တစ်ထုပ် ဖောက်စားသည်၊ ကျွန်တော့်ကိုလည်း ခွဲကျွေးသည်။ ပြီးတော့ထုံးစံအတိုင်း သူ့ထံမှ နှုတ်ခမ်းနီနံ့၊ ဇီးထုပ်နံ့၊ နှင်းရည်နံ့တို့ ရောနေသော အာခံတွင်းနံ့ကို ရသည်။ ထိုအခါ ထုံးစံအတိုင်း

"ကိုကို"

ဟု ခေါ်သည်။

"ဟင်"

"စားမလား"

ကျွန်တော်ပါးစပ်နားသို့ တစ်စုံတစ်ခု လာတေ့ပေးသည်၊ အနံ့က သင်းခနဲ ဖြစ်သွား၏။

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မေးသည်။

"ပီကေပါ"

"ဟာ ကိုယ်မစားချင်ဘူး"

ပီကေစားတာ ကလေးကလား နိုင်သည်ဟု ကျွန်တော် ထင်သောကြောင့် ဖြစ်သည်။

"စားပါ ကိုကိုရဲ့"

"ကိုယ် မစားချင်လို့ပါ"

"ဟင့်အင်း၊ မရဘူး၊ ဇင့်ကိုချစ်ရင် စားရမယ်"

ကဲ. ... ကြည့်၊ ဖောက်လာပြီ။ ဇင့်ကိုချစ်ရင် စူဝံကြယ်ကို ဆွတ်ယူပေးပါ၊ သို့တည်းမဟုတ် ရန်ကုန်မြို့က လမ်းတွေကို ညီသွားအောင် ရွှေပေါ်ထိုးပေးပါဆိုလျှင် တော်သေးသည်။ ခုတော့ သူ့ကို ချစ်ရင် ပီကေစားရမတဲ့။

"ဇင်ဇင်ကလည်း"

"စားမလား မစားဘူးလား"

"ကဲကဲ စားမယ်"

သူ ကျေနပ်အောင် ပါးစပ်ဟ ပေးလိုက်ရသည်။ ပါးစပ်ထဲ ရောက်လာတော့လည်း မဝါးဘဲနေလို့ မရသဖြင့် ဝါးနေလိုက်ရသည်။

ခဏကြာတော့ အချိုဓာတ်ကုန်သွားပြီး ရော်ဘာကို ဝါးရသလို ဖြစ်လာသည်။

"ကိုကို"

သူခေါ်ပြန်သည်။ ပီကေဝါးရင်း ခေါ်သောအသံ ဖြစ်သဖြင့် မပီမသဖြစ်နေသည်။

"အင်း"

ဟု ကျွန်တော် ထူးသည်။

"ပီကေချင်း လဲပြီး စားရအောင်"





"ဟင်"

ဟု၍ပင် အာမေဋိတ်ပြုမိ၏။ ဘယ့်နှယ် ပီကေချင်း လဲပြီး စားရမှာလဲ။

"ဟာ၊ ဇင်ဇင်ကလည်း"

"ဘာလဲ ကိုကိုက ရွံ့လို့လား"

"မဟုတ်ပါဘူး ဇင်ဇင်ရယ်၊ ဟို. . ."

"လုပ်မနေနဲ့၊ လဲမလား မလဲဘူးလား"

"အင်း. . ဟိုး. . . ရပါတယ်"

မရလို့လည်းမဖြစ်။ သူ့စိတ်က ယုံရသည်မဟုတ်၊ မတော် စိတ်ဆိုးပြီး ရုံထဲက ထွက်သွားမှာ စိုးရသည်။

"ပေးလေ၊ ကိုကို့ပီကေ"

ကျွန်တော့်ပါးစပ်က ပီကေကို ထုတ်လိုက်ရသည်။

"ခွံ့ပေး"

သူ့ပါးစပ်ထဲ ခွံ့ပေးလိုက်ရ၏။

"အင့်"

သူ့ပီကေကို ကျွန်တော့်ပါးစပ်ထဲ လာထည့်သည်။

ကျွန်တော်သည် သူ ဝါးထားသော ပီကေကို ဝါးရသဖြင့် ရွံကတော့ မရွံပါ။ စိတ်ထဲက တစ်မျိုးကြီးပဲ။

ဇင့်ကို ချစ်ရင် အဲဒီပီကေနဲ့ ပူဖောင်းမှုတ်ပြပါဟု မခိုင်းသည်ကိုပင် ကျေးဇူးတင်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၅

ပြဿနာတစ်ခု ပေါ်ပေါက်လာ၏။ ပြဿနာ ဖြစ်နေပြီ ဟူ၍တော့ တစ်ထစ်ချ မပြောနိုင်သေး။ သို့ရာတွင် ပြဿနာ၏ အနံ့အသက်ကို ရှူရှိုက်မိသည်ဟု ဆိုနိုင်သည်။

ကိုဆွေ နေမကောင်းသဖြင့် သူ့သူငယ်ချင်းတစ်ယောက်ကို ဂျူတီ အစားဝင်ပေးဖို့ ပြောခိုင်းသဖြင့် ထွက်လာခဲ့သည်။ ထိုသူငယ်ချင်းဆိုသူက အိမ်မှာမရှိ။

သူ့မိန်းမက. . .

"မြို့ထဲ ထွက်သွားတယ်။ ညနေစောင်းဆိုရင်တော့ ချိမ်အော်ဖစ်ဆာနဲ့ အောင်ပင်လယ်မှာ ချိန်းထားတယ် ပြောတယ်။ သိလား အဲဒီဆိုင်"

"သိပါတယ်"

'အောင်ပင်လယ်' စားသောက်ဆိုင်သို့ လိုက်သွားသည်။ ကိုဆွေ့ သူငယ်ချင်းကို တွေ့သည်။ ကိုဆွေမှာသည်ကို ပြောပြရသည်။ သူက စိတ်ချပါဟု အထပ်ထပ်ပြောနေသည်။ သောက်ထား နည်းနည်းများနေသဖြင့် ပြောပြီးသားစကားကို ထပ်ခါထပ်ခါ ပြောနေခြင်း ဖြစ်သည်။ ကျွန်တော့်





ကို အတင်းတိုက်နေသဖြင့် မနည်းတောင်းပန်ပြီး ထွက်ခဲ့ရသည်။

ကားမှတ်တိုင်သို့အလာတွင် နောက်က ကျွန်တော့်နာမည် ခေါ်သံလိုလို ကြားရ၏။ လှည့်ကြည့်တော့ ဇင်ဇင်ဇော်တို့လမ်းထိပ် လက်ဖက်ရည်ဆိုင်က ကိုမျိုးမြင့်။

"ဟေ့ကောင် ဖျောက်လှချည်လားကွ၊ ငါ့ဆိုင်ဘက်တောင် မလာတာ ကြာပြီ"

"အေးဗျာ၊ ကျွန်တော်က သူ့ကို ကျောင်းမှာပဲ သွားသွား တွေ့နေတာကိုး။ ခင်ဗျားဆိုင်မှာ ထိုင်စောင့်စရာမှ မလိုတော့ဘဲ"

"လိုတယ်ကွ၊ စောင့်ဖို့လိုတယ်"

"ဘာဖြစ်လို့"

"မင်းကို ငါ ပြောစရာရှိတယ်၊ လာကွာ၊ လက်ဖက်ရည် သောက်ရအောင်"

"တား လက်ဖက်ရည်ဆိုင် ဖွင့်ထားတဲ့လူက တခြားဆိုင်မှာ ပိုက်ဆံပေးသောက်မလို့လား"

"မင်းကို ငါ အေးအေးဆေးဆေး စကားပြောချင်လို့ပါ"

ရွှေမြို့တော် လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့ကြသည်။ လက်ဖက်ရည်မှာပြီးနောက်. . .

"ကဲ. . . ပြောစမ်းပါဦး၊ ဘာကိစ္စလဲ။ ဘာကူညီရမလဲ၊ ရှုပ်ရှုပ်ယှက်ယှက်တွေတော့ မကူညီနိုင်ဘူးနော်၊ မထားကို ပြန်တိုင်လိုက်မယ်"

ကျွန်တော်က နောက်လိုက်သည်ကို သူ မရယ်။ မျက်နှာက တည်ငြိမ် လေးနက်နေသည်။

"မင်းကို ငါ သတိပေးစရာ ရှိလို့"

ထင့်ခနဲ ဖြစ်သွားသည်။ စိတ်ပူသွားလောက်အောင်တော့ မဟုတ်။

"ဆိုစမ်းပါဦး" ဟု ကျွန်တော် စကားမထောက်တော့ဘဲ သူ့အပြောကိုသာ စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စနေ တနင်္ဂနွေ တစ်ရက်လောက် ငါ့ဆိုင်မှာ လာထိုင်စမ်းပါ"

"ဘာလုပ်ဖို့လဲ"

"မင်းကို ပြချင်တာ ရှိလို့"

နည်းနည်း စိတ်ပူစပြုလာပြီ။ လက်ဖက်ရည်ကို နှစ်ကျိုက်လောက်နှင့် ကုန်အောင် သောက်လိုက်သည်။ စိတ်ငြိမ်သွားအောင် စီးကရက်သောက်သည်။ ကိုမျိုးမြင့်က. . .

"စနေ၊ တနင်္ဂနွေတွေလို နေ့တွေကျရင် သူတို့အိမ်ကို ကောင်လေးတစ်ယောက် လာလာ လည်တတ်တယ်ကွ"

စီးကရက်မီးခိုးတွေ သီးမတတ် ဖြစ်သွား၏။ အသက်ရှုမှားသွားတာလား မသိ။

"ဘယ်သူလဲ"

ကျွန်တော် ချက်ချင်း ပြန်မေးသည်။

"ဘယ်သူလဲတော့ မသိဘူးကွ၊ ဆိုင်ကယ်နဲ့ လာတာပဲ။ မင်းကောင်မလေးနဲ့ ရွယ်တူလောက် ရှိမယ်"

ဌေးနိုင်ကို ချက်ချင်း သတိရလိုက်သည်။ ဖြစ်နိုင်သည်။

"သူ့သူငယ်ချင်းတစ်ယောက်တော့ ရှိတယ်"

ဟု ခပ်ဖြည်းဖြည်း ပြောလိုက်မိသည်။

"သူငယ်ချင်း မဟုတ်နိုင်ဘူး"

"ခင်ဗျား ဘာတွေသိထားလဲ၊ ပြောစမ်းပါဗျာ"

ပြောမည့်မှန်းသိလျက် လောဆော်မိလေ၏။

သူက. .

"ငါ့စိတ်ထဲမှာ မသိုးမသဲ့ ဖြစ်မိတာနဲ့ ငါ့မိန်းမကို စုံစမ်းခိုင်းတယ်။ ဒီလိုကွ၊ မင်းကောင်မလေး အိမ်မှာ အလုပ်လုပ်နေတဲ့ ကောင်မလေးက ငါတို့ဆိုင်မှာ နွားနို့လာလာဝယ်တတ်တယ်။ အဲဒီကောင်မလေးကို ငါ့မိန်းမက တီးခေါက်ကြည့်တော့ သူက ပြောတယ်။





သူ ကျွန်တော့်ကို တစ်ချက် စိုက်ကြည့်ပြီး. . .

"အဲဒီ ကောင်လေးနဲ့ မင်းကောင်မလေးနဲ့ ခေ့စပ်ထား တယ်တဲ့"

"ဗျာ"

ချက်ချင်းပင် နားထင်ကြောတွေ တဒိတ်ဒိတ် ခုန်တိုးလာသည်။

"သိပ်တော့ စိတ်မပူနဲ့ဦး၊ ဟိုကောင်မလေးက သူ့စိတ်ထင် ရမ်းသမ်းပြောသွားတာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ်လေ မင်းတစ်ရက်လောက်တော့ လာကြည့်ဦးပေါ့"

* * * * *

ကိုမျိုးမြင့်ဆိုင်မှာ သွားထိုင်မစောင့်နေသည်။ စနေနေ့မနက် ဖြစ်၏။ နေ့လယ်တိုင်သည်ထိ ဘယ်သူမှမလာ။

တနင်္ဂနွေနေ့ ဆက်စောင့်ဖို့ သွားသည်။ ကျွန်တော် ရောက်လျှင် ကိုမျိုးမြင့်က. .

"မင်း နည်းနည်းလေး နောက်ကျသွားတယ်ကွ"

"လာသွားပြီလား"

"အေး. . ဒါပေမဲ့ စောင့်နေ၊ ပြန်တော့ မပြန်သေး ဘူး"

ဇင်ဇင်တို့ အိမ်ရှေ့ လှမ်းကြည့်သည်။ ဆိုင်ကယ်တစ်စင်း ရပ်ထား၏။ ကျွန်တော် လက်ဖက်ရည်တစ်ခွက် သောက်ရင်း ထိုင်စောင့်နေသည်။ လက်ဖက်ရည်သည် လေရှူရသလိုပင် ဘာအရသာမျှ မရှိ။

"မင်း ဘာထပ်သိရသေးလဲ၊ ထား"

ဟု ကိုမျိုးမြင့်က သူ့မိန်းမကို မေးသည်။ မထားက. .

"သိပ်တော့ မထူးခြားပါဘူး။ သူတို့နှစ်ယောက် တွေ့ရင် နောက်လိုက်ပြောင်လိုက် လုပ်နေတတ်ကြတယ်ဆိုတာလောက်ပဲ သိရတယ်"

သူတို့ ပျော်နေကြသလား၊ သို့တည်းမဟုတ် ကျွန်တော့်ကို နှစ်ယောက်ပေါင်း လှိမ့်နေရသဖြင့် ဝမ်းသာပြီး ဟားနေကြတာလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟော၊ ဟိုမှာ ထွက်လာပြီ"

မထားက ပြောသည်။ ကျွန်တော် လှမ်းကြည့်သည်၊ ကောင်လေးတစ်ယောက် အိမ်ထဲက ထွက်လာသည်။ ဆိုင်ကယ်စီး ဦးထုပ်ကို ဆောင်းသည်။ ဆိုင်ကယ်ပေါ် တက်သည်၊ အိမ်ဘက်ဆီသို့ လက်ပြ နှုတ်ဆက်သည်။ ဆိုင်ကယ်စက်နှိုးသည်၊ အရှိန်ဖြင့် မောင်းထွက်သည်။ ဆိုင်ကယ်သည် ဆတ်ခနဲ ခုန်ပြီးလှစ်ခနဲ ရှုန်းထွက်၏။

ငွေနိုင်မှ ငွေနိုင်အစစ်။

❀ ❀ ❀ ❀ ❀

ဇင်ဇင့်ကို ကြည့်ရတာတော့ ပုံမှန်အတိုင်းပင်။ ဘာမှ ထူးထူးခြားခြား ပြောင်းလဲမှု မရှိချေ။ ကျွန်တော့်ကို ပြောဆို ဆက်ဆံရာမှာလည်း မလုံမလဲဖြစ်နေသည့်ဟန်ပန်၊ တစ်စုံတစ်ခု ဖုံးကွယ်ထားသည့် အမူအရာမျိုး မတွေ့ရ။

"ကိုကို၊ နောက်ဆိုရင် ကျောင်းကို ခဏခဏ မလာနဲ့တော့နော်၊ စာမေးပွဲက နီးနေပြီ သိလား၊ ဟိုသွားဒီသွားလည်း သိပ်လုပ်လို့ မဖြစ်တော့ဘူး"

"ကိုယ့်ကို ခဏခဏ မလာနဲ့လို့ ပြောတာက စာမေးပွဲ နီးနေလို့ဆိုတဲ့ အချက်တစ်ချက်တည်းကြောင့်ပဲလား"

ကျွန်တော်က စကားလမ်းခင်းလိုက်သည်။

"ဒါပေါ့ ကိုကိုရဲ့၊ တခြား ဘာရှိရဦးမှာလဲ"

"ဇင်ဇင့်ကို ကိုယ် တစ်ခုမေးမယ်နော်၊ မှန်မှန်ဖြေမလား"

"မှန်မှန် ဖြေရအောင် ဇင်က ပေဒင်ဆရာမှာ မဟုတ် တာ"

သူက နောက်နေသေးသည်။ ကျွန်တော်က မရယ်ဘဲ စကားဆက်သည်။

"ခုတလော ဇင်ဇင်တို့အိမ်မှာ ဧည့်သည်တွေ အဝင်အထွက်





များနေတယ်ဆို"

သူ ကြောင်တောင်တောင် ဖြစ်သွားပြီး. . .

"ဘယ်က ဧည့်သည်ကောလည်း မလာပါဘူး"

"စနေ တနင်္ဂနွေဆို

"ဟင့်အင်း၊ မသိ တကယ်လို့

ကျွန်တော် ပြုံး လာတောင်းရင်

"ဧည့်သည် တစ်ယောက်နာပဲ" လာပါတယ်၊ ဆိုင်ကယ်နဲ့လေ"

"ဪ၊ ငွေနိုင် . ကောင်စုတ်ကို ဧည့်သည်စာရင်းမှာ

ည့်မထားဘူး"

"ဒါဖြင့် အိမ်ရှင် စာရင်းမှာ ထည့်ထားတယ်ပေါ့"

သူ ဆတ်ခနဲ မော့ကြည့်ပြီး. . .

"ကိုကို ဘာကို ဆိုလိုတာလဲ"

"ငွေနိုင်နဲ့ ဇင်ဇင်နဲ့ စေ့စပ်ထားတယ်ဆို"

"ဪ. . ဒါလား၊ စေ့စပ်ထားတာ မဟုတ်ပါဘူး ကိုကိုရဲ့၊ လူကြီး

င်း သဘောတူထားတာပါ"

သူက အသံလွင်လွင်ကလေးဖြင့် ရယ်သည်။ ဒီလိုကိစ္စမျိုးကို ရယ်

ယ်မောမော ပြောနေနိုင်သဖြင့် ကျွန်တော် စိတ်တိုသွား၏။

"အဲဒီ ကိစ္စကတော့ ရယ်စရာ မဟုတ်ပါဘူး၊ ကိုကိုဖြစ်နေပုံကတော့

ယ်စရာပဲ"

"ဘာပြောတယ်၊ ဒီကိစ္စဟာ ကိုယ်တို့အတွက် ဘယ်လောက် အရေး

ကြီးတယ် မှတ်သလဲ၊ ဒါကို ဇင်ဇင်က ပေါ့ပေါ့လေးလို့ ထင်နေသလား"

သူက ကျွန်တော့်လက်မောင်းကို ကိုင်၍ ခပ်ဖော့ဖော့ပြောသည်။

"ဇင် ပြောပါရစေဦး၊ သိပ်လည်း ဖြစ်မနေပါနဲ့၊ ဒီလိုပါ မေမေနဲ့

းနိုင်တို့ မေမေက သူငယ်ချင်းတွေ၊ ဒီတော့ ငွေနိုင်တို့ အမေက သူ့သား

ဇင်နဲ့ သဘောတူနေတာ မဆန်းပါဘူး၊ တကယ်လို့ ဇင်ကသာ ငွေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုက်မယ်ဆိုရင်တော့ မကန့်ကွက်ဘူးဆိုတဲ့ သဘောပေါ့"

"လူကြီးတွေက သူနဲ့ ဇင်ဇင့်ကို စီစဉ်ပေးချင်တယ်လို့ ဖြစ်လာရင်ကော"

"ဒါက ဇင်သဘောတူမှ ဖြစ်တာပါ။ ပြီး[illegible]တော့ ဖေဖေ တစ်ယောက်လုံး ရှိပါသေးတယ်။ ဖေဖေက ဇင့်ကို လွတ်လ[illegible]ထားတာပဲဟာ။ နောက်တစ်ခုကလည်း ဖေဖေက ဒွေးနိုင်ကို ငဲ့[illegible]ရတာ မဟုတ်ဘူး၊ ဆောင့်ကြွားကြွားမို့လို့တဲ့"

ကျွန်တော် နည်းနည်း စိတ်အေးသွား[illegible]ရာတွင် သူက ဆက်ပြောသည်မှာ. . .

"တစ်ခုတော့ ရှိတယ်၊ ကိုကို သိထားရအောင်လို့ ပြောတာပါ၊ သိပ်တော့ အရေးမကြီးပါဘူး"

ကျွန်တော်က ဘာလဲဟု ဝင်မမေးတော့ဘဲ နားသာ ထောင်နေလိုက်၏။ သူ ပြောသည်။

"ဒွေးနိုင်က ဇင့်ကို စာပေးဖူးတယ်"

"ဘာ"

ဒီလို ဖြစ်ချင်ဖြစ်လိမ့်မည်ဟု အရင်ကတည်းက စဉ်းစားမိဖူးသော်လည်း တကယ် ကြားရသောအခါ အံ့သြချင်မိသေးသည်။

"သူနဲ့ ဇင်ဇင်နဲ့ ဆယ်တန်းတုန်းက တစ်တန်းတည်းလေ၊ သူက ကျကျန်နေခဲ့တာ၊ သူက ဇင့်ကို စာပေးပေမယ့် ဇင်က လက်မခံပါဘူး။ ဆယ်တန်းအောင်အောင် ကြိုးစားပါလို့လည်း ပြောလိုက်တယ်"

"ဘယ်လို. . ဘယ်လို၊ ဆယ်တန်းအောင်အောင် ကြိုးစားပါဟုတ်လား၊ အဲဒါက ဘာရည်ရွယ်ချက်နဲ့ ပြောခဲ့တာလဲ"

"ဘာ ရည်ရွယ်ချက်နဲ့မှ ပြောတာ မဟုတ်ပါဘူး။ နားအေးအောင် ပြောလိုက်တာ၊ တော်ကြာ ဇင့်ကြောင့် သူ စာမေးပွဲတွေ ဘာတွေ ကျရတယ်လို့ ဖြစ်မှာစိုးလို့"





"ဇင်ဇင် ပြောလိုက်တာက ဘယ်လိုသဘောမျိုး သက်ရောက်သွားသလဲ ဆိုတာ မတွေးမိဘူးလား၊ သူ့ကို ဆယ်တန်း အောင်အောင်သာ ကြိုးစား၊ အောင်ရင် အဖြေပေးမယ်လို့ ကတိပေးသလို ဖြစ်မသွားဘူးလား"

"ဟင်. . . အဲဒီလို ဖြစ်သွားလို့လား"

"ဖြစ်တာပေါ့၊ တကယ်လို့ ခုချိန်မှာ သူက စာမေးပွဲ အောင်သွားလို့ ဇင်ဇင့်ကို အဖြေ လာတောင်းရင်ကော"

"ဟာ. . . ပြဿနာပဲ"

ဟု ဆိုပြီးမှ. . .

"တောင်းမယ် မထင်ပါဘူး၊ ကိုကိုနဲ့ ဇင့်နဲ့အကြောင်းကို သူသိနေပြီပဲဟာ"

"တကယ်လို့ လာတောင်းမယ်ဆိုရင်ကော ဇင်ဇင် ဘယ်လိုဆုံးဖြတ်မလဲ"

"လွယ်ပါတယ်၊ နောက်ကျသွားပြီ။ ဆောရီးပဲပေါ့"

သူ့စကားကြောင့် စိတ်အေးသွားရသလိုလို ရှိသည်။ စိတ်ထဲကတော့ မရှင်းသေး။

"ဇင်ဇင့်ပြောပုံအရ ဆိုရင် သူက နောက်ကျသွားလို့သာပေါ့။ နောက်မကျရင် အဖြေပေးမယ်ပေါ့၊ ဒီလိုလား"

"အင်း. . . ဒါတော့ ဘယ်ပြောနိုင်မလဲ"

"ဘယ်လိုပြောလိုက်တာလဲဟင်၊ ဇင်ဇင့်စကားက"

ကျွန်တော့်လေသံတွင် မကျေနပ်မှုတွေ ပါနေသည်ကို သန့်စင်ဖယ်ရှားဖို့ အချိန်မရ။ သူက. . .

"ဟုတ်တယ်လေ။ စဉ်းစားကြည့်ပါလား၊ တကယ်လို့သာ ကိုကိုနဲ့ ဇင်နဲ့ မတွေ့ခဲ့ရင် သူ့ကို အဖြေပေးချင်ပေးမိမှာပေါ့။ ခုကိုကိုနဲ့ တွေ့ခဲ့လို့ သူ နောက်ကျသွားတာပေါ့"

"ဇင်ဇင်၊ ဇင်ဇင် သူ့ကို သံယောဇဉ် ဖြစ်ခဲ့ဖူးတယ်ပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မဆိုလိုပါဘူး၊ ဖြစ်တတ်တာလေ၊ ကိုကိုကော ဇင့်နဲ့သာ မတွေ့ရင် တခြား မိန်းကလေးတစ်ယောက်ကို ကြိုက်မိမှာ ပဲ မဟုတ်လား။ တစ်သက်လုံး ဘယ်သူ့မှ မကြိုက်ဘဲ နေမှာ မဟုတ်ပါဘူး။ တကယ်တော့ ဒါတွေ ဘာလို့ လျှောက်စဉ်းစားနေရမှာလဲ၊ အပိုတွေ၊ ဇင်နဲ့ ကိုကိုနဲ့ တွေ့လို့ ချစ်နေမိကြပြီပဲ။ ပြီးပြီပေါ့။ ဇင်ကလည်း ကိုကိုကလွဲရင် တခြားလူကို မချစ်ဘူး။ ကိုကိုကလည်း ဇင်ကလွဲရင် ဘယ်သူ့မှ မချစ်နဲ့ပေါ့နော်"

သူပြောတာ သဘာဝကျနေသည်။ ငြင်းချက် မထုတ်သာချေ။ ငွေးနိုင် စာမေးပွဲ မအောင်ပါစေနဲ့ ဟူ၍သာ ဆုတောင်းရ ကောင်းမလား မသိ။

✽ ✽ ✽ ✽ ✽

[၁၆]

ထိုအတောအတွင်းမှာ ကျွန်တော် အလုပ်တစ်ခုခု လုပ်ဖို့ ကိစ္စနှင့် ပတ်သက်ပြီး အိမ်နှင့် တိုင်ပင်သည်။

ကိုဆွေက သဘော်လိုက်ချင်လျှင် သူ ကြိုးစားကြည့်မည်ဟု ပြောသည်။

မမတူးက စီးပွားရေး လုပ်ငန်းတစ်ခုခု လုပ်ဖို့ အကြံပေးသည်။ ငွေ အရင်းအနှီး အသင့်အတင့်လောက် သူ ထုတ်ပေးမည်ဟု ဆိုသည်။

ကျွန်တော်က ဒါတွေ စိတ်မဝင်စား။ စီးပွားရေးလုပ်ငန်းကို ဝါသနာမပါ။ ကျွန်တော့်အဖို့ ငွေများများရဖို့ မလို။ အလုပ်အကိုင် အတည်အကျနှင့် အေးအေးဆေးဆေး နေရလျှင် ကျေနပ်ပြီဖြစ်သည်။

တကယ်တော့လည်း ကျွန်တော့်အဖို့ စားဝတ်နေရေးနှင့် ပတ်သက်ပြီး ပူပင်စရာ မလိုချေ။

ကျွန်တော်တို့မှာ မောင်နှမနှစ်ယောက်တည်းသာ ရှိသည်။ မိဘများ





မရှိတော့သည့်နောက် ယခု လက်ရှိနေသော အိမ်နှင့် အတွင်းပစ္စည်းအချို့ ငွေအသင့်အတင့် ကျန်ရစ်ခဲ့သည်။

ကျွန်တော်တို့ မောင်နှမနှစ်ယောက်မှာ အမွေခွဲစရာလည်း မလိုချေ။ မမတူးသည် ကိုဆွေနှင့် အိမ်ထောင်ကျသော်လည်း သားသမီး တစ်ယောက်မျှ မထွန်းကားခဲ့။ ကျွန်တော်နှင့် သူသည် အသက်ချင်းလည်း ကွာသဖြင့် ကျွန်တော်သည်ပင် သူတို့၏ မွေးစားသားလို ဖြစ်နေသည်။

ကိုဆွေသည် သဘော်အရာရှိတစ်ယောက်ဖြစ်၍ ဝင်ငွေကောင်းသည်။ သူရှာသောငွေကို ကျွန်တော် သုံးချင်သလို ယူသုံးလို့ ရနေသည်။

ကျွန်တော် မိန်းမယူလျှင် ခုလက်ရှိအိမ်ပေါ် အဆင်သင့် ခေါ်တင်ထားလိုက်ရုံပင်။ ကျွန်တော်တို့က သားသမီးတွေ မွေးလာလျှင်လည်း ကလေးမရှိသော သူတို့ လင်မယားက သူတို့ သားသမီး အရင်းလို ချစ်ကြမည်ပင် ဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့အဖို့ ငွေများများ ရအောင် စီးပွားရှာနေစရာမလို။ တည်ငြိမ်သော အလုပ်တစ်ခု ရှိဖို့သာ လိုသည်။

ကျွန်တော်သည် ဘွဲ့ရပြီး နှစ်နှစ်ကျော်ကျော်လောက် ကြာအောင် ဘာမျှ မလုပ်ဖြစ်ခဲ့။ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့က ခေါ်သော အလုပ်စာမေးပွဲ သုံးကြိမ် ဝင်ဖြေဖူးသည်။ တစ်ခါမျှမအောင်။

ထိုအချိန်အတွင်း ကျွန်တော့်မှာ လုပ်စရာဆိုလို့ စာတွေ ဖတ်ခြင်း၊ တစ်ခါတစ်ရံ ခရီးထွက်၍ ဗဟုသုတ ရှာခြင်း၊ ကိုဆွေ သဘော်ထွက်နေတုန်း အချိန်မှာ အိမ်ကိစ္စတွေ လိုက်လုပ်ခြင်းတို့လောက်သာ ရှိသည်။

ဘာပဲဖြစ်ဖြစ် နောက် နှစ်နှစ်၊ သုံးနှစ်ဆိုလျှင် ကျွန်တော့် အိမ်ထောင်ပြုတော့မည်။ ထိုအခါ စားဝတ်နေရေးအတွက် မပူမပင်ရသည့်တိုင်အောင် ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်နိုင်သော အလုပ်တစ်ခုတော့ ရှိရပေမည်။

ကျွန်တော့်စိတ်ကူးက လောလောဆယ် အစိုးရဌာနတစ်ခုမှာ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေသည့် အလုပ်တစ်ခု ဝင်လုပ်မည်။ ထိုအတောအတွင်း ဌာနတွင်း စာမေးပွဲဖြစ်စေ၊ ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးမှခေါ်သော စာမေးပွဲ ဖြစ်စေ ဝင်ဖြေမည်။ ဇင်ဇင်နှင့် 'လက်ထပ်မည့် အချိန်လောက်ဆိုလျှင် သုံးရာနှစ်ဆယ် စကေးလောက်တော့ ဖြစ်နိုင်မည်ဟု ခန့်မှန်းထားသည်။

သို့ဆိုလျှင် ဇင်ဇင်တို့ မိဘများနှင့် တွေ့ဆုံသည့်အခါ ကိုယ့်ဘက်က မျက်နှာ မငယ်ရံတော့။

ဇင်ဇင့်ကို အလုပ်အကြောင်း တစ်ခါပြောခဲ့ဖူးသည်။ သူက အလုပ်ကိစ္စကို သိပ်အရေးမကြီးဟု သဘောထားပုံ ရသည်။ ဘာပဲဖြစ်ဖြစ် တဖြည်းဖြည်းတော့ နားလည်လာလိမ့်မည်။

ခုလည်း သူ့ကို ကျွန်တော့်စိတ်ကူးပြောပြသည်။ မမတူးအကြံပေးသည်ကိုလည်း ပြောပြ၏။

"မမတူးက ပြောတယ်၊ သုံးလေးသောင်းတန် ကားလေး တစ်စင်း သူ ငွေထုတ်ပြီး ဝယ်ပေးမယ်တဲ့၊ ဓာတ်ဆီထုတ်ရောင်း ဖို့ပေါ့"

"ဟာ၊ ကောင်းသားပဲ၊ ဓာတ်ဆီ တန်းစီပြီးလို့ အားတဲ့ အခါကျတော့ ကိုကိုနဲ့ ဇင်နဲ့ကားနဲ့ လျှောက်လည်လို့ရတယ်၊ ဇိမ်"

"ကိုယ်၊ အဲဒါ မလုပ်ချင်ဘူး"

"ဟင်၊ ဘာဖြစ်လို့လဲ"

"အဲဒါ အခိုက်အတန့်ပဲလေ၊ အခါအခွင့်သင့်တုန်း ငွေရှာ တဲ့ သဘောလောက်ပဲ ရှိတာ"

"ကိုကိုကသာ အာမခံချက်တွေ ဘာတွေပြောနေတာ၊ တချို့ဆိုရင် ကားဖိုးတောင် ကျေနေပြီ"

"ဇင်ဇင်ရယ်၊ ဓာတ်ဆီ တန်းစီတဲ့အလုပ်ဟာ ကုန်တိုက်မှာ ပစ္စည်း တိုးပြီး ပြန်ရောင်းစားတာနဲ့ ဘာမှမထူးပါဘူး။ လူ ကိုယ်တိုင် ဝင်တိုးရတာနဲ့ ကားနဲ့တိုးရတာပဲ ကွာတယ်"

"ဘာပဲဖြစ်ဖြစ် ကားနဲ့ဆိုတော့ ကြွေ့ရတာပေါ့ ကိုကိုရဲ့"





ကျွန်တော် သကက်ပြင်းတစ်ချက်ချသည်။

"ကိုယ်ကတော့ ရုံးမှာ အလုပ်လုပ်ဖို့ လျှောက်လွှာတောင် တင်လိုက်ပြီ"

"ဟုတ်လား၊ ဘာရာထူးလဲ"

"စာရေးပေါ့"

"ဩော်. . ကိုကိုကလည်း ခက်လိုက်တာ၊ ငွေကလေး တစ်ရာငါးဆယ် နှစ်ရာရဖို့ကို တစ်နေ့လုံး ရုံးမှာ တကုပ်ကုပ် သွားလုပ်ရမယ်လို့"

"ကိုယ် ပြောပြီးပါပကော၊ ငွေအတွက် လုပ်တာ မဟုတ်ပါဘူးလို့၊ အချိန်တန် အရွယ်ရောက်လာရင် အလုပ်လုပ်မှ ဂုဏ်ရှိမှာပေါ့"

"အို. . . ဘာမှမလုပ်ဘဲ နေတာကမှ ဂုဏ်ရှိဦးမယ်"

သူ့စကားကို ကျွန်တော် အံ့သြသွား၏။

"ဘယ်လို ဇင်ဇင်၊ ဘာမှမလုပ်ဘဲ နေတာကမှ. . ."

"ဟုတ်တယ်လေ၊ ဘာမှမလုပ်ဘဲ နေတာကမှ သဘော လိုက်ဖို့ စီစဉ်နေတယ်၊ အလုပ်ခန့်စာ မရောက်သေးလို့ စောင့် နေတာလို့ ပြောလို့ ရသေးတာပေါ့"

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဘာမျှ ပြန်မပြောနိုင်။

သူ့ကို ကျွန်တော်လိုချင်သော ပုံစံမျိုးဝင်အောင် စည်းရုံးယူလို့ လွယ်ပါ့မလားဟု ပထမဆုံးအကြိမ် သံသယ ဝင်လာရလေသည်။

✹ ✹ ✹ ✹ ✹

မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ အလုပ်ဝင်လုပ်ဖို့ ဆုံးဖြတ်ပြီးသားပင် ဖြစ်သည်။ သူက သဘောမတူလို့ မလုပ်လိုက်ရတာမျိုး မဖြစ်စေချင်။

အလုပ်ဝင်လုပ်သည့်အတွက် ဇင်ဇင့် မကျေနပ်လျှင်လည်း ချော့လိုက်မည်။ နားဝင်အောင် တဖြည်းဖြည်း ရှင်းပြမည်။ ဇင်ဇင့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိသည်။ ခဏခဏ စိတ်ကောက်တတ်သော်လည်း ကြာရှည် စိတ်မဆိုးတတ်။ စာရေးကလေးအဖြစ် အလုပ်ဝင်လုပ်သဖြင့် သူ စိတ်ဆိုး ချင်ဆိုးမည်။ နောက်တော့လည်း သူ့ထုံးစံအတိုင်း ပြေသွားမည်ဟု မျှော်လင့် ရပေသည်။

ဒီနေ့ လူတွေ့စစ်ဆေးခံရသည်။ မေးခွန်းတွေက အထွေထွေ ဗဟုသုတများသည်။ ဒီနေ့ ဖြစ်ပေါ်နေသော နိုင်ငံတကာ အရေးအခင်း များကို မေးသည်။ ကျွန်တော် ဖြေနိုင်သည်။ အခြေအနေကောင်းသည် ဟု ဆိုရပေမည်။

ဘတ်စ်ကားစီးပြီး မြို့ထဲဘက် ပြန်လာခဲ့သည်။ ထုနင်္ဂနွေနေ့ဖြစ်သော ကြောင့် ဇင်ဇင့်ဆီ သွားလို့မရ။ ဒီနေ့ ဇင်ဇင်တို့ အိမ်ကို ငွေးနိုင်များ လာ လည်နေဦးမလားဟု တွေးမိသေးသည်။

သိန်းမင်းထွန်းဆီ သွားလျှင် ကောင်းမလား၊ ရုပ်ရှင်ကြည့်လျှင် ကောင်းမလား။ ရုပ်ရှင် အရင်ဝင်ကြည့်မည်။ ပြီးမှ သိန်းမင်းထွန်းဆီ သွား မည်ဟု ဆုံးဖြတ်လိုက်သည်။

ဘတ်စ်ကား ဖြတ်ရာလမ်းတွင် အထက်တန်းကျောင်းတစ်ကျောင်းကို တွေ့သည်။ ကျောင်းရှေ့မှာ ကျောင်းသားတွေ ရုံးစုရုံးစု လုပ်နေသည်ကို မြင်ရ၏။ ထိုအခါကျမှ သတိရလိုက်သည်။ ဒီနေ့ ဆယ်တန်းအောင်စာရင်း တွေ ထွက်ပြီ။

ငွေးနိုင် စာမေးပွဲအောင်လေမလားမသိ။ အောင်လာလျှင် သူက ပြဿနာရှာကောင်းရှာနိုင်သည်။ ကျွန်တော်နှင့် ဇင်ဇင်တို့အကြောင်းကို သူ သိနေပြီးမှ သေချာသည်။ သို့ရာတွင် ဒီလို ကောင်မျိုးလေးတွေက သိပ်ယုံရသည်မဟုတ်။ ဖွတ်တရွတ်လုပ်ချင် လုပ်တတ်သည်။ ဇင်ဇင်က ကျွန်တော့်ဘက်မှာ ရှိပြီးဖြစ်သော်လည်း စိတ်အနှောင့်အယှက် ဖြစ်စရာ တော့ ကြုံကောင်း ကြုံလာရနိုင်လေသည်။

အချိန်နည်းနည်း စောသေးဖြင့် ရွှေလမင်းလက်ဖက်ရည် ဆိုင်ကို





ဝင်သည်။ စမူဆာနှင့် လက်ဖက်ရည် စားသောက်သည်။ ပြီးတော့ ဂုဏ်ရုံ ဘက်သို့ ထွက်လာခဲ့သည်။

ရုံရှေ့မှာ လူနည်းနည်း ရှုပ်စပြုနေပြီ။ လက်မှတ်တော့ ရနိုင်သေး သည်ဟု တွေးနေတုန်း. . .

တစ်စုံတစ်ခုကို လှမ်းမြင်ပြီး ခြေလှမ်း တုံ့သွား၏။ ရုံရှေ့က ကားရပ် ရန်နေရာတွင် ရပ်ထားသော မော်တော်ဆိုင်ကယ်တစ်စီး၊ နံပါတ်ကို ကျွန်တော် မမှတ်မိသော်လည်း အဆင်အပြင်တွေကို ကောင်းစွာသိနေ သည်။ လက်ကိုင်မှာ အနီရောင်ပန်းဖွားတွေ တပ်ထားသည်။ ခေါင်ဆီ တိုင်ကီမှာ 'မင်းကို ငါမုန်းတယ်' ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စာတန်းတို့ ကပ်ထားသည်။ ငွေးနိုင်၏ ဆိုင်ကယ်။

ရုံဘက်သို့ လှမ်းကြည့်သည်။ လူတွေ ရှုပ်နေသည်ကိုသာ မြင်ရ၏။ ရပ်ထားသောကားတွေ နောက်ဘက်က ကွယ်ပြီး လျှောက်ခဲ့သည်။ ရုံ ဝင်ပေါက်ကို လှမ်းမြင်ရသည်။ ပြီးတော့ လက်မှတ်ပေါက်။

ငွေးနိုင်သည် ငါးကျပ်တန်း လက်မှတ်ပေါက်ရှေ့မှာ ရပ်ပြီး လက်မှတ် ဝယ်နေသည်။ ဒီဘက်မှာ ရပ်နေသူက ဇင်ဇင်၊ သူ့လက်ထဲမှာ အာလူး ကြော်၊ ငါးမုန့်ကြော်ထုပ်တွေ တပွေ့တပိုက်နှင့်။

ရန်ကုန်မြို့ပေါ်မှာ ရှိနေသော မော်တော်ကားတွေအားလုံး တစ်ပြိုင် နက် ဟွန်းတီးလိုက်ကြသည်ဟု ထင်သည်။

● ● ● ● ●

"ဘာသဘောလဲဟင် ဇင်ဇင်၊ ဘာသဘောလဲ"

ဆေးလိပ်မီးဖွား အလောင်ခံရသူလို ဆတ်ဆတ်ခါသော လေသံဖြင့် ကျွန်တော် မေးသည်။ သူကတော့ သူ လုပ်နေကျအတိုင်း ခပ်အေးအေး။

"ကိုကို ဘာဖြစ်လာတာလဲ"

"ဘာဖြစ်ရမှာလဲ၊ မနေ့ကကိစ္စပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က"

သူက မသိသလို လုပ်နေသဖြင့် ပို၍ ဆွေ့ဆွေ့ခုန် ဖြစ်ရသည်။

"ဘာဖြစ်လို့ မသိချင်ယောင်ဆောင်နေရတာလဲ၊ ငွေးနိုင်နဲ့ ဇင်ဇင်နဲ့ ရုပ်ရှင်ကြည့်ကြတဲ့ ကိစ္စပေါ့"

"သြော်. . ဒါလား၊ သူက စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်နဲ့ တစ်ခုခု ကျွေးမယ်ဆိုလို့ သွားရင်းက စိတ်ကူးပေါက်တာနဲ့ ရုပ်ရှင်ဝင်ကြည့်ကြတာ"

သူက ပေါ့ပေါ့ဆဆ ပြောနေဆဲ။ ကျွန်တော် ပို၍ စိတ်ဆိုးလာ၏။

"ဒီမှာ ဇင်ဇင် ဟိုလှည့်ဒီလှည့်နဲ့ အရေးမကြီးတဲ့ ကိစ္စ မျိုးဖြစ်အောင် လုပ်မနေနဲ့"

"ဘာတွေ ပြောနေတာလဲ ကိုကိုရယ်"

"သြော်. . မသိချင်ယောင်ဆောင်နေမှာတော့ ပြောပြ ရသေးတာပေါ့၊ ငွေးနိုင်က ဇင်ဇင့်ကို သူ စာမေးပွဲအောင်လို့ အဖြေလာတောင်းတယ် မဟုတ်လား၊ ဒီတော့ ဇင်ဇင်က. . ."

သူက ဖြတ်ပြောသည်။

"သူက အဖြေမတောင်းပါဘူး"

"အေး တောင်းနေစရာမှ မလိုတော့ဘဲ။ မတောင်းခင်က ပေးလိုက်ပြီ မဟုတ်လား"

"ဘာမှာ ပေးလို့လဲ"

"ဒါ အဖြေပေးတာနဲ့ ဘာထူးသလဲ၊ သူ စာမေးပွဲအောင်တဲ့နေ့မှ နှစ်ယောက်တည်း ရုပ်ရှင်ကြည့်တယ်ဆိုတာ",

"နှစ်ယောက်တည်း မဟုတ်ဘူး၊ မျိုးတို့ စိုးတို့ ညီအစ်မလည်း ပါတယ်"

"ဘာဖြစ်လို့ လိမ်ချင်ရသလဲ ဇင်ဇင်၊ သေသေချာချာ မျက်စိနဲ့ တပ်အပ်မြင်တာ၊ နှစ်ယောက်တည်း"





"မဟုတ်ဘူး လေးယောက်"

"ပြောင်ပြောင်းဖို့ မကြိုးစားနဲ့၊ မရဘူး"

"ကိုကို မယုံရင်လည်း မတတ်နိုင်ဘူး"

"မယုံဘူး၊ ကိုယ့်ကို ချစ်ရေးဆိုထားတဲ့ လူတစ်ယောက်နဲ့ ရုပ်ရှင်တူတူကြည့်တယ်။ ကြည့်တဲ့နေ့ကလည်း စာမေးပွဲ အောင်စာရင်းထွက်တဲ့နေ့၊ ဒါ ရှင်းနေတာပဲ"

"ဘာရှင်းရမှာလဲ၊ ဘာမှ မရှင်းဘူး၊ ရုပ်ရှင်ကြည့်တာက အရင်ကလည်း သူငယ်ချင်းတွေနဲ့ ကြည့်နေကျပဲ"

"သြော်၊ခုမှသိတယ်၊ ယောကျ်ားလေးတွေနဲ့ ရုပ်ရှင်တူတူ ကြည့်တာ ဇင်ဇင်အတွက် အဆန်း မဟုတ်တော့ဘူးပေါ့"

ကျွန်တော်က ငေါ့သံဖြင့် ပြောသည်။ လှောင်ရယ် ရယ်သည်။

"ကိုကို ဘာသဘောနဲ့ ဒီလို ပြောတာလဲ"

"ရှင်းနေတာပဲ၊ ဇင်ဇင့်ရဲ့ အတွင်းသရုပ်မှန်ကို သိလိုက်ရတဲ့ သဘောပေါ့။ ဒီမှာ သိပ်ပြီး အကြောက်အကန် ငြင်းမနေနဲ့၊ ငွေးနိုင်ကို အဖြေပေးလိုက်ပြီ မဟုတ်လား"

"အို. . ဘာအဖြေမှမပေးဘူး။ ကိုကို မယုံရင် ငွေးနိုင်ကို သွားမေးကြည့်"

"ဟားဟား၊ ငါ့မယုံရင် ငါ့ရည်းစားမေးကြည့်ဆိုတာမျိုးပါလား"

"ကိုကို့စကားက ရင့်လှချည်လား"

သူ ပြောရင်း မျက်ရည်ဝဲလာသည်။

"ဟာ၊ ငိုတော့ မငိုလိုက်ပါနဲ့၊ သစ္စာမဲ့သူတို့ရဲ့ မျက်ရည် မြေမကျကောင်းဘူး"

သူ ဆတ်ခနဲ မော့လာသည်။ ဝဲလာသော မျက်ရည်က ရပ်သွား၏။ ယိုစီး၍ ကျမလာခဲ့။

ကျွန်တော် ထပ်၍ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဇင်ဇင်၊ မင်းက ငါးရန့်နှစ်ကောင် ဖမ်းချင်နေသလား၊ လှေနံနှစ်ဖက် နင်းချင်နေသလား။ ငါဟာ အသိဉာဏ်မရှိတဲ့ တိရစ္ဆာန် မဟုတ်ဘူး။ အသက်ဝိညာဉ် ကင်းမဲ့တဲ့ သစ်သားတုံးကြီးလည်း မဟုတ်ဘူး။ လူကွ၊ လူသိရဲ့လား"

သူမျက်နှာသည် ရုတ်တရက် တင်းမာသွားသည်။ ကျွန်တော့်ကို စေ့စေ့ကြည့်၍ ပြောသည်။

"ကိုကိုဟာ ဒီလောက်သဘောထား သေးသိမ်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ ကိုကို့ကို ချစ်မိတာ မှားပြီထင်တယ်"

"အခုတော့ ဒီလိုပဲ ပြောတော့မှာပေါ့လေ။ အေး. . ငါ့ကို ချစ်မိတာ မှားသလား၊ မမှားဘူးလားဆိုတာ မင်းဘာသာ စဉ်းစားကြည့်ပေါ့။ ငါကတော့ မင်းကို ချစ်မိတာ အမှားကြီးမှားပြီဆိုတာ သိလိုက်ရပြီ၊ ငါ နောက်ဆုံးစကား တစ်ခွန်း ပြောခဲ့မယ်၊ ငါ နောက်ဆုတ်လိုက်ပြီ ဒါပဲ"

ကျွန်တော် ချာခနဲ လှည့်ထွက်လာခဲ့သည်။ လေးငါးလှမ်း လှမ်းပြီးမှ သူ့ကို တစ်ချက်ကြည့်ပြီး အေးစက်စက်လေသံဖြင့် ပြောသည်။

"မင်း မဆိုးပါဘူး"

သူမျက်နှာသည် လတ်လတ်ဆတ်ဆတ် ဒဏ်ရာ တစ်ခုလို ဖွေးခနဲဖြစ်သွားပြီး ချက်ချင်း ရဲတက်လာသည်။

● ● ● ● ●



[၁၇]

ဆံတစ်ပင်တင်း
ချစ်ခြင်းမယား
ရည်းစားလူလု
အူနုကျွဲခတ်
မျက်စပ်ပိုးဝင်

ဟူသော စကားအလင်္ကာအား ကာရန်ကလေးနှင့် ဖြစ်၍ ရွတ်ဆိုလို့ကောင်းကောင်းလည်း တကယ် ခံစားကြည့်သောအခါ ဆိုးရွားလှသည်။

ဆံတစ်ပင်တင်းခြင်းသည် အခံရခက်သည်။ အူနုကိုတော့ ကျွဲခတ် မခံဖူးချေ။ မျက်စိထဲသို့ ပိုးကောင်ဝင်ခြင်းသည် ခိုးလိုးခုလုနှင့် အခံရခက်လှသည်။ သို့ရာတွင် ထိုပိုးကောင်ကို ဖယ်ရှားပစ်လိုက်လျှင် သက်သာပျောက်ကင်းသွား၏။

နှလုံးသွေးထဲသို့ ဝင်ရောက်နေသော ပိုးမွှားကောင်ကိုကား ဖယ်ရှားပစ်ရန် ခက်သည်။ ပိုးသတ်ဆေး ပင်နီဆီလင်ဆေးတို့ဖြင့် သုတ်သင်၍လည်း မရ။ မျက်ရည်ဖြင့်ပင် ဆေးကြောပစ်လို့ မဖြစ်နိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



အခါမလပ် တစစ်စစ် နာကျင်နေပြီး မကောင်းဆိုးရွား ဖူးကပ် နှောင့်ယှက်သလို တဖျပ်ဖျပ် လန့်ရသော ဝေဒနာ။

ကျွန်တော်ကား ကျူးကျော်ရပ်ကွက်မှာ အိမ်ဆောက်မိသူသာ ဖြစ်သည်။ တရားမဝင်ချေ။ ခုတော့ ဖျက်သိမ်း ပြောင်းရွှေ့ခိုင်းခြင်း ခံခဲ့ရလေပြီ။

❋ ❋ ❋ ❋ ❋

သိန်းမင်းထွန်းက ကျွန်တော့်ကို အပြစ်ပြောချင်သည်။

"မင်း ဇင်ဇင့်ဆီ မသွားခင် ငါ့ကို ဘာလို့ မတိုင်ပင်သလဲ၊ ဘာလို့ အသိမပေးတာလဲ"

"မင်းကို ပြောလိုက်ရင် မင်းက ဒါကတော့ ဒီလိုရှိပါတယ် ဆိုပြီး ပြေရာပြေကြောင်း ပြောမှာပဲ မဟုတ်လား"

"အေး ပြောမှာပဲ၊ ခုတော့ မင်းငါ့ကို တိုင်ပင်ခဲ့ဖို့ ကောင်း ပါတယ်လို့ပဲ ပြောရတော့မှာပဲ"

"တိုင်ပင်နေစရာ မလိုပါဘူးကွာ၊ ပြဿနာက ရှင်းရှင်း လေးပဲ။ ဌေးနိုင်ကို သူက အဖြေပေးလိုက်ပြီ၊ ဒါပဲပေါ့"

"အဖြေပေးလိုက်ပြီလို့ မင်းက ဘယ်လိုလုပ်သိနိုင်သလဲ"

"ဒီ့ထက် ထင်ရှားတာ ရှိဦးမလားကွ၊ ဌေးနိုင်က သူ့ကို ချစ်ရေးဆိုဖူးတယ်။ သူက စာမေးပွဲအောင်အောင် ကြိုးစားပါလို့ ပြောတယ်၊ ဟိုကောင်က စာမေးပွဲအောင်တယ်၊ သူတို့ နှစ်ယောက်တည်း ရုပ်ရှင်ကြည့်ကြတယ်"

"ဇင်ဇင်က နှစ်ယောက်တည်း မဟုတ်ဘူး၊ သူ့သူငယ်ချင်း တွေလည်း ပါတယ်လို့ ပြောတယ်ဆို"

"ဒါက သူ့အပြောပဲ၊ ငါကိုယ်တိုင်မြင်တာက သူတို့ နှစ်ယောက်တည်းပဲ"

"သူ့သူငယ်ချင်းတွေက မင်းမြင်တဲ့အချိန်မှာတခြား တစ်နေရာရာ





သွားနေလို့ မတွေ့တာ မဖြစ်နိုင်ဘူးလား၊ ဥပမာ တစ်ခု ခုသွားစားနေလို့"

"မဖြစ်နိုင်ပါဘူးကွာ၊ ရုံရှေ့မှာ ဌေးနိုင်ရဲ့ ဆိုင်ကယ်တွေ့တယ်၊ သူတို့နှစ်ယောက် ဆိုင်ကယ်နဲ့ တူတူလာတာတောင် ဖြစ်နိုင်တယ်"

သိန်းမင်းထွန်းက ခေါင်းယမ်းသည်။ ပြီးတော့. .

"မင်း ထင်ရာမြင်ရာတွေ စွတ်ပြောမနေနဲ့ကွ၊ ခုဟာက မင်းကောက်ချက်ချထားတာကို မမှန် မှန်အောင် အတင်းဆွဲ ယူစဉ်းစားသလို ဖြစ်နေတယ်"

"ဒီလောက် သေချာနေတာပဲကွ"

"ခက်တယ် သူငယ်ချင်း၊ အထင်အမြင် လွဲစရာ ဖြစ်လာရင် အံ့ဩစရာ ကောင်းလောက်အောင် တိုက်ဆိုင်မှုမျိုးတွေ ကြုံ လာတတ်တယ်။ ဖြစ်သင့်တာက မင်းအနေနဲ့ ဒီ့ထက်ပိုပြီး တိကျခိုင်လုံတဲ့ အချက်ကို ရှာဖို့ပဲ"

"ဒီ့ထက် တိကျရဦးမှာ ဟုတ်လား"

"အေးလေ. . . ဥပမာ ဌေးနိုင်နဲ့ တွေ့ပြီး ရှင်းတာမျိုးပေါ့၊ ဇင်ဇင်က မယုံရင် ဌေးနိုင်ကို မေးကြည့်လို့ ပြောထားတာပဲ"

"ဒါက ဒါတို့နှစ်ယောက်ကို ရန်တိုက်ပေးတာ ဖြစ်မှာပေါ့"

"ဘာဖြစ်လို့ ရန်တိုက်ပေးရမှာလဲကွာ"

"ရန်တိုက်ပေးတာ မဟုတ်ရင်လည်း ငါ့ကို အရှက်ခွဲချင်လို့ ဖြစ်မှာပေါ့။ ငါက ဌေးနိုင်ကို သွားမေးလို့ ဟိုကောင်က ဟုတ်တယ်၊ ဇင်ဇင်က သူ့ကို အဖြေပေးလိုက်ပြီလို့ ပြောရင် ငါ ကွဲပြီပေါ့ကွ"

"မင်းတစ်ခု စဉ်းစားဦးလေ၊ မင်းနဲ့ ဇင်ဇင်နဲ့အကြောင်းကို ဌေးနိုင်က သိပြီးနေပြီပဲ။ သူက အဖြေတောင်းတာတွေ လုပ်ပါ့မလား၊ သူ နောက်ကျသွားတာ သိပြီးနေပြီပဲ"

"သူတို့လို ကောင်မျိုးတွေက ယုံရတာ မဟုတ်ဘူး၊ ချစ်သူ ရှိတယ် မရှိဘူး ဂရုစိုက်နေမှာ မဟုတ်ဘူး၊ ဇင်ဇင်တောင်မှ တစ်မျက်နှာက တစ်မျက်နှာ ပြောင်းဖို့ စိတ်ကူးရှိသေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သိန်းမင်းထွန်းက ဘာမှမပြောသေးဘဲ ဆေးပေါ့လိပ်ကိုသာ ဖွာနေသည်။ ကျွန်တော်လည်း ဓနိရွှေကြမ်းတစ်ခွက် ငှဲ့သောက်သည်။ သောက်လက်စ ဆေးပေါ့လိပ်ကို ယူဖွာသည်။ မီးသေနေပြီ။ မီးခြစ်ကို လှမ်းအယူတွင် သူက. . . .

"တစ်ခုရှိတယ်ကွာ၊ ဇင်ဇင်က ငွေနိုင်ကို အဖြေပေးလိုက်ပြီဆိုရင် မင်းစွပ်စွဲတာကို ဘာဖြစ်လို့ ငြင်းနေစရာ လိုသလဲ၊ ဟုတ်တယ်လို့ ပြောလိုက်ရုံပဲပေါ့၊ မင်းကို မချစ်တော့ဘူးဆိုတာ အသိပေးလိုက်မှာပေါ့"

"ဒါကတော့ကွာ၊ သူက စပြီး သစ္စာဖောက်တယ်လို့ အဖြစ်မခံချင်လို့နေမှာပေါ့။ ငါက စပြီး အဆက်အသွယ်ဖြတ်လို့ သူကလည်း ဖြတ်ရတယ်ဆိုတာမျိုး လုပ်ချင်လို့ပေါ့။ ပြီးတော့မှ ငွေနိုင်နဲ့ လက်တွဲမယ်လို့ ကြံထားလို့ဖြစ်မှာပေါ့၊ ဒါမှမဟုတ်ရင် ငွေနိုင်ကို သူက သံယောဇဉ်ဖြစ်နေပေမယ့် စိတ်က မပြတ်သေးလို့ ငါ့ကို ကြိုးရှည်ရှည်နဲ့ လှန်ထားတာလည်း ဖြစ်နိုင်တယ်။ သူတို့ နှစ်ယောက်ဟာ တစ်ချိန်ချိန်က ပတ်သက်ခဲ့ဖူးမယ်။ နောက်တော့ အကြောင်းတစ်ခုခုကြောင့် ကွဲခဲ့ကြမယ်။ အဲဒီ နောက်ပိုင်းမှာ ဇင်ဇင်နဲ့ ငါနဲ့ တွေ့မယ်။ ခုကျမှ ဟိုကောင်က ပြန်ချဉ်းကပ်မယ်၊ အဲဒီမှာ ဇင်ဇင်က ဟိုဟောင့်ကို ပြန်လက်ခံချင်ပေမယ့် ငါ ရှိနေတော့ အခက်တွေ့နေမယ်။ ငါက ငွေနိုင်နေရာမှာ ခဏ အစားဝင်ရတဲ့ကောင် ဖြစ်နေပြီ"

သိန်းမင်းထွန်းက ပြုံးသည်။

"မင်းက ဘယ်လိုဖြစ်နေသလဲဆိုတော့ ငါတို့ကျောင်းတုန်းက ဆရာမကြီးတွေ ပုစ္ဆာတွက်သလိုပဲ။ တွက်နည်းကို မသိဘဲ အဖြေကို မရရအောင် ဆွဲယူသလိုပေါ့။ အကျိုးအကြောင်းခိုင်လုံတာ ယုတ္တိရှိတာတွေထက် အဖြေထွက်ဖို့ အဓိကထားပြီး ကြိုးစားတာမျိုးလေ"

"ငါ့နေရာက မင်း ဝင်ခံစားကြည့်လေ၊ ငါ ခုန ပြောတာတွေ မဖြစ်နိုင်ဘူးဆိုရင် ဖြစ်နိုင်တာ တစ်ခုပဲ ရှိတော့တယ်။ ဇင်ဇင်က ရည်းစားနှစ်ယောက် တစ်ပြိုင်တည်း ထားချင်နေလို့ပဲ။ ငါ ရည်းစားပြိုင်တော့





အဖြစ်မခံနိုင်ဘူး သိန်းမင်းထွန်း"

"ဒါဆိုရင် မင်း သူ့ကို ပြတ်ပြီပေါ့"

ကျွန်တော် ချက်ချင်းမဖြေ။ တကယ်တော့လည်း သူ့ကို ပြတ်ပြီလား မပြတ်သေးဘူးလား ဆိုသည်ကို ကျွန်တော် မဆုံးဖြတ်မိသေး။

"ဒါကို ငါက ဘာမှပြောနေစရာ မလိုဘူး။ သစ္စာဖောက်တဲ့သူက ငါမှမဟုတ်ဘဲ၊ ပြဿနာကို ငါက စရှာတာမှ မဟုတ်ဘဲ၊ တစ်ခုတော့ရှိတယ်၊ သူက ငါ့ကို မချစ်တော့ဘူးဆိုတဲ့အခါ မှာ ငါက ဘာဖြစ်လို့ သံယောဇဉ် တွယ်တာနေရဦးမှာလဲ"

သိန်းမင်းထွန်းက သက်ပြင်းချသည်။ ပြီးတော့. . .

"ငါ တစ်ခုပြောချင်တယ် ဝင်းကို၊ လူတစ်ယောက်ကို စောကားဖို့ဆိုတာ သိပ်လွယ်တယ်။ စော်ကားပြီးမှ ကိုယ်က မှားမှန်းသိလို့ ပြန်တောင်းပန်ဖို့ကျတော့ သိပ်ခက်တယ်ကွ"

✱ ✱ ✱ ✱ ✱

ဟိုတစ်နေ့က တွေ့ခဲ့ရသော မြင်ကွင်းက စွဲနေသည်။ စိတ်ထဲမှာ စွဲမြဲနေခြင်းဖြစ်သဖြင့် ဖျောက်ဖျက်၍ မရနိုင်ချေ။

ဆိုင်ကယ်တစ်စီး၊ ငွေနိုင်လက်မှတ်ဝယ်နေ၊ ဇင်ဇင်က စားစရာတွေ တပွေ့တပိုက်နှင့် စောင့်နေ၊ လက်မှတ်ဝယ်ပြီးထွက်လာသော ငွေနိုင်က ဇင်ဇင့်ကို တစ်စုံတစ်ခုပြော၊ ဇင်ဇင်က ပျော်ရွှင်စွာ ရယ်မောနေ။

တကယ်မြင်ခဲ့ရသော မြင်ကွင်းထက် မမြင်ရသော မြင်ကွင်းကို မှန်းဆကြည့်ရသည်မှာ ပို၍ စိတ်ပင်ပန်းဆင်းရဲအခံရခက်သည်။

ရုပ်ရှင်ရုံထဲမှာ နှစ်ယောက်တွဲထိုင်ကြမည်။ ရုပ်ရှင်ပြသော အခါ ဇင်ဇင် ငွေနိုင်ကို စားစရာတွေ တစ်ခုပြီးတစ်ခု ခွံ့ကျွေးမည်။ နောက်တော့ ဇင်ဇင့်ထံမှ နှုတ်ခမ်းနီနံ့နှင့် နှင်းရည်နံ့၊ ဆီးမဆလာနံ့ကို ရမည်။ ထိုအခါ. . .



www.burmeseclassic.com

www.burmeseclassic.com



အပြန်တွင် ဆိုင်ကယ်ဖြင့် အတူတူပြန်ကြမည်။ ငွေးနိုင်က ဆိုင်ကယ်ကို အရမ်းမောင်းသောအခါ ဇင်ဇင်က ကြောက်ပြီး ငွေးနိုင်ခါးကို ဖက်ထားမည်။ သူတို့ ရယ်ကြမည်။

ကျွန်တော်သည် မျက်စိကို မှိတ်ပြီး ခေါင်းကို ခါယမ်းပစ်လိုက်သည်။

ကျွန်တော် သူ့ကို မုန်းလိုက်ပြီလား။

သိန်းမင်းထွန်း ပြောခဲ့သလို ကျွန်တော်က စသော ပြဿနာမဟုတ်သဖြင့် ရုတ်တရက် မုန်းလို့ မရသေး။ မုန်းချင်သည်။ မုန်းဖို့ ကြိုးစားချင်သည်။ စိတ်ထဲမှာ ထိထိခိုက်ခိုက် နာမိသည်တော့ အမှန်ပင်။

သူ ကျွန်တော့်ကို အဖြေပေးခဲ့တုန်းက မှန်ကလေးတစ်ချပ်ကို ပေးပြီး သင်္ကေတပြုခဲ့သည်။ မှန်ထဲမှာ ပေါ်လာတဲ့ ရုပ်သွင်ဟာ သူချစ်သူရဲ့ ဓာတ်ပုံပါပဲတဲ့။ ထိုစဉ်က ကျွန်တော် ပျော်လိုက်သည်ဖြစ်ခြင်း။ မှန်ကလေးကို ထုတ်ကြည့်ရသည်မှာအမော။ မှန်ထဲက ကိုယ့်ရုပ်ပုံကို ကြည့်ပြီး ကြည်နူးကျေနပ်မိရသည်မှာ အခါခါ။ ထိုမှန်ကလေးကို အမြတ်တနိုး သိမ်းထားခဲ့ရသည်။

တကယ်တော့ ကျွန်တော် အလှည့်စားခံခဲ့ရခြင်းသာတည်း။

မှန်ဆိုသည်မှာ သစ္စာ ရှိသည်။ ပကတိအရှိအတိုင်းသာ တုံ့ပြန်တတ်သည်ဟု ဆို၏။

အခြားတစ်ဖက်က စဉ်းစားကြည့်လျှင်မူ မှန်တစ်ချပ်တွင် ပင်ကိုအရည်အချင်း မရှိ။ ကိုယ်ပိုင်ပုံရိပ် မရှိ။ ခိုင်မြဲစွာ စွဲထင်နေသော ရုပ်သွင်မရှိချေ။

သူ့ရှေ့တွင် ရောက်ရှိနေသော ရုပ်သွင်တို့၏ ပုံရိပ်ကို ထင်ဟပ်ပြလိုက်သည်။ ထိုရုပ်သွင်ကို ဖယ်ရှားလိုက်သည်နှင့် ပုံရိပ်ပျောက်ကွယ်သွားသည်။ နောက်ထပ် ရောက်လာသော ရုပ်သွင်တစ်ခု၏ပုံရိပ်ကို ဖမ်းယူပြန်သည်။

ဤသို့ဖြင့် ပုံရိပ်ပေါင်းများစွာ။





သူ့နှလုံးသားသည် မှန်တစ်ချပ်နှင့် ဘာများ ထူးပါသနည်း။

ထိုမှန်ကို ရိုက်ခွဲပစ်ဖို့ အကြိမ်ကြိမ် ကြိုးစားသည်။ မခွဲဖြစ်။ ကိုယ့်ကိုယ်ကိုယ် ပျော့ညံ့လှချည်းလားဟု ရှုတ်ချသည်။ တစ်ကြိမ်တွင် မှန်ကို တအားပစ်ပေါက်လိုက်သည်။

ခေါင်းအုံးပေါ်သို့။

● ● ● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ၁၈

အိပ်မက် မက်နေ၏။

ရုပ်ရှင်ရုံ တစ်ရုံထဲမှာ ကျွန်တော် ရောက်နေသည်။ မှောင်နှင့် မည်းမည်းဖြစ်၍ ဘာမျှမမြင်ရ။ ပြနေသော ကားကလည်း ကျွန်တော် တစ်ခါမျှ မကြည့်ဖူးသော ဇာတ်ကား။ ပြကွက်တွေကလည်း အဆက်အစပ် မရှိ။ အိန္ဒိယမင်းသားတွေက ဂျပန်လိုပြောသည်။ စာတန်းက မြန်မာလို ထိုးပေးသည်။ 'ဆေးလိပ်မသောက်ရ' 'ဦးဘညိမ်သား စတုမဓု' 'ကုလသမဂ္ဂနေ့' စသည်ဖြင့်။ ဇာတ်ကားနှင့် ဘာမျှမဆိုင်။

ရုတ်တရက် မီးများ လင်းလာသည်။ ကျွန်တော့်ဘေးမှာ ကပ်လျက်ထိုင်နေသူက ဌေးနိုင်၊ ဟိုဘက်က ဇင်ဇင်။ သူတို့က ကျွန်တော့်ကို မမြင်၊ သူတို့နှစ်ယောက် တစ်ယောက်ခါး တစ်ယောက်ဖက်ပြီး ရုံအပြင်ထွက်သွားကြသည်။

"ဇင်ဇင်"

ဟု ကျွန်တော် ဒေါသတကြီး အော်ခေါ်သည်။ အသံ ထွက်မလာ။ သူတို့နောက်ကို ကျွန်တော် ပြေးလိုက်သည်။ ခြေထောက်တွေက လေးလံ





နေပြီး ဘယ်လောက် အားသွန်ပြေးပြေး နေရာက မရွေ့ချေ။ သူတို့ နှစ်ယောက် လှေကားမှ ဆင်းသွားသည်။

ကျွန်တော် လှေကားထိပ်ရောက်သောအခါ ထိုနေရာသည် လှေကား မဟုတ်ဘဲ အုတ်နံရံအမြင့်ကြီး ဖြစ်နေသည်။ ကျွန်တော် ကုတ်ကပ် တွယ်ပြီး ခက်ခက်ခဲခဲ ဆင်းသည်။ အောက်ရောက်သောအခါ ရန်ကုန်မြို့လယ် မဟုတ်ဘဲ သစ်ပင်ချုံနွယ်တွေ ထူထပ်သော တောကြီးမြက်မည်း ဖြစ်နေပြန်သည်။

ဌေးနိုင်နှင့် ဇင်ဇင်တို့က ဆိုင်ကယ်ဖြင့် ထွက်ပြေးသည်။ သစ်ပင်တွေကြားက ကွေ့ကောက်ပြီး မောင်း၏။ ဇင်ဇင်က ဌေးနိုင်၏ ခါးကို ဖက်ထားရင်း ရယ်နေသည်။ ဆိုင်ကယ်သံက တစ်စုံတစ်ခုကို ထုနှက်လိုက်သလို တဒုံးဒုံး မြည်နေသည်။

အိပ်ရာက လန့်နိုးလာသည်။ တဒုံးဒုံးမြည်သံက မပျောက်သေး။ ကျွန်တော့်အခန်းတံခါးကို ထုနေခြင်း ဖြစ်သည်။

"ဟဲ့ . . ဝင်းကို၊ ထတော့၊ ဘယ်နှနာရီ ရှိနေပြီလဲ"

မမတူး၏အသံကို ကြားရသည်။ ညက တော်တော်ညဉ့်နက်မှ အိပ်ခဲ့သဖြင့် မမတူးက လာနှိုးသည်ကို ရုတ်တရက် စိတ်တိုသွားသော်လည်း အိပ်မက်ဆိုးမှ လန့်နိုးထစေသဖြင့် ကျေးဇူးတင်မိပြန်သည်။

"ဆယ်နာရီထိုးတော့မယ်၊ ထတော့"

"ဘာအလုပ်မှ မရှိဘဲနဲ့ ဘာလို့ ဒီလောက် နိုးနေရတာလဲ၊ မီးလောင်နေလို့လား"

"မီးလောင်သလားဘာလားတော့ မသိဘူး၊ ဧည့်သည် ရောက်နေလို့"

"ဟင် . . ဘယ်သူလဲ"

"ငါလည်း မသိဘူး၊ ကောင်လေးတစ်ယောက်ပဲ"

ကျွန်တော်က . .

"ဟာ ဘယ်သူလဲ၊ ရှုပ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောမည်ပြုစဉ် မမတူးက. . . .

"ဆိုင်ကယ်နဲ့ လာတာပဲ"

ဆိုသဖြင့် 'ဟင်' ဆိုပြီး လှူးလဲထလိုက်သည်။ မျက်နှာမြန်မြန် သစ်သည်။ အဝတ်အစား ခပ်သုတ်သုတ်လဲသည်။ ထိုအချိန်အတွင်း ကျွန်တော့်ခေါင်းထဲမှာ အတွေးတွေ အများကြီး ဖြတ်သန်းသွားကြ၏။

သူ ဘာလာလုပ်သလဲ၊ ဇင်ဇင်နှင့်ကိစ္စ ပြဿနာရှင်းဖို့ဆိုတာကတော့ ပြောနေစရာမလို။ ဘယ်ပုံဘယ်နည်း ရှင်းဖို့ လာသလဲဆိုတာသာစဉ်းစားရမည်။

ကျွန်တော့်ဘက်ကတော့ သိပ်စဉ်းစားစရာ မလို။ ပြောစရာလည်း သိပ်မရှိ။ တကယ်ဆိုလျှင် မိန်းကလေးတစ်ယောက်အတွက် ပြိုင်ဘက်ယောကျ်ားနှစ်ယောက် တွေ့ဆုံဖြေရှင်းရတာမျိုးကို ကျွန်တော် သိပ်သဘောမကျချေ။

ဘာပဲဖြစ်ဖြစ် သူနှင့်တွေ့လျှင် စိတ်ကို ချုပ်တည်း၍ လူကြီးလူကောင်းဆန်ဆန် ပြောဆို ဆက်ဆံဖို့တော့ သတိထားရမည်။ ဒီအိမ်သည် ကျွန်တော့်အိမ် မဟုတ်လား။

သို့ရာတွင် ဧည့်ခန်းထဲသို့ ထွက်လာပြီး သူ့ကို တွေ့လိုက်သည်နှင့် စိတ်ထဲက တင်းခနဲ ဖြစ်သွားရတော့သည်။ အကြောင်းမှာ ဧည့်နိုင်သည် အေးအေးဆေးဆေးထိုင်ရင်း ဝါးပြီးသား ပီကေဖြင့် ပူဖောင်း မှုတ်နေသောကြောင့်ပင် ဖြစ်သည်။ ကျွန်တော့်ကို မြင်သောအခါ သူက ပီကေကို လျှာဖြင့် သိမ်း၏။ ပါးစပ်ထဲ ပြန်ထည့်ပြီး ဝါးလိုက်ရာမှ ပြုံးပြသည်။

"ကိစ္စရှိလား"

ကုလားထိုင်မှာ ဝင်ထိုင်ရင်း ကျွန်တော် ခပ်ဆတ်ဆတ် မေးမိသည်။ သူက. . .

"ကျွန်တော် ကိုဝင်းကိုနဲ့ စကားနည်းနည်း ပြောချင်လို့ပါ"

ဟု ပီကေဝါးရင်းဗလုံးဗထွေး ပြောသည်။





"ရပါတယ်"

"ဒီမှာပဲ ပြောမလား"

ကျွန်တော် ခဏ စဉ်းစား၍. .

"ပန်းခြံထဲမှာ ခုံတန်းလျား ရှိတယ်"

ကျွန်တော် ထထွက်လာသည်။ သူက နောက်မှ လိုက်လာ၏။ အိမ်ရှေ့မှာ ရပ်ထားသော ဆိုင်ကယ်ကို တစ်ချက် လှမ်းကြည့်ခဲ့မိသေးသည်။

ခုံတန်းလျားကို လက်နှင့် ညွှန်ပြသည်။ သူ ဝင်ထိုင်၏။ ကျွန်တော်က သူ့ဘေးမှာ ဝင်ထိုင်ဖို့ ခက်နေသည်။ ထို့ကြောင့် မတ်တတ်ရပ်လျက်ပင် သူပြောမည့်စကားကို စောင့်နေလိုက်သည်။

"ကျွန်တော် ကိုဝင်းကိုကို ပြောစရာရှိလို့ လာခဲ့တာပါ"

သူက အစပျိုးစကားကို ထပ်ပြောပြန်သည်။ ကျွန်တော့်စကား မပြန်ဘဲ ဆက်ပြောပါဆိုသော သဘော ခေါင်းဆတ်ပြလိုက်၏။

"တခြားတော့ မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ပတ်သက်ပြီး ကိုဝင်းကိုနဲ့ ဇင်ဇင်တို့ ပြဿနာ ဖြစ်ကြတယ်ဆိုလို့၊ အဲဒီကိစ္စ ရှင်းရအောင် လာတာပါ"

ကျွန်တော်ပြုံးသည်။ ခုချိန်မှာ ကျွန်တော့်စိတ်များသည် ထူးထူးခြားခြား အေးစက် တည်ငြိမ်နေကြောင်း သတိပြုမိ၏။

"ရှင်းဖို့ မလိုပါဘူး။ ရှင်းပြီးသားပဲ၊ ရှုပ်နေတာကိုမှ ရှင်းဖို့ လိုတာ မဟုတ်လား"

သူ ကျွန်တော့်စကားကို နားမလည်ဟန် ကြည့်သည်။ ကျွန်တော် သူ့ကို တည့်တည့်စိုက်ကြည့်၍. .

"ကိုယ် နောက်ဆုတ်ပေးဖို့ ဆုံးဖြတ်ပြီးပါပြီ"

သူ အံ့သြသွားသည်။

"ဗျာ. . နောက်ဆုတ်ပေးမယ်၊ ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြီး. . .

"ဟုတ်တယ်၊ မောင်ရင်နဲ့ ဇင်ဇင်နဲ့က ငယ်ငယ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အကြောင်းတစ်ယောက် သိခဲ့ကြတာပဲ၊ လူကြီးချင်းလည်း ပြေလည်ပြီးသား၊ ဒီဇာတ်လမ်းမှာ ကိုယ်က လူကြမ်း ဝင်မလုပ်ပါရစေနဲ့"

'ကိုယ်၊ မောင်ရင်' ဟူသော အသုံးအနှုန်းတွေကို အလိုလိုသုံးလိုက်နေမိ၏။ သူက. . .

"ဟာ၊ ဘာတွေ ပြောနေတာလဲ"

ဟု ဆိုသည်။

"ဘာတွေလဲဆိုတော့ ဇင်ဇင်က မောင်ရင် စာမေးပွဲ အောင်လို့ အဖြေပေးလိုက်ပြီ မဟုတ်လား၊ ရုပ်ရှင်တောင် ကြည့် ကြသေးတယ်လေ"

သူက 'ဟာ' ဆိုပြီး ပုံးစပ်ထဲက ပီကေကို ထွေးထုတ်လိုက်သည်။ ပြီးတော့ ဟားတိုက် ရယ်၏။ ကျွန်တော် ကြောင်သွားသည်။ ဒီကောင် ကျွန်တော့်ကို လာလှောင်နေတာလား။ မျက်နှာထား တင်းသွားကြောင်း သူ မြင်ပြီး မျက်နှာပိုး သတ်သည်။

"ကိုဝင်းတို့၊ ကျွန်တော် ပြောတာကို သေသေချာချာ နားထောင်ပါဦး၊ ရုပ်ရှင်ကြည့်တယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နှစ်ယောက်တည်း မဟုတ်ဘူး။ မျိုးသာကီတို့၊ စိုးဒါလီတို့ ညီအစ်မလည်း ပါပါတယ်။ အဲဒီနေ့က သူ ကျွန်တော့်ကို အဖြေပေးတယ်ဆိုတာတော့ လုံးဝ မဟုတ်ဘူး"

"မောင်ရင်က အဖြေမတောင်းဘူးလား"

"ဟင့်အင်း၊ အဖြေတောင်းတာတွေ၊ ဘာတွေ မေ့တောင် မေ့နေတယ်။ ဟုတ်တယ်ဗျ၊ ဒီလိုဗျာ။ ဆယ်တန်းတုန်းက သူ့ကို ကျွန်တော် စာပေးဖူးတယ်။ ကိုဝင်းကို သိပြီးသားပါ။ သူက ကျွန်တော့်ကို ပြန်မချစ်ဘူး။ စာမေးပွဲအောင်အောင် ကြိုးစားလို့တော့ ပြောတယ်။ ကျွန်တော် သိသားပဲ။ သူငယ်ချင်း တစ်ယောက်အနေနဲ့ စိတ်လေမှာစိုးလို့ အဲဒီလို ပြောတယ်ဆိုတာ။ ကျွန်တော် ဒီလောက်လည်း မတုံးသေးပါဘူး။ ခု ကျွန်တော် စာမေးပွဲ အောင်လာတာကလည်း သူ့အချစ်ကို ရမလားလို့ ဆိုတဲ့





မျှော်လင့်ချက်နဲ့ ကြိုးစားလို့ မဟုတ်ပါဘူး။ ကျွန်တော် ကျက်ထားတာတွေနဲ့ မေးခွန်းနဲ့ သွားတိုက်ဆိုင်လို့ အောင်တာ။ သူပြောလို့ ကြိုးစားတာဆိုရင် နောက်တစ်နှစ်မှာ အောင်ရမှာပေါ့။ ခုတော့ နှစ်နှစ်ထပ်ဖြေပြီးမှ အောင်တာလေ"

သူက နည်းနည်းရယ်ပြီး. . .

"ကျွန်တော်က ဟိုတုန်းက သိပ်ဆိုးတာဗျ၊ ခုတော့ သိပ်မဆိုးတော့ပါဘူး။ ထားပါလေ။ ကျွန်တော် ပြောချင်တာက သူ ကျွန်တော့်ကို မချစ်ဘူးဆိုတာ သိပြီးတော့ ကျွန်တော်လည်း သူ့ကို မမျှော်လင့်တော့ပါဘူး။ နောက်တော့လည်း ဒီလိုပဲ ပြီးသွားတာပါပဲ။ သူ့ကို ချစ်ခဲ့ဖူးပါလားဆိုတာ မေ့တော့တောင် ဖြစ်နေပါပြီ။ ခုချိန်မှာ သူနဲ့ ကျွန်တော်က သူငယ်ချင်းတွေ အဆင့်ထက် မပိုပါဘူး"

ကျွန်တော် စဉ်းစားရပြီ။ သူ ကျွန်တော့်ကို လာပတ်နေတာလား။ ပတ်လို့ကော ဘာအကြောင်းထူးစရာ ရှိလို့လဲ။ ယုံတော့မယုံသေး။ သူက ကျွန်တော်တွေနေသဖြင့် သက်သေထပ်ပြသည်။

"ရှင်းရှင်းပြောမယ် ကိုဝင်းကိုရာ၊ ကျွန်တော်နဲ့ ကိုဝင်းကိုနဲ့ ဘာမှ ပြဿနာ မရှိဘူး။ ကျွန်တော်နဲ့ ပြဿနာ ရှိနေတာက အေးမြင့်ဦးနဲ့ပဲ။ သူရော ကျွန်တော်ရော ဒါလီကို ကြိုက်နေတာကိုး။ ကိစ္စမရှိပါဘူးလေ။ စိုးဒါလီကို ကျွန်တော်ပဲ ရမှာပါ"

"ခင်ဗျား တကယ် ပြောနေတာလား"

ဟု ကျွန်တော် ဇဝေဇဝါဖြင့် မေးသည်။ သူ ရယ်ပြန်၏။

"ကိုဝင်းကိုရယ်၊ ကျွန်တော်က အိမ်ထိအောင် တကူးတကန့် လာပြီး လိမ်ပါ့မလားဗျ"

"ခင်ဗျား ဒီအကြောင်းတွေ ဘယ်က သိလာတာလဲ"

ကျွန်တော် အသိချင်ဆုံးကို မေးသည်။

"စိုးဒါလီက ပြောလို့ သိတာ။ ဒါတွေက အရေးမကြီးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းကို ဒီနေ့ ဇင်ဇင်နဲ့သွားတွေ့လိုက်ပါ။ ဒီနေ့ သူတို့စာမေးပွဲ နောက်ဆုံးနေ့ပဲ။ နောက်ရက်တွေဆို တွေ့ဖို့ မလွယ်ဘူး။ ဒီညရထားနဲ့တောင် သူ့မိဘဆီ သွားချင်သွားမှာ"

"စာမေးပွဲက ဆယ့်နှစ်နာရီပြီးမယ်၊ ခု ဆယ့်တစ်နာရီ ဆယ်မိနစ်၊ အချိန် မရှိတော့ဘူးဗျာ"

ကျွန်တော် ဆတ်ခနဲ ထရပ်လိုက်သည်။ သူက. . .

"ကိုဝင်းကို စိတ်မဆိုးဘူးဆိုရင်-ကျွန်တော် တစ်ခု ပြောချင်တယ်"

ကျွန်တော် သူ့ကို ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ကိုဝင်းကိုကို ကျွန်တော် ဆိုင်ကယ်နဲ့ လိုက်ပို့ပေးပါရစေ"

ငွေးနိုင်နှင့် ပတ်သက်၍ ဘယ်တော့မှ ပြောဖြစ်ခဲ့မည် မထင်သော စကားတစ်ခွန်းကို ကျွန်တော် လိုက်လှဲစွာ ပြောလိုက်သည်။

"ကျေးဇူးပဲ ကိုငွေးနိုင်"

✹ ✹ ✹ ✹ ✹

ကြည့်စမ်း၊ ဘယ်လောက် ထူးဆန်းသလဲ၊ တစ်ယောက်နှင့် တစ်ယောက် ပြိုင်ဘက်တွေ ဖြစ်လိမ့်မည်ဟု ထင်ခဲ့သူ၊ နောက်နောင် မျက်နှာချင်းတောင် ဆိုင်ဖြစ်မည်ဟု မထင်ခဲ့သူ နှစ်ယောက်တို့သည် မော်တော်ဆိုင်ကယ် တစ်စီးတည်းဖြင့် အတူတကွ စီးနင်းသွားနေကြပါပကော။

ငွေးနိုင်က ဆိုင်ကယ်ကို အမြန်ဆုံး မောင်းနေသည်။ ချိုင့်ခွက်များ၊ ရှေ့က သွားနေသော မော်တော်ကားများကို မြွေလိမ်မြွေကောက် ရှောင်ကွင်းကျော်ဖြတ်နေသည်။ ကျွန်တော်သည် အသည်းတအေးအေး ဖြစ်နေသည့်ကြားကပင် ညက မက်ခဲ့သော အိပ်မက်ကို သတိရလိုက်သေးသည်။

ဆယ့်ငါးမိနစ်တောင် မကြာလိုက်။ ကျောင်းရှေ့သို့ ရောက်လာသည်။ ကျွန်တော် ဆိုင်ကယ်ပေါ်က ဆင်း၏။

"ကျေးဇူးပဲ"





ဆိုသော စကားကို တစ်ခါ ထပ်ပြောသည်။ နာရီဝက်လောက် အတွင်းမှာ ငွေးနိုင်ကို ရန်သူတော်ကြီးအဖြစ်မှ အသက်သခင်ကျေးဇူးရှင် နီးပါးတမျှ ဖြစ်သွားရသည်မှာ အံ့ဩစရာ။

"ကဲ. . ဂွတ်လပ် ကိုဝင်းကို၊ အဆင်ပြေပါစေ"

သူက လက်ပြ၍ ဆိုင်ကယ်ကို မောင်းထွက်သွားသည်။ ဆိုင်ကယ် သံသည် တဖုံးဖုံးမဟုတ်။ ညင်ညင်သာသာ။ ကျွန်တော်သည် ဆိုင်ကယ် တော်တော်ဝေးဝေး ရောက်သွားသည်ထိ လက်ပြနေမိသည်။

တစ်ယောက်တည်း ကျန်ခဲ့တော့မှ ကိုယ့်အဖြစ်ကို ပြန်သုံးသပ်ကြည့်ရသည်။ ငွေးနိုင်ရောက်လာ၊ ပြဿနာရှင်း၊ ကျွန်တော်က မကျေနပ်သော အမူအရာဖြင့်ရှိနေ၊ နောက် သူ ရှင်းပြ၍ အမှန်ကို သိရ။ သူနှင့် လိုက်လာ။ ကျောင်းကို ရောက်။

တစ်နာရီလောက်အတွင်းမှာ ကျွန်တော့်ဦးနှောက်က အလုပ်တွေ အများကြီး လုပ်လိုက်ရသည်။ ဆန့်ကျင်ဘက် အတွေးတွေ တွေးခဲ့ရသည်။ တောင်က မြောက်ဖြစ် အရှေ့က အနောက်ဖြစ်။

ခုတော့ ကျောင်းရှေ့မှာ ကျွန်တော် စောင့်နေပြီ။ ဇင်ဇင့်ကို တောင်းပန်ရန်။ ကျွန်တော်သည် အချိန်ကို လု၍ လာရသဖြင့် အေးအေးဆေးဆေး စဉ်းစားခွင့်မရ။ ဇင်ဇင့်ကို ပြောရမည့်စကားတွေကို ကြိုတင် ပြင်ဆင်လာခြင်း မပြုနိုင်ခဲ့ချေ။

ခုလို စောင့်နေရသောအခါကျတော့လည်း စာမေးပွဲခန်းထဲ ဝင်ခါနီး ကျောင်းသားတစ်ယောက်လို စိတ်တွေ ပူနေပြီး ဘာပြောရမည်ဟု အတင်း စဉ်းစားဖို့ ကြိုးစားကြည့်ရာ မရဘဲ ဖြစ်နေသည်။

စာမေးပွဲအချိန်စေ့ရန် မိနစ်ပိုင်းသာလိုတော့သည်။ အချို့ကျောင်းသားတွေပင် အခန်းပြင်ထွက်လာကြပြီ။ ဇင်ဇင်ကတော့ အချိန်စေ့ အောင် ဖြေလိမ့်မည် ထင်သည်။ သူ စာမေးပွဲဖြေခါနီး စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်မိသည့်အတွက် တောင်းပန်ရမည်ဟု အချက်အလက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ရလိုက်၏။

အချိန်စေ့ ခေါင်းလောင်း ထိုးသည်။ ကျောင်းသားကျောင်းသူတွေ ထွက်လာကြ၏။ မေးခွန်းစာရွက်လေးတွေ တကိုင်ကိုင်ဖြင့် အဖြေညှိသူက ညှိ၊ ဖြေနိုင်၍ ပျော်ရွှင်လာသူက လာ၊ မဖြေနိုင်၍ မှိုင်လာသူက လာ။

သူတို့အဖို့တော့ စာမေးပွဲတစ်ခု ပြီးသွားပြီ။ ကျွန်တော်တစ်ယောက်သာ ကျန်သည်။ ကျွန်တော်သည် ဇင်ဇင့်ထံမှာ နှုတ်မေးစာမေးပွဲကို ဖြေရဦးမည်။ ဖြေနိုင်မလား၊ မဖြေနိုင်ဘူးလား၊ အောင်မလား၊ ကျမလား။

သူ့ကို ချစ်ရေးဆိုစဉ်က သူ့ထံမှ အဖြေတောင်းစဉ်က ခုန်ခဲ့ဖူးသော ရင်ခုန်နှုန်းစံချိန်ကို ခုတစ်ခါ အပြတ်အသတ် ချိုးလိုက်ပြီဟု ထင်ရသည်။ စိတ်တွေ လှုပ်ရှားလွန်းသဖြင့် လူအုပ်ကြားမှာ သူ့ကို ရှာကြည့်ဖို့ပင် အခက်အခဲ တွေ့နေရလေ၏။

လှေကားမှ ဆင်းလာသူ မျိုးသာကီနှယ်တို့ ညီအစ်မကို မြင်ရသည်။ ပြီးမှ သူတို့ဘေးမှာ ကပ်ပါလာသော ဇင်ဇင့်ကို တွေ့၏။

မျိုးသာကီနှယ်တို့က ကျွန်တော့်ကို မြင်ပြီးပြုံးပြ နှုတ်ဆက်သည်။ ဇင်ဇင်ကတော့ ကျွန်တော့်ကို မမြင်သည့်ပုံမျိုး။ ကျွန်တော်သည် သူ့အဖို့ ကိုယ်ပျောက်နေသောသူ တစ်ယောက်ကဲ့သို့ ဖြစ်နေသည်။

သူတို့ ကျွန်တော့်ရှေ့မှ ဖြတ်လျှောက်သွားသည်။ ကျွန်တော် ကြောင်၍ ရပ်နေမိဆဲ။ စိုးဒါလီသွယ်က နောက်ပြန် လှည့်ကြည့်ပြီး လိုက်လာခဲ့လေဆိုသည့်သဘော မျက်ရိပ်ပြမှ သတိဝင်လာပြီး သူတို့နောက်ကို အမော တကော လိုက်သည်။

သူတို့ကို မီလာပြီး ဇင်ဇင့်ဘေး ဝင်ကပ်လိုက်သည့်အချိန်မှာပင် ဟို ညီအစ်မက အသာ နောက်ချန်နေရစ်ခဲ့သည်။

"ဆောရီးပဲ ဇင်ဇင်ရယ်"

ကျွန်တော်ပြောသည်။ အိပ်မက်ထဲမှာလိုပင် ကျွန်တော့်အသံကို သူ ကြားပါရဲ့လားဟု စိုးရိမ်မိ၏။ သူသည် ဘယ်လိုမျှ မတုံ့ပြန်။





"ဆောရီးပဲ ဇင်ဇင်"

ကျွန်တော် ထပ်ပြောပြန်သည်။ သူက လှည့်၍ပင် မကြည့်။ သူ့မျက်နှာပေါ်မှာ ခံစားချက် ကင်းမဲ့နေသလို အေးစက်သော အရိပ်အရောင်များသာ မြင်ရသည်။ ကျွန်တော် ဘေးမှာပါလာသည်ကို အသိအမှတ်တောင် မပြုသည့်ပုံမျိုး။

ကျွန်တော် စိတ်ပူလာမိ၏။ ဇင်ဇင့်ထံမှာ ဒီလို အမူအရာမျိုး တစ်ခါမှ မတွေ့ခဲ့ဖူးချေ။ ကျွန်တော့်ကို တွေ့လျှင် ပြင်းထန်သော စကားလုံးများဖြင့် ရန်တွေ့မည်၊ မုန်းတယ်ဟု ပြောမည်။ ကျွန်တော့်ကို ကုတ်ဖဲ့ရိုက်နှက်တာမျိုး လုပ်ချင်လုပ်မည် ထင်ခဲ့သည်။ သို့ဆိုလျှင် ကျွန်တော်က သူ ကျေနပ်သည်အထိ အနူးအညွတ် တောင်းပန်လိုက်မည်ဟု စိတ်ကူးခဲ့သည်။ ခုလို ပြန်မပြော နားမထောင် ဥပေက္ခာပုံစံဖြင့် နေနေသောအခါ ကျွန်တော် လန့်လာလေသည်။

"ဆောရီးပဲနော်"

စကားတစ်လုံးတည်း သာတတ်သော ကြက်တူရွေးတစ်ကောင်လို ဆောရီးပဲဆိုသော စကားတစ်လုံးကိုသာ အထပ်ထပ် ရွတ်နေရတော့သည်။ သူ့ကို ဘာဆက်ပြောရမှန်း မသိတတ်အောင် ဖြစ်နေ၏။

မိုးဖွဲကလေးတွေ ကျလာသည်။

သူက လမ်းလျှောက်နေရာမှ ရပ်လိုက်သည်။ ကျွန်တော်လည်း ယောင်ပြီး လိုက်ရပ်သည်။ သူ လက်ပြသည်။ သုံးဘီးကားတစ်စီး ထိုးဆိုက်လာသည်။ သူကားပေါ် ခွေ့ခနဲ တက်သည်။ ရုတ်တရက်မို့ ကျွန်တော် ကြောင်ပြီး ကြည့်နေမိသည်။ ကားစထွက်သည်။ ကားထွက်လာနီးတွင် သူ စကားတစ်ခွန်း ပြော၏။

"ရှင် မဆိုးပါဘူး"

ကျွန်တော် 'ခါခနဲ' ဖြစ်သွားသည်။

ကားထွက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးက ပိုသည်းလာသည်။
မိုးစက် တစ်စက်သည် မြားတစ်စင်းများ ဖြစ်နေလေရော့သလား။

● ● ● ● ●



|၁၉|

"မင်းကို ငါ အမြဲတမ်း သတိပေးတယ်ကွာ၊ စိတ်ကူးပေါက်တိုင်း လျှောက်လျှောက် မလုပ်ပါနဲ့လို့။ ခုတော့ ကြည့်လေ၊ ဇင်ဇင်နဲ့ ဒွေးနိုင်ကို မင်း အထင်လွဲတဲ့ ကိစ္စမှာ ဒွေးသေချာချာ၊ တိတိကျကျ မစုံစမ်းဘူး။ စဉ်းစဉ်းစားစား မလုပ်ဘူး။ ဇင်ဇင်က ရှင်းပြတာကိုလည်း လက်မခံဘဲ တစ်ဖက်သတ်အမြင်နဲ့ ဆုံးဖြတ်ချက်တွေ ချပြီး လျှောက်ရမ်းတယ်၊ ခုတော့"

သိန်းမင်းထွန်းက တဖျစ်တောက်တောက် ပြောနေသည်။ ကျွန်တော် လက်ကာပြပြီး. . .

"တော်ပါကွာ၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲ မင်းက ငါ့ချည်း အပြစ်တင်နေတာပဲ၊ ပြီးတဲ့ကိစ္စက ပြီးနေပြီ"

"ပြီးတာတော့ ဟုတ်တယ်။ နောက်ကို မင်း ဒါမျိုး မလုပ်မိအောင် သတိပေးတာ",

ကိုဆွေက 'နေစမ်းပါဦး' ဆိုပြီး. . .

"မင်းဘက်က မှားသွားပြီဆို သွားတောင်းပန်လိုက်ပေါ့ကွ"

"တောင်းပန်ပြီးပြီ အစ်ကိုရ၊ ဟိုက ဒီကောင့်ကို အဖက်တောင်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘဲနေလို့ ဒီကောင် ခုလို ခံနေရတာ"

သိန်းမင်းထွန်းက ဝင်ပြောရာ ကိုဆွေက. . .

"ဒါဆိုလည်း နောက်တစ်ကြိမ် ထပ်ကြိုးစားပေါ့"

ကျွန်တော်က. . . .

"ကြိုးစားလို့ မရတော့ဘူး။ သူက မနေ့က ညရထားနဲ့ သူ့မိဘတွေဆီ သွားပြီ။ ကျောင်းဖွင့်မှ ပြန်လာမှာ၊ ကျောင်းဖွင့် တော့လည်း ပင်မ ဟက္ကသိုလ် ပြောင်းတက်ရမှာ"

"ဒါက ရှာလို့ လွယ်ပါတယ်ကွာ။ ကျောင်းက ဘယ်လောက် ကြာကြာ ပိတ်မှာလဲ"

"နှစ်လ ကျော်ကျော်လောက်ပဲ"

"ဟာ မင်း အကြာကြီး ခံနေရမှာပေါ့"

"ခံရတာကတော့ ခံရမှာပဲပေါ့၊ ဒီကြားထဲမှာ သူ ကျွန်တော့်ကို မုန်းပြီး တခြား လျှောက်လုပ်နေမှာသာ စိုးတာ"

"ခုတော့လည်း သိပ်ကြောက်နေပြီပေါ့ ဟုတ်လား"

ဟု သိန်းမင်းထွန်းက ဝင်ငေါ့သည်။ ကျွန်တော်က သူ့ကို ပြန်ပြော မည်ပြုစဉ်မှာ ကိုဆွေက. . .

"ဒါနဲ့ သူ့လိပ်စာ မင်းမသိဘူးလား၊ စာထည့်လိုက်ပါလား"

"လိပ်စာတော့ သိတယ်၊ ဒါပေမဲ့ စာက သူ့မိဘတွေ လက်ထဲ ရောက်သွားရင် အကုန် ပြဿနာတက်မယ်။ ကျွန်တော်စဉ်းစားထားတာ တစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"ရမည်းသင်းကို ကျွန်တော် လိုက်သွားမလို့"

"ဟာ၊ ဘယ်ဖြစ်မလဲ၊ ပိုဆိုးမှာပေါ့။ မင်း ဟိုရောက်တော့ ဘာလုပ် မလဲ၊ သူ့ကို တွေ့ဖို့ ကြိုးစားမှာပဲ မဟုတ်လား။ ဒါဆို သူ့မိဘတွေက သိသွား နိုင်တာပဲ။ ဟိုအထိ လိုက်လာတယ်ဆိုရင် ပိုပြီး မသင်္ကာစရာ ဖြစ်ကုန်လိမ့်





မယ်။ ဟိုမှာ မင်းက လူစိမ်းသက်သက်၊ နောက်ပြီးတော့ သန်္တာက်ခါကျရင် မင်း အလုပ် ဝင်ရတော့မယ် မဟုတ်လား၊ အလုပ်စဝင်ရမယ့်နေ့မှာ မင်း ရုံး မတက်လို့ ဖြစ်မလားကွ"

ကျွန်တော် ငိုင်သွားပြန်သည်။ ကိုဆွေက. . .

"သိပ်စိတ်မပူမနေပါနဲ့ကွာ၊ မင်းက သူ့ကို တွေ့ပြီး တောင်းပန်ဖို့ ကြိုးစားတယ်ဆိုတာ သူ သိပြီးပြီပဲ။ သူ ပြန်လာတဲ့အခါကျတော့ ထပ်ဆက်သွယ်ကြည့်ပေါ့၊ ဒီကြားထဲမှာ ဌေးနိုင်တို့က မင်းဘက်ကဝင်ပြီး ပြောပေးကြမှာပါ၊ နှစ်လလောက်တော့ သည်းခံပြီး နေလိုက်ပေါ့ကွာ"

"နှစ်လဆိုတာ နည်းတဲ့အချိန်လား အစ်ကိုရ"

"ခုကျမှ အဖြစ်သည်းနေ၊ ငါ ပိတ်ထိုးလိုက်ရ"

သိန်းမင်းထွန်းက ဝင်ပြောသည်။ ဆက်၍. . .

"မင်းကို ငါတစ်ခုတော့ ပြောထားချင်တယ်။ နောက် ဆိုရင် မင်း တဇွတ်ထိုး မလုပ်ပါနဲ့တော့၊ ဇင်ဇင်ဟာ တစ်သက် လုံး အပူအပင် အကြောင့်အကြ မရှိနေလာခဲ့ရတာ၊ အားလုံး က အလိုလိုက်ထားတာကို ခံခဲ့ရတာ၊ အဲဒီလို အခြေအနေမျိုး မှာ မင်းက ပြဿနာ သွားရှာတော့ အဲဒီဒဏ်ကို သူ ခံနိုင်ရည် မရှိရှာဘူးကွ၊ သိပ်စိတ်ထိခိုက်သွားတာပေါ့၊ စိတ်မပူပါနဲ့ကွာ၊ သူ မင်းကို မမုန်းနိုင်ပါဘူး။ အရေးကြီးတာက နောက်ကို မင်း သတိထားဖို့ပဲ။ သူ့ကို လောကကြီးအကြောင်း၊ လူတွေအကြောင်း ဘဝဆိုတာ အမြဲတမ်း အဆင်ပြေပြေ ဖြစ်နေမှာ မဟုတ်တဲ့ အကြောင်း၊ မပြေလည်တာတွေ ဒုက္ခရောက်ရတာတွေ ရှိတဲ့အကြောင်း နားလည် အောင် ရှင်းပြပေါ့။ ညင်ညင်သာသာ ကလေး စည်းရုံးယူပေါ့၊ ဇင်ဇင်က နားမဝေးနိုင်ပါဘူးကွာ၊ တစ်နေ့နေ့ကျရင် ရင့်ကျက် တည်ငြိမ်လာမှာပါ။ မင်းလိုချင်တဲ့ ပုံစံမျိုး ဝင်လာမှာပါ။ အသက်နည်းနည်းငယ်သေးလို့ပါ။ သူ့ရဲ့ ပင်ကိုစိတ်ရင်းက ရိုးသားဖြူစင်တယ်ဆိုတာ မင်းသိပါတယ်ကွာ"

သိန်းမင်းထွန်းက ပြောလိုက်မှပင် ကျွန်တော် သူ့ကို ပို၍ သတိရ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ဒါကို ကိုဆွေက ရိပ်မိဟန်တူသည်။

“အဲဒါပေါ့ကွာ၊ လွတ်သွားတဲ့ ဘတ်စ်ကားက လူပိုချောင် တယ်လို့ ထင်ရတယ် ဆိုတာ”

ဟု ကျွန်တော် စိတ်လက်ပေါ့ပါးသွားအောင် ဖြေသိမ့်သောအားဖြင့် နောက်လိုက်သည်။

ကျွန်တော် မရယ်မိ၊ ရယ်မော ပျော်ရွှင်ခြင်းနှင့် နှစ်လကျော်ကျော် လောက် အဆက်ပြတ်နေမှာ သေချာလေသည်။

❋ ❋ ❋ ❋ ❋

ကျွန်တော်ရုံးမှာ အလုပ်ဝင်သည်။

မနက်ကိုးနာရီခွဲ အရောက်သွား၊ ညနေ လေးနာရီခွဲပြန်၊ ရုံးမှာ အလုပ်ခွင် စည်းကမ်းအတိုင်းနေ၊ ကိုယ့်ကိုယ်ကိုယ်စနစ်ဖယ်ယားကျအောင် နေသည်။ ဤနည်းအားဖြင့် အလွမ်းကို အလုပ်နှင့် အစားထိုးဖို့ ကြိုးစား သည်။

အလုပ်ကို ကြိုးစားနေခြင်း မဟုတ်၊ ကိုယ့်အကြောင်းနှင့် ကိုယ်။ ဘာပဲဖြစ်ဖြစ် လူကြီးတွေကတော့ ကျွန်တော့်ကို ချီးကျူးကြ၏။

“ဒီပုံစံအတိုင်းဆိုရင် မကြာခင်မှာ မောင်ဝင်းကိုမောင် အရာရှိ ကလေး ဖြစ်မှာပဲ”

ဟု မှတ်ချက်ပြုကြ၏။

အလုပ်ခွင်ထဲမှာ ကျွန်တော် ဗဟုသုတတွေ အများကြီး ရသည်။ ကျွန်တော့်ကိုယ် ကျွန်တော် အသိဉာဏ် ရင့်ကျက်လှပြီဟု ထင်ခဲ့တာ မှား သည်။ ကျွန်တော် မသိသေးတာတွေ အများကြီး ရှိနေကြောင်း တွေ့ရ၏။ လောကအကြောင်း၊ လူတွေအကြောင်း လေ့လာစရာတွေ အများကြီး ကျန် သေးသည်။ ကျွန်တော့်အလုပ်ကို ကျွန်တော် စိတ်ဝင်စားလာသည်။

လွမ်းတာကတော့ လွမ်းတာပဲ။





အလုပ်လုပ်နေရင်း အခန်းထဲက မြန်မာပြည်မြေပုံပေါ်မှာ ရမည်း သင်းမြို့ကို ရှာကြည့်တတ်သည်။ ရန်ကုန်နှင့် ရမည်းသင်းသည် မြေပုံ ပေါ်မှာ လက်လေးလုံးလောက်သာ ကွာဝေး၏။ တကယ့်အပြင်မှာတော့ မိုင်ပေါင်း ရာနှင့်ချီသည်။

အလွမ်းနှင့် ခရီးအကွာအဝေးတို့သည် တိုက်ရိုက် ဆက်နွယ်အချိုးကျ ခြင်း မရှိသော်လည်း ဝေးနေရသောအခါ ပို၍ သတိရမိလေ၏။

အမုန်းကို နာကြည်းခြင်းနှင့် ထေလို့ ရချင်ရမည်။ အလွမ်းကို နောင်တနှင့် ချေလို့ မရနိုင်။ နောင်တသည် အလွမ်းပေါ်မှာ ထပ်ကိန်းတင် ပြီး ကျွန်တော့်အား တာကုန်အောင် နှိပ်စက်ကလူ ပြုပေတော့သည်။

လူတစ်ယောက်ကို စော်ကားဖို့ လွယ်တယ်၊ ပြန်တောင်းပန်းဖို့ ခက် တယ်ဆိုသော သိန်းမင်းထွန်း၏ စကားကို မကြာခဏ သတိရနေမိ၏။

❋ ❋ ❋ ❋ ❋

ရုံးအားသည့်အချိန်များတွင် မြို့ထဲဘက် ထွက်ပြီး ငွေနိုင်ကို တွေ့လိုတွေ့ ငြား ရှာသည်၊ ရှာသည်ဆိုသော်လည်း သူသွားနေရာများကို သိ၍ မဟုတ် ချေ။ တစ်နေရာရာမှာများ မတော်တဆ ကြုံကြိုက်မလားဆိုသော သဘော ဖြစ်သည်။ ငွေနိုင်ကလည်း ပျောက်ချက်သား ကောင်းလှသည်။ သူ့အိမ် လိပ်စာကို မေးမထားမိခဲ့သဖြင့် အခက်တွေ့နေရသည်။

သူနှင့် တွေ့လျှင် ဇင်ဇင်၏ အခြေအနေကို သိနိုင်သောကြောင့် တွေ့ချင်ခြင်းပင် ဖြစ်၏။ ခုတော့ဖြင့် ကျွန်တော့်အဖြစ်က ရန်ကုန်မြို့လယ် မှာ ဦးတည်ရာ တိတိကျကျ မရှိဘဲ ယောင်လည်လည် ဖြစ်နေသည်။ ဆိုင်ကယ်တွေ့တိုင်း ငွေနိုင်များ ဖြစ်နေမလားဟု ကြည့်ရသည်မှာ အမော။

ဒီကြားထဲ ဇင်ဇင်နှင့် ပတ်သက်ရာ သတိရစရာကလေးတွေက မရှာ ပါဘဲလျက် အလိုလို တွေ့ကြုံနေရသည်။ ဈေးဆိုင်ကလေးတွေမှာ ပီကေ ကို တွေ့လျှင် သတိရသည်။ ရွှေဆောင်ရုံရှေ့ ဖြတ်အလျှောက်တွင် သူနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်ကျပ်ခွဲတန်းက ဝင်တိုးခဲ့ပုံများ။

ဇင်ဇင့်အလွမ်းပြေအဖြစ် တမင်တကာ သွားရောက်ခဲ့သည့် နေရာများလည်း ရှိ၏။

ဦးဥတ္တမပန်းခြံ။ ကျွန်တော် လက်ဆောင်ပေးသော ဖိနပ်ကလေးကို စီးပြီး ကိုယ်ဟန်ပြသလို လမ်းလျှောက်ကြည့်နေသည်ကို မြင်ယောင်လာသည်။

ဗိုလ်တထောင်နယ်မြေ တက္ကသိုလ်ကိုလည်း ရောက်ခဲ့သည်။ ကျောင်းကြီးသည် ကျောင်းပိတ်ရက်ဖြစ်သောကြောင့် တိတ်ဆိတ် ခြောက်ကပ်လျက်။

သူ့ကို စာပေးခဲ့သောနေရာ။ နောက်လည်း မကြာခဏ သွားထိုင်ဖြစ်ခဲ့ကြသော လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်သည်။ စားပွဲထိုးကလေးက အလိုက်ကမ်းဆိုးမသိ။

"တစ်ယောက်တည်းလား ဆရာ"

ဟု မေးသည်။ ပြီးတော့ အီကလဲယား မုန့်တစ်ပွဲ လာချပေးသည်။ ဇင်ဇင်သည် ထိုမုန့်ကို အလွန်ကြိုက်သည်။ ကလေးငယ်တစ်ယောက်လို အားရပါးရ စားပြီးလျှင် သူ့နှုတ်ခမ်းနီနီကလေးပေါ်မှာ ခရင်မ်ဖြူဖြူတွေ ပေကျံနေတတ်လေသည်။

လက်ဖက်ရည်တစ်ခွက်ကို စိတ်မပါဘဲ သောက်သည်။ ဘာအရသာမှ မရှိသလိုပင်။ အလွမ်းဝေဒနာသည် လျှာကိုပင် ကူးစက် ပျံ့နှံ့နေပြီလားမသိ။

ဘုရားဝင်းထဲ ဝင်လာခဲ့သည်။ ဘိလပ်ပြန် ဘုရားတန်ဆောင်းထဲမှာ ထိုင်သည်။ ခံ့ညားသော တန်ဆောင်းကြီးအတွင်းမှာစံနေတော်မူသော ဘုရားဆင်းတုကြီး၏ သပ္ပာယ်သော မျက်နှာတော်ကြောင့် စိတ်ထဲမှာ အတန်ငယ် အေးသွားသည်။

သို့ရာတွင် သေကွဲကွဲခြင်းကိုသာ တရားသဖြင့် ဖြေ၍ ရကောင်းမှရ





နိုင်ပါလိမ့်မည် အရှင်ဘုရား။

စေတီလိုဏ်ပတ်လမ်းထဲ ဝင်ခဲ့ပြန်သည်။ နံရံရှိ မှန်ကွက်များကြားမှာ ထိုးထည့်ထားသော စာရွက်အပိုင်းအစကလေးများပေါ်မှ စာရွက်အတိုကလေးတွေကို လျှောက်ဖတ်ကြည့်နေမိပြန်၏။

*စိုး၊ စန်း၊ဖြူ၊ လှဲ၊ မြင့်၊ သီ၊ အေး၊*
*(ကျိုးသိန်းဆေးလိပ်ခုံ အလုပ်သမများ)*

*ဘယ်တော့မှ မမေ့နိုင်ဘူး*

မြင့်ဆွေ

မင်္ဂလာနှစ်ပတ်လည်နေ့ ကော်င်းမှုကုသိုလ်ပေါ်နော်

အောင်မြင့်၊ ခင်မာ

ကျွန်တော်သည်လည်း 'ကိုယ်တောင်းပန်ပါတယ် ဇင်ဇင်ရယ်' ဆိုပြီး ရေးလိုက်ချင်သည်။ မရေးရဲ။

အစီဒ္ဓာန်ပြုပြီး အလှူငွေ ပစ်ထည့်ရသော နေရာသို့ ရောက်လာသည်။ အလှူခံဖလားထဲကို ဇင်ဇင်နှင့် ကျွန်တော် ပိုက်ဆံပစ်ထည့်ခဲ့ကြဖူးပါသည်။

အိတ်ထဲက ပိုက်ဆံအကြွေတစ်စေ့ ထုတ်လိုက်သည်။ မတ်စေ့။ ဖလားထဲသို့ ပစ်ထည့်မည်ပြုသည်။ လက်က တုန်နေ၏။ မပစ်ရဲ။

❋ ❋ ❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

[၂၀]

အိမ်ပြန်လာခဲ့သည်။

ကျွန်တော့်စိတ်များသည် ရမည်းသင်းနှင့် ရန်ကုန်အခေါက်ပေါင်းများစွာ လူးလာ တုံ့ပြန်နေခဲ့၏။ စိတ်သွားတိုင်း ကိုယ်ပါ ပါသွားသလို ခံစားရသည်။ ခရီးမိုင်ပေါင်း များစွာကို အမှန်တကယ်ပင် ပြေးလွှားလိုက်ရသကဲ့ သို့ ပင်ပန်းနွမ်းလျနေသည်။

"မင်း ဘယ်သွားနေတာလဲ"

ဟု မမတူးက ဆီးမေးသည်။

"သိန်းမင်းထွန်းဆီ သွားတာပါ"

"ဝင်းကိုတစ်ယောက်နဲ့တော့ ခက်ပါသေးတယ်။ နင့်ကို ကြည့်ရတာ ငါ စိတ်မချမ်းသာလိုက်တာ"

ဟု ခုရက်ပိုင်းမှာ ပြောနေကျစကားကို ပြောတော့မည်မှန်း သိ၍ ရှောင်ထွက်ဖို့ ကြိုးစားလိုက်သည်။

"ဝင်းကို"

ဟု ခေါ်သဖြင့် 'ဘာလဲ' ဟု မထူးချင်ထူးချင် ထူးလိုက်ရပြန်သည်။





"ဇင်ဇင် ရန်ကုန် ပြန်ရောက်နေပြီ"

"ဗျာ၊ မမတူးကို ဘယ်သူ ပြောသလဲ"

"ခုန ဌေးနိုင်လာပြောသွားတာ၊ အဲဒါ နင် ဇင်ဇင့်ကို သွားတွေ့လိုက်ပါတဲ့"

"ဟုတ်လား ဇင်ဇင်က တွေ့ချင်တယ်ပြောလို့လား"

"ဇင်ဇင်က ပြောလား ဘာလားတော့ မသိဘူး။ တွေ့ဖြစ်အောင် သွားတွေ့လိုက်ပါလို့ ပြောသွားတာပဲ"

"တွေ့ဖြစ်အောင် တွေ့ရမယ်"

"ဟုတ်တယ်၊ ဇင်ဇင် အခု ဆေးရုံပေါ်မှာတဲ့"

"ဟင်. . . ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ထိတ်ထိတ်ပျာပျာ မေးသည်။

"အဲဒါတော့ ငါလည်း သေသေချာချာ မမေးလိုက် မိ. . ."

မမတူးစကားမဆုံးခင် ကျွန်တော် ချာခနဲ လှည့်ထွက်လာခဲ့သည်။ အိမ်ပေါက်ဝရောက်မှ ပြန်လှည့်ပြီး အော်မေးလိုက်ရသည်။

"ဘယ်ဆေးရုံမှာလဲ"

"တက္ကသိုလ်ဆေးရုံမှာ"

စိတ်တော့ နည်းနည်းအေးသွားရသည်။ တက္ကသိုလ် ဆေးရုံ သည် ရောဂါပြင်းထန်သော လူနာများကို မထားတတ်။ စိုးရိမ်ရမည်ထင်လျှင် ရန်ကုန်ဆေးရုံကြီးသို့ ပြောင်းရွှေ့ပေးတတ်သည်။ ဘာပဲဖြစ်ဖြစ် စိတ်ကတော့ ပူနေတုန်း။

● ● ● ● ●

တက္ကသိုလ်ဆေးရုံကို ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင် သိသည်။ သို့ရာတွင် ထူပူနေသဖြင့် ကျောင်းသားလူနာဆောင်ဘက် မှားပြီး ကွေ့ဝင်မိသည်။

"ကိုဝင်းကို"



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းခေါ်သော ဌေးနိုင်၏ အသံကိုကြားမှ ပြန်လှည့်ရသည်။ သူ့ဆီကို ခြေလှမ်းကျဲဖြင့် လျှောက်သွားပြီး. . .

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဟု အမောတကော မေးသည်။

"နည်းနည်းပါးပါးပါ၊ စိုးရိမ်စရာ မရှိပါဘူး" ဆိုပြီး လူနာ ဆောင်ထဲ ခေါ်သွားသည်။

ဇင်ဇင့်ကို လှမ်းမြင်ရပြီ။ ခုတင်ပေါ်မှာ အိပ်ပျော်နေ၏။ ခုတင်နားကို ခပ်မြန်မြန်သွားသည်။ ဘာဖြစ်ကြောင်း ကျွန်တော် သိလိုက်ရပြီ။

ဇင်ဇင့် ညာဘက် လက်ကောက်ဝတ်ကလေးများမှ တံတောင်ဆစ်နားအထိ ခရမ်းရောင်ဆေးတွေ သုတ်ထားသည်။ အပူလောင်ထားသော ဒဏ်ရာများကိုလည်း တွေ့ရသည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ"

တုန်တုန်ယင်ယင် ရေရွတ်မိပြန်သည်။

"မမသော်၊ ဒါ ကိုဝင်းကိုမောင်"

ဟု ဌေးနိုင်ပြောတော့မှ ဇင်ဇင့်ခုတင်ဘေးမှာ ခုံကလေးဖြင့် ထိုင်နေသော ဇင်ဇင့်အစ်မ သင်သင်သော်ကို သတိပြုမိတော့သည်။ ကျွန်တော်နှင့် ရွယ်တူလောက် ရှိမည်။ သူက ဟိုအရင်ကတည်းက ရင်းနှီးခဲ့မင်ခဲ့သူတစ်ယောက်လို ပြုံးပြပြီး. . .

"ကိုဝင်းကိုမောင်ကို ကျွန်မ လေးစားပါတယ်"

ဟု ပြောသည်။

ဌေးနိုင်က. .

"ဟုတ်တယ်၊ ကိုဝင်းကိုကို မမသော်က ကျေးဇူးတင်နေ တာ"

ကျွန်တော် အံ့သြသွား၏။

"ဟုတ်ပါတယ်၊ ကိုဝင်းကိုမောင် အကြောင်းကို ဌေးနိုင် ပြောပြလို့ ကျွန်မ သိရပြီးပါပြီ။ ကိုဝင်းကိုမောင်က ပွဲပြင် သွန်သင်ခဲ့လို့ ဇင်ဇင်





အများကြီး ပြောင်းလဲသွားတာလို့ ကျွန်မ ထင်တယ်လေ"

ဇင်ဇင့်ကို တစ်ချက်လှမ်းကြည့်ပြီး ခပ်တိုးတိုးဆက်ပြောသည်။

"ခုနောက်ပိုင်းမှာ ဇင်ဇင်ဟာ သိပ်ကိုတည်ငြိမ်သွားတာပဲ၊ အံ့သြစရာ ကောင်းလောက်အောင် ပြောင်းလဲသွားတယ်၊ အိမ်မှာဆိုလည်း တံမြက်စည်းလှဲ၊ ကြမ်းတိုက်တာက အစ အကုန်လုပ်တယ်။ ထမင်းအိုးဝင်တည်လို့တည်၊ ကြီးမေက တားတာတောင် မရဘူး။ ခုလည်း ကြီးမေ အလစ်မှာ အဝတ်တွေကို ရေနွေးနဲ့ ပြုတ်လျှော်မယ်ဆိုပြီး မနိုင့်တနိုင်နဲ့ ဝင်လုပ်တာ။ ရေနွေးအိုးကြီး မှောက်ပြီး အပူလောင်တာလေ"

ကျွန်တော် ဝမ်းနည်းရမလား ဝမ်းသာရမလားမသိ။ စိတ်တွေ အရမ်း လှုပ်ရှားနေတာသာ သိသည်။

သင်သင်သော်က. . .

"ကိုဝင်းကိုမောင် ခဏစောင့်နေပေးနော်၊ ဌေးနိုင်ရော ကျွန်မရော ဘာမှမစားရသေးဘူး၊ တစ်ခုခု သွားစားလိုက်ဦး မယ်"

ဟု ပြောပြီး ဌေးနိုင်ကို ခေါ်၍ ထွက်သွားသည်။

ဇင်ဇင့် ခုတင်ဘေးက ခုံမှာ ဝင်ထိုင်သည်။ သူ့မျက်နှာကလေးကို ငေးကြည့်နေမိ၏။ သူ့လက်ကလေးကိုလည်း ကြည့်သည်။ မွေးညင်းစိမ်းစိမ်းကလေးတွေနှင့် အလွန် လှပ နူးညံ့ခဲ့သော လက်ကလေးမှာ အပူလောင်သော ဒဏ်ရာတွေနှင့်။ သူ တော်တော် နာရှာပေလိမ့်မည်။

သူ့မျက်လုံးများ ပွင့်လာသည်။ ကျွန်တော့်ကို မြင်သောအခါ သူ့မျက်လုံးများ အရောင်လက်လာသည်ဟု ထင်မိသည်။

"ဘယ်လိုနေသေးလဲဟင်"

ကျွန်တော် မေးသည်။ သူ ဘာမျှမပြောဘဲ ကျွန်တော့်ကိုသာ ငေးစိုက်ကြည့်နေ၏။

"ကိုယ် တောင်းပန်ပါတယ် ဇင်ဇင်ရယ်"

သူက ငေးကြည့်မြဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို မုန်းသွားပြီလားဟင်"

သူ နှုတ်ခမ်း လှုပ်လာသည်။

"ကိုကို့ကို မုန်းတယ်လို့ ဘယ်တုန်းက ပြောဖူးလို့လဲ၊ ကိုကိုကသာ"

သူ မျက်ရည်ဝဲလာသလား မသိ။

"ကိုယ် ဘယ်တုန်းကမှ ဇင်ဇင့်ကို မမုန်းခဲ့ဘူး။ ချစ်လွန်းလို့ အစိုးရိမ်ကြီးခဲ့မိတာပါ ဇင်ဇင်ရယ်"

သူ ပြုံးသည်။ မျက်ရည်က မဝဲတဝဲ။ သူ့လက်ကလေးကို မြှောက်ကြည့်ပြီး. . .

"ဒဏ်ရာက နဂိုအသားအရေ အတိုင်းတော့ ပြန်ဖြစ်မှာ မဟုတ်တော့ဘူးနော်။ အနာရွတ်တွေ ထင်နေမှာပဲ။ ကိုကို ကြိုက်ပါ့မလား"

"ဟာ ဇင်ဇင်ကလည်း၊ ဇင်ဇင့်ဒဏ်ရာက သိပ်မဖြစ်လောက်ပါဘူး၊ ဒီလောက်ဆေးတွေ အစွမ်းထက်တာ။ ပျောက်သွားမှာပေါ့"

"ဇင်ကတော့ အနာရွတ်တွေ ထင်ပြီး ကျန်ခဲ့စေချင်တယ်"

"ဇင်ဇင်ကလည်း"

"ဟုတ်တယ်ကိုကို၊ အတွေ့အကြုံတစ်ခုရဲ့ အမှတ်တရ သင်္ကေတပေါ့။ လက်တွေ မလှမှာကို ဇင် မကြောက်ပါဘူး။ အိမ်ရှင်မတစ်ယောက်ဖြစ်ဖို့ဆိုတာ မလွယ်ပါလားဆိုတဲ့ အသိ တစ်ခုရဖို့ ရင်းနှီးလိုက်တယ်လို့ပဲ သဘောထားပါတယ်၊ ဇင် အရင်လို ကလေးမဆန်တော့ပါဘူး ကိုကို"

သူ ကျွန်တော့်ကို ပြုံးကြည့်ပြီး ဆက်ပြောသည်၊

"ဘာပဲဖြစ်ဖြစ်လေ၊ ဇင် ထမင်းအိုး တစ်အိုးတော့ ကောင်းကောင်းတည်တတ်ပါပြီ ကိုကိုရယ်"

"အို ဇင်ဇင်ရယ်"

လှိုက်ခနဲ ဖြစ်သွားသည်။ သတိမေ့ပြီး သူ့လက်ကလေးကို လှမ်းကိုင်မိသည်။ သူ တွန့်ခနဲ ဖြစ်သွား၏။ လက်ကို ချက်ချင်း ပြန်လွှတ်ပြီး. . .

"နာသွားသလား ဇင်ဇင်၊ နာသွားသလား"





ဟျာဟျာသလဲ မေးသည်။ သူက သူ့ဘယ်လက်ဖြင့် ကျွန်တော့်လက်ကို ကိုင်၍ ဒဏ်ရာရနေသော လက်ပေါ် ပြန်၍ အုပ်ကိုင်ထားစေပြီး. . .

"ကိုကို့လက်နဲ့ထိထားရတာ အနာ သက်သာသလိုပဲ ကိုကို"

ကျွန်တော်သည် လက်နှင့် သပ်လိုက်ရုံဖြင့် ဝေဒနာ မှန်သမျှ ပျောက်ကင်းစေသော ပျောက်စေဆရာတစ်ယောက် မဟုတ်။ သို့ရာတွင် မေတ္တာတရားသည် မသေသော ဆေးသမား မဟုတ်လား။

အချစ်ကို ဖန်တီးယူ၍လည်း မရ၊

ပျောက်ဖျက်ပစ်၍လည်း မရ။

အချစ်တည်မြဲမှု နိယာမကို ကျွန်တော် ခြွင်းချက်မရှိ ယုံကြည်သည်။

မင်းလူ



www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာတွေမှာ
အမြဲရေးလေ့ရှိတဲ့ ဝတ္ထုပုံစံလေးတွေ ရှိတတ်ပါတယ်
ဒါပေမယ့် အခု
ဒီစာအုပ်ကတော့ ဆန်းပါတယ်
နီကိုရဲရဲ... သူရေးနေကျ ပုံစံမျိုး မဟုတ်တဲ့ အသစ်
မင်းခိုက်စိုးစန်ရဲ့... ဝတ္ထုပုံစံသစ်
သွန်းနေစိုးရဲ့... ဝတ္ထုတို အတတ်ပညာသစ်
စတဲ့
မတူခြားနားတဲ့ ဝတ္ထုတိုဆိုင်ရာ တီထွင် ဖောက်ထွက်မှု
တွေကို စုစည်းထားတာပါ။
ဒါဟာ
လူငယ်တွေရဲ့ လတ်ဆတ်တဲ့ ရင်ခုန်သံတွေ ဖြစ်တယ်
လမ်းသစ်လျှောက်တဲ့ အိပ်မက်တွေ ဖြစ်တယ်။
ပြီးတော့
ဒါဟာ
အသစ်လည်း ဖြစ်တယ်

**နီကိုရဲ**

**မင်းခိုက်စိုးစန်**

**သွန်းနေစိုး**

**"နွေရာသီတွင် ပေါက်ရောက်သည်" နှင့်**
**အခြားပုံစံသစ် ဝတ္ထုတိုများ**

မင်းလူဟာသကို
တဖွဖွမေးနေကြသူတွေအတွက်
ဆရာမင်းလူရဲ့ အရယ်တကာ့ အရယ်ရဆုံးနဲ့
အတွေးမသတ်အောင်
တဝါးဝါးဖြစ်နေရဦးမယ့်
အသစ်စက်စက်
အချစ်၊ ဟာသ လုံးချင်းဝတ္ထုတစ်အုပ်
နတ်သမီးစာအုပ်တိုက်မှ
မကြာမီ ထွက်ရှိလာပါဦးမယ်။

www.burmeseclassic.com